www.burmeseclassic.com

# အရိုင်းတွက်လောပြည်
# ဂူနဝင်လျှိုဝှက်သည့် ရွှေတို့များ

## ရွှေဥဒေါင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၁၃/ ၂၀၀၁ (၁) ]

စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[ ၁၃၁/ ၂၀၀၁ (၂) ]

■

ပုံနှိပ်
ပထမအကြိမ်၊ [၁၀၀၀]

ထုတ်ဝေ
စာအုပ်ဈေး၊ မတ်၊ ၂၀၀၁

မျက်နှာဖုံး
နိုးစင်

စာအုပ်ချုပ်
ကိုမြင့်

ကွန်ပျူတာနှင့် အတွင်းဒီဇိုင်း
Minerva Group
အမှတ် ၁၅၊ ၂၆ လမ်း၊ ရန်ကုန်မြို့။

■

ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ (၀၁၂၉၉)
အမှတ် ၈/၆၅ ၊အုပ်စု ၃ ၊ဆောင်သိန္ဒီလမ်း၊
စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြဲ ၀၁၅၇၈)၊ စေမေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

တစ်အုပ် (၄၀၀)ကျပ်

BURMESE CLASSIC .com

# အရိပ်မထွက်သောပြည် နှင့် ဂန္ထဝင်လျှို့ဝှက်သည်းဖို ဝတ္ထုတိုများ

ရွှေဥဒေါင်း

စာအုပ်ဈေး
အမှတ်၁၅၊၂၆လမ်း၊ရန်ကုန်မြို့။
ဖုန်း- ၂၇၂၄၀၀

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ စာအုပ်ဈေးစာအုပ်တိုက်၏ အမှာစာ — က

၂။ မိတ်ဆွေစစ် — ၁
(ဒဂုန်မဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၂၈)

၃။ သိုက်အရ ဇွန်စားသူ — ၂၇
(သူရိယမဂ္ဂဇင်း၊ စက်တင်ဘာ–အောက်တိုဘာ၊ ၁၉၂၈)

၄။ အရိပ်မထွက်သောပြည် — ၇၅
(ကဝိတံခွန်မဂ္ဂဇင်း၊ ဇူလိုင်–ဩဂုတ်၊ ၁၉၃၃)

၅။ အဋ္ဌာဝကလိုဏ်ခေါင်း — ၁၁၃
(သူရိယမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၃၃)

၆။ လောဘမှောင်ဝတ္ထု — ၁၃၁
(သူရိယမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၃၄)

၇။ ပတ္တမြားဝလ္လင် — ၁၅၁
(သူရိယမဂ္ဂဇင်း၊ မတ်လ၊ ၁၉၃၅)

၈။ ဘုန်းကြီးတစ္ဆေ — ၁၆၉
(သူရိယမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၃၅)

၉။ ထန်းသီးကြွေခိုက် ကျီးနင်းနိုက် — ၁၉၃
(ရှုမဝမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၄၇)


## ဆရာကြီး ရွှေဥဒေါင်း၏ ဝတ္ထုတိုများ

ဆရာကြီးရွှေဥဒေါင်းသည် ဝတ္ထုတိုကို စတင်ရေးခဲ့ခြင်း မဟုတ်ပါ။ 'ရန်ကြီးအောင်' အမည်ရှိ ဝတ္ထုရှည်ကို စတင်ရေးခဲ့ခြင်း ဖြစ်သည်။ ဆရာကြီးရွှေဥဒေါင်းသည် ၁၉၁၀ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးမင်းကြီးရုံးတွင် စာရေးအလုပ် ဝင်လုပ်လေသည်။ မင်းကြီး၏ တောလိုက်စာရေးအဖြစ် အမှုထမ်းရော မြန်မာနိုင်ငံအနှံ့ ရောက်ခဲ့လေသည်။ ထိုနောက် ဆရာကြီးသည် ဒုတိယ အိမ်ထောင်ကျသောအခါ ဝက်လက်ရှိ မိဘများအိမ်သို့ ပြန်ရောက်လာလေသည်။

ဤသို့ ၁၉၁၅ ခုနှစ်လောက်တွင် မိဘများအိမ်တွင် နေထိုင်ရင်း အင်္ဂလိပ်ဝတ္ထုများနှင့် အခြားအင်္ဂလိပ်စာပေများကို အများဆုံး ဖတ်ရှုလေ့လာခဲ့လေသည်။ ယခင်ကပင် ဆရာကြီးသည် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီးတစ်ရာကျော်မျှ ဖတ်ထားပြီး ဖြစ်သည်။ ထိုအခါတွင်မှ ဆရာကြီးသည် ဘေကွန်၊ မကောလေး၊ ရတ်စ်ကင်၊ ကာလိုင်းလ် စသူတို့၏ စာများကို ရှာဖွေ ဖတ်ရှုလေ့လာခဲ့သည်။

ဆရာကြီး ရွှေဥဒေါင်းသည် အင်္ဂလိပ်စာပေများကိုသာ အဖတ်အရှုများခဲ့ပြီး မြန်မာစာအုပ်များကိုမူ အဖတ်အရှု နည်းခဲ့သဖြင့် ဆရာကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ခေါင်က မြန်မာစာဖက်တွင်လည်း လေ့လာဖတ်ရှုသင့်ကြောင်း သတိပေးသဖြင့် ကိုးခန်းပျို့၊ မဃဒေဝ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်များကိုလည်းကောင်း၊ ဣန္ဒာဝံသ၊ ဝိဇယကာရီ စသော ဝတ္ထုများကို ဖတ်ရှုလေ့လာခဲ့လေသည်။

ထိုသို့ စာပေဖတ်ရှု၍ နေထိုင်ရင်း ဆရာကြီးသည် ဇနီးသည်နှင့်ညီတို့အား ညတစ်ညတွင် ဝတ္ထုတစ်ပုဒ်ကို ပြောပြရာ ပြော၍ ပြီးသောအခါ ၎င်းတို့က ဒီလောက်ကောင်း ဝတ္ထုတွေ ဖတ်ထားတာ ကိုယ်ပိုင်စိတ်ကူးဖြင့် ဝတ္ထုရေးလျှင် မဖြစ်ဘူးလားဟု မေးမြန်းကြလေသည်။ ဆရာကြီးသည် ထိုအချိန်က မြန်မာစာပေလောကတွင် ဖတ်လောက်စရာ ဝတ္ထုများ လောက်လောက်လားလား မရှိသည်ကို သတိထားမိလေသည်။ ထို့ကြောင့် ဆရာကြီးသည် ဤသို့ စိတ်ကူးမိသည်ကို 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' တွင် အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

'သို့ဖြစ်၍ လူ့သဘာဝကို အသေးစိတ် တင်ပြသည့်ဝတ္ထုမျိုး (Novel) မဟုတ်ဘဲ ချစ်ခန်းကြိုက်ခန်း စွန့်စားခန်းမှစ၍ သည်းတုန်အူတုန် ဖြစ်စေလောက်သည့် အဖြစ်အပျက်များ ပါဝင်သော ဝတ္ထုမျိုး ရေးသားရလျှင် မိမိလည်း တတ်နိုင်လောက်သည်၊ မြန်မာ စာဖတ်ပရိသတ်ကလည်း လက်ခံလိမ့်မည်ဟု စိတ်ကူးဖြစ်ပေါ်လာ၏။'

ဤသို့နှင့် ဆရာကြီးရွှေဥဒေါင်းသည် 'ရန်ကြီးအောင်' ဝတ္ထုကို ၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်ရေးသားလေသည်။ ထိုဝတ္ထုတွင် ဇာတ်လိုက် မနှင်းမြိုင်ကို ကာလသားလေးယောက်က အလောင်းအစားပြုကာ လုယူလုပ်ကြံသော အဖြစ်အပျက်မှ တစ်ပါး ဝတ္ထုဇာတ်လမ်းကို ဆရာကြီးသည် ကိုယ်ပိုင်စိတ်ကူးဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုအကြောင်းကို ဆရာကြီးသည် နောင်တွင် 'တစ်သက်တာ မှတ်တမ်းနှင့် အတွေး အခေါ်များ' တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

'လေးယောက်သဘောတူ လုယူလုပ်ကြံသော အဖြစ်အပျက်မှာ 'လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံကြီး' ဟူသော ဝတ္ထုကြီးမှ နိုး



ယူခြင်း ဖြစ်သော်လည်း လုယူလုပ်ကြံပုံ လုပ်နည်းများမှာ ခိုးချခြင်း မဟုတ်။ ကျွန်ုပ်၏ စိတ်ကူးဉာဏ်ဖြင့် အကွက်ဆင်ထားခြင်း ဖြစ်၏။'

ထိုဝတ္ထုကို ၁၉၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အချောကူးပြီးသည်နှင့် သူရိယတိုက်သို့ ပို့လိုက်လေသည်။ ထိုနှစ် မေလ ၆ ရက်နေ့တွင် သူရိယ သတင်းစာတိုက်က ငွေ တစ်ရာနှင့် ဝယ်လိုက်လေသည်။ ဆရာကြီးသည် 'ရန်ကြီးအောင်' ဝတ္ထုကို ရောင်းရသဖြင့် မေလကုန်လောက်တွင် စာရေး၍ အသက်မွေးရန် ရန်ကုန်သို့ ရောက်လာလေသည်။

ထိုနောက် ရန်ကုန် သူရိယတိုက်သို့ ရောက်လာရာ ဘကြီးဘဖေနှင့် တွေ့လေသည်။ ဤတွင် ဘကြီးဘဖေက *East Lynn* ကို မှီး၍ မြန်မာဝတ္ထုရေးရန် အကြံပြုရာ ဆရာကြီးသည် 'ရတနာပုံ' အမည်ဖြင့် ရေးသားပေးခဲ့လေသည်။

ဆရာကြီးသည် သူရိယတိုက်သားဖြစ်လာရာ ၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်းကို စတင် ထုတ်ဝေလေရာ ဆရာကြီး၏ ပထမဆုံး ဝတ္ထု ဖြစ်သည့် 'မောင်သိန်းတင်နှင့် မသိန်းရှင်' ဝတ္ထုကို ရေးသားခဲ့လေသည်။ ထိုနောက်ပိုင်းတွင် သူရိယမဂ္ဂဇင်း၌ စုံထောက်မောင်စံရှားဝတ္ထုများ၊ ဂျမ ဒါကိုကိုကြီး ဝတ္ထုများနှင့် အခြားဝတ္ထုတိုများကို ရေးသားခဲ့ပြီး အခြား မဂ္ဂဇင်းများ၌လည်း ဝတ္ထုတိုပေါင်းများစွာကို လစဉ်လိုလိုပင် ရေးသားခဲ့လေသည်။

ဆရာကြီးရွှေဥဒေါင်း ရေးသားခဲ့သော ဝတ္ထုတိုများမှာ အများအားဖြင့် စွန့်စားခန်း ဝတ္ထုများ၊ လျှို့ဝှက်သည်းဖို ဝတ္ထုများနှင့် စုံထောက်ဝတ္ထုများ များလေသည်။ သို့သော် တစ်ခါတစ်ရံတွင်လည်း လူ့သဘာဝအဖွဲ့ ဝတ္ထုများကိုလည်း ရေးသားခဲ့သည်ကို တွေ့ရလေသည်။ အများအားဖြင့် နိုင်ငံရပ်ခြားဝတ္ထုများကို မှီး၍ ရေးခဲ့လေရာ ဆရာကြီး၏ ကျွမ်းကျင်မှုကြောင့် အချို့ဝတ္ထုများမှာ မြန်မာဝတ္ထုဟူ၍ပင် ထင်မှတ်ရလေသည်။

ဆရာကြီး နောက်ထပ် ပင်ကိုယ်ရေးဝတ္ထုတစ်ပုဒ်မှာ 'လွမ်းအောင်ဖန်' ဖြစ်သည်။ ကျန်ဝတ္ထုအများအပြားမှာ အမှီးဝတ္ထုများ၊ ဘာသာပြန်ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ယခုဝတ္ထုများတွင်လည်း မူရင်းဝတ္ထုတိုကို ရှာဖွေတွေ့ရှိသည် တို့ကို ဖော်ပြပေးထားပါသည်။

ယခုစာအုပ်သည် စာအုပ်ဈေးမှ စီစဉ်နေသော ရွှေဥဒေါင်း၏ ဝတ္ထုတိုပေါင်းချုပ် (အပြည့်အစုံ) စာအုပ်အစီအစဉ်၏ ပထမဆုံးစာအုပ် အဖြစ် ယူသော် ရမည်ထင်ပါသည်။

ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှား၊ ဂျာမဒါကိုကိုကြီး၊ သူတော်စီန်၊ ဒဂုန်တင့် စသော ဇာတ်ကောင်အမည်နှင့် မဟုတ်သည့် ဝတ္ထု တိုပေါင်း တစ်ရာကျော်ခန့်ကို စာအုပ်ဈေးမှ စုစည်း စီစဉ်နေခြင်း ဖြစ်ပါ သည်။

ဆရာကြီး၏ လက်ရာများမှာ မည့်သည့်အချိန် မည့်သည့်အခါ ဖတ်ရဖတ်ရ စာဖတ်ပရိသတ်အတွက် နှစ်ခြိုက်စွဲလမ်းရသည်သာ ဖြစ်လေ သည်။ ဆရာကြီးကလည်း သူ၏ ဝတ္ထုများနှင့် ပတ်သက်၍ 'စေတစ်လုံး ပိုင်ရှင်' ဝတ္ထုတိုစာအုပ်တွင် အောက်ပါအတိုင်း ရေးခဲ့ဖူးလေသည်။

'စာအုပ်ဆိုလျှင် မည်သို့သော ရည်ရွယ်ချက်ဖြင့်ရေးသားသည် ဖြစ်စေ၊ ယုတ်စွအဆုံး စာဖတ်သူတို့ စိတ်ဝင်စားစေမည့် အင်္ဂါရပ်တစ်ခုမှုကား ထိပ်ဆုံးက ပါရှိရပေလိမ့်မည်။ ဤစာအုပ်၌ ဖော်ပြပါရှိသော ဝတ္ထုတိုများ မှာ အခြားသော ဂုဏ်သတ္တိမျိုး ပါရှိသည် မပါရှိသည် မပြောတတ်။ စာ ဖတ်သူ၏ စိတ်ကို ဆွဲဆောင်ခြင်းတည်းဟူသော အရည်အချင်း တစ်ခုမှုကား ပါရှိစေရမည်ဟု အာမခံလိုက်ရပါကြောင်း:'

စာတည်းအဖွဲ့ဝင်တစ်ဦး
စာအုပ်ဈေး စာအုပ်တိုက်

BURMESE CLASSIC .com

## မိတ်ဆွေစစ်

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လေးထပ်တိုက်ကြီး တစ်တိုက်၏ အထက်ဆုံး အထပ်၌ ညဥ့်ကိုးနာရီခန့်အချိန်တွင် သူငယ်ချင်း လေးယောက်တို့သည် စည်းဝေးတိုင်ပင်လျက် ရှိနေကြလေ၏။ ၎င်းတို့အနက် အသက်သုံးဆယ်ကျော် အရွယ်ခန့်ရှိ၍ အလုံးအရပ် တောင်တောင်မောင်းမောင်း မျက်လုံး မျက်ခုံး ကောင်းကောင်းနှင့် နှာတံပေါ်ပေါ် ရှိသော မောင်ကျော်တင့်ဆိုသူမှာ အခြား သူများ အပေါ်တွင် ခေါင်းဆောင်ဖြစ်ဟန် လက္ခဏာနှင့် စားပွဲတွင် ထိပ်ဆုံး မှ ထိုင်လေ၏။

၎င်း၏ လက်ယာဘက်၌မူကား ကွတ်အင်္ကျီဘောင်းဘီ အစရှိသည်တို့ ဖြင့် ဥရောပတိုက်သားကဲ့သို့ ဝတ်ဆင်လျက် အသက် သုံးဆယ်အရွယ် ခန့်ရှိသော ဇေတပါတီလူမျိုး တစ်ယောက် ဖြစ်လေရာ အမည်မှာ ဟာမက် ဖြစ်လေသည်။

မောင်ကျော်တင့်၏ လက်ဝဲဘက်၌ကား သေးသေးသွယ်သွယ်နှင့် ဖျတ်လတ်ဟန် လက္ခဏာရှိသော တရုတ်ကပြား တစ်ယောက် ဖြစ်လေ၏

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် ဒဂုန် မဂ္ဂဇင်း၊ အမှတ် ၁၀၆၊ ဇွန်လ၊ ၁၉၂၉ နှစ်တွင် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်မှာ သုံးဆယ်ခန့်မျှ ရှိ၍ အမည်မှာ မောင်ကျင်စိန် ဖြစ်လေသည်။

မောင်ကျော်တင့်နှင့် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိသောသူမှာမူကား မြန်မာလူမျိုးတစ်ယောက်ပင် ဖြစ်လေရာ အသက်မှာ မောင်ကျော်တင့်နှင့် ရွယ်တူမျှ ဖြစ်၍ ပုပုပျပ်ပျပ် ဖျတ်ဖျတ်လတ်လတ်နှင့် သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်လျက် အမည်မှာ မောင်သိန်းဇံ ဖြစ်လေသည်။

၎င်းတို့လေးဦးသည် ကောလိပ်ကျောင်း၌ နေစဉ်အခါကပင် ချစ်ခင်သော သူငယ်ချင်းများ ဖြစ်ခဲ့ကြသည့်အလျောက် ကျောင်းမှ ထွက်၍ အလုပ်အကိုင် လုပ်ကိုင်ကြသည့်အခါ၌လည်း ဝါသနာတူညီကြသည်ဖြစ်၍ ကုန်ရောင်း ကုန်ဝယ်ဘက်ဆိုင်ရာ အစုစပ် အဖြစ်ဖြင့် အကြီးအကျယ် ဖက်စပ်လုပ်ကိုင်ခဲ့ကြလေ၏။ ထိုသူတို့အနက် မောင်ကျော်တင့်နှင့် မောင်သိန်းဇံတို့မှာ မြန်မာလူမျိုးချင်း ဖြစ်သဖြင့် အထူးသဖြင့် ချစ်ကျွမ်းဝင်ခဲ့ကြသည်ဖြစ်ရာ ငယ်စဉ်အခါကလည်း မခင်ညွန့်အမည်ရှိ မိန်းမပျိုကလေး တစ်ယောက်ကို နှစ်ဦးလုံးက ချစ်ကြိုက်ကြသဖြင့် နှစ်ဦးသဘောတူ ယှဉ်ပြိုင်လည်ပတ် လာကြရာတွင် မိန်းမပျို မခင်ညွန့်သည် မောင်ကျော်တင့်အပေါ်၌ မေတ္တာမျှတသည် ဖြစ်၍ ၎င်းနှင့် ထိမ်းမြား မင်္ဂလာဆောင်နှင်းခဲ့လေသည်။ သို့ရာတွင် သဘောကြီးရင့်သောသူများ ဖြစ်ကြသည်အတိုင်း ၎င်းအတွက်နှင့် မေတ္တာပျက်ကွက်ခြင်း မရှိကြသည့်အပြင် မောင်သိန်းဇံသည် သူငယ်ချင်း လင်မယားနှစ်ယောက်တို့အား သင့်မြတ် ချစ်ခင်စွာ ပေါင်းသင်း နေထိုင်နိုင်ကြစေရန် အတန်တန် ကူညီခဲ့ဖူးလေသည်။

ထိုနေ့ညနေ၌ကား ထိုသူလေးယောက်တို့သည် သူငယ်ချင်း ဘာဝ ပျော်ရွှင်စွာ စကားပြောဆိုခြင်း မပြုဘဲ ကြေးငွေမှုနှင့် ပတ်သက်၍ အရေးကြီးသော စကားတစ်ခုကို တိုင်ပင်ရန် ရှိသည်ဖြစ်၍ အသီးသီး ဣန္ဒြေကြီးသော မျက်နှာထားနှင့် ရှိနေကြလေ၏။

ထိုသူလေးဦးတို့သည် စီးကရက်ဆေးပြင်းလိပ် ဆေးတံ အစရှိသည်ဖြင့် မိမိတို့ဝါသနာအလျောက် သောက်ရှုကာ တစ်ယောက်၏ မျက်နှာကို တစ် ယောက် အကဲခတ်၍ နေကြရာမှ မောင်ကျော်တင့်သည် မိမိသောက်နေ



သော ဆေးတံကို ပါးစပ်မှ ဖြုတ်ပြီးလျှင် တည်ငြိမ်လေးနက်သော အသံဖြင့် ပြောပြသည်မှာ

**တင့်။** ။ 'ကျုပ်တို့ လေးယောက် အတူတကွ အလုပ် လုပ်ခဲ့ကြတာ အတော်ကြာခဲ့ကြပြီ။ ဒီကနေ့ညဖြင့် တစ်ယောက် ဖြုတ်ချည်တော့မယ်။ ဘယ်သူပြုတ်မယ်ဆိုတာတော့ဖြင့် အခု အမှန် မပြောနိုင်သေးဘူး' ဟု ပြောပြီးလျှင် မောင်ကျော်တင့်သည် မိမိ၏ စူးရှထိုးထွင်းသော မျက်လုံးတို့ဖြင့် သူငယ်ချင်း သုံးယောက်တို့၏ မျက်နှာကို တစ်ယောက်စီ စေ့စေ့ပါအောင် ကြည့်လေရာ သုံးဦးသားတို့သည် ဆေးလိပ်များကို သောက်လျက် မလှုပ်မရှား ဆိတ်ငြိမ်စွာနေကြလေ၏။

အတန်ကြာသောအခါမှ မောင်ကျင်စိန်ဆိုသူ တရုတ်ကပြားသည် မိမိသောက်ရှုလျက် ရှိသော လောကော့ ဆေးလိပ်ကို ပစ်လိုက်ပြီးနောက် ကုလားထိုင်တွင် မှီလျက် ထိုင်နေရာမှ တည့်မတ်စွာ ထလိုက်၍

**စိန်။** ။ 'ဘယ်လို အဓိပ္ပာယ်ကြောင့် ခင်ဗျား ဒီစကားပြောသလဲ ကိုကျော်တင့်'

**တင့်။** ။ 'ခင်ဗျားမေးခွန်းကို မဖြေမီ ကျုပ်တို့ လေးဦးသား အဖြစ်အပျက်ကို ခုတ်လှန်လိုက်စမ်းပါရစေဗျာ၊ ကျုပ်တို့ လေးဦးဟာ ကျောင်းမှ ထွက်ပြီးနောက် အစိုးရအမှုထမ်း အစရှိတဲ့ လခစား အလုပ်များကို မလုပ်ကိုင်လိုတဲ့အတွက် ကုန်ရောင်း ကုန်ဝယ်ဘက်မှာ ဆိုးအတူ ကောင်းအတူ ဆိုပြီး အစုစပ် ကုမ္ပဏီ သဘောနှင့် ဖက်စပ်ပြီး လုပ်ခဲ့ကြတယ် မဟုတ်လား'

**အခြားလူများ။** ။ 'မှန်ပါတယ်'

**တင့်။** ။ 'ယင်းကဲ့သို့ ဖက်စပ်လုပ်ကိုင်ဆဲအခါမှာ အမြတ်အစွန်းရတဲ့နှစ်မှာလည်း ရတယ်။ ဆုံးရှုံးတဲ့ နှစ်မှာလည်း ဆုံးရှုံးတယ်။ မြတ်တဲ့ နှစ်မှာလည်း အမြတ်ကို အတူဝေ၊ ရှုံးတဲ့ နှစ်မှာလည်း အရှုံး အတူခံ လုပ်ခဲ့ကြတယ် မဟုတ်လား'

**အားလုံး။** ။ 'မှန်ပါတယ်'

**တင့်** ။ ။ 'ယခုနှစ်မှာတော့ တိုင်းပြည်အရပ်ရပ် အရောင်း အ[illegible]ပါးရှားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျုပ်တို့ ကုမ္ပဏီမှာလည်း အဆုံးအရှုံး အင်မတန် အားကြီးပြီး တစ် လကြာရင် တစ်ယောက်ကို နှစ်ထောင်စီ၊ တစ်လကြာရင် တစ်ယောက်ကို သုံးထောင်စီ ထည့်ကြရရင်း နောက်ဆုံးတစ်ခါမှာတော့ ကျုပ်တို့ အလုပ်ဟာ ငွေရင်းများမှ ဖြစ်မယ့် အလုပ်မျိုးလို့ အားလုံး သဘောတူ ဆုံးဖြတ်ကြပြီး တစ်ယောက်ကို တစ်ယောက် ငွေတစ်သောင်းစီ နောက်ဆုံးတစ်ကြိမ် ထည့်ခဲ့ကြတယ် မဟုတ်လား'

**အားလုံး။** ။ 'ဟုတ်ပါတယ်'

**တင့်။** ။ 'ထည့်ခဲ့ပြီးတဲ့နောက် အရင်က ရှိတဲ့ ငွေရင်းအပြင် နောက်ထပ်ပြီး ထည့်တဲ့ ငွေလေးသောင်းပါ ပေါင်းစပ်ပြီး အလုပ်လုပ်ရင် ကျုပ်တို့ ကုမ္ပဏီဟာ မှချကြီးပွားရမယ်လို့ မျှော်လင့် ယုံကြည်ခဲ့ကြပြီး မဟုတ်လား'

**အားလုံး။** ။ 'မှချကြီးပွားပြီပေါ့'

**တင့်။** ။ 'ကျုပ်တို့ လေးဦးက မနေ့ကပဲ ငွေ တစ်သောင်းစီ ထည့်တယ်၊ ထည့်ပြီး ငွေလေးသောင်းကို ဟောဟိုက မီးခံ သေတ္တာထဲမှာ ထားတယ်၊ ဒီကနေ့ ညနေ ငွေလေးသောင်းဟာ တစ်ပြားမှ မရှိဘူး အကုန်ပျောက်သွားပြီဗျ'

ထိုအခါ သုံးယောက်တို့သည် ကုလားထိုင်တွင် တည့်မတ်စွာ ထိုင်၍ နားထောင်လျက် ရှိကြရာမှ ရုတ်ခနဲ ထလိုက်ကြပြီးလျှင် 'ဟင်' ဆိုသော အသံသည် သုံးဦးလုံးတို့၏ ပါးစပ်မှ တညီတညာတည်း လွှတ်ခနဲ ထွက်သွားလေ၏။ ထိုနောက်မှ တစ်ဖန် ပြန်၍ ထိုင်ကြပြီးလျှင် တစ်ယောက်တစ်ခွန်း မေးခွန်းများ ထုတ်တော့မည်ပြုကြရာမှ မောင်ကျော်တင့်၏ ဣန္ဒြေကြီးလှသော မျက်နှာထားကို မြင်သဖြင့် မေးတော့မည့် စကားသည် နှုတ်မှ မထွက်ဘဲ မောင်ကျော်တင့်၏ မျက်နှာကို စိုက်ငေးကာ ကြည့်နေကြရာတွင်မှ မောင်ကျော်တင့်က ဆက်လက်၍ ပြောသည်မှာ

**တင့်။** ။ 'ငွေလေးသောင်းကို မီးခံသေတ္တာမှာ ထည့်တယ်၊ မီးခံသေတ္တာက သော့ဟာ သာမည သော့မဟုတ်ဘူး၊ အင်္ဂလိပ် အက္ခရာများနှင့် နည်းကျအောင် စီစဉ်ပြီး ဖွင့်တဲ့အခါမှ ရတယ်၊ ၎င်းသေတ္တာဖွင့်နည်းကို ရန်ကုန်မြို့ပေါ်မှာ ဘယ်သူမှ မသိဘူး၊ ကျုပ်တို့ လေးယောက်သာ သိတယ်၊ ဒီတော့ကာ ဒီ ငွေလေးသောင်းကို ကျုပ်တို့ လေးယောက်ထဲက တစ်ယောက်ယောက် ခိုးယူတာပဲဗျ။ အဲဒါကြောင့် လေးယောက် အနက်က တစ်ယောက်ယောက် ပြုတ်ရမယ်လို့ ကျုပ် ပြောတယ်'



ထိုအခါ သုံးဦးသားတို့သည် မောင်ကျော်တင့်၏ ဣန္ဒြေ ကြီးရင့်သော မျက်နှာထားကို မြင်ရ၍ လည်းကောင်း၊ ပျောက်ဆုံးသော ကြေးငွေ၏ မြောက်မြားခြင်းကြောင့် လည်းကောင်း၊ မိမိတို့ လေးဦးအနက်မှ တစ်ဦးဦးသည် သူခိုးဖြစ်၍ အရေးကြီးလှသော ကိစ္စဖြစ်သောကြောင့် လည်းကောင်း၊ စကားပြောဆိုခြင်း မပြုဘဲ ဆေးလိပ်များကို အသီးသီး သောက်ရှူကာ မောင်ကျော်တင့်၏ မျက်နှာကို ကြည့်လျက် ရှိနေကြလေ၏။ မောင်ကျော်တင့်မှာမူ ဆက်လက်၍ စကားမပြောသေးဘဲ ထိုသူသုံးဦးတို့၏ မျက်နှာကို တစ်ယောက်စီ စေ့စေ့ပါအောင် ကြည့်၍ ဆေးတံသောက်ကာ ဆိတ်ငြိမ်စွာ ရှိနေလေ၏။ ထိုအတောအတွင်း အလုပ်ခန်းတွင်းရှိ နာရီကြီးမှ စက်သံသည် တစ်ချက်ချက် မြည်လျက် ရှိသည်ကို လေးဦးသားတို့သည် ထင်ရှားစွာ ကြားကြရလေ၏။

ယင်းကဲ့သို့ ဆိတ်ငြိမ် အားကြီးလှသည်ကို အနေခက်လှသည့် လက္ခဏာနှင့် မောင်သိန်းဇံက

**ဇံ။** ။ 'မှားလို့ ယွင်းလို့များ ထင်ပါရဲ့ ကိုကျော်တင့်ရယ်။ မီးခံ သေတ္တာထဲမှာ ခင်ဗျား သေသေချာချာ ကြည့်ရဲ့လား'

**တင့်။** ။ (စားပွဲကို လက်ဝါးနှင့် ပုတ်လျက် ထက်မြက်သော အသံဖြင့်) 'မကြည့်ဘဲ နေမလား ကိုသိန်းဇံ။ ငွေလေးသောင်းကို အခုလို အရေးကြီးနေတဲ့ အခါမှာ သာမန်ကာ လျှံကာ ကြည့်ပါ့မလား၊ ခင်ဗျား ရှာချင်သေး သွားရှာပါလား။ ဟောဟိုမှာ မီးခံ သေတ္တာပဲ'

**ဇံ။** ။ 'မရှာပါဘူးဗျာ။ ခင်ဗျားက မရှိဘူးဆိုရင် တကယ် မရှိလို့ပေါ့'

**တင့်။** ။ 'လက္ခဏာက ဒီလို ထင်တယ်။ ကျုပ်တို့ ကုမ္ပဏီမှာ ငွေထည့်ရတာကလဲ တော်တော် များနေကြပြီ။ ဒီတစ်ခါတော့ လေးဦးအနက် တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဦးက ကျန်သုံးဦးမှာ ဘယ်လိုဖြစ်ဖြစ် ငါ ရရင် ပြီးရောဆိုပြီး အချောင် အုပ်လိုက်ဟန် လက္ခဏာ တူတယ်။ အဲဒါကြောင့် ဒီငွေကို လေးဦးအနက်က ဘယ်သူ ယူတယ် ဒီငွေဟာ ဘယ်မှာ ရှိတယ် ဆိုတာကို မသိရသမျှ ကာလပတ်လုံး ကျုပ်တို့ လေးဦး ဒီအခန်းထဲက ဘယ်သူမှ မထွက်ကြရ ဘူးဗျာ။ သဘောတူကြရဲ့လား'

**ဝံ**။ ။ 'တူပြီလားဗျာ'

**စိန်**။ ။ 'သဘောတူပါတယ်'

**ဟာမက်**။ ။ 'မှန်တယ် ဒီကိစ္စကို ဒီကနေ့ည ဒီနေရာမှာ ပြီးစီးအောင် လုပ်ကြရမယ်။ ကျုပ်လည်း သဘောတူတယ်'

ထိုအခါ မောင်ကျော်တင့်သည် မည်သို့မျှ ပြန်၍ မပြောဘဲ ထိုင်ရာမှ ထ၍ အခန်းတံခါးကို သော့ခတ်ပြီးလျှင် တစ်ဖန် ပြန်လာ၍ သော့တစ်ချောင်းကို စားပွဲပေါ်သို့ ပစ်၍ တင်လိုက်လေ၏။ ၎င်းနောက် ကုလားထိုင်၌ တစ်ဖန် ထိုင်ပြီးမှ

**တင့်**။ ။ 'ကျုပ်တို့ ယခု ကိစ္စဟာ လွယ်တဲ့ ကိစ္စတော့ မဟုတ်လှဘူး။ သို့သော် မလွယ်ပြီကောလို့ အချိန်ဆိုင်းထားလိုက်ရင် ခက်သည်ထက် ခက်သွားလိမ့်မယ်။ ဒါကြောင့် ကိုဟာမက် ပြောတဲ့ အတိုင်း ဒီကနေ့ည ဒီနေရာမှာ ပြီးစီးအောင် ဆောင်ရွက်ကြရလိမ့်မယ်။ သို့သော် ကျုပ်တစ်ခု မေးချင်တယ်။ သူခိုးပေါ်တဲ့ အခါကျတော့ သူခိုးကို ကျုပ်တို့ ဘယ်လို လုပ်ကြမလဲ'

**စိန်**။ ။ 'ဒါတော့ အစိုးရရှိပြီပဲဗျာ။ ဥပဒေအတိုင်း ဖြစ်မှာပေါ့'

**ဟာမက်**။ ။ 'ဟာ အစိုးရ ဥပဒေလောက်နှင့် ကျုပ် မကျေနိုင်ဘူးဗျာ။ ဥပဒေဆိုတာမျိုးဟာ ရှေ့နေ လျှာလှည့်တိုင်း ဖြစ်ပြီး ထွက်ပေါက်တွေ အင်မတန် များတယ်။ သည့်ပြင် တစ်ကြောင်းကလည်း ငွေလေးသောင်း ခိုးတယ်ဆိုရင် လေးသောင်းဖိုးပဲ အပြစ်ပေးမယ်။ ယခု ကျုပ်တို့မှာ ဒီငွေ လေးသောင်းပျောက်တဲ့အတွက် ကုမ္ပဏီပါ ပျက်စီးမှာ ဖြစ်လေတော့ လေးသိန်းမက အကျိုးပျက်စီး သွားမယ်ဗျ။ ဒီတော့ အစိုးရ အပြစ်ပေးရုံလောက်နဲ့ ကျုပ် မကျေနပ်နိုင်ဘူး'



ထိုအခါ အသီးသီးတို့သည် ဆေးလိပ်ကို သောက်ကာ အကြံယူလျက် ရှိကြရာ နာရီကြီးသည် 'ဒင်' ခနဲ မြည်သွားသဖြင့် လှမ်း၍ ကြည့်လိုက်ကြသည်တွင် ကိုးနာရီ ခွဲ၍ သွားကြောင်းကို တွေ့မြင်ကြရလေ၏။

**တင့်**။ ။ 'ဒီကိစ္စမှာ ကျုပ်တစ်ခု အကြံပေးချင်တယ်ဗျာ။ ကျုပ်တို့၏ ပထမ ရည်ရွယ်ချက်ဟာ ငွေကို ပြန်ရဖို့ မဟုတ်ဘူးလား၊ ဒီတော့ကာ သူခိုးဟာ ယခု ဒီငွေကို ပြန်ပေးခဲ့လို့ရှိရင်လည်း ချမ်းသာပေးသင့်သလောက် ချမ်းသာပေးဖို့ အကြံပေးချင်တယ်။ စင်စစ်မှာတော့ဗျို့၊ ဒီလောက် အကြပ်အတည်းထဲမှာ ဒီလိုလုပ်ရက်တဲ့ 'လူကို ငွေပြန်ရဦးတော့ ကျုပ်ဖြင့် ချမ်းသာတောင် မပေးချင်ဘူးဗျာ'

ထိုအခါ ကျန်သုံးဦးတို့မှာ ချမ်းသာပေးဖို့ အကြောင်းကို မိမိက အလျင်စလို သဘောတူညီခဲ့ပါမူ မိမိအား အခြားသူများက သူခိုးဟူ၍ ထင်မည်ကို စိုးရိမ်သည် ဖြစ်သောကြောင့် မည်သို့မျှ ဖြေဆိုခြင်း မပြုဘဲ ဆိတ်ငြိမ်စွာ ရှိနေကြရာ

**တင့်**။ ။ 'ကိုင်း ချမ်းသာပေးဖို့ သဘောတူညီပြီတဲ့ ထားလိုက်ပါတော့၊ ဘယ်သူမဆို ငွေကို ယခု ပြန်ပေးမယ်ဆိုရင် ချမ်းသာနိုင်ဖို့ ရှိသေးသဗျ။ ပေးမှာဖြင့် ပေးလိုက်ကြဗျာ' ဟု ပြောပြီးနောက် ထိုသူလေးဦးတို့မှာ မည်သူသည် ဖြောင့်ချက်ပေးချေတော့မည်နည်းဟု တစ်ယောက်ကို တစ်ယောက် မျှော်လင့်စောင့်ဆိုင်းလျက် ရှိကြရာ မည်သူကမျှ ဝန်ခံခြင်း မရှိသဖြင့် ဆိတ်ငြိမ်စွာ ရှိနေကြပြန်လေ၏။

**တင့်**။ ။ 'ကိုင်း ဖြောင့်ချက်ပေးမယ့် လူမထွက်ဘူး ဟုတ်စ။ သူကိုယ်တိုင် ဝန်မခံလို့ ရှိမှ ကျုပ်တို့ စစ်လို့ မိမှဖြင့် ချမ်းသာ ပေးစရာ မရှိဘူး။ ကိုင်း ဒီတော့ ဘယ်လို စီရင်ကြမယ်ဆိုတာကို ကိုကျင်စိန်က ပုလိပ်အပ်ဖို့ အကြံပေးတယ်။ ကိုဟာမက်က ဒီဟာလောက်နှင့် မကျေနပ်နိုင်ဘူးတဲ့၊ ကိုသိန်းဖေကကော ဘယ်လို အကြံပေးချင်သလဲဗျာ'

**ဝံ**။ ။ 'ပြတင်းပေါက်က ကိုင်ပြီး ပစ်ချလိုက်တာပေါ့ဗျာ'

**ဟာမက်**။ ။ 'ဟာ ဒါလောက်တောင်တော့လည်း လွန်လွန်းတယ် ထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ လူသတ်မှု ဖြစ်ကုန်ကြလိမ့်မယ်ဗျ။ ကျုပ် ကန့်ကွက်တဲ့အတွက် ကျုပ်ကို ခင်ဗျားတို့ ဘယ်လိုလဲ ထင်ချင်ထင်။ အသက်ကို အဆုံးစီရင်ဖို့တော့ ကျုပ် သဘောမတူနိုင်ဘူးဗျာ။ ကန့်ကွက်ချင်တယ်'

ထိုအခါ မောင်ကျော်တင့်သည် ထိုင်ရာမှ ထ၍ ပြတင်းပေါက်သို့ သွားပြီးလျှင် အောက်သို့ ငုံ့ကြည့်ရာ လေးထပ်တိုက်၏ အထက်ဆုံးထပ်ဖြစ်ရကား ပြတင်းပေါက်မှ ကျသောသူသည် ကျောက်လမ်းပေါ်၌ စိစိ ညက်ညက် ကြေမွရုံမျှသာလျှင် ကျန်တော့မည့်အကြောင်းကို ခန့်မှန်းမိလေ၏။ ၎င်းနောက် ကုလားထိုင်တွင် တစ်ဖန် ပြန်၍ ထိုင်ပြီးလျှင်

တင့်။ ။ 'ကိုဟာမက် ပြောတာလည်း မှန်တယ်။ ဘယ့်နှယ်လဲ ဆိုတော့ ငယ်ပေါင်းတွေ ဖြစ်ကြတဲ့အတွက် ပြတင်းပေါက်က ကိုင်ပြီး ပစ်ချရမယ်ဆိုရင် မျက်စရာ မရှိအောင် ဖြစ်ကြလိမ့်မယ် ထင်တယ်။ ပြီးတော့ ကိုကျင်စိန် ပြောတဲ့အတိုင်း ပုလိပ်လက်ကို အပ်မယ်ဆိုရင်လည်း ဥပဒေဆိုတာမျိုးဟာ ကိုဟာမက်ပြောတဲ့အတိုင်း ထွက်ပေါက်တွေ အင်မတန်များတယ်။ ရုံးမင်းကိုလဲ ကျုပ်တို့ မယုံကြည်နိုင်ဘူး။ သို့သော် တစ်နည်းနည်းနဲ့တော့ စီရင်ကြရလိမ့်မယ်။ ဘယ်လို စီရင်ကြရင် ကောင်းမလဲဗျာ။ ထပ်ပြီး အကြံပေးကြစမ်းပါဦး'

ခံ။ ။ 'ကျုပ်ပြောသလို မလုပ်ဝံ့ရင် ခင်ဗျားပဲ စိတ်ကူးစမ်းပါဦးဗျာ'

စိန်။ ။ 'ကျုပ်တို့အထဲမှာ ခင်ဗျား လူကြီးပဲ။ ခင်ဗျားပြောတာ ကျုပ်တို့ နားထောင်ရမယ်'

မက်။ ။ 'ကိုကျင်စိန် ပြောတာ မှန်တယ်'

တင့်။ ။ 'ကျုပ်ကတော့ ဒီလို လုပ်ချင်တယ်ဗျာ။ သူခိုးပေါ်ပြီးတဲ့နောက် စီရင်ရတဲ့ အခါမှာ ဆေးသေနည်းနှင့် မစီရင်ဘဲ လွတ်ပေါက်ကလေးလည်း ချန်ထားချင်သေးတယ်။ ဥပမာ ဘာလဲဆိုတော့ လူတစ်ယောက်ကို လေးထပ်ကနေပြီး ပစ်ချလိုက်မယ်ဆိုရင် ကေန်မုချ သေရှာတော့မှာပဲ။ ဒါကြောင့် ကျုပ်က ဒီလို လုပ်ချင်တယ်၊ ဟောဟို ပြတင်းပေါက်အောက် သုံးပေလောက်မှာ ခြောက်လက်မလောက် ကျယ်တဲ့ အုတ်စွန်းကလေး ရှိတယ်။



သတ္တိကောင်းတဲ့ လူတစ်ယောက်ဟာ ဒီပြတင်းပေါက်က ကျော်ဆင်းပြီး အုတ်စွန်းကလေးပေါ်မှာ ခြေထောက်နင်း၊ အထက်က အုတ်စွန်းကို လက်လှမ်းကိုင်။ နောက်ပြီး အုတ်စွန်းတစ်လျှောက် ပေနှစ်ဆယ်လောက် လျှောက်နိုင်ခဲ့လို့ရှိရင် ဟိုဘက် ပြတင်းပေါက်ကို ရောက်မယ်။ အဲဒီတော့ သူခိုးပေါ်တဲ့အခါမှာ အုတ်ထရံကို မှီပြီး ဒီအုတ်စွန်းကလေးကို လျှောက်စေရင် မကောင်းဘူးလားဗျာ။ သတ္တိကောင်းလို့ ခြေမြဲမြဲ လက်မြဲမြဲနှင့် ပေနှစ်ဆယ်လောက် လျှောက်နိုင်ရင်လည်း ဟိုဘက် ပြတင်းပေါက် ရောက်ရင် ကျုပ်တို့က ဆွဲတင်နိုင်ကြတာပေါ့။ လမ်းမှာ ခြေချော်လက်ချော်လို့ လိမ့်ကျသွားရင်လည်း သူ့ထိုက်နှင့် သူ့ကံပေါ့။ မကောင်းဘူးလား'

ခံ။ ။ 'အလိုလေး ဘုရား ဘုရား။ ကြောက်စရာ ကောင်းလှချည့်လား'

တင့်။ ။ 'ခင်ဗျားက တစ်ခါထဲ ပစ်ချဖို့တောင် အကြံပေးသေးတယ် မဟုတ်လား'

ခံ။ ။ 'ကျုပ်ဖြင့် တစ်ခါတည်း ကျသွားလိုက်ရတာက တော်ပါသေးမှတ်ပါတယ်ဗျာ။ ခြောက်လက်မလောက် အုတ်စွန်းကလေးပေါ်မှာ ခြေနှင့်နင်းပြီး အောက်ကလည်း ဟာလာဟင်းလင်းကြီး၊ ဒူးတုန်တုန်၊ လက်တုန်တုန်နှင့် လျှောက်ရမယ်ဆိုရင် သနားစရာ ကောင်းလှပါတယ်ဗျာ။ သို့သော်လည်း ခင်ဗျားတို့ သဘောပလေ။ အများသဘောတူရင်လည်း တူရတာပေါ့။ ကျုပ်ဒါဖြင့် ငွေလေးသောင်းမကဘူး၊ လေးသိန်းရမယ်ဆိုတောင် သူများ လျှောက်တာကို ကျုပ် မကြည့်ဝံ့ပေါင်ဗျာ'

ထိုအခါ ဟာမက်သည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွား၍ အောက်ငုံ့ကြည့်ရာ ကြက်သီးများ ထ၍ သွားလေ၏။ လေးထပ်မှ ငုံ့၍ ကြည့်သောအခါ မော်တော်ကားများ၊ မြင်းရထားများတို့သည် မြေ၌ ပြားပြားဝပ်ကာ ရှိနေလျက် လမ်းလျှောက်သူ ခရီးသည်တို့မှာလည်း နို့စို့ကလေးများ အရွယ်ကဲ့သို့ သေးငယ်စွာ ရှိနေကြလေ၏။ ဟာမက်သည် ယခင်က လေးထပ်တိုက်မှ အောက်သို့ ငုံ့၍ ကြည့်မိဖူးသည် မှန်၏။ သို့ရာတွင် ယခုအခါနှင့် မတူသဖြင့် ယခုကဲ့သို့ ကျောများစိမ့်အောင် ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူးချေ။ လူတစ်ယောက် လျှောက်ရမည်ဖြစ်သော အုတ်စွန်းမှာ ခြောက်လက်မခန့် ကျယ်ဝန်းသည် ဆိုသော်လည်း အပေါ်မှ ငုံ့၍ ကြည့်သောအခါ ဤမျှလောက်ပင် မကျယ်ဝန်းဘဲ လျှောက်ရမည် လမ်းကို မျှော်၍ ကြည့်သောအခါ၌မူကား သာ၍ပင် ကျဉ်းမြောင်းဘိသကဲ့သို့ ရှိနေလေ၏။

ငင်းနောက် ဟာမက်သည် မျက်နှာထားကို တင်းပြီးလျှင် ကုလားထိုင်သို့ ပြန်၍ ထိုင်ရာ မောင်သိန်းဖုံနှင့် မောင်ကျင်စိန်တို့လည်း အသီးအသီး ထိုင်ရာမှ ထ၍ ထိုနည်းအတိုင်း မျှော်၍ ကြည့်ကြလေ၏။ အသီးအသီး ကုလားထိုင်၌ ထိုင်မိကြလေလျှင်

**စိန်။** ။ 'စီရင်ပုံနည်းကတော့ ဟုတ်ပါပြီဗျာ။ အားလုံး သဘောတူကြပြီ။ သို့သော်မယ့် သူခိုးကို ပေါ်အောင် စစ်ဖို့ အရေးက လိုသေးတယ်။ စစ်ဖို့ရာကလည်း အကြပ်သားလားဗျ။ သူ့ ပြောချင်မှ ဖြစ်တာကိုး။ ငွေလေးသောင်းကို ခိုးယူတဲ့ လူဟာ လက်ထဲရောက်မှတော့ ဖြောင့်ချက်ပေးဖို့ရာ အခဲယဉ်းသားကလားဗျ'

**တင်။** ။ (ရုတ်တရက်) 'ခင်ဗျားစဉ်းစားတာ၊ ဒါစဉ်းစားတာ ဟုတ်ကဲ့လား ကိုကျင်စိန်။ မြင့်လှချည့်ကလားလို့ စဉ်းစားတာ မဟုတ်လား'

**စိန်။** ။ (မျက်နှာမှုလျက်) 'နှစ်ခုလုံး စဉ်းစားတာပါပဲ။ ခြေက ချော်သွား၊ လက်ကလဲ မမြဲလို့ ပြုတ်။ ဘာမှလည်း လှမ်းပြီး ဆွဲလိုက်စရာ မရှိ။ ခြေကားရား လက်ကားရားနှင့် ချာလပတ်လည်ပြီး ကျပုံကို ကျုပ် တွေးပြီး မြင်လွန်းလို့ ပါဗျာ'

ထိုအခါ သုံးဦးသားတို့သည် မောင်ကျင်စိန်ကို ဝိုင်းဝန်းကာ စိုက်၍ ကြည့်နေကြရာ မောင်ကျော်တင့်မှာမူ ထိုသူကို ကြည့်နေရင်း တန်း၍ နေသော မျက်ခုံးတို့သည် အပေါ်သို့ မသိမသာ ချီတက်၍ သွားလေ၏။

**တင်။** ။ (တည်ငြိမ်သော အသံဖြင့်) 'သူခိုးပေါ်တဲ့အခါမှာ ငင်းကို အုတ်စွန်း လျှောက်လိုလျှောက်၊ မလျှောက်ဝံ့ရင် ပုလိပ်လက်ကို အပ်။ သူ ကြိုက်ရာ လုပ်ဖို့ သဘောတူညီကြတယ် မဟုတ်လား'

**မက်။** ။ 'အားလုံးက သဘောတူရင် တူပါတယ်ဗျာ'



**ဖုံ။** ။ 'ကိုင်းဗျာ၊ သဘောတူကြပါပြီ။ စစ်မှာဖြင့် မြန်မြန် စစ်စမ်းပါတော့။ ဟိုလူလိုလို ဒီလူလိုလိုနဲ့ အနေရခက်လှပါတယ်'

ထိုအခါ မောင်ကျော်တင့်သည် ထိုင်ရာမှ ထပြီးလျှင် စားပွဲတွင် လက်ထောက်လျက် တည်ငြိမ်သော အသံဖြင့် ပြောသည်မှာ

**တင်။** ။ 'ဒီအမှုမှာ တစ်ယောက်ပြောတဲ့ စကားကို တစ်ယောက် မယုံကြည်စတမ်းဗျနော်။ ခင်ဗျားတို့ စကားကိုလည်း ကျုပ် မယုံကြည်နိုင်ဘူး။ ကျုပ် ပြောတာကိုလည်း ခင်ဗျားတို့ ယုံကြည်သင့်မှယုံ။ ဘယ်သူက ဘယ်လိုပင် ပြောပြော ယုံကြည်သင့်မှ ယုံကြည်ကြရမယ် ဟုတ်စ'

**အားလုံး။** ။ 'မှန်ပါတယ်'

**တင်။** ။ 'ဒီကိစ္စမျိုးမှာ စကားနှင့် စစ်နေလို့ အပိုပဲ။ ယူတဲ့ လူက ဘယ်နည်းနှင့် မဆိုလွတ်အောင် တိမ်းတော့ ရှောင်တော့မှာပဲ။ ကျုပ်တို့ အားလုံးက အင်္ဂလိပ် ကျောင်းထွက်တွေချည်း။ ဉာဏ်သေးကြတဲ့ လူတွေ မဟုတ်ဘူး။ သို့သော် စကားနှင့် စစ်လို့ မပေါ်ရင် ပေါ်နိုင်တဲ့ နည်းတစ်နည်းတော့ ရှိတယ်။ ဒီနည်းကို ကျုပ်မပြောသေးမီ ကျုပ်တို့ ယခု အဖြစ်အပျက်ကို သဒ္ဒါလှန်လိုက်စမ်းပါရစေဦးဗျာ။ လွဲတာရှိရင်လည်း ထောက်ကြဗျနော်'

**အားလုံး။** ။ 'ကောင်းပါပြီဗျာ'

**တင်။** ။ 'ဒီငွေဟာ ဒီကနေ့ ညနေ ငါးနာရီနှင့် ခြောက်နာရီ အတွင်းမှာ သူခိုး ခိုးသွားတယ်။ ကျုပ်က ငါးနာရီမှာ အလုပ် တိုက်ပိတ်ပြီး အိမ်အပြန်မှာ အိမ်ရောက်တော့ အရေးကြီးတဲ့ စာချုပ်တစ်ခု မီးခံသေတ္တာထဲမှာ မေ့ပြီး ကျန်ရစ်တာ သတိရလေတော့ အလုပ်တိုက်ကို တစ်ခါ ပြန်လာပြီး မီးခံသေတ္တာ ဖွင့်ကြည့်တော့ စာချုပ်သာ ရှိတယ်။ ငွေစက္ကူ ထုပ်ကြီး မရှိတော့ဘူး'

**မက်။** ။ 'ဒီတော့ ဘယ်နှစ်နာရီလောက် ရှိပြီလဲ'

**တင်** ။ ။ 'ခြောက်နာရီတိတိ ရှိသွားပြီ။ ဒီတော့ ကျုပ်အကြံရပြီး ခင်ဗျားတို့ကို ဒီကိစ္စ ဖွင့်မပြောသေးဘဲ အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် အလုပ်တိုက်ကို လာဖို့ ဒရဝမ်ကို စာရေးပြီး အသီးအသီး လွှတ်လိုက်တယ် မဟုတ်လား။ ငွေယူထားတဲ့ လူကတော့ ထွက်ပြေးဖို့ ကြံစည်လို့ ရှိရင်

www.burmeseclassic.com

www.burmeseclassic.com



ယခု အစည်းအဝေးကို သွားခဲ့လို့ ရှိရင် အချိန် နှောင့်နှေးခြင်း ဖြစ်မှာပဲလို့ မှချ သူ အောက်မေ့မိမယ်။ သို့သော် အစည်းအဝေးကို မလာဘဲ နေလို့ ရှိရင်လဲ သူ မပြေးမီ ဒီက ချောင်းပြီး ဖမ်းမှာကိုလဲ သူ စိုးရိမ်လိမ့်မယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မျက်နှာပြောင်ပြောင်ထားပြီး အစည်းအဝေးကိုတော့ သွားမှပဲဟဲ့လို့ လာခဲ့တဲ့ လက္ခဏာနှင့် တူတယ်။ ဒီတော့ ယခု အစည်းအဝေးကို လာတဲ့အခါမှာ သူယူထားတဲ့ ငွေကို လုံခြုံအောင် ဝှက်ထားခဲ့ဖို့ ကိစ္စကလည်း ရှိသေးတယ်။ ကျုပ်တို့ အသီးအသီးမှာ အိမ်မှာလည်း မီးခံသေတ္တာ အစရှိသဖြင့် ပစ္စည်းများ လုံခြုံအောင် ထားဖို့ သေတ္တာများ ရှိကြလိမ့်မယ်။ ဒီတော့ကာ သူခိုးဟာ အစည်းအဝေး လာတဲ့အခါမှာ သူ ပစ္စည်းကို ဘယ်မှာ ဝှက်ထားခဲ့မလဲဗျ။ ကိုယ့်မီးခံသေတ္တာမှာ ကိုယ်ထားခဲ့မယ် မဟုတ်လား'

ထိုအခါ ကျန်သုံးဦးတို့သည် မောင်ကျော်တင့်၏ တွေးတောခြင်းမှာ ဟုတ်လောက်ပါပေသည်ဟု အောက်မေ့ဟန် လက္ခဏာနှင့် ဦးခေါင်းကို ညိတ်ကြလေ၏။ ထိုအခါ မောင်ကျော်တင့်က ဆက်လက်၍

**တင့်** ။ ။ 'ဒီတော့ကာ ကျုပ်က ဘယ်လို အကြံပေးချင်သလဲဆိုတော့ ကျုပ်အိမ်က မီးခံသေတ္တာကစပြီး ဒီက အားလုံး သွားရှာလို့ မတွေ့တော့မှ မော်တော်ကားနှင့် တစ်ဦးတစ်ဦး မခွဲဘဲ ခင်ဗျားတို့ သုံးဦးအိမ်က မီးခံသေတ္တာတွေကို တစ်ခုစီ တစ်ခုစီ လိုက်ပြီး ရှာရမယ်။ ဒီလို ရှာလို့မှ ဘယ်သူ့ သေတ္တာကမှ မတွေ့ဘူးဆိုရင် ဒီအခန်းကို လေးယောက်စလုံး တစ်ဖန်ပြန်လာပြီးနောက် ဘယ်လို လုပ်ကြရမယ်ဆိုတာ တိုင်ပင်ကြရမယ်။ မကောင်းဘူးလားဗျာ။ ကျုပ်ပြောတာ'

**စိန်**။ ။ 'ကောင်းပေတယ်ဗျာ'

**မက်**။ ။ 'နေရာကျတယ်ဗျို့'

ထိုခဏ၌ မောင်သိန်းဇံသည် ထိုင်ရာမှ ရုတ်တရက် ထပြီးလျှင် စားပွဲပေါ်၌ မောင်ကျော်တင့် ပစ်၍ တင်ထားသော သော့ကို ကောက်ယူပြီးလျှင် တံခါးရှိရာသို့ လျင်မြန်စွာ ပြေးသွားလေရာ မောင်ကျင်စိန်မှာ ရင်



ဘတ်ကို လက်နှင့်ဖိကာ အံ့ဩစွာ ကျန်နေရစ်လျက် ဟာမက်မှာမူ မောင်သိန်းဇံကို မီအောင် ထ၍ လိုက်ပြေးလေ၏။

မောင်ကျော်တင့်မှာမူ ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေး ထိုင်နေလျက် 'နေပါစေ ကိုဟာမက်ရယ်။ ဒါကြောင့်မို့ သော့ကို တမင် တင်ပြီး ကျုပ် ထားတာပါဗျ။ သူ ယူပြေးတဲ့ သော့က အခန်းတံခါး သော့ မဟုတ်ပါဘူး။ ဒီပြင်သော့ပါ။ ဘယ့်နှယ်လဲ ကိုသိန်းဇံ ဖွင့်လို့မရဘူး ဟုတ်စ။ ကျုပ် ထောင်ပြီး ဖမ်းလိုက်တာ ခင်ဗျား မိနေပြီ ဘယ့်နှယ်လဲ။ သို့သော် ခင်ဗျား သတ္တိကောင်း မကောင်းက ဒီကနေ့ည ကျုပ်တို့ သိကြရမှာပေါ့ ဗျာ။ သွေးနီလား၊ သွေးကြောင်လားဆိုတာ ဒီတစ်ခါ ထင်ရှားမှာပ။ ကိုင်း သို့သော် ခင်ဗျားကို မစီရင်မီ ခင်ဗျားအိမ်က မီးခံသေတ္တာ ဖွင့်နည်းကို ပြောဗျာ။ ပြီးတော့လဲ သေတ္တာဖွင့်နိုင်ဖို့ စာတစ်စောင်လည်း ရေးလိုက်'

ထိုအခါမောင်သိန်းဇံသည် ပြူးတူးပြဲတဲနှင့် အခန်း၏ အခြေအနေကို ကြည့်ရှုရာ ပြတင်းပေါက်မှတစ်ပါး အခြားသော အပေါက်ကို မမြင်သဖြင့် နဖူးကိုလက်ဝါးနှင့် ရိုက်ပြီးလျှင် ကုလားထိုင်၌ တစ်ဖန်ပြန်၍ ထိုင်လေ၏။

**တင့်** ။ ။ (တင်းမာသော အသံဖြင့်) 'ဘယ်မလဲ မီးခံသေတ္တာ ဖွင့်နည်း ပြောပြလေ'

**ဇံ** ။ ။ 'ပြောပါတော့မယ်ဗျာ။ အုတ်စွန်းကိုတော့ မလျှောက်ပါရစေနှင့်။ ဖွင့်နည်းပြောပြလို့ရှိရင် ချမ်းသာပေးကြပါတော့ဗျာ' ဟု တုန်တုန်ရီရီနှင့် တောင်းပန်လေလျှင်

**စိန်**။ ။ 'ပုလိပ်လက်သာ အပ်လိုက်ပါဗျာ' ဟု ပြောသော်လည်း မောင်ကျော်တင့်နှင့် ဟာမက်တို့သည် မည်သို့မျှ မပြောဘဲ မောင်သိန်းဇံအား စိုက်၍ ကြည့်နေကြရာ

**ဇံ**။ ။ 'ရုံးရောက်ရင် ကျွန်တော် ထောင်ဘယ်လောက် ကျမလဲဗျာ။ ကိုကျော်တင့်'

**တင့်**။ ။ 'သုံးနှစ်အနည်းဆုံး ကျလိမ့်မယ် ထင်တယ်'

**မက်** ။ ။ 'ဘာရမလဲဗျာ။ သာမည ခိုးမှုမှ မဟုတ်ဘဲ။ တစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ယုံကြည်ပြီး လုပ်ကြတဲ့ အမှု ဖြစ်လေတော့ အနည်းဆုံး ခုနစ်နှစ်ယောက်တော့ ချလိမ့်မယ်'

**ခံ** ။ 'ခုနစ်နှစ်တောင် များလှချည့်ကလားဗျာ'

**စိန်** ။ 'ခုနစ်နှစ်နှင့် လွတ်ရင် ခင်ဗျား ကံကောင်းတယ်။ ကျုပ်တို့ တရုတ်ဘုံအိမ်က တရုတ်တစ်ယောက် တစ်နေ့က ဒီအမှုမျိုးပဲ ဖြစ်တာ၊ ထောင် ဆယ်နှစ်တောင်ချလိုက်တယ်'

**ခံ** ။ 'အောင်မယ်လေးဗျ'

၎င်းနောက် မောင်သိန်းခံသည် စားပွဲပေါ်တွင် တံတောင်ဖြင့် ထောက်လျက် လက်ပေါ်တွင် မေးတင်ပြီးလျှင် မတုန်မလှုပ် စဉ်းစားစိတ်ကူးလျက်ရှိရာ သုံးဦးသားတို့သည် ၎င်းအား စိုက်၍ ကြည့်နေကြလေ၏။ ထိုခဏ၌ တိုက်အောက်မှ ကားတစ်စီးသည် လမ်းပေါ်တွင် မောင်းနှင်၍ သွားရာ ကားသံသည် ထိုအခန်း၌ သဲ့သဲ့မျှကြားသည် ဖြစ်၍ တိုက်၏ မြင့်မားကြောင်းကို လေးဦးသားတို့၏ စိတ်၌ သတိရမိလေ၏။

'ဆယ်နှစ်...ဆယ်နှစ်...ဆယ်နှစ်တောင်မှ များလှချည့်ရဲ့နော်။ ဟိုတစ်ခါ ထောင်တစ်လကျတုန်းကတောင် မနည်းအောင့်ပြီး ခံခဲ့ရတယ်။ ဆယ်နှစ်ဆိုတော့ ခံမှ ခံနိုင်ပမလားကွယ်' ဟု တစ်ယောက်တည်း ညည်းညူပြီးနောက် မောင်သိန်းခံသည် လွတ်ရန် အခြားနည်းလမ်းများ ရှိလေသေးသလောဟု မော်၍ ကြည့်ပြန်ရာ

**တင်** ။ 'ဘယ့်နှယ်လဲ ကိုသိန်းခံ။ ဌာနကို တယ်လီဖုန်း ဆက်လိုက်ရမှာလား'

**ခံ** ။ 'နေစမ်းပါဗျာ။ စဉ်းစားစမ်းပါရစေဦး၊ ဆယ်နှစ်ဆိုတော့ အင်မတန်ကြာတာပဲ။ အရက်လည်း ကွဲဦးမယ်။ အုတ်စွန်း လျှောက်ရတာက မသကာကြာလှ ငါးမိနစ်ပေါ့။ အလွန်ဆုံး ဆယ်မိနစ်လကွယ်။ မတော်လို့ ခြေချော်သွားလည်းပဲ ကိစ္စပြီးရောပေါ့။ သေမှာကို ဒီလောက် မကြောက်ပါဘူး၊ လက်လွတ်သွားပြီး ဟိုမမီ ဒီမမီ ကိုးရိုးကားရားနှင့် အောက်မရောက်ခင် တာလိမ့်ခေါက် ကွေးကျသွားရမှာ ကျုပ် ကြောက်လှတယ်ဗျာ။ ကိုင်း သို့သော် ယောက်ျားပဲလေ။ ကျလို့ သေရင်လည်း ပြီးရောပေါ့။ အရက်ကွဲတော့ဖြင့်



မခံပါဘူး။ လျှောက်ပါတော့မယ်ဗျာ'

**တင်** ။ 'ကိုင်း လျှောက်မှာဖြင့် အိမ်က မီးခံသေတ္တာဖွင့်နည်းကို ကျုပ်ပြော။ ကျုပ် ပြောတဲ့ စာကလေးလည်း ရေးဗျာ' ဟု ပြော၍ မင်အိုး ကလောင်တံနှင့် စာရေးစက္ကူကို မောင်သိန်းခံ၏ ရှေ့၌ ချပေးရာ

**ခံ** ။ 'ပြောပါတော့မယ်ဗျာ။ စီ ဒီ ဒဗလျူ ပါတဲ့။ ရှေ့ကို နှစ်ချက်တွန်း။ နောက်ကို သုံးချက် ဆွဲရင် ပွင့်ပါလိမ့်မယ်ဗျာ။ စာရေးဖို့ကတော့ ကျုပ်မှာ ဉာဏ်ကုန်နေလို့ ကိုကျော်တင်က ပြောပေးပါ။ ကျုပ်က လိုက်ပြီး ရေးပါမယ်ဗျာ'

မီးအာမခံ သေတ္တာမှာ နောက်ပေါ်သည့် အမေရိကန်ပြည်မှ လာသော မီးခံသေတ္တာမျိုးဖြစ်၍ သော့ဖြင့် မဖွင့်ရဘဲ အက္ခရာများကို အညွှန်းအတိုင်း စီစဉ်ပြီးလျှင် လက်ကိုင်ကို အညွှန်းအတိုင်း လှည့်သည်ဖြစ်စေ၊ တွန်းသည်ဖြစ်စေ၊ ပြုလုပ်ခြင်းအားဖြင့် ဖွင့်နိုင်၊ ပိတ်နိုင်လေသည်။ ၎င်းသေတ္တာကို ဥစ္စာရှင်မှတစ်ပါး အညွှန်းကို မသိလျှင် မည်သူမျှ မဖွင့်နိုင်သည် ဖြစ်၍ သူခိုးဘေးရန်မှ အလွန်တရာ လုံခြုံလှပေသည်။ မောင်ကျော်တင်တို့၏ အလုပ်တိုက်၌ ထားသော မီးခံသေတ္တာမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်လေသည်။

မောင်ကျော်တင်က ပြောပြသည့်အတိုင်း စာတစ်စောင် ရေး၍ လက်မှတ်ထိုးပြီးလေလျှင် မောင်သိန်းခံသည် ကယောင်ချောက်ချားနှင့် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားလေရာ ပြတင်းပေါက်မှ ဝင်လာသော လေသည် အခါတိုင်းထက်ပင် အေးမြလှသည်ဟု မောင်သိန်းခံ၏ စိတ်၌ ထင်မိသည် ဖြစ်၍ ကျောသို့ ခိုက်အောင် စိမ့်ဝင်၍ သွားလေ၏။ မောင်သိန်းခံသည် အောက်သို့ ငုံ့ကြည့်ပြီးနောက် မိနစ်တစ်ဝက်ခန့်မျှ ဆုတ်ဆိုင်းလျက် ရှိရာ စိတ်ကို တစ်ဖန်တင်းပြီးမှ ဖိနပ်ကို ချွတ်ထားခဲ့၍ ပြတင်းပေါက်သို့ တက်လေ၏။ ၎င်းနောက် တံခါးဘောင်ကို ကိုင်၍ မောင်သိန်းခံသည် အပြင်သို့ တဖြည်းဖြည်း လျှော၍ ချရာ ခြေတစ်ဖက်သည် အုတ်စွန်းသို့ ထောက်မိသောအခါ ၎င်း၏ စိတ်၌ အုတ်စွန်းသည် တစ်မိုက်ခန့် မကျယ်မဝန်းဘဲ လက်နှစ်လုံးခန့်မျှသာ ရှိသည်ဟု မှတ်ထင်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်ဖက်လုံးထောက်မိပြီးနောက် မောင်သိန်းဇံသည် နံရံကို မှီကာ အထက်မှ အုတ်ခွန်းကို လက်ဖြင့် ဆွဲကိုင်လျက် တဖြည်းဖြည်း တရွေ့ရွေ့ လျှောက်သွားသဖြင့် သုံးပေခန့်မျှ ရောက်သွားသောအခါ၌ကား ခြေချော်မည်ကို လည်းကောင်း၊ လက်ချော်မည်ကို လည်းကောင်း၊ အထက်မှ အုတ်ခွန်းပဲ့မည်ကို လည်းကောင်း ခြေအောက်မှ အုတ်ခွန်းပဲ့မည်ကို လည်းကောင်း၊ မူးဝေ၍ သွားမည်ကို လည်းကောင်း၊ တုန်တုန်ရီရီ ဖြစ်သွားမည်ကို လည်းကောင်း၊ အမျိုးမျိုး တွေးတော၍ စိုးရိမ်မိသည် ဖြစ်ရာ ယင်းကဲ့သို့ ဆယ်မိနစ်မျှ စိတ်၏ ဆင်းရဲခြင်း ခံရသည်ထက် ထောင်တွင်း၌ ဆယ်နှစ်မျှ ခံရခြင်းသည် သက်သာပေလိမ့်ဦးမည်ဟု အောက်မေ့မိလေ၏။

သို့ရာတွင် လျှောက်ပါတော့မည်ဟု ဝန်ခံပြီးမှ ပြန်ဖို့ရာ ခဲယဉ်းလှသည် ဖြစ်၍ မောင်သိန်းဇံသည် ဆက်လက်၍ လျှောက်သွားပြန်ရာ သုံးပေခန့်မျှ တရွေ့ရွေ့ လျှောက်မိပြန်သော် ခြေချော်မည့်အရေးကို တွေး၍ ပူလိုက်ပြန်သဖြင့် မိမိ၏ နှလုံးသားကို ရဲရဲနီသော သံလုံးတို့ဖြင့် နှိပ်နယ် ခြေမွလိုက်ဘိသကဲ့သို့ မခံမရပ်နိုင်အောင် ပူပင်ခြင်း ပြင်းခဲ့လေ၏။

ထိုအခါ၌ကား ဆုပ်ထားသော လက်သည် ခြေ၍ မရနိုင်သဖြင့် ဆုပ်မိဆုပ်ရာ အုတ်ခွန်းကို ဆုပ်ထားလျက် ဒူးနှစ်ဘက်သည်လည်း တုန်လှုပ်စပြုလေ၏။ ၎င်းဒူးတို့သည် ထိုထက် လျင်မြန်စွာ တုန်လှုပ်ခဲ့ပါမူ ခြေထောက်သည် အုတ်ခွန်းပေါ်၌ မြဲခိုင်စွာ မရပ်နိုင်၊ တစ်ကိုယ်လုံး လွင့်စင်၍ ကျရတော့မည် အကြောင်းကို သိရှိရလေလျှင် မောင်သိန်းဇံသည် မျက်စိကို စုံမှိတ်၍ ထားလိုက်လေ၏။

ထိုခဏ၌ ဟိုက်ကုတ်ရုံးတော်ကြီးမှ နာရီကြီးသည် 'ဒေါင် ဒေါင်' ဟု ထိုးစ ပြုလေရာ မောင်သိန်းဇံသည် နာရီ ထိုးသံကို ရေတွက်ရသော် ကြောက်ရွံ့ခြင်း ပြေပျောက်အံ့ဟု အောက်မေ့၍ သုံးချက်၊ လေးချက်၊ ငါးချက် စသည်ဖြင့် ရေတွက်လျက် ရှိလေ၏။ ဆယ်ချက်စေ့အောင် ရေတွက်မိ၍ နာရီသံ ရပ်စဲလေလျှင် မောင်သိန်းဇံ၏ ဒူးများမှာ တုန်လှုပ်ခြင်း အနည်းငယ် ရပ်စဲခဲ့လေ၏။ သို့ရာတွင် နဖူးမှ ချွေးသီးချွေးပေါက်တို့သည် မေးသို့



တိုင်အောင် စီးဆင်းလျက် လက်တို့မှာလည်း လက်ဆီထွက်လျက် မမြဲနိုင်အောင် ရှိလေ၏။

မောင်သိန်းဇံလည်း စိတ်ကို တင်းပြီးနောက် ပုစွန်၏ သွားခြင်းဖြင့် နံဘေးတိုက် တရွေ့ရွေ့ လျှောက်သွားပြန်ရာ လေးပေခန့်မျှ ရောက်ပြန်သည်တွင် မျက်စိကို ဖွင့်၍ မည်မျှလောက် ရောက်ခဲ့လေသလောဟု မျှော်ကြည့်မိလေ၏။

ထိုအခါ၌မူ ခရီးတစ်ဝက်ခန့်မျှ ရောက်ကြောင်း ခန့်မှန်းမိလေရာ လမ်းပေါ်မှ ရုတ်တရက် လင်းသွားသော အရောင်တစ်ခုကို မြင်သဖြင့် အမှတ်မဲ့ ငုံ့ကြည့်လိုက်သည်တွင် မူးဝေ၍ သွားသဖြင့် မျက်စိကို မှိတ်ကာ နှုတ်ခမ်းမှ သွေးများ စီး၍ ကျသည့်တိုင်အောင် သွားဖြင့် ကြိတ်ခဲ၍ ထားလေ၏။ ထိုအခါ နာကျင်သော ဝေဒနာသည် ပထမ နာရီသံကဲ့သို့ပင် မောင်သိန်းဇံ၏ ကြောက်ရွံ့သော စိတ်ကို အာရုံပြောင်းစေသည်ဖြစ်ရာ မောင်သိန်းဇံမှာ နှစ်ပေခန့်မျှ ရွေ့နိုင်ပြန်လေ၏။

ထိုခဏ၌ လေသည် ခပ်ပြင်းပြင်း တိုက်ခတ်၍ လာရာ မောင်သိန်းဇံ၏ အင်္ကျီကို လှုပ်ရှားအောင် တိုက်မိသည်တွင် မောင်သိန်းဇံမှာ မိမိပါ ပါချေတော့မည်ဟု အော်ဟစ်တော့မည်ကဲ့သို့ ပြုမိလေ၏။ သို့ရာတွင် လေသည် ထိုထက် မပြင်းထန်သဖြင့် မောင်သိန်းဇံသည် မျက်စိကို မှိတ်ကာ တစ်လှမ်း နှစ်လှမ်း သုံးလှမ်းမျှ လျှောက်ပြီးနောက် ဦးခေါင်းကို စောင်း၍ မျက်စိကို ဖွင့်လိုက်သောအခါ ခရီးတစ်ဝက်ကျော်လွန် လာပြီဖြစ်၍ ဝမ်းသာမိသလို ရှိခဲ့လေ၏။

သို့ရာတွင် စိတ်ဖြင့် လည်းကောင်း၊ ကိုယ်ကာယဖြင့် လည်းကောင်း၊ အပြင်းအထန် အလုပ်လုပ်ရသော သူတို့မှာ အချိန် မကြာမီအတွင်း မောပန်းတတ်မြဲ ဖြစ်လေရာ မောင်သိန်းဇံမှာလည်း ခွန်အားယုတ်လျော့လျက် ရှေးက ကဲ့သို့ ခိုင်မြဲစွာ မဆုပ်ကိုင်နိုင်ဘဲ ရင်တွင်းမှလည်း ပန်းပဲဆရာ၏ ထုကြီး များနှင့် နှက်ဘိသကဲ့သို့ တဒိန်းဒိန်း တဒိုင်းဒိုင်း မြည်လျက် ရှိလေ၏။ သို့ရာတွင် မောင်သိန်းဇံသည် အားမကုန်မီ ရောက်အောင် လျှောက်အံ့ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ လျှောက်ပြန်ရာ ခြေထောက်သည် မညီမညာသော အုတ်တစ်ချပ်နှင့် တိုက်မိ၍ အပြင်သို့ တစ်ထွာခန့်မျှ ထွက်သွားရာ မောင်သိန်းဇံသည် ကြောက်အားလန့်အားနှင့် အထက်မှ အုတ်စွန်းကို လက်နှစ်ဖက်နှင့် နိုင်မြဲစွာ ဆွဲတွယ်ဆုပ်ညှစ်၍ ထားလေ၏။ ထိုအခါ၌မူကား ဒူးတို့သည် တစ်ခုနှင့် တစ်ခု ရိုက်ခတ်မိသည့်တိုင်အောင် ဆတ်ဆတ်တုန်လျက်ရှိရာ မိမိမှို၍ နေသော နံရံသည် ရှေ့သို့ ယိမ်းငိုက်၍ လာသည်ဟု မှတ်ထင်ရလေ၏။ ထိုအခါ၌မူ မောင်သိန်းဇံသည် ဆက်လက်၍ လျှောက်ခြင်းငှာ မဝံ့တော့ဘဲ အုတ်တိုက်ကြီး ယိမ်း၍ လာသဖြင့် အောက်သို့ မကျအောင်ကိုပင် ကြိုးစား၍ တွယ်ထားရလေ၏။ မောင်သိန်းဇံ၏ စိတ်၌ အုတ်တိုက်ကြီးသည် ယိမ်းသည်ထက် တဖြည်းဖြည်း ယိမ်း၍ ယိမ်း၍ လာလေရာ ယင်းကဲ့သို့ ဆက်လက်၍ မိနစ်တစ်ဝက်ခန့်မျှ ယိမ်းငိုက်ခဲ့ပါမူ ခွက်ထဲ၌ ရှိသော ရေကို မှောက်သွန်၍ ချဘိသကဲ့သို့...

ထိုအခန်းတွင်း၌ကား မောင်ကျင်စိန်သည် မိမိ၏ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ကာ ပြတင်းပေါက်မှ မျက်နှာလွှဲလျက် ရှိလေ၏။

ဟာမက်မှာမူ မျက်နှာ၌ သွေးမရှိဘဲ ဖြူဖပ်ဖြူရော်နှင့် နံရံကို မှီလျက် ရှိလေ၏။ မောင်ကျော်တင့် တစ်ယောက်သာလျှင် အပြင်သို့ တစ်ကြိမ်မျှ မျှော်ကြည့်၍ ဦးခေါင်းကို လျင်မြန်စွာ ရုတ်ပြီးလျှင် နာရီကိုသာလျှင် စိုက်၍ ကြည့်နေလေ၏။ ၎င်းနောက်

တင့်။ ။ 'သုံးမိနစ်တောင် ရှိသွားပြီဗျို့။ ဟိုဘက် ပြတင်းပေါက်ကို ရောက်သည်တိုင်အောင်တတ်နိုင်မယ် မထင်ဘူး။ ကျုပ်တို့ သွားပြီး ကူကြဦးမှ တော်မယ်' ဟု ပြော၍ အကျီအတွင်းအိတ်မှ သော့တစ်ချောင်းကို ထုတ်ပြီးလျှင် အခန်းတံခါးကို ဖွင့်၍ အခြားအခန်းသို့ ကူးသွားရာ ဟာမက်နှင့် ကျင်စိန်တို့လည်း ၎င်း၏ နောက်မှ လိုက်သွားကြလေ၏။

၎င်းတို့ ဝင်သွားသော အခန်းမှာ လူမရှိသော တိုက်ခန်း ဖြစ်လေရာ ဟာမက်သည် ပြတင်းပေါက်သို့ ရောက်အောင် မသွားဘဲ တစ်တောင်ခန့်မျှ အနီးရောက်အောင် သွား၍ နားစိုက်ကာ ထောင်ပြီးလျှင် မည်သည့် အသံကိုမျှ



မကြားသည်နှင့် တစ်ဖန် ခွာ၍ လာခဲ့လေ၏။ မောင်ကျင်စိန်မှာမူ ဆောင်းစွာ မနီးကြားသော သူတစ်ယောက်ကဲ့သို့ ကယောင်ကတမ်းနှင့် ယီးတီးယောင်တောင် ဖြစ်လျက် မိမိတို့၏ ခေါင်းဆောင်ဖြစ်သော မောင်ကျော်တင့်၏ မျက်နှာကိုသာလျှင် စိုက်၍ ကြည့်နေလေ၏။

မောင်ကျော်တင့်သည် ပြတင်းပေါက်ပေါ်သို့ ခုန်တက်၍ တိုက်နံဘေးသို့ မျှော်ကြည့်ပြီးလျှင် ရုတ်တရက် နောက်သို့ ခုန်၍ ဆင်းလိုက်လေ၏။

ထိုအခါ ဟာမက်နှင့် မောင်ကျင်စိန်တို့က 'ဘယ့်နှယ် ကိုကျော်တင့် မရှိဘူးလားဟင်' ဟု မေးလိုက်သောအခါ 'ရှိပါတယ် ရှိပါတယ်။ ရောက်တော့ ရောက်လုပြီ။ ဒူးတွေ တုန်ပြီး မလှမ်းဝံ့လို့ ဒီအတိုင်း ရပ်ပြီး တွယ်နေရတယ်' ဟု ပြောသောအခါမှ ထိုသူနှစ်ယောက်တို့မှာ အသက်ရှူနိုင်ကြလေ၏။

၎င်းနောက် မောင်ကျော်တင့်သည် 'ဒီလိုနေရင် မဖြစ်ရှူး။ ကြောက်အားကြီးတာနှင့် ပြုတ်ကျသွားလိမ့်မယ်။ လာစမ်းဗျာ ကိုဟာမက်။ ခင်ဗျားက ဗလကောင်းပါတယ်။ ခင်ဗျားလက်ကို ကျုပ်ကိုင်ပြီး အုတ်စွန်းကို ကျုပ်လျှောက်ပါမယ်။ ခင်ဗျားက ပြတင်းပေါက်က သာနေပါ။ သူ့ကို ကျုပ်ဆွဲမခေါ်နိုင်သော်လည်း လက်နှင့် ထိလိုက်ရတယ်ဆိုရင် အင်မတန် အားရှိသွားမယ်ဗျ' ဟု ပြောပြီးနောက် ဖိနပ်များကို ချွတ်၍ ပြတင်းပေါက်သို့ ခုန်တက်လေ၏။

၎င်းနောက် ဟာမက်၏ လက်ကို တစ်ဖက်မှ ကိုင်လျက် တစ်ဖက်သော လက်ဖြင့် အထက်မှ အုတ်စွန်းကို လှမ်း၍ ကိုင်ဆွဲပြီးလျှင် မောင်ကျော်တင့်သည် မောင်သိန်းဇံ ရှိရာသို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ လျှောက်သွားလေ၏။ အနီးသို့ ရောက်သောအခါ 'ကိစ္စမရှိပါဘူးဗျ ကိုသိန်းဇံ။ ခင်ဗျားကို ကူညီဖို့ ကျုပ် လာပါတယ်။ လာသာလာပါ မကျနိုင်ပါဘူးဗျ' ဟု ပြော၍ အားပေးသည့်အနေဖြင့် မောင်ကျော်တင့်သည် အုတ်စွန်းတွင် တွယ်ထားသော လက်ကို တစ်ခဏမျှ လွှတ်၍ မောင်သိန်းဇံ၏ ကိုယ်ကို လက်ဖျားနှင့် တို့လေရာ မောင်သိန်းဇံသည် စကားလည်း မပြော လှုပ်လည်း

www.burmeseclassic.com

www.burmeseclassic.com



မလှုပ် ရှိနေလေ၏။

**တင့်**။ ။ 'ကိုသိန်းဇံ အို ကိုသိန်းဇံ။ ကျုပ်ပါဗျ၊ ကျော်တင့်လေ။ လျှောက်သာ လျှောက်ခဲ့ပါ။ ဒီလောက် လျှောက်လာပြီးမှ နီးနီးကလေး ရှိတော့တာဗျာ။ ကျုပ် တစ်ယောက်လုံး ရှေ့က လျှောက်နေပြီဟာ။ နောက်က ဖြည်းဖြည်း လိုက်ခဲ့တာပေါ့ဗျ။ ရောက်လုပါပြီ'

ထိုအခါ မောင်သိန်းဇံသည် များစွာ အားတက်၍ လာသည်ဖြစ်သောကြောင့် တဖြည်းဖြည်း ရွေ့လာခဲ့ပြန်ရာ ပြတင်းပေါက်ရှိရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မိမိ၏ ပခုံးကို သန်မာ တောင့်တင်းသော လက်တို့ဖြင့် မြဲခိုင်စွာ ဆုပ်ကိုင်လိုက်သည် အဖြစ်ကိုသာလျှင် သိရှိလိုက်ရပြီးနောက် သတိမေ့လျော့ နစ်မြော၍ သွားလေ၏။

*

ရှင်းနောက် နာရီတစ်ဝက်ခန့် ကြာသောအခါ သူငယ်ချင်း လေးယောက်တို့သည် မောင်သိန်းဇံ၏ တိုက်ရှေ့၌ မော်တော်ကားကို ရပ်ပြီးလျှင် တိုက်ပေါ်သို့ တက်သွားကြ၍ မောင်သိန်းဇံသည် မီးခံသေတ္တာကို ဖွင့်လိုက်သောအခါ ပိုးကြိုးနှင့် စည်းနှောင်၍ ထားသော ငွေစက္ကူထုပ်ကို တွေ့သဖြင့် 'ဟောဟိုဟာပဲ။ ကိုင်း ငွေယူပြီး တစ်ဆိတ်လောက် မြန်မြန်ဆင်းကြစမ်းပါဗျာ။ ကျုပ် တောင်းပန်ပါရစေ' ဟု ပြောဆိုကာ ပေးအပ်ရာတွင် ထိုသူတို့လည်း ငွေစက္ကူများကို ယူ၍ တိုက်ပေါ်မှ ဆင်းသွားကြလေ၏။

ထိုသူများ ဆင်းသွားကြပြီးနောက် မောင်သိန်းဇံသည် ပက်လက်ကုလားထိုင်ပေါ်တွင် မှစ်လှဲပြီးလျှင် နာရီကို မကြာမကြာ ကြည့်လျက်ရှိရာ ထိုအခါ၌ နာရီမှာ ဆယ့်တစ်နာရီထိုးရန် ငါးမိနစ်မျှသာလျှင် လိုပေတော့၏။ ထိုအတောအတွင်း မောင်သိန်းဇံသည် နာရီကို ကြည့်ကာ လမ်းမှ ကားသံများကို နားစွင့်ကာဖြင့် ရှိနေခဲ့ရာ ဆယ်တစ်နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် အပေါ်သို့ တက်လာသော ခြေသံများကို ကြားရလေ၏။



နောက်တစ်ခဏ၌ အရုပ်အရည် ချောမောလှပသော မိန်းမတစ်ယောက်သည် သားရေအိတ်ငယ်တစ်ခုကို လက်ဆွဲလျက် အခန်းတွင်းသို့ ဝင်လာရာ

'မခင်ညွန့်'

'ကိုသိန်းဇံရေ။ ကျွန်မဖြင့် မနေတော့ဘူး။ သွားတော့မယ်'

'ထိုင်ပါဦးတော့ဗျာ၊ အရင်စလို ရှိလိုက်တာ။ ဘယ်သွားတော့ မှာမို့လဲ'

'ကိုကျော်တင့်နဲ့ ကျွန်မ နေလို့ မဖြစ်ဘူး။ သူ့ ခေါ်ရာ ကျွန်မ လိုက်တော့မယ်'

'မဟုတ်တာ မခင်ညွန့်ရယ်။ သန်းမောင်ဆိုတဲ့လူဟာ ဘာ အသုံးကျတဲ့ လူမို့လဲ မခင်ညွန့်ရဲ့'

'အသုံးမကျချင်နေ ကျချင်ကျရှင်။ ကိုယ့်မချစ်တဲ့လူနှင့် အတူတူနေလို့ ဘာအကျိုး ရှိဦးမှာလဲရှင့်။ အင်မတန် ရက်စက်တဲ့ လူပဲ'

'မှားတော့မပေါ့ မခင်ညွန့်။ ကိုကျော်တင့်လိုလူ ဘယ်မှာ ရှိဦးမှာလဲ။ လူတကာ့ လူထဲမှာ သဘောထားအကြီးဆုံး၊ အမြင့်မြတ်ဆုံး၊ သနားကရုဏာအားအကြီးဆုံး လူတစ်ယောက်ဗျ။ မခင်ညွန့် သူ့ကို မသိဘူးနော်'

'ကျွန်မက အတူနေတဲ့ လင်မယား ရှင့်။ မသိဘဲ နေမလား'

'မှားလိမ့်မယ် မခင်ညွန့်။ ကျုပ် တောင်းပန်ပါရစေဗျာ။ မယ်မင်းကြီးမ ကိုကျော်တင့်ဆီသာ ပြန်သွားပါဗျာ'

'မရတော့ဘူး ကိုသိန်းဇံ။ ခုမှတော့ လွန်ကုန်ပြီ'

'ဘာများ လွန်လို့လဲ။ စာများ ရေးပစ်ခဲ့လို့လား'

'စာတော့ မရေးထားပါဘူးရှင်။ ရောက်ရာ အရပ်ကနေပြီး ထည့်လိုက်ပါမယ်'

'နို့နေပါဦး။ လွန်ကုန်ပြီဆိုတာက ဘာလဲ။ ငွေမှု ကြေးမှုလား'

ထိုအခါ မခင်ညွန့်သည် မောင်သိန်းဇံ၏ မေးခွန်းကို မဖြေဆိုဘဲ စိုက်၍ ကြည့်နေရာ

မောင်သိန်းဇံက ဆက်လက်၍ 'ကျုပ် စကား[illegible]ခု ပြောချင်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ် မခင်ညွှန့်။ ခင်ဗျားတော့ ကြိုက်မှာ မဟုတ်ဘူး။ သို့သော် ကျုပ် တစ်ယောက်ဟာ လိမ်လို့ မပြောတတ်ဘူး ဆိုတာတော့ မခင်ညွှန့် ယုံကြည် တယ် မဟုတ်လား'

'ဘယ့်နှယ်၊ ယုံကြည်ဘိလားရှင်'

'သန်းမောင်ဆိုတဲ့ အကောင်ဟာ ထောင်ထွက် မခင်ညွှန့်ရဲ့'

'မဟုတ်တာရှင်။ ကြံကြံစည်စည် ဘယ်က ထောင်ထွက်ရမှာလဲ'

'လူပုံကလေး သနားကမားမို့လို့ ထောင်မကျဖူးဘူး မှတ်နေတယ် ထင်တယ်။ လိမ်လည်မှုနှင့် ထောင်သုံးနှစ်ကျဖူးတဲ့ အကောင်၊ မခင်ညွှန့်ရဲ့'

'ရှင့် ဘယ်သူက ပြောသလဲ'

'သူများ ပြောစကား မဟုတ်ဘူး မခင်ညွှန့်ရေ။ ဒီအကောင်ကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့တာ။ ကျောင်းက ထွက်ခါစ ဒေါသအလျှောက် ရိုက်နှက်မှုနှင့် ထောင်တစ်လ ကျစဉ်က ဒီအကောင်ကို ထောင်ထဲမှာ ကျုပ်ကိုယ်တိုင် တွေ့ခဲ့ရသဗျာ။ ကိုင်း ယုံပြီလား'

'တကယ်လား ကိုသိန်းခံ ရှင့်။ ဘုရားစူး'

'အော် ကျုပ် ဘယ်တော့မှ လိမ်ပြောဖူးလို့လဲ။ သို့သော် ကျိန်ပြောမှ ယုံမှာဖြင့် ကျိန်ပါမယ်ဗျာ။ ဘုရားကို စူးရပါစေရဲ့၊ တကယ်ပါ။ ကိုင်း ဒါထက် ကိုကျော်တင့် အကြောင်းကို ပြောရဦးမယ်။ ကိုကျော်တင့် မခင် ညွှန့်ကို မချစ်လို့၊ မခင်လို့၊ မကြင်နာလို့ မဟုတ်ရဘူး မခင်ညွှန့်ရဲ့။ ကျုပ်တို့ ကုမ္ပဏီက အရောင်းအဝယ်ဘက်မှာ တိုင်းပြည်နဲ့ အဝှမ်း ပါးရှား နေတဲ့ အခါ ဖြစ်လေတော့ ညပျက်မလား၊ နေ့ပျက်မလား မသိနိုင်အောင် သောကတွေ များနေတဲ့အတွက် မခင်ညွှန့်ကို ဂရုမစိုက်နိုင်တာပါ၊ မခင် ညွှန့်ရဲ့။ ဒီဟာကို မခင်ညွှန့်က အရေးမလုပ်ကောင်းလား၊ ကြင်ကြင်နာနာ၊ ယုယုယယ မရှိကောင်းလားလို့ ထင်မိထင်ရာ ပြုရင် မှားတော့မပေါ့၊ မခင် ညွှန့်ရယ်'

'ကျွန်မလည်း တွေးတော့ တွေးမိပါရဲ့ရှင်'

'...မနေနိုင်ဘူး။ တကယ်စင်စစ်ကိုပါ။ ဒီလူလို သားမယား ကြင်နာ



တဲ့လူ ဘယ်မှာ ရှာလို့ တွေ့မလဲ၊ မခင်ညွှန့်'

'ဒါဖြင့်လည်း ရှိပါစေရှင်။ ကျွန်မ ပြန်တော့မယ်။ အော် ဒါထက် ကျွန်မ မေ့နေတယ်'

'ကိစ္စမရှိပါဘူးဗျာ။ ဒီ အတွက် ကျုပ် စီမံပြီးပါပြီ'

'ဘာ စီမံတာလဲ။ ရှင် ဘာသိလို့လဲ'

'ဘယ့်နှယ်ကြောင့် ကျုပ် မသိရမှာလဲ။ လွန်ခဲ့တဲ့ တနင်္ဂနွေ သုံးပတ် လောက်တုန်းက မခင်ညွှန့်က ဒီက ကျုပ် မီးခံသေတ္တာ သော့ကလေးနှင့် ဆော့နေတော့ ဖွင့်နည်းကို ကျုပ် ပြောပြလိုက်တယ် မဟုတ်လား။ ပြောပြ တဲ့အခါအခါမှာ မခင်ညွှန့်က ကိုကျော်တင့်ကလည်း ရုံးခန်းက မီးခံသေတ္တာ သော့ဖွင့်နည်းကို ပြောပြဖူးတယ်လို့ ပြောင်သလို ချော်သလိုနှင့် ပြောဖူးတယ် မဟုတ်လား။ ကျုပ်က သည်တုန်းက အလုပ်တိုက် မီးခံသေတ္တာ ဖွင့်နည်းကို မယားလုပ်တဲ့လူကို ပြောထားတာများ အံ့ကြီး အံ့ဩမိသေးတယ်။ အဲဒါ ကြည့်တော့ မခင်ညွှန့်။ ကိုကျော်တင့်က မခင်ညွှန့်အပေါ်မှာ ဘယ်လောက် ချစ်ခင်တယ်၊ မချစ်ခင်တယ်၊ အဲဒါကိုသာ ထောက်ကြည့်ပေတော့။ မီးခံ သေတ္တာ ဖွင့်နည်းကို ကျုပ်တို့ အစုစပ်သမား လေးယောက်ကလွဲလို့ မခင်ညွှန့် တစ်ယောက်သာ သိတယ်ဗျ။ ဒါနှင့် ဒီကနေ့ညတော့ မီးခံသေတ္တာထဲက ငွေတွေ ပျောက်သွားပါရောဗျာ၊ ကျုပ်လည်း မယူ၊ သည့်ပြင်လူ သုံးယောက် လည်း ယူကြဟန် မတူ။ အစဉ်းစားရ ကြပ်ပြီးနေတုန်း ဖြန်းဆို မခင် ညွှန့် သွားပြီး သတိရတယ်။ မခင်ညွှန့်က ကျုပ်မီးခံသေတ္တာထဲမှာ အရေး ကြီးတဲ့ အထုပ် တစ်ခု ခဏလောက် ဝှက်ထားခဲ့ဖို့အကြောင်းကို ညနေက တယ်လီဖုန်း ဆက်ပြီး မေးလိုက်တယ် မဟုတ်လား။ ဆယ်နာရီလောက်ကျ တော့ ခင်ဗျား ကိုယ်တိုင် လာပြီးယူပါမယ်လို့ မှာလိုက်သေးတယ်လေ။ သည်တော့ ကျုပ်က ဘယ့်နှယ်တွေးသလဲဆိုတော့ ဒီငွေကို ကျုပ်တို့ လေး ယောက် မယူရင် ဧကန္တ မခင်ညွှန့်ယူမှာပဲ။ ငွေယူပြီး သန်းမောင်ဆိုတဲ့ အကောင်နှင့် ဧကန်မုချ ထွက်ပြေးဖို့ ကြံပြီဆိုတာ တွေးမိတာကိုး မခင်ညွှန့်ရဲ့။ ကံကောင်းလို့ဗျာ။ နည်းတဲ့ငွေတွေ မဟုတ်ဘူး၊ ပျောက်များ ပျောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ လေးယောက်စလုံး အကျိုးကြီး နည်းတော့မှာပဲဗျာ။ ကံကောင်းပေလို့သာ၊ ကိုင်းဗျာ မခင်ညွန့် မိုးလည်း ချုပ်ပါပြီ။ အိမ်ကိုသာ ပြန်ပါတော့ဗျာ'

'ငွေတွေ ပျောက်တာ ကျွန်မ ယူကြောင်း ရိပ်မိတော့မှာပေါ့ရှင်'

'စိတ်ချပါ မခင်ညွန့်၊ မရိပ်မိရပါဘူး။ အားလုံးနေရာ ကျအောင် ကျုပ် စီမံပြီးပါပြီ။ အိမ်ကိုသာ ပြန်ပါ။ တက်ကစီ ခေါ်လိုက်မယ်နော်။ ကျုပ်လည်း တံခါးရောက်အောင် လိုက်ပြီးပို့ပါဦးမယ်လေ'

မောင်သိန်းစံသည် တက်ကစီနှင့် မခင်ညွန့်အိမ်ရှေ့ကို ရောက်အောင် လိုက်၍ ပို့ပြီးလျှင် မိမိ၏ နေအိမ်သို့ ပြန်လာပြီးနောက် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာ ညဦးက အဖြစ်အပျက်များကို ပြန်လှန်စဉ်းစားရင်း 'ဩော် မခင်ညွန့်၊ မခင်ညွန့်။ မင်းအတွက်နှင့် အသက်များတောင် စွန့်လိုက်ရလေကွယ်။ အလုံးစုံ ဖွင့်ပြောလိုက်ရရင် ချစ်လှတဲ့ သူငယ်ချင်းမှာလည်း မယား တစ်ယောက်ဆုံး၊ ကိုယ် ကြင်နာခဲ့တဲ့ မိန်းမ တစ်ယောက်မှာလည်း လင်ဆုံး၊ နှစ်ယောက်စလုံး ဆုံးမှာ မြင်လို့ အနိုင်နိုင် ကြံခဲ့ရ။ မတော်များ ခြေချော်လက်ချော် ကျလိုက်ရရင်လားကွယ်' စသည်ဖြင့် စဉ်းစားစိတ်ကူးလျက် ရှိစဉ် တယ်လီဖုန်းမှ နှိုးစက်သံ ကြားသဖြင့် ကောက်ယူ နားထောင်သည်တွင် မောင်ကျော်တင့်၏ အသံဖြင့်

တင့် ။ ။ (တုန်တုန်ရီရီ) 'ကိုသိန်းစံရေ။ မခင်ညွန့်ကိုလေ ကျုပ်က ခင်ဗျားအဖြစ်အပျက်ကို အကုန်ပြောပြလိုက်တယ်ဗျ။ ပြောလိုက်ကာ ရှိသေး၊ မိန်းမမှာ အရုပ်ကြိုး ပြတ်ချလိုက်သလို ဖြစ်ပြီး ရင်ဘတ်စည်တီး ချုံးချုံးချ ငိုတာကိုးဗျ။ သည်တော့မှ သူ့အဖြစ်အပျက် ကျုပ်ကို အကုန်ပြန်ပြောပြတယ်၊ ဖြစ်ရလေ ကိုယ့်လူရယ်'

စံ ။ ။ 'အရေးမကြီးပါဘူးဗျာ'

တင့် ။ ။ (ငိုသံပါနှင့်) 'မခင်ညွန့်အတွက် အရှက်မကွဲစေဖို့ ခင်ဗျား လုပ်ပုံတွေများ ကျုပ် တွေးလိုက်ရင်လေ၊ ခင်ဗျား ကျေးဇူးကို ကျုပ်တို့ လင်မယား ဘယ်တော့မှ ဆပ်လို့ ကုန်နိုင်တော့မှာလဲဗျာ'

စံ ။ ။ 'ရှိပါစေဗျာ။ ကျုပ်ကို ကျေးဇူးတင်ရင် ချစ်ချစ်ခင်ခင်သာ ပေါင်း



သင်းကြပါ။ ကျေးဇူးဆပ်တယ်လို့ ကျုပ်အောက်မေ့ပါတယ်။ ဂွတ်နိုက်'

ငှင်းနောက် မောင်သိန်းစံသည် တယ်လီဖုန်းကို ချိတ်ထား၍ ပြတင်းပေါက်သို့ သွားပြီးလျှင် ဆေးတစ်လိပ်ကို ညှိကာ သောက်ရင်း စဉ်းစားတွေးတောကာ ရှိနေရာ အနီးသို့ ကပ်၍ ကြည့်သော သူတို့သည် မောင်သိန်းစံမှာ ထိုတစ်ညအတွင်း၌ ငါးနှစ်ခန့်မျှ အိုမင်း၍ သွားသည်ဟု တွေးထင်ရန် ရှိပေ၏။ ငှင်းနောက် မောင်သိန်းစံသည် ဆေးလိပ်ကို ကုန်အောင် မသောက်ဘဲ ပြတင်းပေါက်မှ အဝေးသို့ လွှင့်အောင် ရုတ်တရက် ပစ်လိုက်ပြီးလျှင် သက်ပြင်းချလျက် အိပ်ရာထဲသို့ ဝင်သွားလေသတည်း။

❖

www.burmeseclassic.com

www.burmeseclassic.com

## သိုက်အရ စွန့်စားသူ

ကျွန်တော် မောင်ပေါက်တူးသည် အင်္ဂလိပ်ကျောင်းမှ ထွက်ပြီးနောက် မွေးဖွားရာ ဇာတိဖြစ်သော ကသာဒိစတြိတ် ထီးချိုင့်မြို့၌ မြို့အုပ်ရုံးတွင် ဒုတိယ စာရေးအဖြစ်နှင့် လုပ်ကိုင်အသက်မွေးမြူခဲ့ရာ အင်္ဂလိပ်ကျောင်း၌ နေစဉ် အခါက အသက်စွန့်စား၍ တိုက်ခိုက်ရသော ဝတ္ထုများ၊ ကျူးခြသေ့ အစ ရှိသော တောတိရစ္ဆာန်ရိုင်းများကို အသက်ဆံဖျား စွန့်စား၍ ပစ်ခတ်ရ သော ဝတ္ထုများ၊ 'ကောင်းဘွိုင်' ဇာတ်ထုပ်၊ ဘိုင်စကုပ်များကို အထူးသဖြင့် နှစ်သက်စွာ လေ့လာ ဖတ်ရှုခဲ့ဖူးလေသည် ဖြစ်၍ မင်းအိုး၊ ကလောင်တံနှင့် စားပွဲတွင် ထိုင်၍ လုပ်ကိုင်ရသည့် စာရေးအလုပ်မျိုးကို လုပ်ရင်း လုပ်ရင်းပင် တစ်နေ့ထက် တစ်နေ့ ငြီးငွေ့၍ လာခဲ့ပေ၏။ ကျွန်တော်တို့၏ ဘုရင်ခံ ဟောင်း ဖြစ်သော ဆာ ဟားကုတ် ဘတ္တလာသည်လည်း ရှင်းနယ်ပယ်အတွင်း ရှိ နမ်းပေါင်းရွာ၌ စခန်းချ၍ အရာရှိ အမြောက်အမြားနှင့် သားကောင်များကို လာရောက် ပစ်ခတ်သည်ကို တွေ့မြင်ရသည့်အခါ၌ ငါသည် ငါ၏ အထုံ

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် သူရိယ မဂ္ဂဇင်း၊ အတွဲ ၁၇၊ အမှတ် ၇-၈၊ စက်တင်ဘာ-အောက်တိုဘာ၊ ၁၉၂၉ နှစ်တွင် ရေးသားခဲ့သည်။ [illegible]ကိုယ်ရေး ဝတ္ထု မဟုတ်ပါ။ ဆာ ရိုက်ဒါ ဟတ်ဂတ်၏ *The King Solomon's Mine* ကို မှီးရေးထားခြင်း ဖြစ်သည်။

www.burmeseclassic.com



ဝါသနာအတိုင်း မှဆိုးအလုပ်နှင့် အသက်မွေးမြူရသော် ထမင်းဝခြင်း တည်းခဲ့လျှင် စိတ်ပျော်ရွှင်ခြင်းသည် အမြတ်ဖြစ်ပေအံ့ဟု ၎င်းအလုပ်၌ အလွန်တရာ စိတ်ပါးလျက် ရှိနေခဲ့လေ၏။ ယင်းသို့ ရှိနေသည် အတွင်း မြို့အုပ်မင်းသည် တစ်နေ့သ၌ ကျွန်တော်အား အရေးကြီးလှသော ကိစ္စကလေး တစ်ခုနှင့် ပတ်သက်၍ လူအများတို့၏ ရှေ့၌ ကြိမ်းမောင်းငေါက်ငမ်း ပြုလုပ်သည်တွင် ကျွန်တော်သည် စိတ်မြန်သော သူတစ်ယောက် ဖြစ်ခဲ့သည့်အလျောက် ၎င်းအလုပ်မှ ထိုနေ့၌ပင် ထွက်စာတင်လိုက်လေ၏။

အလုပ်မှ ထွက်ခွင့်ရလတ်သော် ကျွန်တော်သည် မြို့သူကြီး၏ သားဖြစ်သည်အတိုင်း ဆင်ပစ်သေနတ်နှင့် တောလည်ဖူးသည့် အလေ့အကျင့်ကြောင့် တောတိရစ္ဆာန်တို့၏ ဓလေ့ထုံးစံကို ကောင်းစွာ နားလည်ကျွမ်းကျင်၍ အရေးပိုင်တစ်ယောက် တောလည်လာရာတွင် ၎င်းအား ကူညီရင်း ကျွန်တော်၏ အစွမ်းကို ပြလိုက်ရကား အရေးပိုင်သည် ကျွန်တော်အား များစွာ ချစ်ကျွမ်းဝင်ခဲ့လေ၏။

ထိုအတောအတွင်း တောဆင်ရိုင်းတို့သည် ၎င်းနယ်ပယ် အတွင်း၌ လူတို့ စိုက်ပျိုးထားသော လယ်ယာများကို မကြာမကြာ ချဉ်းနင်း ဝင်ရောက်စားသောက် ဖျက်ဆီးခဲ့လေရာ အရေးပိုင်မင်းသည် ကျွန်တော်အား သေနတ်လိုင်စင် ထုတ်ပေးရုံမျှမက ဖျက်ဆီးသော ဆင်များကိုလည်း ပစ်သတ်ခွင့်ရရာ ဆင်တစ်ကောင်လျှင် ဆုတော်ငွေ ငါးဆယ်ကျပ်မျှ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့လေ၏။ အစွယ်များကို အစိုးရသို့ ပေးအပ်ရစေကာမူ ဆင်တစ်ကောင်လျှင် ဆုငွေ ငါးဆယ်ကျပ်မျှ ရရှိ၍ အရိုးများကို လည်းကောင်း၊ အသားများကို လည်းကောင်း၊ နွာများကို လည်းကောင်း ရောင်းချခြင်းအားဖြင့် နောက်ထပ်၍ အနည်းဆုံး ငွေ ငါးဆယ်မျှ ရရှိပြန်သည် ဖြစ်သောကြောင့် တစ်လလျှင် ဆင်နှစ်ကောင်မျှ ရရှိခဲ့သော် မြို့အုပ်စာရေးလခမျှမက မြို့အုပ်၏ လခလောက်ပင် ကြေးဝင်ခဲ့သည် ဖြစ်၍ စွန့်မစ်ခဲ့သော အလုပ်ကလေးအတွက် ကျွန်တော်၌ အဘယ်အခါမျှ နှမြောတွယ်တာခြင်း မရှိခဲ့ပေ။

၎င်းအလုပ်၌ [illegible]လေးနှစ်ခန့်မျှ လုပ်ကိုင်မိခဲ့လေလျှင်



ကျွန်တော်မှာ အစိုးရအရာရှိကလေး တစ်ယောက်ကဲ့သို့ပင် သင့်တင့်လျောက်ပတ်စွာ နေထိုင်နိုင်ခဲ့သည့်ပြင် ၎င်းတို့ကဲ့သို့ ငွေကုန်ကြေးကျ များသော အလေ့အကျင့်တို့၌လည်း လိုက်စားရန် အချိန်အခွင့် မရခဲ့သည် ဖြစ်သောကြောင့် အတော်အတန်ပင် ကြေးငွေစုဆောင်းမိခဲ့လေ၏။

တစ်နေ့သ၌ ကျွန်တော်သည် မန္တလေးမြို့သို့ ကိစ္စတစ်ခုနှင့် သွားရောက်ရာ စာပို့မီးသင်္ဘောနှင့် ထီးချိုင့်သို့ အပြန်တွင် ၎င်းအပတ်၌ သင်္ဘောတွင် အထူးသဖြင့် လူကျပ်လှသည် ဖြစ်သောကြောင့် ကုန်းပတ်တွင် နေရာမရနိုင်ဘဲ ဒုတိယတန်း အခန်း၌ စီးနင်းလိုက်ပါခဲ့ရလေ၏။ ဒုတိယတန်း ခရီးသည်တို့မှာ များသောအားဖြင့် ဗန်းမော်သို့ သွားသော တရုတ်လူမျိုးများ ဖြစ်ကြလေရာ ကျွန်တော်မှတစ်ပါး အခြား မြန်မာနှစ်ဦးသာလျှင် ပါရှိခဲ့လေ၏။ နံနက်ခင်းအချိန်တွင် သင်္ဘောသည် မန္တလေးမြို့ဆိပ်ကမ်းမှ ထွက်ခွာခဲ့လေလျှင် မြန်မာခရီးသည် နှစ်ဦးတို့လည်း ကျွန်တော်အား ခရီးသည်တို့ထုံးစံအတိုင်း မြန်မာအချင်းချင်း ဖြစ်ရာ အသိအကျွမ်း ဖွဲ့ပြီးနောက် မိမိတို့၌ ပါလာသော စားရေရိက္ခာများကို လောကဝတ်ပျူငှာ တည်ခင်းကျွေးမွေးကြလေ၏။

တစ်ဦးသော ခရီးသည်က ကျွန်တော်အား မည်သည့် ဆိပ်ကမ်း၌ ဆင်းမည့်အကြောင်းကို မေးမြန်းသဖြင့် ထီးချိုင့်မြို့၌ ဆင်းမည် ဖြစ်ကြောင်းကို ပြန်ပြောသည်နှင့် တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာ အမူအရာနှင့် ၎င်းမြို့၌ ကိုပေါက်တူးဆိုသော သူတစ်ယောက်ကို သိပါသလောဟု မေးမြန်းလေ၏။ ထိုအခါ ကျွန်တော်က ကျွန်တော်ပင် မောင်ပေါက်တူး ဖြစ်ကြောင်း ပြန်ပြောသည်တွင် ထိုသူသည် ဝမ်းမြောက်ဝမ်းသာ ထိုင်ရာမှ ထ၍ အခန်းတွင်းသို့ ဝင်ပြီးလျှင် စာတစ်စောင်ကို ယူလာခဲ့၍ ကျွန်တော့်အား ပေးလေ၏။

၎င်းစာမှာ ကျွန်တော်နှင့် ကျောင်းနေဘက် သူငယ်ချင်း ဖြစ်ဖူးသော မောင်ဘဟန်ထံမှ စာဖြစ်၍ အဓိပ္ပာယ်မှာ ယခုစာကို ပေးအပ်သောသူသည် စက်ပိုင် ကိုရွှေဝံ ဖြစ်ကြောင်း၊ ၎င်း၏ ကိစ္စကို ကျွန်တော်က ကူညီဆောင်ရွက်ခဲ့ပါလျှင် ကျွန်တော်၌ အကျိုးကျေးဇူးများစွာ ရှိမည်ဖြစ်ကြောင်း၊ ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာလည်း ကျွန်တော်၏ အထုံဝါသနာနှင့် အလွန်ပင် တိုက်ဆိုင်သည် ဖြစ်သောကြောင့် ဖင့်နွှဲဆိုင်းတွခြင်း မရှိဘဲ အဆောတလျင် ကူညီလိမ့်မည် ဟု ယုံကြည်မျှော်လင့်ကြောင်းများနှင့် ပါရှိလေ၏။

ထိုအခါ ကျွန်တော်က ကိုရွှဝံ၏ ကိစ္စကို ဖွင့်ဟမြွက်ဆိုရန် တောင်းပန်သည်တွင် ကိုရွှဝံက ပြောပြသည်မှာ မိမိသည် မြန်မာမင်းလက်ထက်တော်က သူ့ရွှေဘွဲ့ကို ရသော ဦးကျော်ဟိုး၏ မြေးဖြစ်ကြောင်း၊ မိမိ၌လည်း မောင်ဒေါန အမည်ရှိ ညီတစ်ယောက် ရှိခဲ့ဖူးရာ ၎င်းမောင်ဒေါနသည် လွန်ခဲ့သည့် ငါးနှစ်ခန့်အခါက ဖခင်နှင့် စိတ်ဆိုးပြီးလျှင် အိမ်မှ ထွက်ခွာသွားခဲ့၍ ယနေ့တိုင် ပြန်၍ မလာကြောင်း၊ မိမိတို့၏ ဖခင်၌ ပုရပိုက် သိုက်စာဟောင်းများ မြောက်မြားစွာ ရှိခဲ့ရာ မောင်ဒေါနသည် ၎င်းတို့ကို ဖတ်ရှုခြင်း၌ များစွာ အလေ့ဝါသနာ ပါရှိခဲ့ကြောင်း၊ အိမ်မှ ထွက်၍ မသွားမီ တစ်ရက် နှစ်ရက် အတွင်း၌လည်း ရွှေလီမြစ်၏ အစမှ တောင်များကို ကျော်လွန်၍ အရှေ့ရူးရူးသို့ ဆယ်ရက် ခရီးမျှ သွားခဲ့သော် ဓာတိက အမည်ရှိသော ပတ္တမြားတောင်ကြီး တစ်ခုရှိသည်ဟု သိုက်စာတွင် တွေ့ဖူးကြောင်းနှင့် ပြောဖူးကြောင်း၊ ကိုရွှဝံ၏ ထင်မြင်ချက်မှာ မိမိ၏ညီ မောင်ဒေါနသည် ကြေးငွေမှုနှင့် ပတ်သက်၍ ဖခင်နှင့် စကား ကတောက်ကဆတ် များကြရာတွင် ဖခင်ကို မခံချင်၍ သိုက်စာအရ ၎င်းပတ္တမြားတောင်ကို တွေ့အောင် ရှာအံ့ ဟု ထွက်သွားသည် ထင်ကြောင်း၊ ယခုမှာ ဖခင်လည်း သေဆုံးပြီ ဖြစ်၍ တစ်ယောက်တည်းသော ညီငယ်ကို ပြန်လာအံ့ဟု စောင့်ဆိုင်းခဲ့ပါသော်လည်း နေ့ရက်သာလျှင် ကုန်လွန်ခဲ့၍ ညီ မပြန်လာသဖြင့် တွေ့လျှင်လည်း တွေ့စေ၊ မတွေ့လျှင်လည်း သေသည် ရှင်သည်ကို သိရစေတော့ဟု လိုက်လံရှာဖွေရန် ထွက်လာခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိမှာ မောင်ဘဇံ အမည်ရှိ သူငယ်ချင်း တစ်ယောက်သာလျှင် ပါရှိ၍ ကျွန်တော့်မှာ တောလမ်း၊ တောစခန်းကို နားလည်သူတစ်ယောက် ဖြစ်သည်အတိုင်း ၎င်းတို့နှင့် အတူ လိုက်ပါနိုင်ပါက များစွာ အသုံးဝင်မည် ဖြစ်ကြောင်း၊ သွားရောက်ရန် ခရီးစရိတ်မှာ လုံလောက်စွာ ပါရှိသည်ပြင် ၎င်းတို့နှင့်အတူ လိုက်ပါမှု ညီကို တွေ့ရသည် ဖြစ်စေ၊ မတွေ့ရသည်



ဖြစ်စေ အကျိုးကျေးဇူး ရှိစေမည့်ပြင် အကယ်၍ သိုက်စာတွင် ပါရှိသည့်အတိုင်း ပတ္တမြား ကျောက်များကို တွေ့ပါလျှင်လည်း သုံးဦးသား အညီအမျှ ခွဲဝေယူကြရန် ဖြစ်ကြောင်းများနှင့် ပြန်ပြောလေ၏။

ကိုရွှဝံ၏ စကားကို ကျွန်တော် ကြားရသောအခါ ၎င်းကိစ္စသည် သာမည ကိစ္စ မဟုတ်။ အချိန်များစွာ ကြန့်ကြာခြင်း၊ စိတ်၏ ပင်ပန်းခြင်း၊ ကိုယ်၏ ပင်ပန်းခြင်း၊ အသက်၏ အန္တရာယ် ဖြစ်ခြင်း အစရှိသည့် ခက်ခဲသော အခြင်းအရာ အမျိုးမျိုးတို့နှင့် ပြည့်လျက် ရှိသည် ဖြစ်သောကြောင့် လိုက်နိုင် မလိုက်နိုင် ဆုံးဖြတ်ရန်ကို ရုတ်တရက် မပြောနိုင်ဘဲ နောက်တစ်နေ့မှ ပြောခွင့်ပြုရန် တောင်းခံလေ၏။ အခွင့်ရပြီးနောက် ကျွန်တော်သည် ထိုကိစ္စကို ဆင်ခြင်စဉ်းစားရာ ဝါသနာ အလျောက် စွန့်စွန့်စားစား သွားလာကြံစည်ရခြင်းကို နှစ်သက်သည် တစ်ကြောင်း၊ ဓာတိက အမည်ရှိ ပတ္တမြားတောင်ရှိကြောင်းကိုလည်း သတင်းသီးသန့် ကြားရဖူးသည် တစ်ကြောင်း၊ ကိုရွှဝံဆိုသူကို မြင်လျှင်မြင်ချင်း ညီအစ်ကို အရင်းကဲ့သို့ ချစ်ခင်သည် တစ်ကြောင်းကြောင့် ၎င်းတို့နှင့်အတူ လိုက်ပါရန် ဆုံးဖြတ်လိုက်လေ၏။ ထိုအကြောင်းကို ကိုရွှဝံနှင့် ကိုဘဇံတို့အား စကားပြန်ကြားသောအခါ ကိုရွှဝံက ဝမ်းမြောက်ဝမ်းသာ ကျွန်တော်၏ လက်ကို ဆွဲပြီးလျှင် ကျေးဇူးတင်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် တစ်ရာတန် စက္ကူ ငါးချပ်ကို လက်ထဲသို့ ထည့်လေ၏။

ထီးချိုင့်မြို့သို့ သင်္ဘောဆိုက်သောအခါ ကျွန်တော်တို့သည် သင်္ဘောပေါ်မှ ဆင်းသက်ကြပြီးလျှင် ကိုရွှဝံနှင့် မောင်ဘဇံတို့သည် ကျွန်တော်၏ နေအိမ်တွင် တည်းခိုကြ၍ ကိုရွှဝံက ရွှေလီမြစ်ကို ဆန်တက်ရန်အတွက်နှင့် ပတ္တမြားတောင်သို့ သွားရန် ခရီးအတွက် လိုသမျှ ပစ္စည်းများကို ကြေးငွေအတွက် ချုပ်ချယ်ချွေတာခြင်း မပြုဘဲ ကျွန်တော် အလိုရှိသမျှ ဝယ်ခြမ်းရန် လုံးဝ လွှဲအပ်၍ ထားလေ၏။

ထိုအခါ ကျွန်တော်က ရွှေလီမြစ်ကို ဆန်တက်ရန် လောင်းလှေကြီး တစ်စင်း၊ ရေတိမ်သောအခါ၌ ဆက်လက်ဆန်တက်ရန် ပိန်းကော ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်စင်း၊ လှေထိုးသား လေးယောက်၊ ကျွန်တော်၏ ဆင်ပစ်သေနတ်တစ်လက်၊ ကိုရှုဝံ၏ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ကိုဘဇံ၏ နှစ်လုံးပြူး သေနတ် တစ်လက်၊ ငါးသေတ္တာ၊ အမဲသေတ္တာ၊ ငါးပိ၊ ငါးခြောက် အစရှိသည့် ရိက္ခာများ၊ မကျန်းမာသည့်အခါ၌ မှီဝဲရန် ဆေးသေတ္တာ တစ်လုံး၊ အလွန် ချမ်းသည့်အခါ သောက်သုံးရန် အရက်ပုလင်း အနည်းငယ်၊ နွေးသော သက္ကလတ်အထည်အဝတ်များ၊ ယမ်းတောင့်များ၊ နို့ဆီ၊ သကြား၊ ကာဖီ အစရှိသည့် စားသောက်ဖွယ်များ၊ ဘီစကွတ် သေတ္တာများ၊ ဆန်၊ ဆီ၊ ဆား အစရှိသည့် ရိက္ခာများ ဆေးပြင်းလိပ်နှင့် ဆေးတံသောက်ရန် ဆေးများ အစရှိသည်တို့ကို ကုန်သဘော်မှ လုံလောက်စွာ ဝယ်ယူသိုလှောင်၍ ထားပြီးနောက် လောင်းလှေကြီးတစ်စင်း ရရှိသည်နှင့် တစ်ပြိုင်နက် ရိက္ခာများကို တင်လေ၏။ လှေထိုးသားလေးယောက်တို့အနက် နှစ်ယောက်သော သူတို့မှာ လှေသွားနိုင်သလောက် ရောက်အောင် သွားပြီးနောက် ထိုအရပ်မှ ကျွန်တော်တို့၏ အပြန်ကို စောင့်ဆိုင်း နေရစ်ကြရန် ဖြစ်လေရာ နှစ်ယောက်သော သူတို့မှာမူ ကျွန်တော်၏ တပည့်ရင်းများ ဖြစ်ကြ၍ ကျွန်တော်တို့နှင့် အတူ ခရီးဆုံးအောင် လိုက်ပါလာကြရန် သဘောတူညီကြလေ၏။

လောင်းလှေကြီးကို လုံခြုံအောင် ဖာထေးပြီးနောက် ကျွန်တော်တို့သည် နေ့ကောင်းရက်သာ ရွေးချယ်ကြပြီးလျှင် တပို့တွဲ လပြည့်နေ့၌ ထီးချိုင့်မြို့မှ ထွက်ခွာခဲ့ကြ၍ နောက်တစ်နေ့ ညနေခင်းအချိန်တွင် ရွှေလီမြစ်အဝ ဖြစ်သော အင်းရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြလေ၏။

ငင်းရွာ၌ လိုသေးသည် ထင်သော ရိက္ခာများကို ထပ်မံ ဝယ်ယူကြပြီးလျှင် လဆုတ်နှစ်ရက်နေ့ နံနက် စောစောအချိန်တွင် ကျွန်တော်တို့သည် ရွှေလီမြစ်ကို ထိုးဝါးလေးလက်ဖြင့် တအိအိ ဆန်တက်ကြလေ၏။ ကျွန်တော်တို့သည် တောတောင်၏ သာယာခြင်း၊ ဆိပ်ကမ်း၏ သာယာခြင်း၊ ရေကြောင်း၏ သာယာခြင်းတို့ကို တွေ့မြင်ရပါသော်လည်း ချီးမွမ်းခြင်းငှာ အကြံ မဖြစ်နိုင်ဘဲ သွားရမည် ဖြစ်သော လမ်းခရီးသည် မည်မျှလောက် ဘေးဥပဒ် အန္တရာယ် ထူထပ်၍ ရိက္ခာမပြတ်မီပင် ပြန်၍ ရောက်နိုင်ပါ



မည်လော စသည်ဖြင့် ကြောက်မက်ဖွယ် အရေးအရာတို့ကိုသာလျှင် မျှော်တွေးဆင်ခြင်မိကြလေ၏။ သို့ရာတွင် ကျွန်တော်တို့ စိတ်ကူးဖြင့် ကြိုတင်၍ တွေးတောကြသော ဒုက္ခများသည် နောင်အခါ၌ တွေ့ကြုံရသော ဒုက္ခများနှင့် နှိုင်းစာလိုက်လျှင် မပြောပလောက်အောင်ပင် ရှိချေသေး၏။

ရွှေလီမြစ်ရိုးတစ်လျှောက်ရှိ ရွာငယ်များကို ကျော်လွန်ကြပြီးနောက် ဆယ်ရက်မြောက်သော နေ့၌ မိုးလုံအမည်ရှိ ရှမ်းရွာငယ်သို့ ဆိုက်ရောက်ကြသောအခါ မြစ်ကြောင်းသည် အလွန်တရာ ကျဉ်းမြောင်းလှ၍ ရေစီးသန်လှသည် ဖြစ်သောကြောင့် လောင်းလှေဖြင့် ဆန်တက်ခြင်းငှာ မတတ်နိုင်အောင် ရှိရကား ကျွန်တော်တို့သည် လှေထိုးသားနှစ်ယောက်နှင့် လောင်းလှေကြီးကို ငင်းရွာတွင် ထားခဲ့ပြီးလျှင် ကျွန်တော်၏ တပည့်ရင်း ဖြစ်သော လှေထိုးသား နှစ်ယောက်ကိုသာလျှင် ခေါ်ငင်၍ ရိက္ခာများကို ပိန်းကောမသို့ နိုင်သမျှ ပြောင်းရွှေ့လျက် မြစ်ကို ဆန်တက်ကြပြန်လေ၏။

ယင်းသို့ ဆန်တက်ကြစဉ် ရေစီးသည် အလွန်တရာ သန်လှသည် ဖြစ်၍ လှေဦးလန်ပြီး ကျောက်တုံး ကျောက်ဆောင်များနှင့် ရိုက်ကွဲမည် ပြုခြင်း၊ လှိုင်းလေပုတ်ခတ်သဖြင့် လှေမှောက်မည် အတန်တန် ဖြစ်ရခြင်း၊ သားရဲတိရစ္ဆာန်တို့၏ ဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးရတော့မည်ကဲ့သို့ ဖြစ်ရခြင်း အစရှိသည့် အမျိုးမျိုးသော ဒုက္ခတို့နှင့် တွေ့ကြုံရပါသော်လည်း ငင်းဒုက္ခတို့သည် နောင်တွေ့လတ္တံ့သော ဒုက္ခများနှင့် နှိုင်းစာလိုက်သော် စာမဖွဲ့နိုင်လောက်သေးသည် ဖြစ်၍ အကျယ်တဝင့် ရေးသားဖော်ပြခြင်း မပြုနိုင်သေးချေ။

ပိန်းကောမနှင့် ဆန်တက်မိကြ၍ ငါးရက်မြောက်သောနေ့ ညနေခင်း အချိန်တွင် ကျွန်တော်တို့သည် ပိန်းကောမကို ရွှေလီမြစ်၏ တစ်ဖက်ကမ်းရှိ ကျောက်ဆောင်ကြီး တစ်ခု၏ အနီးတွင် ဆိုက်ကပ်ပြီးလျှင် ကျွန်တော်၏ တပည့်နှစ်ယောက်တို့သည် ညစာထမင်းဟင်းများကို ချက်ပြုတ်လျက် ရှိကြစဉ် ကျွန်တော်တို့ သုံးဦးသည် ချမ်းအေးလှသည် ဖြစ်၍ မီးဖိုပြီးနောက် မီးပုံ၏ အနီးတွင် ပက်လက်လှန်ကာ ဆေးလိပ်များ သောက်ဖွာ ရှုရှိုက်လျက် သွား

www.burmeseclassic.com

www.burmeseclassic.com



ရမည့် လမ်းတာကို တွေးတော စိတ်ကူးလျက် ရှိနေကြလေ၏။ ယင်းသို့ ရှိစဉ် ကျွန်တော်သည် မုဆိုး အလေ့အကျင့်အတိုင်း နားပါးသူ တစ်ယောက် ဖြစ်၍ လျှို့ဝှက်စွာ လာနေသော ခြေသံများကို ကြားသည်နှင့် ရုတ်တရက် ထိုင်၍ ကြည့်လိုက်သည်တွင် အရပ်အမောင်း အလွန်တရာ ထွားကြိုင်းလှသော လူတစ်ယောက်သည် ရှမ်းတို့ဘာဝ ဝတ်ဆင်လျက် ဒူးလေး တစ်လက်ကို ကိုင်စွဲပြီးလျှင် ကျွန်တော်တို့အား စုံစမ်းလိုသော သဘောနှင့် ဖြည်းညင်းစွာ ချဉ်းကပ်လာနေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်က ရှမ်းဘာသာဖြင့် ၎င်း၏ ကိစ္စကို မေးမြန်းရာ ထိုသူသည် ကျွန်တော်တို့၏ အမေးကို မဖြေသေးဘဲ ကျွန်တော်တို့ အားလုံးကို တစ်ယောက်စီ စေ့စေ့ကြည့်ပြီးနောက် မည်သည့်ကိစ္စနှင့် မည်သည့်အရပ်သို့ သွားသော သူများ ဖြစ်ပါသနည်းဟု ပြန်လှန် မေးမြန်းလေ၏။ ထိုအခါ ကျွန်တော်က ပျောက်ဆုံးနေသော သူတစ်ယောက်ကို ရှာဖွေရန် အရှေ့ဗူးဗူး အရပ်သို့ သွားမည် ဖြစ်ကြောင်း ပြန်ပြောသည်တွင် ထိုသူက ကျွန်တော်တို့ ဆိုက်ရောက်မည့်အကြောင်းကို ယမန်ညဉ့်ကပင် အိပ်မက် မြင်မက်သဖြင့် စောင့်ဆိုင်းလျက် ရှိနေကြောင်း၊ ၎င်းမှာလည်း အရှေ့ဗူးဗူး အရပ်သို့ သွားရန် ကိစ္စရှိသည် ဖြစ်၍ အတန်တန် ကြိုးစားခဲ့ပါသော်လည်း တစ်ဦးတစ်ယောက်တည်း သွားနိုင်သော လမ်းခရီး မဟုတ်သဖြင့် အထမမြောက် ရှိနေခဲ့ရကြောင်း၊ ယခုမှာမူ မိမိ၏ ကိစ္စကြီး ထမြောက်တော့မည် ဖြစ်၍ ခရီးသွားဖော် သွားဖက်များ ရောက်လာမည့် အကြောင်းကို အိပ်မက်ရနှင့်ကြောင်း၊ သို့ဖြစ်၍ ၎င်းလည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါလိုကြောင်း ပြန်ပြောလေ၏။ ထိုအကြောင်းကို ကျွန်တော်က ကိုရှုဝံနှင့် မောင်ဘစံတို့အား မြန်မာလို ပြောကြားပြီးနောက် ထိုသူအား ၎င်း၏ ကိစ္စမှာ မည်သို့သော ကိစ္စ ဖြစ်လေသနည်းဟု မေးမြန်းရာ ထိုသူက ယခု မပြောနိုင်၊ ရောက်သောအခါမှ သိလိမ့်မည်ဟူ၍သာလျှင် ခပ်တိုတို ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်တော်တို့သည် အချင်းချင်း တိုင်ပင်ကြပြီးနောက် ထိုသူသည် ကျွန်တော်တို့အား အနှောင့်အယှက် ဖြစ်နိုင်မည် မဟုတ်သည့်ပြင် ဘေးဥပဒ် အန္တရာယ် ထူ



ထပ်သော ခရီးကို သွားရောက်ရာ၌ လူများလျှင် အားပင် ရှိသေး၏ဟု အောက်မေ့ကြသည်နှင့် လိုက်ပါရန် ခွင့်ပြုလိုက်လေ၏။

၎င်းနောက် ထိုသူ၏ အမည်ကို မေးမြန်းသဖြင့် ပေါလူး ခေါ်ကြောင်း သိရှိကြရလေလျှင် ထိုသူသည် ခေတ္တမျှ စောင့်ဆိုင်း နေရစ်ကြရန် ပြောဆိုပြီးနောက် တစ်ခဏလောက်ကြာသောအခါတွင် ဒူးလေး၊ မြားတံ အစရှိသော တောမုဆိုးတို့၏ လက်နက် ကိရိယာများနှင့်တကွ အမဲသားခြောက် အမြောက်အမြားကို ထမ်း၍ ယူလာခဲ့လေ၏။ ၎င်းအမဲခြောက်များမှာ ပေါ့ပါးသော ရိက္ခာမျိုး ဖြစ်၍ လမ်းခရီးအတွက် အလွန်သင့်လျော်လှသည် ဖြစ်သောကြောင့် ကျွန်တော်တို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေ၏။

နောက်တစ်နေ့နံနက်၌ ပေါလူးနှင့်တကွ ကျွန်တော်တို့ ငါးယောက်သားသည် မြစ်ကို ဆန်တက်ကြပြန်ရာ မြစ်ကြောင်းသည် ကျဉ်းသည်ထက် ကျဉ်း၍ လာပြီးလျှင် ရေစီးသည်လည်း အလွန်အမင်း သန်၍ သန်၍ လာသည် ဖြစ်သောကြောင့် သုံးရက်မြောက်သောနေ့၌ လှေကို ထားခဲ့၍ ခြေလျင် ခရီးဖြင့်သာ ဆက်လက် သွားရောက်ကြရန် ဆုံးဖြတ်ကြလေ၏။

ထိုအခါ ကျွန်တော်တို့သည် အမဲခြောက် ငါးခြောက်မှစ၍ ပေါ့ပါးသော ရိက္ခာများနှင့် ဆန်အနည်းမျှကိုသာလျှင် သယ်ယူနိုင်သလောက် အသီးအသီး ကိုယ်စီကိုယ်ငှ လှေမှ သယ်ယူကြပြီးနောက် နွေးသော အဝတ်အထည်များကို ကိုယ်၌ အထပ်ထပ် ဝတ်ဆင်ကြပြီးလျှင် သေနတ်၊ ဒူးလေး အစရှိသော လက်နက်များနှင့် အရှေ့ဗူးဗူး အရပ်သို့ ခြေလျင် ဆက်လက် ခရီးသွားကြလေ၏။

လမ်းခရီးသည် မြင့်မားသော တောင်ကြီးများကို တစ်တောင်ပြီး တစ်တောင် ကျော်လွှန်ဖြတ်သန်း၍ သွားရခြင်း ဖြစ်လေရကား အလွန်တရာ ပင်ပန်းလှ၍ အလွန်တရာ ချမ်းအေးလေ၏။ သို့ရာတွင် ကိုရှုဝံမှာ ညီကို တွေ့လိုသော ဇောကြောင့်လည်းကောင်း၊ ကျွန်တော်နှင့် မောင်ဘစံတို့မှာလည်း ပတ္တမြားကို တွေ့ရှိခဲ့လျှင် တစ်သက်လုံး ချမ်းသာရချေတော့မည် ဟူသော လောဘဇောကြောင့် လည်းကောင်း၊ ပေါလူးမှာလည်း ၎င်း၏

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ထမြောက်လိုသော ဇောကြောင့် လည်းကောင်း အလွန်တရာ ပင်ပန်းသည်ဟု မထင်လှသေးချေ။ ကျွန်တော်၏ တပည့်နှစ်ယောက် ဖြစ်သော ဘိုးဆုံနှင့် သာအေးတို့သာလျှင် အနည်းငယ် စိတ်ညှိုးနွမ်းဟန် ရှိခဲ့လေ၏။ သို့ရာတွင် ကျွန်တော်က ကျွန်တော်တို့၏ ကိစ္စ ထမြောက်ခဲ့လျှင် တစ်သက်လုံး မဆင်းရဲနိုင်လောက်အောင် ပေးကမ်းမည့်အကြောင်းကို ပြောဆိုသောအခါ လောဘသားများ ဖြစ်ကြ၍ အားတင်းကာ လိုက်ကြရှာလေ၏။

တစ်ညနေခင်း အချိန်၌ ကျွန်တော်တို့သည် တောင်ပူစာငယ် တစ်ခု၏ ခြေရင်းသို့ ဆိုက်ရောက်ကြလေရာ ၎င်းနေရာ၌ စမ်းချောင်းဟောင်း တစ်ခုကို တွေ့ရှိကြလေ၏။ ၎င်း စမ်းချောင်း ၁ ရေခန်း၍ နေပြီ ဖြစ်သောကြောင့် ဆက်သွယ်စီးဆင်းလျက် မရှိဘဲ တစ်နေရာ တစ်နေရာတို့၌ အိုင်ကလေးများ သဖွယ် ရေများ စုရုံး၍ နေသည်ကိုသာလျှင် တွေ့ရှိကြရလေ၏။ ၎င်း ရေအိုင်ကလေးများ အနီး၌လည်း တောတိရစ္ဆာန်တို့၏ ခြေရာ အမြောက်အမြားကို တွေ့ရှိရလေရာ ကျွန်တော်တို့မှာ အသားခြောက်များကိုသာလျှင် တစ်လမ်းလုံး စား၍ လာရသည် ဖြစ်သောကြောင့် လတ်ဆတ်သော အသားစိုများကို စားလိုသော ဆန္ဒ ဖြစ်သည်နှင့် ချောင်းမြောင်း စောင့်ဆိုင်း ပစ်ခတ်အံ့ဟု အကြံ ဖြစ်ကြလေ၏။

၎င်းအကြံအတိုင်း ကျွန်တော်တို့သည် ထိုညဉ့်၌ ရေအိုင်နှင့် မနီးမဝေး သင့်တော်ရာ အရပ်၌ စခန်းချကြပြီးလျှင် ကျွန်တော်သည် ကျွန်တော်၏ ဆင်ပစ်သေနတ်နှင့် လည်းကောင်း၊ ပေါလူးသည် ဒူးလေးနှင့် လည်းကောင်း၊ မောင်ဘဖုံသည် နှစ်လုံးပြူးနှင့် လည်းကောင်း ရေသောက်ဆင်းသော တိရစ္ဆာန်များကို တစ်ခုသော ချုံကွယ်မှ ပုန်းအောင်း စောင့်ဆိုင်း၍ နေကြလေ၏။ ယင်းသို့ ရှိစဉ် တောတိရစ္ဆာန်တို့သည် ကျွန်တော်တို့၏ အနံ့ကို ရ၍လော မသိ။ အနီးရှိ တောအုပ်မှ အသံများကို ကြားရသော်လည်း ရေအိုင်သို့ မဆင်းဘဲ ထိတ်လန့်၍ ပြေးသံများကိုသာလျှင် ကြားကြရလေ၏။ ထိုညဉ့်၌ လမရှိသော်လည်း ကြယ်တို့၏ အရောင်သည် မှုံတိမ်ကင်းသဖြင့် ရေအိုင်ကို မြင်နိုင်လောက်အောင် ထိန်လင်း တောက်ပလျက်ရှိရာ ကျွန်တော်တို့



သည် မိမိတို့ နေရာမှ ရေအိုင်ကို မျှော်ကြည့်ကာ သေနတ်များနှင့် ချိန်ရွယ်လျက် ရှိကြလေ၏။

သန်းခေါင်အချိန်နီးသော်လည်း သားကောင်တစ်ကောင်မျှ ဆင်းသက်ခြင်း မရှိလေလျှင် ကျွန်တော်သည် မုဆိုးအလုပ်၌ ဝါသနာပင်ကြီးသော်လည်း ခရီးပန်းခဲ့လှသည် တစ်ကြောင်း၊ ချမ်းအေးသဖြင့် ကွေး၍ နေမိသည် တစ်ကြောင်းကြောင့် အိပ်ပျော်၍ သွားလေ၏။ မြေကြီးတုန်လှုပ်လောက်အောင် ကြောက်မက်ဖွယ် ဟောက်ဟိန်းသံများကို ကြားရသဖြင့် ရုတ်တရက် လန့်နိုးကြ၍ ရေအိုင်ရှိရာသို့ မျှော်ကြည့်လိုက်သောအခါ အနက်နှင့် အဝါပြွမ်းလျက်ရှိသော အစိုင်အခဲကြီး တစ်ခုသည် ကျွန်တော်တို့ ရှိရာသို့ လိမ့်၍ လာနေသည်ကို တွေ့မြင်ကြရလေ၏။ ထိုအတောအတွင်း နားကွဲလုမတတ် ဆူညံသော အသံကြီးများသည်လည်း ဆက်ကာဆက်ကာ ဖြစ်ပေါ်လျက်ရှိရာ ကျွန်တော်တို့ သုံးဦးသည် လက်နက်ကို အသီးအသီး ကိုင်စွဲလျက် လိမ့်လာသော အစိုင်အခဲကြီးကို ပစ်တော့မည် ချိန်ရွယ်ကြသည်နှင့် တစ်ပြိုင်နက် ၎င်းအစိုင်အခဲသည် လှုပ်ရှားခြင်းမှ ရုတ်တရက် ရပ်စဲပြီးလျှင် မြေပေါ်၌ ဆိတ်ငြိမ်စွာ ရှိနေလေ၏။ ထိုအခါ ကျွန်တော်တို့သည် ဒူးလေးရော သေနတ်ပါ တညီတညာတည်း ပစ်ခတ်ကြပါသော်လည်း ထိုဝတ္ထုသည် မလှုပ်မရှား ပကတိ တည်ငြိမ်စွာ ရှိနေသည်ကို တွေ့ရှိရလေလျှင် ဝပ်တွားရာမှ ထ၍ သေနတ်ကို မောင်းတင်လျက် အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်ကြလေ၏။ ဓာတ်မီးရောင် မီလောက်သော အရပ်သို့ ရောက်ကာမှ လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ကြည့်သောအခါ အောက်ပါ အခြင်းအရာကို တွေ့ရှိရလေ၏။

အလွန်ထွားကြိုင်းသော စိုင်ကြီးတစ်ကောင်သည် မြေပေါ်၌ လဲလျက်ရှိရာ ၎င်း၏ ဦးချိုဖျား၌ကား ကျားကြီးတစ်ကောင်သည် တန်းလန်းကြီး ရှုးဝင်လျက် ကျားကြီး၏ ပါးစပ်သည် စိုင်ကြီး၏ လည်ကုပ်ကို ခဲပြီးလျှင် နှစ်ကောင်လုံး စင်းစင်းသေလျက် ရှိသည်ကို တွေ့မြင်ကြရလေ၏။ ဖြစ်ပျက်ပုံ လက္ခဏာမှာ စိုင်ကြီးသည် ရေအိုင်သို့ ရေသောက်မည်ဟု ဆင်းလာစဉ် ကျားသည် ချုံကွယ်မှ ချောင်းပြီးလျှင် မိလောက်ပြီ အထင်နှင့် ခုန်အုပ်၍

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းလိုက်သည်တွင် လည်ပင်းကိုလည်း ကျားကခဲ၊ စိုင်၏ ဦးချိုသည်လည်း ကျား၏ နံကြားသို့ ဝင်လျက် တစ်ကောင်ကို တစ်ကောင် မလွှတ်နိုင်ဘဲ မြေပေါ်၌ ထွေးလုံးကာ လိမ့်လာကြဟန်တူပေ၏။ နောက်ဆုံး၌ ကျားသည် စိုင်ချို၏ ဒဏ်ရာကြောင့် လည်းကောင်း၊ စိုင်သည်လည်း လည်ပင်း၌ ကျား၏ အစွယ်ကြောင့် လည်းကောင်း မြေပေါ်၌ တစ်ပြိုင်တည်း တန်းလန်းကြီး လဲ၍ သေကြဟန် လက္ခဏာ ရှိ၏။ သို့ဖြစ်သောကြောင့် ကျွန်တော်တို့ ပစ်ခတ်လိုက်သော သေနတ်နှင့် ဒူးလေးချက်သည် စိုင်တွင် နှစ်ချက်၊ ကျားတွင် တစ်ချက် ထိမှန်ပါသော်လည်း သေပြီးမှ ထိမှန်ပြီး ဖြစ်သောကြောင့် အပိုပင် ဖြစ်ဟန် တူလေသည်။

ထိုခဏ၌ ကိုရှုဝံနှင့် ကျွန်တော်၏ တပည့် နှစ်ယောက်တို့လည်း ရောက်လာကြလေရာ ကျွန်တော်တို့သည် အသားစို မစားရသည်မှာ ကြာပြီ ဖြစ်သောကြောင့် စိုင်၏ ပေါင်သားများကို လှီးဖြတ်ပြီးလျှင် ညတွင်းချင်းပင် ကင်၍ စားကြလေ၏။

နံနက်လင်းသောအခါ ကျွန်တော်တို့သည် ဝမ်းတောင့်တောင့်နှင့် အိပ်ရာမှ ထကြ၍ ဆက်လက် ခရီးသွားရန် ပြင်ဆင်ကြသည်တွင် မနီးမဝေး၌ အငွေ့တခြောင်းခြောင်း ထွက်လျက် ရှိသော ဆင်ချေးများကို တွေ့မြင်ကြရလေ၏။ ထိုအခါ ကျွန်တော်သည် ဝါသနာအလျောက် ပစ်ချင်သော သဘော ပေါ်ပေါက်လာသည်နှင့် ဤတစ်နေ့ စိုင်သား စားရင်း တစ်ရက်မျှ နားပြီးလျှင် ဆင်ပစ်ရန် အကြံပေးသည်တွင် ကိုရှုဝံနှင့် မောင်ဘဇံတို့သည် သဘောတူညီကြလေ၏။

နံနက်စာ စားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့သည် ဆင်များကို ခြေရာခံ၍ လိုက်ကြလေရာ ဆင်အုပ်သည် ကံအားလျော်စွာ ကျွန်တော်တို့ သွားရာ ဖြစ်သော အရှေ့စူးစူးသို့ ဝင်သွားကြသည်ကို တွေ့ရှိရသဖြင့် ခရီးသွားရင်း အားလုံးပင် တစုတဝေးတည်း လိုက်ကြလေ၏။ ကျွန်တော်နှင့် ပေါလူးတို့၏ ခန့်မှန်းချက်အတိုင်း ဆင်အုပ်သည် အနည်းဆုံးအားဖြင့် သုံးဆယ်ခန့်ရှိသည်ဟု ထင်မြင်ကြသည် ဖြစ်ရာ မွန်းတည့်အချိန် နီးလတ်သော်



ကျွန်တော်တို့သည် ဆင်အုပ်နှင့် အလွန်တရာ နီးကပ်လျက်ရှိကြောင်း သိရှိကြလေ၏။ ထိုအခါ ကျွန်တော်တို့သည် အထူး သတိဝီရိယ ပြု၍ ကျွန်တော်နှင့် ပေါလူးတို့ ရှေ့ဆုံးမှ သွားပြီးလျှင် အခြားသူများကို နောက်မှ လိုက်စေရာ မွန်းတည့်ချိန် ရောက်လတ်သော် ဆင်အုပ်ကြီးသည် တစ်ခုသော ချိုင့်ဝှမ်းရာ အရပ်တွင် သစ်ပင်ကြီးများ အောက်၌ နေခို၍ နားရွက်များ ခတ်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ ကျွန်တော်သည် ကျန်လူများကို လက်ပြပြီးလျှင် သစ်ရွက်ခြောက်များကို အပေါ်သို့ မြှောက်၍ လေစုန်လေဆန်ကို စုံစမ်းရာ ကျွန်တော်တို့သည် လေအောက်မှ ရှိနေကြောင်း သိရှိရလေ၏။

ထိုအခါ ဆင်တို့သည် ကျွန်တော်တို့နှင့် အတောင် ငါးရာခန့်မျှ ဝေးကွာသည် ဖြစ်ရာ ကျွန်တော်နှင့် မောင်ဘဇံတို့သည် သေနတ်တစ်လက်စွဲကိုင်လျက် ကျန်လူများမှာ ဘေးဆီးရန်ကာ သဘောဖြင့် ဒူးလေးများနှင့် တဖြည်းဖြည်း ဒူးထောက် ဝပ်တွားကာ အနီးသို့ ချဉ်းကပ်လေ၏။ ဆင်အုပ်နှင့် အတောင် ရှစ်ဆယ်ကွာ အရပ်သို့ ရောက်ကြသောအခါ ကိုရှုဝံနှင့် ကျွန်တော်၏ တပည့်နှစ်ယောက်တို့သည် မပစ်လိုကြကြောင်းနှင့် ပြောဆိုသဖြင့် ကျွန်တော်၊ မောင်ဘဇံ၊ ပေါလူး သုံးယောက်တည်းသာလျှင် ချဉ်းကပ်ကြလေ၏။ အတောင် ငါးဆယ်ကွာခန့်သို့ ရောက်ကြသောအခါ ဆင်ပေါက်ကြီး သုံးကောင်သည် ကျွန်တော်တို့ ရှိရာသို့ နံဘေးခိုင်းလျက် ရှိသည်ကို တွေ့ရှိရလေရာ ကျွန်တော်တို့ ရပ်တန့်ကြ၍ မိမိနှင့် အသီးအသီး တည်လျက် ရှိသော ဆင်ပေါက်ကို အသီးအသီး ချိန်ရွယ် ပစ်ခတ်ကြရန် ကျွန်တော်က အကြံပေးလေ၏။ သို့ဖြစ်သောကြောင့် ကျွန်တော်က လက်ယာစွန်း၌ ရှိသော ဆင်ပေါက်ကို လည်းကောင်း၊ ပေါလူးက လက်ဝဲစွန်း ရှိသော ဆင်ပေါက်ကို လည်းကောင်း၊ မောင်ဘဇံက အလယ်၌ ရှိသော ဆင်ပေါက်ကို လည်းကောင်း အသီးသီး ချိန်ရွယ်ကြပြီးလျှင် ကျွန်တော်က အချက်ပေး၍ တညီတညာတည်း ပစ်ခတ်လိုက်ကြလေ၏။

ပေါလူးချိန်၍ ပစ်သော ဆင်ပေါက်မှာ နှလုံးကို ထိမှန်သဖြင့် နေရာ

www.burmeseclassic.com

www.burmeseclassic.com



ဦ့ဝင် ဝပ်၍ လဲလေ၏။ ကျွန်တော် ပစ်လိုက်သော ဆင်ပေါက်မှာလည်း ဒူးထောက်၍ လဲပြီးမှ တစ်ဖန် ထပြီးလျှင် ကျွန်တော်တို့ ရှိရာသို့ ပြေးလာရာ ကျွန်တော်က ဦးနှောက်ရှိရာသို့ တစ်ချက် ထပ်ဆင့်၍ ပစ်သည်တွင်မှ ဝိုင်းခနဲ လဲလေ၏။ မောင်ဘခဲ ပစ်လိုက်သော ဆင်ပေါက်ကြီးမှာမူ ချက်ကောင်းကို ထိမှန်ခြင်း မရှိဘဲ နာကျင်ရုံမျှသာ ရှိသည် ဖြစ်၍ ဒေါသကြီးစွာနှင့် မောင်ဘခဲကို လိုက်လေရာ မောင်ဘခဲလည်း ဒုတိယအချက်ကို ကြောက်အားလန့်အားနှင့် ရော်ရမ်းကာ ပစ်ပြီးနောက် သေနတ်ကို ချ၍ ထွက်ပြေးလေ၏။ ထိုအခါ ကျွန်တော်နှင့် ပေါလူးတို့က ဆင်ပေါက်ကို နောက်ကနေ၍ ပစ်ကြပါသော်လည်း ချက်ကောင်းကို ထိအောင် ပစ်ခြင်းငှာ မစွမ်းနိုင်သည် ဖြစ်သောကြောင့် နောက်မှသာလျှင် ပြေးလိုက်ကြရလေ၏။

မောင်ဘခဲလည်း ကိုမှဝံနှင့် ဘိုးဆုံ၊ သာအေးတို့ ရှိရာသို့ တည့်တည့် ထွက်ပြေးလေရာ ဆင်ပေါက်လည်း မီလုမီလုနှင့် နောက်မှ အတင်းလိုက်လေ၏။ ထိုခဏ၌ မောင်ဘခဲသည် သစ်မြစ်တစ်ခုကို ခြေနှင့် တိုက်မိသဖြင့် မြေပေါ်၌ အလျားမှောက် လဲသွားလေရာ ကျွန်တော်တို့မှာ ပြီးရှာပြီဟု အောက်မေ့လျက် အသက်မရှူဘဲ ငေး၍ ကြည့်နေမိလေ၏။ ဆင်ပေါက်ကြီးသည် မောင်ဘခဲကို နှာမောင်းဖြင့် ဖမ်းယူတော့အံ့ဟု ဆန့်တန်းလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ တပည့် ဘိုးဆုံသည် တစ်ခုသော သစ်ပင်ကွယ် ပုန်းနေရာမှ ရုတ်တရက် ထွက်လာ၍ ဆင်ကြီးကို ဒူးလေးနှင့် ပစ်ခတ်လေ၏။ ထိုအခါ ဆင်ကြီးသည် မောင်ဘခဲကို ထားခဲ့ပြီးလျှင် ဘိုးဆုံ၏ နောက်သို့ လိုက်ပြန်ရာ ဘိုးဆုံလည်း လေးငါးလှမ်းမျှသာလျှင် ပြေးနိုင်၍ ဆင်၏ နှာမောင်းဖြင့် ပွေ့ဖမ်းမိလေ၏။

ထိုအခါ အားလုံးသော သူများက အဝေးမှ ပစ်ခတ်ကြပါသော်လည်း ချက်ကောင်းကို မမှန်သဖြင့် စိတ်ဆိုးသည်ထက် ဆိုးအောင် ပြုဘိသကဲ့သို့ သာလျှင် ရှိနေ၍ ဆင်ကြီးသည် ဘိုးဆုံ၏ အောက်ပိုင်းကို ခြေဖြင့် နင်းပြီးလျှင် အထက်ပိုင်းကို နှာမောင်းဖြင့် ဆွဲယူလိုက်ရာ ကျွန်တော်တို့မှာ မကြည့်ဝံ့သည် ဖြစ်၍ မျက်နှာလွှဲလိုက်ကြရလေ၏။ နောက်ခဏ၌ကား ဘိုးဆုံမှာ နှစ်ပိုင်း



[illegible] သွားပြီးလျှင် ဆင်ကြီးသည် ဘိုးဆုံ၏ ဦးခေါင်းကို ဝါး၍ စား[illegible]သဖြင့် ဂွပ်ခနဲ မြည်သည့်အသံကို ကြားကြရလေ၏။ ထိုအခါ၌ကား [illegible]တော်တို့ အားလုံးသည် ကြောက်ရမှန်းလည်း မသိ၊ လန့်ရမှန်းလည်း [illegible] ဒေါသကြီးလှသည် ဖြစ်၍ ရူးသွပ်သကဲ့သို့ ဖြစ်ကြပြီးလျှင် လက်နက် [illegible]သီး နှင့် ဆင်ကြီးရှိရာသို့ အတင်းပြေးဝင်၍ ကျွန်တော်က ဦးနှောက်ကို [illegible]ကောင်း၊ ပေါလူးက အသည်းညှာကိုလည်းကောင်း၊ ကိုမှုဝံနှင့် သာ[illegible]တို့က နံဘေးကို လည်းကောင်း၊ အသီးအသီး ပစ်ခတ်ကြလေရာ ဆင်ကြီး[illegible] ထိုနေရာ၌ပင် ပုံ၍ လဲသွားလေ၏။ ဆင်ကြီးသည် ၎င်းဒဏ်ရာ[illegible]နှင့် သေလောက်ပြီ ဖြစ်သော်လည်း ကျွန်တော်တို့မှာ ဘိုးဆုံအတွက် [illegible]ကျေနပ်နိုင်ကြသည် ဖြစ်၍ အထပ်ထပ် ပစ်ခတ်ကြလေရာ သမင် [illegible]ကဲ့သို့သော အကောင်မျိုး ဖြစ်ပါမူ အရိုးအသား တခြားစီ ဖြစ်အောင် [illegible]ညက်ညက် ကြေလောက်ပေ၏။ မောင်ဘခဲမှာမူ အသက်ချမ်းသာရာ[illegible] ရရှင့်သော ဘိုးဆုံသည် ၎င်း၏ ဒဏ်ကို ခံရသည် ဖြစ်ရာ ကျွန်တော်[illegible]သည် ထိုင်းမှိုင်းလေးလံသော စိတ်ဖြင့် ထိုနေရာ၌ တွင်းတူးပြီးလျှင် [illegible]ဆုံ၏ အလောင်းကို မြှုပ်ခဲ့ကြရလေ၏။

နောက်တစ်နေ့နံနက်၌ ကျွန်တော်တို့သည် ဆင်သုံးကောင်၏ [illegible]သည်းနှလုံးများကို ချက်ပြုတ်စားသောက်၍ ကျန်သမျှကို ယူပြီးလျှင် [illegible] ခရီးစဉ်အတိုင်း အရှေ့စူးစူးသို့ ဆက်လက် သွားရောက်ကြပြန်လေ၏။ [illegible]ခရီး၌ ကျွန်တော်သည် ပေါလူးနှင့် စကားလက်ဆုံ ဝင်အောင် ပြုပြီးလျှင် [illegible]ခဲ့သည့် ငါးနှစ်ခန့်အခါက ကျွန်တော်တို့ကဲ့သို့ မြန်မာလူမျိုး တစ်[illegible]ယောက်သည် ရွှေလီမြစ်ကို လောင်းလှေငယ်ဖြင့် ဆန်တက်၍ သွားသည်ကို [illegible]ဖူးပါသလောဟု မေးမြန်းရာ ပေါလူးက ခပ်ရွှယ်ရွှယ် ခပ်ငယ်ငယ် [illegible]တစ်ယောက်သည် နောက်ပါ နှစ်ယောက်တို့နှင့် မိမိနေထိုင်ရာ အရပ်ကို [illegible]လွန်ပြီးလျှင် ရွှေလီမြစ်ကို လောင်းလှေလေးတစ်စင်းနှင့် ဆန်တက်သွား[illegible]ည်ကို တွေ့ရဖူးကြောင်း၊ ထိုအခါကမူ မိမိ၏ ကိစ္စမှာ အရေးကြောက်[illegible]သည် ဖြစ်၍ ၎င်းတို့နှင့် အတူလိုက်ပါ၍ မသွားခဲ့ကြောင်းနှင့် ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



**ထယ်၏ ထိုအခါ** ကျွန်တော်က ၎င်း၏ ကိစ္စသည် မည်သို့သော ကိစ္စ **ဖြစ်သည်ကို** ထပ်မံ၍ မေးမြန်းပြန်ရာ ပေါလူးမှာ ပြောလိုဟန် လက္ခဏာ **မရှိဘဲ** ရောက်သည့်အခါ သိပါလိမ့်မည်ဟူ၍သာလျှင် ခပ်တိုတို ပြောလေ၏။

ကျွန်တော်တို့သည် ခရီးအစဉ်အတိုင်း လျှောက်သွားကြ၍ ရွှေလီ မြစ်ကြောင်းသည် အလွန်တရာ ကျဉ်းမြောင်းလှသဖြင့် အချို့သော နေရာတို့၌ တစ်လံမျှလောက်သာလျှင် ကျယ်ဝန်းလေ၏။ အချို့သော နေရာ၌လည်း ချောင်းနှစ်ခွ ဖြစ်၍ နေသည်ကို တွေ့ရှိရပြန်ရာ အရှေ့သို့ သွားသော ချောင်းသည် ရွှေလီမြစ် ဖြစ်အံ့ဟု အောက်မေ့၍ ၎င်းအတိုင်းသာလျှင် လိုက်ကြလေ၏။ ယင်းသို့ရှိစဉ် ဆောင်ခဲ့သော ရိက္ခာတို့သည် ကုန်ပြီ ဖြစ်၍ လမ်း၌ တွေ့ရှိသော သားကောင်တို့၏ အသားသာလျှင် အမှီပြုကြရသည် ဖြစ်ရာ ရံဖန်ရံခါ သားကောင်များ မတွေ့ရှိခဲ့ပါမူ တစ်ရက် နှစ်ရက် စသည် ဖြင့် အစာပြတ်၍ နေခဲ့လေ၏။ သို့ပါသော်လည်း လာမိသော ခရီးကို မ ရောက်လျှင် မပြန်ဟု မလျှော့သော လုံ့လဖြင့် သွားမြဲတိုင်း ဆက်လက်သွား ရောက်ကြလေရာ ကံအားလျော်စွာ သားကောင်တို့သည် အားမပြတ်မိ အ ဆင်သင့် တွေ့ရှိသဖြင့် ပစ်ခတ်ရရှိမြဲသာလျှင် ဖြစ်လေ၏။

တစ်နေ့သော ညနေခင်းအချိန်၌ကား သာအေးဆိုသော ကျွန်တော်၏ တပည့်မှာ ခရီးလည်းပန်း၊ အလွန့်အလွန်လည်း ချမ်းအေးလှသည်ပြင် အစာ ပြတ်သည်မှာ နှစ်ရက်ခန့် ရှိလေရကား ကျွန်တော်တို့ လူစုအနက် အား အနည်းဆုံးသောသူ ဖြစ်၍ နာဖျားမကျန်း ဖြစ်ခဲ့လေ၏။ ကျွန်တော်နှင့် ပေါလူးတို့မှာ အကြမ်းအတမ်း အလုပ်မျိုး၌ ကျင့်သားရခဲ့သည် ဖြစ်ရာ သာအေးကို တစ်ဖက် တစ်ချက် တွဲကြပြီးလျှင် စခန်းချရန် သင့်လျော်သော အရပ်သို့ ရောက်အောင် ဆောင်ကျဉ်းကြရလေ၏။

နေဝင်ချိန်နီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့သည် တစ်ခုသော ဂူကြီး၏ အဝသို့ ဆိုက်ရောက်ကြလေရာ ဂူကြီး အတွင်း၌ အခြားသော နေရာတို့ထက် နွေးအံ့ဟု သိရှိ၍ မသယ်နိုင်အောင် ညောင်းညာလှစွာသော ခြေတို့ဖြင့် ဂူတွင်းသို့ ရောက်အောင် လှမ်းဝင်ကြရလေ၏။ ကျွန်တော်တို့



လာခဲ့ရသော လမ်းခရီးမှာ မြင့်မားလှသော တောင်ကြီးများကို ကျော်နင်းဖြတ် သန်း၍ လာရခြင်း ဖြစ်ရကား ဆီးနှင်းတို့သည် တောင်ကမ်းပါးတို့၌ ဖွေးဖွေး **ဖြူဖြူ** ခဲလျက် ချမ်းအေးခြင်းမှာလည်း သည်းမခံနိုင်လောက်အောင်ပင် **ရှိ**လေ၏။ ကျွန်တော်တို့သည် ဂူတွင်းသို့ ဝင်ကြပြီးလျှင် အစာမစားရသဖြင့် **မွတ်**သိပ်ခြင်းထက် ချမ်းအေးခြင်းက သာလွန်သည် ဖြစ်သောကြောင့် ဂူတွင်း သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ တိုင်ရောက်ကြလေ၏။

နံနက်လင်းသော်လည်း ကျွန်တော်တို့သည် မနိုးသေးဘဲ နေမင်း၏ အရောင်သည် ဂူတွင်းသို့ပင် ဝင်ရောက်လာသည်အခါမှ အိပ်ရာမှ နိုးကြ၍ ထလိုက်ကြသောအခါ ကျွန်တော်နှင့် ကိုဘဇံ၊ ကိုရွှဝံ၊ ပေါလူးတို့သာလျှင် ထနိုင်ကြ၍ သာအေးမှာမူ အကွေးလိုက်ပင် ရှိနေလေ၏။ ထိုအခါ ကျွန်တော် က သာအေး၏ ပခုံးကို ကိုင်၍ လှုပ်နှိုးလိုက်ရာ သာအေးမှာ တောင့်၍ နေသည် ဖြစ်သောကြောင့် သေချာစွာ ကြည့်ရှုကြသည်တွင် သာအေး အ သက် မရှိတော့သည် အကြောင်းကို သိရှိကြရလေ၏။

ထိုအခါ ကျွန်တော်တို့မှာ ခြောက်ယောက်ထွက်လာကြသည့်အနက် နှစ်ယောက်မျှ ပျက်စီး၍ လေးယောက်သာလျှင် ကျန်တော့သည်အကြောင်းကို တွေးတော ဗမ်းနည်းလျက် ရှိကြစဉ် ကိုဘဇံက 'အောင်မယ်လေး ဘယ့်နှယ် ဟာကြီးလဲဗျာတို့' ဟု အော်ဟစ်လိုက်သဖြင့် ကျွန်တော်သည် မောင်ဘဇံ ကြည့်ရာသို့ ကြည့်လိုက်ရာ လူတစ်ယောက်သည် ဆောင့်ကြောင့် ထိုင်လျက် ဂူဝအနီးတွင် ကျွန်တော်တို့ ရှိရာသို့ မျက်နှာမူကာ ရှိနေသည်ကို တွေ့မြင် ရလေ၏။ ၎င်းနောက် ကျွန်တော်တို့သည် ထိုသူ၏ အနီးသို့ ချဉ်းကပ်ကြည့် ကြသည်တွင် အသက် မရှိကြောင်း သိရှိကြသည်နှင့် တစ်ပြိုင်နက် ဂူ၏ အပြင်ဖက်သို့ တညီတညာတည်း ထွက်ပြေးကြလေ၏။

ဂူပြင်သို့ ရောက်ကြပြီးနောက် အတန်ကြာသောအခါမှ ကျွန်တော်တို့ သည် ရွံ့ကြောက်ခြင်း ပြေပျောက်ကြ၍ မည်သူ မည်ဝါ၏ အလောင်းဖြစ် သည်ကို သိလိုကြသည်နှင့် ဂူတွင်းသို့ ဝင်ရောက်ကြည့်ရှုကြပြန်ရာ ပေါလူး သည် အလောင်းကို သေချာစွာ ကြည့်ပြီးနောက် မှတ်မိသော လက္ခဏာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေ၏။ အတန်ကြာသောအခါ ပေါလူးသည် ဦးခေါင်းကို ကုတ်ကာ စဉ်းစားပြီးလျှင် ထိုသုံသည် အခြားမဟုတ် မောင်ရွှေဝ၏ ညီ မောင်ဒေါနနှင့် အတူလိုက်ပါသွားသော တပည့် သူငယ်ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။ ၎င်းစကားသည် မှန်ခဲ့သည် ဖြစ်ပါလျှင် ထိုအလောင်းသည် ငါးနှစ်ခန့်မျှ ကြာရမည် ဖြစ်ရာ ဤမျှလောက် အချိန်ကြာရှည်စွာ မပုပ်မသိုးဘဲ ရှိနေရခြင်းမှာ အလွန် ချမ်းအေးလှသောကြောင့် ရေခဲစိမ်၍ ထားသော ငါးများကဲ့သို့ ဖြစ်တန်ရာ၏ ဟူ၍လည်း တွေးတောဖွယ် ရှိပေ၏။ ပေါလူးကမူ ထိုသူသည် မေးအောက်၌ မှဲ့ကြီး တစ်လုံး ပါသည်ကို ကောင်းစွာ မှတ်မိကြောင်းနှင့် ပြောဆိုသည် ဖြစ်၍ ထိုတွေးထင်ချက်သည် မှန်လောက်ပေ၏ဟု ယူဆမိကြလေ၏။ အလောင်းမှာမူ အလွန်တရာ ပိန်ကြုံလှသည် ဖြစ်သောကြောင့် သာအေးကဲ့သို့ပင် အစာငတ်မွတ် ပြီးနောက် အအေးမိ၍ သေဆုံးခြင်း ဖြစ်ဟန် လက္ခဏာ ရှိပေ၏။

၎င်းနောက် ကျွန်တော်တို့သည် သာအေးကို လည်းကောင်း၊ ထိုသူကို လည်းကောင်း မြှုပ်နှံရန် မကြံစည်နိုင်ဘဲ သွားမည့် ခရီးကိုသာလျှင် ဆက်လက် သွားရောက်ပြန်ရာ ထိုနေ့ နေမဝင်မီပင်လျှင် တောင်ဆိတ်တစ်ကောင်ကို ပစ်ခတ်ရရှိသည် ဖြစ်၍ ၎င်းအသားကို မြွတ်ချက်စားသောက် ကြရသဖြင့် အားအင် ပြည့်တင်းခြင်းကို ရောက်ကြရပြန်လေ၏။ ကျန်သော အသား များကိုမူ ညှင်း၍ ယူပြီးလျှင် ခရီးဆက်လက် သွားရောက်ကြပြန်ရာ ဆိတ် သားများမှာ နေပူ၌ အခြောက်လှမ်းရခြင်း မရှိသော်လည်း ချမ်းအေးလှသော ရာသီဥတု၏ အစွမ်းကြောင့် ပုပ်သိုးခြင်း မရှိဘဲ သုံးလေးရက်တိုင်တိုင် လတ်ဆတ်စွာပင် ရှိနေခဲ့လေ၏။ ရံဖန်ရံခါ သားကောင်များ မတွေ့ရှိသဖြင့် ငတ်မွတ်ရခြင်း၊ အလွန်တရာ ချမ်းအေးလှခြင်း၊ တောင်များကို ဖြတ်သန်း ကူးကျော်ရသဖြင့် ပင်ပန်းခြင်း အစရှိသော ဒုက္ခဆင်းရဲအမျိုးမျိုးကို တွေ့ကြုံကြ ရပြီးနောက် တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်တော်တို့သည် တစ်ခုသော တောင်စောင်း၌ ညစာအတွက် အမဲသားများကို မီးတွင် ကင်လျက် ရှိကြစဉ် မြားတစ်စင်းသည် ကျွန်တော်တို့ လေးယောက်၏ အလယ်၌ မြေပေါ်တွင်



ရုတ်တရက် လာ၍ စိုက်နေသည်ကို တွေ့မြင်ကြရသဖြင့် လန့်၍ ခုန်မိကြ လေ၏။ ၎င်းနောက် မည်သည့် အရပ်မှ လာသော မြားဖြစ်သည်ကို ရှုမျှော် ခင်ခြင်ကြသည်တွင် အသက် ဆယ်နှစ်အရွယ်ခန့်ရှိသော သူငယ် တစ် ယောက်သည် လေးတစ်စင်းကိုကိုင်လျက် ထပ်မံ ပစ်ခတ်မည် ပြုသည်ကို အသက် လေးဆယ်ကျော် အရွယ်ခန့်ရှိ လူကြီး တစ်ယောက်က လက်ကို ဆွဲငင်လျက် ရှိကြောင်း တွေ့မြင်ရလေ၏။ ၎င်းတို့ အနီး၌ကား အခြား လူနှစ်ဆယ်ကျော်ခန့်ရှိရာ ၎င်းတို့ အားလုံးမှာ ခါးတွင် တောင်ဆိတ်၏ သားရေဖြင့် ဝတ်ဆင်ထားသည်ကိုလည်း တွေ့ရှိရလေ၏။

ထိုအခါ မောင်ဘဖဲနှင့် ပေါလူးတို့က လက်နက်များ အသီးအသီး ကိုင်ကြလျက် ရန်သူများကို ပစ်ခတ်ကြမည် ပြုလေရာ ကျွန်တော်က မိတ်ဆွေဖွဲ့၍ မရနိုင်သောအခါမှ သာလျှင် လက်နက်ကို အသုံးပြုအံ့ဟု အောက်မေ့၍ ထိုသူများကို ဆီးတားပြီးလျှင် ပေါလူးအား ‘မိတ်ဆွေများ ကျွန်ုပ်တို့အား ရန်မမူလင့်ကုန်’ ဟု ပေါလူး၏ ဘာသာဖြင့် ဟစ်အော်၍ ပြောလိုက်စေရာ ၎င်းတို့အနက် လူကြီးဖြစ်သူက ‘မိတ်ဆွေဖြစ်လျှင် လက်နက် ကို ချလော့’ ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်တော်တို့သည် လက်နက် ကို ချသင့် မချသင့် တိုင်ပင်ကြရာ မချသင့်ကြောင်း သဘောတူညီသူ များသဖြင့် ‘သင်တို့ လက်နက်ကို ချလျှင် ကျွန်ုပ်တို့ လက်နက်ကို ချပါ မည်’ ဟု ပေါလူးအား စကားပြန်၍ ပြောစေ၏။ ထိုအခါ အကြီးအမှူး ချုပ်သူ လူကြီးက ‘ဤပြည်နယ်သည် ငါတို့၏ ပြည်နယ်ဖြစ်သည်။ ငါတို့၏ ပြည်နယ်အတွင်းသို့ လက်နက်ကို မချဘဲ ဝင်လာသောသူသည် ရန်သူ ဖြစ်သည်။ သေကြပေကုန်လော့’ ဟု ပြောသဖြင့် ပေါလူးက အဓိပ္ပာယ်ပြန်၍ ပြောသည်တွင် မောင်ဘဖဲသည် စိတ်ရှုပ်သည့် အခါ၌ ပြုလုပ်မြဲ ဖြစ်သည် အတိုင်း အငှားစိုက်၍ ထားသော အထက်တန်း သွားများကို လက်ဖြင့် ဆွဲ၍ ရုတ်ခနဲက လွှတ်လိုက်သောအခါ သွားတို့သည် သွားဖုံးမှ ကွာ၍ ထသွားပြီးမှ တစ်ဖန် ပြန်၍ ကပ်သွားလေ၏။ ထိုအခြင်းအရာကို လူရိုင်းတို့ တွေ့မြင်ကြရသောအခါ ထိတ်လန့် တုန်လှုပ်သည့် လက္ခဏာနှင့် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ဆုတ်သွားကြလေ၏။

ထိုအခါ ကျွန်တော်သည် ဘေးမှ လွတ်မြောက်ရန် နည်းလမ်းကို မြင်သည်ဖြစ်၍ မောင်ဘစံအား စိုက်ထားသော သွားများကို ချွတ်လိုက်စေရာ လူရိုင်းတို့လည်း အဝေးသို့ ရုတ်တရက် ထွက်ပြေးကြပြီးမှ တန့်ရပ်ကာ ကြည့်နေကြလေ၏။ ၎င်းနောက် မည်သို့သော အခြင်းအရာကြောင့် ဖြစ်သည်ကို စုံစမ်းလိုသည့် လက္ခဏာနှင့် အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်၍ လာကြပြန်ရာ အနီးသို့ ရောက်ကာလ မောင်ဘစံက သွားမရှိသော ပါးစပ်ကို ဖွင့်၍ ဟောင်းလောင်းကြီး ပြလိုက်ပြန်သောအခါ နောက်သို့ ဆုတ်ပြေးကြပြန်လေ၏။ မနီးမဝေးသို့ ရောက်ကြပြန်သောအခါ ရပ်တန့်လျက် ကြည့်နေကြသည်တွင် မောင်ဘစံသည် လက်ဖြင့် ပါးစပ်ကို ပိတ်ပြီးနောက် ဖွင့်လိုက်သောအခါ သွားများ ပေါက်လျက် ရှိပြန်ခြင်း၊ တဖန် ပိတ်၍ ဖွင့်လိုက်ပြန်သောအခါ သွားများ ပျောက်သွားပြန်ခြင်း စသည်ဖြင့် ဖွင့်ချည် ပိတ်ချည် ပျောက်ချည် ပေါ်ချည် ပြုလုပ်သောအခါ ယခင်က မြားနှင့် ပစ်ခတ်သော သူငယ်သည် မြေပေါ်၌ အလျားမှောက်ကာ ဝပ်တွားလျက် ရှိနေလေ၏။ ထိုနောက် အခြားသော သူများသည်လည်း ထိုနည်း အတူ အလျားမှောက်ကြပြီးလျှင် 'အသင်နတ်မင်းတို့။ ကျွန်ုပ်တို့ကို ချမ်းသာပေးတော်မူပါ' ဟု ရေရွတ်ကာ တောင်းပန်ကြလေကုန်၏။

ထိုအခါ ကျွန်တော်က ကျွန်ုပ်တို့သည် စင်စစ်အားဖြင့် လူသားများ မဟုတ်၊ လနတ်သားများ ဖြစ်ကြကြောင်း၊ ဤတိုင်းပြည် ဤနယ်ပယ်သို့ စုံစမ်းကြည့်ရှုရန် လာရောက်ခြင်း ဖြစ်ကြောင်း ကျွန်ုပ်တို့အား ရန်မရှာမူ ကျွန်ုပ်တို့က မည်သို့မျှ ဥပဒ်ပြုမည် မဟုတ်ကြောင်း၊ အကယ်၍ မိမိတို့အား စတင် နှောင့်ယှက်ခြင်း ပြုခဲ့ပါမူ တစ်ဦးတစ်ယောက်မျှမက လူရိုင်း တစ်မျိုးလုံးပင် ပြုတ်အောင် ဖြုတ်နိုင်သည် ဖြစ်ကြောင်းနှင့် ခြိမ်းခြောက်ပြီးနောက် ပျံဝဲလျက် ရှိသော ငှက်ငယ်တစ်ကောင်ကို သေနတ်နှင့် ချိန်ရွယ် ပစ်ခတ်လိုက်ရာ ငှက်သည် မြေသို့ ကျလာသည်ကို မြင်သဖြင့် လူရိုင်းတို့လည်း ရှေးကထက် တုန်လှုပ်ခြင်း ဖြစ်ကြလေ၏။ ၎င်းနောက် ကျွန်တော်က



ကျွန်တော်တို့အား လေးမြားဖြင့် စတင် ပစ်ခတ်သော သူငယ်အား အပစ် [illegible]ခဲ့ဟု ခြိမ်းခြောက်ပြီးနောက် သေနတ်နှင့် ချိန်ရွယ်လေရာ ထိုသူငယ်မှာ [illegible]င်၏ သားဖြစ်၍ ချမ်းသာပေးပါမည့် အကြောင်းနှင့် ဝိုင်းဝန်း တောင်း[illegible]ကြသည်တွင် ကျွန်တော်သည် သေနတ်ကို ချထားလိုက်လေ၏။

၎င်းနောက် ကျွန်တော်တို့သည် လူရိုင်းတို့ နေထိုင်သော တိုင်းပြည်သို့ [illegible]လိုကြောင်းနှင့် ပြောဆိုသောအခါ လူရိုင်းတို့သည် နတ်မင်းများ လာ[illegible]သည်ကို ဝမ်းမြောက်ပါကြောင်းနှင့် ပြောဆို၍ ၎င်းတို့နှင့်အတူ ခေါ်ဆောင်၍ သွားလေ၏။

လမ်းခရီး၌ ကျွန်တော်တို့ သိရှိရသည်မှာ ထိုလူရိုင်း သူငယ်သည် [illegible]င်၏ သားဖြစ်၍ တောကစားထွက်ခဲ့ရာ အခြားသူများမှာ ၎င်း၏ [illegible]ပါ အခြွေအရံများသာလျှင် ဖြစ်ကြောင်း၊ တိုင်းပြည်မှ ထွက်လာခဲ့သည်မှာ နှစ်ရက်ခန့် ကြာရှိပြီ ဖြစ်၍ ထိုအရပ်သည် ၎င်းတို့၏ တိုင်းပြည်နှင့် [illegible]ခရီးမျှ ဝေးကွာသေးကြောင်း သိရှိရလေ၏။

ကိုရှုဝံ၏ သိုက်စာအရမှာ ဓာတ်ကို ပတ္တမြားတောင်သည် လူရိုင်း [illegible]၏ တိုင်းပြည် နယ်ပယ်အတွင်း၌ တည်ရှိသည်ဟု ပါရှိသည် ဖြစ်သော ကြောင့် ကျွန်တော်တို့မှာ ခရီးအဆုံးသို့ ရောက်လုပေပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် လိုက်ပါ သွားရောက်ကြလေရာ တတိယနေ့တွင် လူရိုင်းတိုင်း ပြည်သို့ ဆိုက်ရောက်ကြလေ၏။ ၎င်းတိုင်းပြည်မှာ တိုင်းပြည်ဟူ၍ ဆိုရ သော်လည်း စင်စစ်အားဖြင့် ကြီးကျယ်ခမ်းနားလှသည် မဟုတ်။ သက်ငယ်နှင့် [illegible]သော မြက်ပင်တစ်မျိုးဖြင့် ဆောက်လုပ်ထားသော တဲကြီးများ သာလျှင် [illegible]သဖြင့် ရွာကြီးမျှသာ ဖြစ်ပေသည်။ ကျွန်တော်တို့ကို ခေါ်ဆောင်ခဲ့သော လူရိုင်းကြီး၏ အမည်မှာ ဂံဝန ဟုခေါ်တွင်ကြောင်း သိရှိရလေရာ ၎င်းဂံဝန သည် ကျွန်တော်တို့အား တဲကြီးတစ်ခုအတွင်းတွင် စောင့်ဆိုင်းနေရစ်ရန် [illegible] ထားခဲ့ပြီးလျှင် လူရိုင်းဘုရင်ထံ ကျွန်တော်တို့၏ အကြောင်းကို ပြောကြား[illegible] ထွက်သွားလေ၏။

၎င်းတဲကြီးအတွင်း စောင့်ဆိုင်းလျက် ရှိကြစဉ် ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းများ တည်ခင်းကျွေးမွေးသော ပျားရည်၊ နွားနို့၊ အမဲသားခြောက်၊ ပြောင်းဖူး အစရှိသော အာဟာရများကို မြိန်ရှက်စွာ စားသောက်လျက် ရှိ နေရစ်ကြလေ၏။ သို့ရာတွင် ကျွန်တော်တို့သည် ဂံဝနတို့ လူစုကို ခြောက် လှန့်နိုင်ခြားသော်လည်း ရှင်ဘုရင်ကမူ ကျွန်တော်တို့အား မည်ကဲ့သို့ လက် ခံမည်ကို တွေးမိတိုင်း စိတ်မအေးအောင် ဖြစ်လျက် အကယ်၍ သတ် ဖြတ်ရန် စီမံခဲ့လျှင် တတ်နိုင်သမျှ ခုခံကြအံ့ဟု အောက်မေ့လျက် လက်နက် များကို အသင့် ပြင်ဆင်၍ ထားကြလေ၏။

တစ်နာရီခန့်မျှ ကြာရှိလေလျှင် ဂံဝနသည် ကျွန်တော်တို့ထံ ပြန်လာခဲ့၍ ဘုရင်မင်းမြတ်က ကျွန်တော်တို့နှင့် တွေ့လိုကြောင်း ပြောသဖြင့် ကျွန်တော်တို့သည် ဂံဝနနှင့်အတူ လိုက်သွားကြလေ၏။ ၎င်းရွာကြီးမှာ စက်ဝိုင်းပုံ သဏ္ဌာန်ရှိသည် ဖြစ်ရာ အလယ်ဗဟို တည့်တည့်၌ အခြားသော တဲများထက် အဆများစွာ ကြီးမားသော တဲတစ်လုံး ရှိလေ၏။ ဂံဝနသည် ကျွန်တော်တို့ကို ၎င်းတဲကြီးအတွင်းသို့ ခေါ်သွားသဖြင့် အတွင်းသို့ ဝင်မိကြ သောအခါ ငါးဆယ်ခန့်မျှသော လူရိုင်းတို့သည် မြေပေါ်တွင် ဝပ်တွားကာ ရှိနေကြလျက် တစ်ယောက်သော လူရိုင်းမှာ မြေကြီးကို ပလ္လင်သဖွယ် အ ဆင့်ဆင့် ဖြစ်အောင် ပြုပြင်၍ ထားသော နေရာအရပ်တွင် ထိုင်လျက် ရှိ လေ၏။ ၎င်းမှာ လူရိုင်းဘုရင် ဖြစ်လေသည်။

လူရိုင်းဘုရင်သည် အခြားသော လူရိုင်းများထက် အရပ်အမောင်း ထွားကြိုင်း ခန့်ငြားခြင်း ရှိလျက် ဆွတ်ဆွတ်ဖြူသော သားကောင်၏ အ ရေဖြင့် ဝတ်ဆင်ထားသည် ဖြစ်ရာ သားမွေးအနက်ဖြင့် ဦးထုပ်သဖွယ် ပြု လုပ်ထားသော အရာဝတ္ထုကို ဦးခေါင်းတွင် ဆောင်းလျက် ၎င်း၏ အလယ် တည့်တည့်၌ တစ်တောင်ခန့် ရှိ၍ ဖွေးဖွေးဖြူသော ငှက်တောင်ကြီး တစ် တောင်ကို စိုက်၍ ထားလေရာကား လူရိုင်းပင် ဖြစ်လင့်ကစား များစွာ ခံ့ညားခြင်း ရှိပေ၏။ ၎င်းနဖူးပြင်၌ကား ရဲရဲနီသော ကျောက်နီကြီးတစ်လုံး ကို သားရေကြိုးဖြင့် မြဲခိုင်စွာ စည်း၍ ထားသည် ဖြစ်ရာ ၎င်းမှာ ကျောက်နီပင် ဖြစ်သော်လည်း ထူးမြတ်သော အရည်ရှိသည် ဖြစ်၍ ဘုရင်၏ မျက်နှာ တစ်ခုလုံးကို နီမြန်းသော အရောင် ဖြစ်စေလေ၏။ ၎င်း၏ လက်၌ကား



သံလျက်သဖွယ်ရှိသော လက်နက်တစ်ခုကို ကိုင်လျက် ရှိရာ ၎င်း၏ အနီး၌ ကား ကျွန်တော်တို့ မြင်ခဲ့ဖူးသော မင်းသားကလေးသည် လက်ပိုက်ကာ ရပ်လျက် ရှိလေ၏။

ကျွန်တော်တို့ ဝင်သွားကြပြီးသည်နောက် လူရိုင်းတစ်ယောက်သည် ယောယီးယိုင်ယိုင် တဲတွင်းသို့ ဝင်လာ၍ လူရိုင်းဘုရင် မမြင်စေအောင် အခြား သူတို့၏ နောက်မှ ဝပ်တွားကာ ရှိနေရာ ကျွန်တော်တို့နှင့် မနီးမဝေးအရပ်မှ အက်ကွဲစူးရှသော နားမချမ်းသာအောင် ရှိသော အသံဖြင့် တစ်စုံတစ်ခု စကားကို ပြောလိုက်သည်တွင် ရှင်ဘုရင်သည် ထိုသူကို ခေါ်ငင်လေ၏။ ရှေ့သို့ ရောက်သောအခါ တစ်ခွန်း နှစ်ခွန်းမေးမြန်းပြီးနောက် လူရိုင်းဘုရင်က မိမိ၏ သားကို လက်ပြလိုက်ရာ လူရိုင်းမင်းသားသည် ထိုသူ၏ ဦးခေါင်းကို မိမိ၏ လက်မှ သံလျက်နှင့် တစ်ချက်တည်း ခုတ်လိုက်သဖြင့် ထိုသူမှာ လည်ပြတ်၍ သွားလေ၏။ ထိုအခြင်းအရာကို ကျွန်တော်တို့ မြင်ရသောအခါ မည်မျှလောက် တုန်လှုပ်ကြသည်ကို ဖော်ပြရန် မလိုချေ။

၎င်းအကြောင်းကို နောင်အခါ၌ မေးမြန်းသဖြင့် သိရှိရသည်မှာ ထိုသူသည် ဘုရင်ထံ အခစားဝင်ရောက်သည်မှာ နောက်ကျ၍ သွားကြောင်း ဘုရင်ကိုယ်တိုင်က မမြင်သော်လည်း ဘုရင်၏ သက်တော်စောင့် စုန်းမကြီးက မြင်ကြောင်း၊ ထိုအခါ ဘုရင်က စစ်ဆေး၍ မကျေနပ်အောင် ရှိသောကြောင့် တစ်ချက်လွှတ် အမိန့်တော်ဖြင့် အသက်ဆုံးရှုံးအောင် စီရင်လိုက်ခြင်း ဖြစ် ကြောင်း မိမိ၏ သားကလေးအားလည်း လက်နက် စွဲကိုင်ခြင်း၌ အလေ့ အကျင့်ရစေခြင်းငှာ ၎င်းကိုယ်တိုင် စီရင်စေခြင်းဖြစ်ကြောင်းနှင့် သိရှိရလေ၏။

ကျွန်တော်တို့သည် ထိုအခြင်းအရာကို မြင်ရသဖြင့် တုန်လှုပ်သည် မှန်သော်လည်း 'မရဲသော်လည်း ပြေးခဲစေ' ဟူသော စကားပုံအရ တုန်လှုပ် သည့် အမူအရာကို မပြဘဲ မြန်မာလူမျိုး ဖြစ်ပါလျက်နှင့် အရိုင်းအစိုင်းတို့အား ဒူးထောက်ခြင်း၊ ဝပ်တွားခြင်း မပြုမူ၍ လက်ပိုက်ကာ ခပ်ခန့်ခန့် ရပ်၍ နေကြလေ၏။ ထိုအကြောင်းကို အရိုင်းဘုရင် မြင်သဖြင့် အကျိုးအကြောင်း မေးမြန်းသည်အခါ ကျွန်တော်တို့က ပေါလူးအား နတ်သားတို့ မည်သည်မှာ သူတစ်ပါးကို အရိုအသေ မပြုနိုင်၊ သူတစ်ပါးကသာလျှင် ကျွန်ုပ်တို့အား

www.burmeseclassic.com

www.burmeseclassic.com



အရိုအသေ ပြုထိုက်ကြောင်းနှင့် ပြန်ပြောစေသည်တွင် လူရိုင်းဘုရင်သည် ကျွန်တော်တို့အား မြေပလ္လင်ပေါ်သို့ တက်စေလေ၏။

ငင်းနောက် ပေါလူးကို စကားပြန်အရာ၌ ထား၍ လူရိုင်းဘုရင်နှင့် ကျွန်တော်တို့သည် အမေးအဖြေ ပြုလုပ်ကြလေရာ ကျွန်တော်တို့က ဖြေဆိုရန် လွယ်ကူသော ပြဿနာကိုသာလျှင် ကျေနပ်အောင် ဖြေဆို၍ အဖြေခက်သော ပုစ္ဆာများကိုမူ တိရစ္ဆာန်တို့သည် လူသားတို့၏ ဓလေ့ထုံးစံများကို နားမလည်နိုင်ဘိသကဲ့သို့ လူသားတို့သည်လည်း နတ်သားများ၏ ဓလေ့ ထုံးစံများကို နားမလည်နိုင်အောင် ရှိမည်ဖြစ်၍ မေးမြန်းသော်လည်း အချည်းနှီးမျှ ရှိမည်ဖြစ်ကြောင်းနှင့် ခပ်ဂွကြွား ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ လူရိုင်းဘုရင်က ကျွန်တော်တို့၏ တန်ခိုးကို ပြရန် တောင်းပန်သောအခါ ကျွန်တော်က နွားတစ်ကောင်ကို တဲတွင်းသို့ ဆောင်ယူခဲ့စေပြီးနောက် အတောင် ခြောက်ရာခန့်ဝေးသော အရပ်မှ သေနတ်နှင့် ချိန်၍ ပစ်လိုက်သဖြင့် နွားသည် မြေသို့ လဲသွားသည်ကို မြင်ကြရသောအခါ လူရိုင်းဘုရင်နှင့်တကွ လူရိုင်း သေနာပတိ အပေါင်းတို့သည် များစွာ တုန်လှုပ်ခြင်း ဖြစ်ကြလေကုန်၏။

ငင်းနောက် ကျွန်တော်တို့သည် အဆင်သင့် ဆောင်ယူခဲ့သော မှန်ကလေးတစ်ချပ်ကို လည်းကောင်း၊ မှန်ဘီလူးတစ်ခုကို လည်းကောင်း၊ မှန်ပြောင်းကလေးတစ်ခုကို လည်းကောင်း၊ နာရီကို လည်းကောင်း တစ်ခုပြီးလျှင် တစ်ခု ထပ်ဆင့်၍ ပြရာ အရိုင်းဘုရင်သည် ကျွန်တော်တို့၏ တန်ခိုးကို ကောင်းစွာ ယုံကြည်သဖြင့် အံ့သြစွာနှင့် အရိုအသေ ပြုလေ၏။

ငင်းနောက် လူရိုင်းဘုရင်သည် မိမိ၏ မှူးမတ်သေနာပတိများအား ထွက်သွားစေပြီးလျှင် လူရိုင်းမကလေးများကို သွင်းခဲ့စေ၍ အတီးအမှုတ် အက အမျိုးမျိုးဖြင့် ကျွန်တော်တို့အား ဖျော်ဖြေညှော်ခံလေ၏။ အက ပွဲပြီး လတ်သော် ကျွန်တော်တို့ အသီးအသီးအား မိန်းကလေး တစ်ယောက်စီ ရွေးချယ်၍ ယူစေရာ ကျွန်တော်က နောင်လာမည့် ဘေးကို တွေးမိသည် ဖြစ်သောကြောင့် နတ်တို့မည်သည်မှာ လူသားတို့နှင့် ဆက်ဆံခြင်း မရှိကြောင်း ပြော၍ ငြင်းဆန်လိုက်ရလေ၏။ မောင်ဘဇံကမူ ကချေသည်မ တစ်ယောက်



၏ အပေါ်၌ စွဲလမ်းတပ်ငြိခြင်း ရှိသည် ဖြစ်၍ ကျွန်တော်၏ ငြင်းဆန်ခြင်းကို မနှစ်သက်ဘဲ မနှင့် ပတ်သက်၍ အနှောင့်အယှက် ဖြစ်တတ်ကြောင်း ပြောပြသောအခါမှသာလျှင် အနိုင်နိုင် အောင့်အည်း၍ သဘောတူညီလေ၏။

ငင်းနောက် လူရိုင်းဘုရင်သည် ကျွန်တော်တို့အား ညှော်ခံသည့် တာဝန်ကို ဂံဝနအား ပေးထား၍ ဂံဝနသည် ကျွန်တော်တို့အား ယခင်က တဲသို့ ခေါ်သွားပြီးလျှင် အိပ်ရာ နေရာစသည်တို့ဖြင့် ကောင်းမွန်စွာ ပြင်ဆင်၍ ပေးလေ၏။ ထိုအချိန်အခါသို့ တိုင်အောင်မူ အရာခပ်သိမ်း ချောမောကောင်းမွန်စွာ ရှိသေးသည် ဖြစ်၍ ဘေးအန္တရာယ်နှင့် ကင်းဝေးလျက် ရှိချေသေး၏။ သို့ရာတွင် ငင်းဘေးဥပဒ်အန္တရာယ်သည် များစွာ ကွာလှ သော့သည် မဟုတ်ချေ။

ကျွန်တော်တို့သည် ဂံဝန၏ တဲ၌ နေထိုင်စဉ် ငင်းတိုင်းပြည်၏ အကြောင်းကို မေးမြန်းစုံစမ်းသဖြင့် သိရှိရသည်မှာ ဤတိုင်းပြည်ကို ယခုဘုရင် မအုပ်ချုပ်မီ ငင်း၏ နောင်တော်သည် ဘုရင်ဖြစ်ကြောင်း၊ တစ်နေ့သ၌ ယခုအရှင်သည် မိမိနောင်တော်၏ ထီးနန်းစည်းစိမ်ကို လုပ်ကြံလိုသည် ဖြစ်၍ မိမိနှင့် ချစ်ကျွမ်းဝင်သော အပေါင်းအဖော် နောက်လိုက်နောက်ပါများကို စုရုံးခေါ်ငင်ပြီးလျှင် ဘုရင်၏ထံ အခစားဝင်ရောက်ကြောင်း၊ ငင်းနောက် ညီတော်သည် ရုတ်တရက် ထ၍ နောင်တော်ဘုရင်ကို ပလ္လင်ပေါ်မှ ဆွဲ၍ ချပြီးလျှင် ဦးခေါင်းကို ငင်း၏ သံလျက်နှင့် ပိုင်းလိုက်ကြောင်း၊ ငင်းနောက် တစ်တိုင်းပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွား၍ မိဖုရားကြီးသည် ငင်းသတင်းကို ကြားရသောအခါ အသက် ရှစ်နှစ်ခန့် အရွယ်ရှိသော သားငယ်ကို လက်ဆွဲပြီးလျှင် တိုင်းပြည်မှ ရုတ်တရက် ထွက်ပြေးသွားကြောင်း၊ ငင်းတို့၏ သတင်းကို ယခုတိုင် မကြားရသည်ဖြစ်၍ သေသည် ရှင်သည်ကို မသိရကြောင်းနှင့် ပြောဆိုသောအခါ ကျွန်တော်က ထိုသူငယ်ကို ယခု တွေ့မြင်ခဲ့လျှင် မည်သို့ သိနိုင်ရန် အမှတ်အသားများ ပါရှိကြောင်း မေးမြန်းသောအခါ ထီးမွေနန်းမွေကို ခံစားရမည့် ဘုရင်၏ သားအကြီး မှန်သမျှမှာ ခါးမှာ မြွေနှစ်ကောင် ပတ်၍ နေသည့် သဏ္ဍာန်ကို ဆေးနက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုးထားကြောင်း၊ ထိုသူငယ်မှာလည်း သေးထိုးပြီး ဖြစ်၍ ယခုအခါ၌ အသက် နှစ်ဆယ်ကျော် သုံးဆယ်နီးပါး ရှိသော်လည်း ၎င်း အထိမ်းအမှတ် ပါရှိရမည် ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ထိုအတောအတွင်း ကိုမှုဝသည် မိမိ၏ ညီတစ်ယောက် လာရောက်ဖူးသည် အကြောင်းကို စုံစမ်းမေးမြန်းရာ ၎င်းတိုင်းပြည်သို့ လွန်ခဲ့သည့် ငါးနှစ်ကို မဆိုထားဘိ၊ ဂံဝန၏ တစ်သက်ပတ်လုံး သူစိမ်း တစ်ဦး တစ်ယောက်မျှ လာရောက်ဖူးသည်ဟု မကြားဘူးကြောင်းနှင့် ပြောဆိုလေ၏။ ၎င်းနောက် ပတ္တမြားကျောက်များ၏ အကြောင်းကို မေးမြန်းပြန်ရာ ဤရွာနှင့် သုံးတိုင်ခရီးခန့် ဝေးကွာသော အရပ်ဒေသ၌ ထူးဆန်းသော တောင်ခေါင်းကြီး တစ်ခု ရှိ၍ ၎င်းတောင်ခေါင်းကြီးအတွင်းတွင် ဘုရင်၏ ဦးခေါင်း၌ တပ်ဆင်၍ ထားသော ကျောက်နီမျိုးပေါင်း အမြောက်အမြား ရှိသည်ဟု ကြားရဖူးကြောင်း၊ ဂူကြီးအတွင်းသို့ ဝင်ရန် နည်းလမ်းကိုမူ ဘုရင်တစ်ပါးသာလျှင် သိရှိကြောင်း၊ ဘုရင်မှတစ်ပါးလည်း သက်တော်စောင့် စုန်းမကြီးသာလျှင် သိကြောင်း၊ ၎င်းစုန်းမကြီးမှာ ဘုရင်အဆက်ဆက်ကို မီခဲ့သည် ဖြစ်၍ အသက်မည်မျှ ရှိသည်ဟု မည်သူမျှ မပြောနိုင်ကြောင်း၊ နောင်တော် ဘုရင်ကို ညီတော်က လုပ်ကြံသည်အခါ စုန်းမကြီးသည် ညီတော်ဘက်မှ ကူညီကြောင်း၊ ၎င်းတောင်ခေါင်းအတွင်းသို့ စုန်းမကြီးတစ်ဦးသာလျှင် ရောက်ဖူးကြောင်းများနှင့် ပြောဆိုသဖြင့် သိရှိရလေ၏။

နောက်တစ်နေ့၌ လူရိုင်းတို့သည် ဘုရင်၏ တဲကြီးအနီး၌ အဆောက်အအုံများ ဆောက်လုပ် ပြင်ဆင်လျက် ရှိကြလေရာ ကျွန်တော်တို့က အကြောင်းကိစ္စကို မေးမြန်းသည်တွင် နက်ဖြန်သည်ကား နှစ်စဉ် ပြုလုပ်မြဲ ဖြစ်သော ပွဲကြီးကျင်းပမည် ဖြစ်ကြောင်း ၎င်းပွဲကြီး၌ အရပ်ရပ်မှ ဘုရင်၏ ကျေးကျွန် အားလုံးကို စုဝေးပြီးလျှင် စုန်းမကြီးက တစ်ယောက်စီ အနံ့ခံ၍ ကြည့်ပြီးနောက် ဘုရင်၏ ထီးနန်းစည်းစိမ်ကို လုပ်ကြံမည့် သူများကို ထုတ်နုတ်ရွေးချယ်မည် ဖြစ်ကြောင်း၊ စုန်းမကြီးသည် ဘုရင်၏ ရန်သူကို အနံ့ခံ၍ ကြည့်ရုံမျှနှင့် သိရှိနိုင်သည်ဟု ဘုရင်က ယုံကြည်ကြောင်း၊ ရန်သူ



ဖြစ်ကြောင်းနှင့် စုန်းမကြီးက စွပ်စွဲသော သူများကို ဘုရင်သည် စစ်ဆေးမေးမြန်းခြင်း မရှိဘဲ ထိုနေ့ ထိုနေရာ၌ပင် တစ်ခါတည်း ဦးခေါင်းကို ခုတ်၍ သတ်ဖြတ်ကြောင်းနှင့် ပြောဆိုသည့်အခါ ကျွန်တော်တို့မှာ ၎င်းထုံးစံကို မနှစ်သက်သည် ဖြစ်၍ ၎င်းပွဲသို့ သွားရမည်ကို စိုးရိမ်မကင်း ဖြစ်ကြရလေ၏။

ယင်းသို့ စိုးရိမ်မကင်းကြပါသော်လည်း ကျွန်တော်တို့မှာ ရှောင်လွှဲခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ဘုရင်ကိုယ်တိုင်ပင် ဖိတ်ခေါ်ငင်သည့် အတိုင်း နောက်တစ်နေ့တွင် ဘုရင်၏ ရှေ့သို့ ဝင်ကြရလေ၏။ ဘုရင်၏ တဲကြီးရှေ့၌ ရှိသော နေရာကွက်လပ်ကြီးတွင် လူပေါင်း သုံးထောင်ခန့်မျှ နေထိုင်လောက်သော ကနားဖျင်းကြီးတစ်ခုကို သစ်ရွက်သစ်ခက်များဖြင့် ဆောက်လုပ်၍ ထားလေရာ ကျွန်တော်တို့အတွက်မှာမူ ဘုရင်၏ မြေပလ္လင်အနီးတွင် မြင့်သော နေရာ တစ်ခုကို ပြင်ဆင်၍ ထားလေ၏။ ကျွန်တော်တို့သည် ဂံဝနနှင့်အတူ မဏ္ဍပ်တွင်းသို့ ဝင်သွားကြသောအခါ ပရိသတ်အပေါင်းတို့မှာ မြေပေါ်၌ နှံ့ကာ ထိုင်နေကြပြီး ဖြစ်လေရာ ကျွန်တော်တို့အတွက် ပြင်ဆင်၍ ထားသော နေရာ၌ ထိုင်ကြပြီးနောက် ပရိသတ်ဦးရေကို ခန့်မှန်း၍ ကြည့်သည်တွင် အနည်းဆုံးအားဖြင့် သုံးထောင်ခန့်မျှရှိ၍ လူလုံးလူထည် ထွားကြိုင်း ကြီးမားသော ယောက်ျားကြီးများသာလျှင် ဖြစ်ပေ၏။

တစ်ခဏမျှကြာလျှင် လူရိုင်းဘုရင်သည် ဆယ်ယောက်ခန့်မျှသော ကိုယ်ရံတော်များ မဏ္ဍပ်တွင်းသို့ ဝင်လာရာ ပရိသတ်တို့လည်း မြေ၌ ဝပ်တွားကာ ရှိနေကြလေ၏။ ၎င်းနှင့်အတူ အလွန်တရာ အိုမင်းလှသော မိန်းမကြီး တစ်ယောက်သည် ခြေနှင့် မျက်နှာ ထိလုမတတ် ရှိအောင် ကုန်းကွလျက် တောင်ဝှေးကို စွဲကိုင်ကာ ပါလာသည် ဖြစ်ရာ ၎င်းသည် မြေပလ္လင်၏ အနီးတွင် ဝပ်တွားကာ ထိုင်နေလေ၏။

ဘုရင်ဖြစ်သူလည်း ပလ္လင်၌ ထိုင်မိလေလျှင် ယနေ့သည် မိမိ၏ ရန်သူများကို သုတ်သင်မည် ဖြစ်သောနေ့ ဖြစ်ကြောင်းကို လေးနက်ရှည်စက်သော အသံဖြင့် ပြောလိုက်သည်အခါ ပရိသတ်အပေါင်းတို့လည်း တုန်လှုပ်သော အမူအရာနှင့် တည်ငြိမ်စွာ ရှိနေကြလေ၏။ ၎င်းနောက် ဘုရင်က

www.burmeseclassic.com

www.burmeseclassic.com



စုန်းမကြီးအား မိမိ၏ ဝတ္တရားကို မထောက်မညှာ ဆောင်ရွက်ရန် အမိန့်ပေးလိုက်သောအခါ စုန်းမကြီးသည် ဝပ်လျက်ရှိရာမှ ထ၍ တောင်ဝှေးကို ကောင်းကင်သို့ မြှောက်ပြီးလျှင် ထိုမှဤမှ ယိမ်းကာ ရှုမကောင်း မြင်မကောင်းအောင် ကခုန်လေ၏။ ၎င်းနောက် စီတန်းကာ ဝပ်တွားလျက် ရှိသော ပရိသတ်များအနီးသို့ တစ်ယောက်စီ တစ်ယောက်စီ ချဉ်းကပ်၍ ခြေမှ ဦးခေါင်းသို့ တိုင်အောင် အနံ့ခံလေရာ ယင်းကဲ့သို့ အနံ့ခံသော လူတိုင်းလူတိုင်းသည် မျက်နှာပျက်၍ သွားပြီးနောက် စုန်းမကြီး ခွာ၍ သွားသောအခါမှ သက်ပြင်းချလျက် ရှိရစ်ကြလေ၏။

ယင်းကဲ့သို့ ကခုန်ရင်း လူ ငါးဆယ်ကျော်ခန့်မျှ အနံ့ခံ၍ ပြီးလတ်သော စုန်းမကြီးသည် အသက် သုံးဆယ်ကျော်အရွယ်ခန့်ရှိ လူတစ်ယောက်ထံသို့ ရောက်လာကာ မသင်္ကာသော အမူအရာနှင့် ရှေ့သို့ တက်ချည်နောက်သို့ ဆုတ်ချည်၊ မျက်နှာကို ကောင်းကင်သို့ မော့ချည် မြေသို့ချချည် ပြုလုပ်ပြီးနောက် တောင်ဝှေးနှင့် ထိုသူ၏ ရင်ဘတ်ကို တို့လိုက်ရာ ထိုသူမှာ ထိတ်လန့်လှသည့် အမူအရာနှင့် မျက်နှာ၌ သွေးများ ဆုပ်၍ ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။ ယင်းသို့ ပြုသည်နှင့် တစ်ပြိုင်နက် ထိုသူအနီး၌ ရှိသော လူနှစ်ယောက်တို့သည် ထိုသူ၏ လက်နှစ်ဘက်ကို တစ်ယောက်တစ်ဖက်စီ ကိုင်ဆွဲ၍ ဘုရင်၏ ရှေ့သို့ ခေါ်လာခဲ့ရာ ကိုယ်ရံတော် တစ်ယောက်သည် ဘုရင်က လက်ပြလိုက်သည်ကို မြင်သဖြင့် ထိုသူ၏ လည်ပင်းကို သံလျက်နှင့် ပိုင်းလိုက်လေ၏။ ထိုအခြင်းအရာကို တွေ့မြင်ကြရသောအခါ ကျွန်တော်တို့မှာ များစွာ စက်ဆုပ်တုန်လှုပ်ခြင်း ဖြစ်ကြလျက် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်ကာ ရှိနေကြလေ၏။

ထိုသူကို စီရင်ပြီးနောက် စုန်းမကြီးသည် ရှေးနည်းအတူ ကခုန်လျက် ကျန်သော ပရိသတ်များကို တစ်ယောက်စီ တစ်ယောက်စီ အနံ့ခံပြီးနောက် လူ နှစ်ဆယ်ခန့်တို့ကို ရှေးနည်းတူ စွပ်စွဲ၍ အာဏာသားတို့က ရှေးနည်းအတူပင် စီရင်လိုက်ကြလေ၏။

နောက်ဆုံး၌ စုန်းမကြီးသည် ကျွန်တော်တို့ ရှိရာသို့ လာရောက်



ပြီးလျှင် ကျွန်တော်ကို ရှေးဦးစွာ အနံ့ခံလေရာ ကျွန်တော်မှာ သူရဲဘောနည်းလှသော သူတစ်ယောက် မဟုတ်ငြားသော်လည်း စုန်းမကြီးအနီး၌ ရှိသည့်အခါတွင် စပါးကြီးမြွေ၏ မျိုခြင်းကို ခံရတော့မည့်ဆဲဆဲ ရှိနေသော သူ၏ တုန်လှုပ်ခြင်းကဲ့သို့ တုန်လှုပ်မိသည် မှန်ပေ၏။ ၎င်းနောက် ကျွန်တော်တို့ ကျော်လွန်၍ ကိုမှုဝံ၏ အလှည့်သို့ ရောက်သောအခါ ကိုမှုဝံမှာ ဣန္ဒြေကောင်းသော သူတစ်ယောက် ဖြစ်သည်အားလျော်စွာ တုန်လှုပ်သော်လည်း မတုန်လှုပ်ယောင်ပြုလျက် ခပ်ပြုံးပြုံး မျက်နှာထားနှင့် ဆေးလိပ်ကို သောက်ကာ ရှိနေလေ၏။ မောင်ဘစံ၏ အလှည့်သို့ ရောက်သောအခါ၌မူကား မောင်ဘစံသည် အားကိုးရာမဲ့ ဖြစ်သော မျက်နှာထားနှင့် ကျွန်တော်တို့၏ မျက်နှာများကို လှမ်း၍ ကြည့်ပြီးလျှင် ကြောက်ရွံ့တွန့်ဆုတ်ကာ ရှိနေရှာလေ၏။ စုန်းမကြီးသည် ၎င်းကို ကျော်လွန်၍ ပေါလူး၏ အနီးသို့ ရောက်သောအခါ၌ အမူအရာ ပြောင်းလဲလျက် ရှေ့တိုးနောက်ငင် ဆုတ်ချည်တက်ချည် ပြုလုပ်ပြန်လေ၏။ ထိုအခြင်းအရာကို ကျွန်တော်တို့ တွေ့မြင်ကြရသောအခါ များစွာ စိုးရိမ်မကင်း ဖြစ်ကြရသည် ဖြစ်ရာ ပေါလူးကိုယ်တိုင်မှာမူ သတ္တိကောင်းသော သူတစ်ယောက် ဖြစ်သည်နှင့် မတုန်မလှုပ် လက်ပိုက်ကာ ခပ်အေးအေးပင် ရှိနေလေ၏။

စုန်းမကြီးသည် ပေါလူးကို ခြေဆုံးခေါင်းဆုံး အနံ့ခံ၍ ကြည့်ပြီးနောက် အခြားသော သူများကို စွပ်စွဲသည့် နည်းတူ ပေါလူး၏ ရင်ဘတ်ကို တောင်ဝှေးနှင့် တို့လေရာ အာဏာသားနှစ်ယောက်တို့လည်း ပေါလူးကို ဆွဲငင်မည်ဟု ထ၍ လာကြသည်တွင် ကျွန်တော်က ထိုင်ရာမှ ရုတ်တရက် ထပြီးနောက် ပေါလူးမှာ ကျွန်ုပ်တို့၏ လူဖြစ်သောကြောင့် ၎င်းကို လက်ဖျားနှင့် တို့သူအား နေရာ၌ ပွဲချင်းပြီးသေစေမည်ဟု ပြောလျက် သေနတ်နှင့် ချိန်ရွယ်လေ၏။ ထိုအခါ ဘုရင်ကလည်း နတ်သား၏ တပည့်ဖြစ်စေ လူသား၏ တပည့်ဖြစ်စေ မိမိ၏ ရန်သူမှန်ခဲ့လျှင် သတ်ရမည် ဖြစ်ကြောင်းနှင့် ပြောဆိုသည်တွင် ကျွန်တော်တို့ လေးဦးသည် ကျောချင်းကပ်၍ ခုခံမည် ပြုကြသဖြင့် ပရိသတ်အားလုံး အုတ်အုတ်ကျက်ကျက် ဖြစ်၍ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အာဏာသားတို့လည်း အလုံးအရင်းနှင့် လာရောက်၍ ဖမ်းဆီးကြမည် ပြုသည်တွင် ကျွန်တော်တို့သည် ရှေ့ဆုံးက လူများကို လက်နက်များနှင့် ပစ်ခတ်လိုက်သဖြင့် လူရိုင်း လေးယောက်သည် ကျဆုံးလေ၏။ ၎င်းနောက် ကျန်လူရိုင်းတို့လည်း အတင်းချဉ်းနင်း ဝင်ရောက် ဖမ်းဆီးမည်ပြုသည်တွင် ပေါလူးသည် မိမိ၏ ခါးဝတ်ကို ရုတ်တရက် ချွတ်ပြီးနောက် ဆေးနက်ဖြင့် ထိုးထားသော မြွေရုပ်နှစ်ရုပ်ကို ပြလျက် မိမိသည် ဘုရင်၏ သားတော် အစစ်ဖြစ်၍ ဤတိုင်းပြည်ကြီးသည် မိမိတိုင်းပြည် ဖြစ်ကြောင်း၊ မိမိ၏ ဖခင်ကို မတရားသဖြင့် သတ်၍ ထီးနန်းစည်းစိမ်ကို လုယူသော ဘထွေးကို လက်စားချေရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ မှန်သော ဘုရင်စစ်၏ သားကို ချစ်ခင်သော ပြည်သားကောင်းတို့သည် မိမိ၏ဘက်သို့ လိုက်ပါ၍ အစ်ကို သတ်သော ဘုရင်ယုတ်ကို ထီးနန်းမှ ချကြမည် ဖြစ်ကြောင်းနှင့် အော်ဟစ်ကာ ပြောဆိုသည့်တွင် ပရိသတ်တို့သည် နှစ်ကွဲ ကွဲပြီးနောက် လူရိုင်းဘုရင်၏ နောက်သို့ တစ်ဝက် ပေါလူး၏ နောက်သို့ တစ်ဝက် လိုက်ပါကြလေကုန်၏။

၎င်းနောက် ကျွန်တော်တို့ လူစုနှင့် ပေါလူးသည် နောက်ပါ လူရိုင်း စစ်သားများကို စုရုံးခေါ်ငင်ပြီးလျှင် ဘုရင်၏ နန်းတော်နှင့် ခရီးနှစ်မိုင်ခန့် ကွာဝေးသော အရပ်ရှိ တောင်ပူစာတစ်ခု၌ စည်းဝေးတိုင်ပင်ကြလေ၏။ ကျွန်တော်တို့ လူစုမှာ တစ်ထောင်ကျော်ခန့်မျှ ရှိသည်ဖြစ်ရာ လူရိုင်း ဘုရင်သည် စစ်သားပေါင်း သုံးထောင်ထက်မနည်း စုဆောင်းနိုင်သည် ဖြစ်၍ ယှဉ်ပြိုင်တိုက်ခိုက်ရန် အတော်ပင် ခဲယဉ်းသည်မှန်သော်လည်း ပေါလူးက မှန်သော အမှုကို ပြုသောဘက်သို့ နတ်သိကြားများသည် အမှန်မုချ ကူညီမည် ဖြစ်ကြောင်း၊ ၎င်းပြင် လူရိုင်းဘုရင်သည် လူအရေအတွက် များပြားသည်ကို အားထား၍ မိမိတို့အား ဤအရပ်သို့ လာရောက်တိုက်ခိုက်ခဲ့ပါမူ မိမိတို့သည် တောင်ပူစာပေါ်မှ ခုခံနိုင်မည် ဖြစ်၍ အမြင့်နှင့် အနိမ့်ဖြစ်သောကြောင့် လူဦးရေပင် နည်းသော်လည်း ပမာဏ မပြုလောက်ကြောင်း ကျွန်တော်တို့မှာမူ ၎င်းအား ကူညီတိုက်ခိုက်သဖြင့် ထမြောက် အောင်မြင်ခဲ့ပါလျှင် ကျွန်တော်တို့



ရှိသော ပတ္တမြားကျောက်နီများကို ဤပြည်မှ လိုသလောက် သည်ပိုး ၍ သွားနိုင်ကြောင်းနှင့် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်တို့မှာ မြား ကျောက်များ ရသည် မရသည်ကို အပထား၍ ဤကိစ္စ မပြီးစီးဘဲ ိုင်းပြည်မှ မည်သည့်နည်းနှင့်မျှ ပြန်နိုင်ရန် မရှိသည် ဖြစ်သောကြောင့် အားရှိသမျှ ကူညီရန် ကတိထားကြလေ၏။

ထိုနောက် ကျွန်တော်တို့သည် စစ်တိုက်ရန်အတွက် ပြင်ဆင်ကြ တောင်ပူစာခြေရင်းမှသည် ထိပ်သို့ တိုင်အောင် မြေကတုတ်များကို ဆင့်ပြီးလျှင် တစ်ဆင့် အထပ်ထပ် ပြင်ဆင် တူးဆွဆောက်လုပ်ကြ နောက် လူဦးရေကို လေးစု ခွဲ၍ တစ်စုလျှင် မြေကတုတ် တစ်ခု တစ် နောက်မှ ခွဲခွာ စောင့်ဆိုင်းကာ ရှိနေကြလေ၏။ ၎င်း လေးစုမှာ ြင့် တစ်စုစီ ခွဲဝေ၍ စောင့်နေရခြင်း ဖြစ်လေရာ အောက်ဆုံး အဆင့်၌ ဝက အုပ်ချုပ်၍ လည်းကောင်း၊ ဒုတိယအဆင့်၌ ကျွန်တော်က အုပ်ချုပ်၍ ည်းကောင်း၊ တတိယ၌ မောင်ဘဖေက လည်းကောင်း၊ အထက်ဆုံးဖြစ်သော တုတ္ထအဆင့်၌ ပေါလူးကိုယ်တိုင် အုပ်ချုပ်၍ အသီးအသီး တာဝန်ခွဲဝေ င့်ဆိုင်းလျက် ရှိနေကြလေ၏။

နောက်တစ်နေ့ နံနက် အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် လူရိုင်း ရင်နှင့် တကွ စစ်သားတို့သည် အလုံးအရင်းနှင့် ချီတက်၍ လာကြလေရာ ရေအတွက်မှာမူကား သုံးထောင်ကျော်ခန့်မျှပင် ရှိလေရာ တောင်ခြေရင်းသို့ ောက်သည်နှင့် တစ်ပြိုင်နက် ကိုရှုဝံ၏ လက်အောက်၌ ရှိသော လူရိုင်း ရှာငါးဆယ်တို့သည် မြေကတုတ်များ၏ နောက်မှ နေ၍ လေးမြားများနှင့် ညီတညာတည်း ပစ်ခတ်ကြလေ၏။ ဘုရင်စစ်တပ်ကလည်း လေးမြား ားနှင့် ပစ်ခတ်ကြလေ၏။ ကျွန်တော်၏ လက်အောက်ရှိ စစ်သားများက သည်း ဒုတိယ မြေကတုတ်၏ နောက်မှ ပုန်းကွယ်၍ ကိုရှုဝံ၏ လူစုကို ကျော်လွန်ပြီးလျှင် ဘုရင်၏ စစ်တပ်သို့ လေးမြားများနှင့် ကူညီပစ်ခတ်ကြ လေ၏။ ရန်သူ၏ မြားတို့မှာမူ မြေကတုတ်ခံနေသည်အတွက် ကျွန်တော်တို့ အား မထိမမှန်နိုင်ဘဲ ရှိရာ ကျွန်တော်တို့ဘက်က မြားချက်မှာမူ ရန်သူဘက်၌

www.burmeseclassic.com

www.burmeseclassic.com



လူသုံးရာထက်မနည်း ဒဏ်ရာ ရရှိကြလေ၏။

သို့ရာတွင် လူရိုင်းတို့သည် သတ္တိကောင်းသော သူများ ဖြစ်ကြသောကြောင့် ဆုတ်ဆိုင်းခြင်း မရှိပေ။ မြေကတုတ်သို့ ရောက်အောင် အတင်းပြေးလွှား ဝင်ရောက်တိုက်ခိုက်ကြလေရာ ကိုရှုဝံ၏ လူစုကလည်း မြေကတုတ်၏ နောက်မှ ဓား ပုဆိန်အစရှိသည် လက်နက်တို့နှင့် ခုခံတိုက်ခိုက်ကြလေ၏။ သို့ရာတွင် မြေကတုတ်ကို အကာအကွယ်ပြု၍ တိုက်ခိုက်ရပါသော်လည်း လူဦးရေ မမျှတသည် ဖြစ်သောကြောင့် ကိုရှုဝံ၏ လူစုသည် နောက်ဆုံး၌ မြေကတုတ်ကို စွန့်လွှတ်ခဲ့ရပြီးလျှင် ကျွန်တော်တို့ ရှိရာသို့ ပြေးလွှား ဆုတ်ခွာလာခဲ့ကြရလေ၏။ ရန်သူတို့လည်း ၎င်းတို့၏နောက်မှ ချဉ်းနင်းလိုက်ပါလာခဲ့ကြပြန်ရာ ဒုတိယအဆင့်၌ ရှိသော ကျွန်တော်တို့ လူစုက လည်းကောင်း၊ တတိယ အဆင့်၌ ရှိသော မောင်ဘဇံတို့ လူစုကလည်းကောင်း လေးမြားများနှင့် ပစ်ခတ်ကြသည် ဖြစ်သောကြောင့် ဘုရင်ဘက်မှ လူရိုင်း အမြောက်အမြားပင် ကျဆုံးလေ၏။

ဒုတိယ မြေကတုတ်၌ လူချင်း ပေါင်းမိကြပြန်လျှင် ကျွန်တော်တို့သည် ရန်သူများကို ခုခံတိုက်ခိုက်ကြပြန်ရာ မြေကတုတ်၏ ကျေးဇူးကြောင့် ကျွန်တော်တို့ဘက်မှ အနည်းငယ်မျှသာ ကျဆုံး၍ ရန်သူဘက်မှမူ အမြောက်အမြား ကျဆုံးလေ၏။ သို့ရာတွင် သတ္တိကောင်းသော လူဦးရေ အမြောက်အမြားကို လူဦးရေ အနည်းငယ်က ကြာရှည်စွာ ခုခံခြင်းငှာ မတတ်နိုင်အောင် ရှိလေရကား ကျွန်တော်တို့သည် တတိယ မြေကတုတ်သို့ ဆုတ်ခွာပြေးသွားကြရပြန်လေ၏။ ရန်သူများက ချဉ်းနင်းလိုက်လံသောအခါ၌ကား တတိယ အဆင့်က လူများနှင့် စတုတ္ထအဆင့်မှ လူများက လေးမြားများနှင့် ပစ်ခတ်တားဆီးကြပြန်လေ၏။ ယင်းကဲ့သို့ တစ်ဆင့်မှ တစ်ဆင့် ဆုတ်ခွာခဲ့ကြ၍ စတုတ္ထအဆင့်သို့ ရောက်သောအခါ၌မူ ကျွန်တော်တို့ဘက်မှ လူပေါင်း ခြောက်ရာခန့်မျှ ကျန်ရှိ၍ ရန်သူတို့ဘက်မှမူ လူတစ်ထောင်ခန့်မျှသာလျှင် ကျန်ရှိလေ၏။ ထိုအဆင့်သည်ကား နောက်ဆုံးအဆင့်ဖြစ်၍ ဆုတ်ခွာရန် မရှိတော့သည်ပြင် လူဦးရေမှာလည်း အဆမတန် ကွာခြားခြင်း မရှိတော့သည်



ဖြစ်သောကြောင့် ပေါလူးနှင့်တကွ ကျွန်တော်တို့ လူစုသည် လူရိုင်းများကို အော်ဟစ်ကာ အားပေးလျက် ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ရှေ့ဆုံးမှ နေ၍ အဆင်သင့်ရာ လက်နက်အမျိုးမျိုးတို့နှင့် ခုခံတိုက်ခိုက်ကြသည်တွင် လူရိုင်းတို့သည် နှစ်ကြိမ်တိုင်တိုင် တပ်လန့်၍ သွားလေ၏။

သို့ရာတွင် လူရိုင်းဘုရင်သည် သတ္တိအထူးကောင်းမွန်သော သူတစ်ယောက် ဖြစ်သည့်အတိုင်း မိမိ၏ စစ်သားများကို မြည်တွန်တောက်တီး နှိုးမြှောက် ခြောက်လှန့်၍ အမျိုးမျိုးသော စကားပရိယာယ်ဖြင့် စုရုံး ခေါ်ငင်ပြီးလျှင် တစ်ဖန်တုံ့ပြန်တိုက်ခိုက်ကြလေရာ ဤအကြိမ်သည်ကား နောက်ဆုံးသော အကြိမ် တိုက်ခိုက်ရခြင်းပေတည်း ဟု နှစ်ဦးနှစ်ဖက် သိရှိကြဟန် လက္ခဏာ ရှိပေ၏။

ကျွန်တော်တို့နှင့် ပေါလူးကလည်း စကားဖြင့် အားပေးရုံမျှမက ဘေးအန္တရာယ် မထုထပ် မရှုပ်ထွေးသော နေရာကို ရွေးချယ်၍ ရှေ့ဆုံးမှ တက်ပြီးလျှင် ရှပ်ရှပ်ချွန်ချွန် ခုခံတိုက်ခိုက်ကြလေရာ နောက်ပါ တပည့်တို့လည်း ကျွန်တော်တို့၏ အမူအရာကို မြင်သဖြင့် အားတက်သရော သူရာငါပါ ထွေးလုံးကာ သတ်ပုတ် ထိုးခုတ်ကြလေ၏။ ရန်သူတို့ဘက်မှလည်း ဘုရင်ကိုယ်တိုင် ရှေ့ဆောင်ပြု၍ မြေကတုတ်တစ်လျှောက် အမျိုးမျိုးသော နေရာတို့မှ တညီတညာတည်း ဝိုင်းအုံကာ တိုက်ခိုက်ကြလေ၏။ ထိုအတောအတွင်း ထိုးသံ ခုတ်သံ ပစ်သံ ခတ်သံ အော်ဟစ်သံ ညီးညူသံတို့သည်လည်း ရှေးကထက် အဆများစွာ ပိုမိုဆူညံစွာ ရှိခဲ့လေ၏။

ယင်းကဲ့သို့ နှစ်ဖက်စလုံး အရှုံးမပေးဟူ၍ မဲမဲသဲသဲ ခဲခဲကြိတ်ကြိတ် တိုက်ခိုက်ကြသဖြင့် တစ်နာရီခန့်မျှ ကြာလေလျှင် ဘုရင်၏ စစ်တပ်နှင့် ကျွန်တော်တို့၏ စစ်တပ်သည် လူဦးရေချင်း ညီမျှသကဲ့သို့ ရှိခဲ့ရာ ထိုအချိန်အခါမှစ၍ ကျွန်တော်တို့၏ ဘက်သားများသည် အားတက်သည်ထက် အားတက်ကြပြီးလျှင် ရဲဝံ့စွန့်စား ထိုးခုတ်သတ်ပုတ်ကြလေရကား နောက်ဆုံး၌ ကျွန်တော်တို့၏ ဘက်မှ စစ်သား တစ်ရာခန့်မျှ ကျန်ရှိ၍ ဘုရင်၏ ဘက်မှမူ သုံးဆယ်ခန့်မျှသာလျှင် ကျန်တော့သည် ဖြစ်သောကြောင့် ဆက်

www.burmeseclassic.com

www.burmeseclassic.com



လတ် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းငှာ မတတ်နိုင်ဘဲ ကစဉ့်ကရဲ တကွဲတပြားစီ ထွက်ပြေးကြလေ၏။

ထိုအခါမှ ကျွန်တော်တို့မှာ အနိုင်ရ၍ မည်သူမည်ဝါ ကျန်ရှိသေးသည်ကို တွေ့ဆုံရေတွက်ကြသည်တွင် ကံအားလျော်စွာ ကျွန်တော်နှင့်တကွ ကိုရွှ၀်၊ မောင်ဘဖဲ၊ ပေါလူးတို့မှာ မကြီးကျယ်လှသော ဒဏ်ရာ အနည်းငယ်မှတစ်ပါး တစ်ဦးတစ်ယောက်မှ ကျဆုံးခြင်း မရှိခဲ့ချေ။ လူရိုင်းတို့မှာမူ နှစ်ဖက်စလုံး တုံးလုံးပက်လက် ခွက်ခွက်လန်အောင် ကျဆုံးသည် ဖြစ်၍ သွေးတို့မှာ တောင်ပေါ်မှ တောင်အောက်သို့ ချောင်းစီးမတတ် ရှိနေခဲ့လေ၏။

ကျွန်တော်တို့သည် စစ်ပွဲကို အောင်မြင်ပြီး ဖြစ်၍ ထီးနန်းကို မည်သို့သိမ်းပိုက်ရမည် အကြောင်း စီမံလျက် ရှိကြစဉ် လူရိုင်းတစ်ယောက်သည် တောင်အောက်မှ ပြေးတက်လာ၍ ခြေပြလက်ပြ ပြုသဖြင့် ကြည့်ရှုသည်တွင် ထိုသူသည် အခြားမဟုတ် လူရိုင်းဘုရင်ပင် ဖြစ်ကြောင်း သိရှိရလေ၏။ ၎င်းနောက် ဘုရင်ဟောင်းက မိမိသည် စစ်သားများ ညံ့ဖျင်းသည်အတွက်ကြောင့် စစ်ပွဲဆုံးရှုံးရသည် မှန်သော်လည်း အသက် မသေသေးသည် ဖြစ်၍ အရှုံးမပေးနိုင်ကြောင်း၊ မိမိ၏ ထီးနန်းကို လုယူလိုသော ပေါလူးနှင့် တစ်ယောက်ချင်း တိုက်ခိုက်လိုကြောင်းနှင့် ကြိမ်းဝါးလေ၏။ ထိုအခါ ပေါလူးက မိမိသည် သူယုတ်မာနှင့် ယှဉ်ပြိုင်တိုက်ခိုက်မည်ဆိုသော် ဂုဏ်သရေ ညှိုးနွမ်းဖွယ်ရှိသည် မှန်သော်လည်း ဖခင်အတွက် ကိုယ်တိုင် လက်စားချေခွင့်ကြုံကြိုက်သည်အတွက် များစွာ ဝမ်းမြောက်ကြောင်းနှင့် ပြောဆို၍ တိုက်ခိုက်ရန် လက်နက်များကို ပြင်ဆင်လေ၏။ ကျွန်တော်တို့က စစ်ပွဲတွင် နိုင်ပြီးမှ အသက်ကို အချည်းနှီး စွန့်စားရန် မထိုက်ကြောင်းနှင့် ပြောဆိုသော်လည်း ပေါလူးသည် ဆုတ်ဆိုင်းခြင်း မရှိဘဲ မိမိ၏ လူများအား တိုက်ခိုက်ရန် မြေပြင်တလင်းကို ရှင်းလင်းသုတ်သင်စေလေ၏။

ထိုအချိန်သည်ကား ညနေခင်း အချိန်ဖြစ်ရာ ဘုရင်ဟောင်းနှင့် ပေါလူးတို့သည် လက်နက်ကို အသီးအသီး ကိုင်စွဲလျက် မျက်နှာချင်းဆိုင် စစ်တလင်းပေါ်၌ ရပ်၍ တစ်ယောက်၏ မျက်နှာကို တစ်ယောက် စေ့စေ့



ကြည့်လျက် ရှိကြစဉ် နှစ်ယောက်လုံးသော သူတို့မှာ အရုပ်အမောင်း၏ ခွားကြိုင်းခြင်း၊ ကြံ့ခိုင်သန်မာသော ကိုယ်လက်အင်္ဂါနှင့် ပြည့်စုံခြင်း၊ တစ်ယောက်ကို တစ်ယောက် သေအောင်သတ်မည်ဟူသော စိတ်သဘော၏ ဆက်ထန်တင်းမာခြင်း၊ ထိုးခုတ်သတ်ပုတ်ခြင်း အထူးသဖြင့် ကျွမ်းကျင်ခြင်း အစရှိသော ဂုဏ်အခြင်းအရာတို့နှင့် အသီးအသီး ပြည့်စုံကြသည်ဖြစ်၍ အလွန်လျှင် သင့်တော်သော သတ်ဖက် နှစ်ဦးပေတည်းဟု ကျွန်တော်တို့၏ စိတ်၌ မှတ်ထင်မိလေ၏။

မျက်နှာချင်းဆိုင်၍ စေ့စေ့ကြည့်ကြပြီးနောက် ထိုသူနှစ်ယောက်တို့သည် ငါးပိသာခန့် ရှိသော ပုဆိန်ကြီးများကို ဦးခေါင်းပေါ်သို့ တင်လျက် တစ်ယောက်သည် တစ်ယောက်အား လှည့်ပတ်ကာ သိုင်းကွက်ကျနင်းပြီးလျှင် ခြေလှမ်းများကို ခြောက်လှန့် ချောင်းမြောင်းကာ ရှိနေကြလေ၏။ ယင်းသို့ ရှိရာမှ ပေါလူးသည် တစ်ဟုန်တည်း ခုန်အုပ် ချဉ်းကပ်၍ ဘုရင်၏ ဦးခေါင်းကို ပုဆိန်နှင့် ခုတ်လိုက်ရာ ဘုရင်က နံဘေးသို့ ခြေတစ်လှမ်းမျှ ဆိမ်းလိုက်သည်နှင့် ပုဆိန်သွားသည် ဦးခေါင်းနှင့် လက်သုံးသစ်ခန့် လွဲ၍ သွားလေ၏။ ယင်းသို့ဖြစ်လျှင် ပေါလူးသည် ချိန်ရွယ်ရာသို့ မခုတ်မိသဖြင့် အားလွန်၍ ဟန်ပျက်သွားသည်တွင် ဘုရင်သည် မိမိ၏ ပုဆိန်ကို မြှောက်ပြီးနောက် ပေါလူး၏ လည်ကုပ်သို့ ခုတ်လိုက်လေ၏။ သို့ရာတွင် ပေါလူးသည် ရှောင်တိမ်းခြင်းငှာ မတတ်နိုင်သော်လည်း မိမိ၏ ပုဆိန်ကို မြှောက်၍ ခံလိုက်ရာ ပုဆိန်နှစ်ခုတို့သည် ပြင်းထန်စွာ ထိခိုက်မိကြသည် ဖြစ်၍ မီးများ ပွင့်ထွက်သွားလေ၏။ နောက်တစ်ချက်မှာမူကား ပေါလူးက ဦးအောင်ခုတ်ပြန်လေရာ ဘုရင်ကလည်း ပုဆိန်နှင့်ပင် မြှောက်၍ ခံလေ၏။ ထိုနောက်မူကား ထိုသူနှစ်ဦးတို့သည် ရပ်ဆိုင်းခြင်း မရှိဘဲ တစ်ဦးကို တစ်ဦးက လျှင်မြန်စွာ တပြန်တလှန် ခုတ်ထစ်ကြလေရာ တစ်ဦးသည် တစ်ဦး၏ ပုဆိန်ကို ပုဆိန်ချင်းခံ၍ လူပါ တိမ်းရှောင်၍လည်ကောင်း မထိမခိုက်အောင် တိမ်းရှောင်နိုင်ခဲ့ကြလေ၏။

စောင့်၍ ကြည့်နေသူ လူရိုင်းတို့လည်း ဆူညံစွာ ဟစ်အော်၍ အားပေး

www.burmeseclassic.com

www.burmeseclassic.com



ကြလေရာ ပေါလူးသည် ရှေးကထက် အားအင်ထုတ်၍ ပြင်းထန်စွာ ခုတ်လိုက်သောအခါ ဘုရင်သည် ပုဆိန်နှင့် ကာကွယ်ပါသော်လည်း မိမိရရ မကာကွယ်မိသည် ဖြစ်၍ ပေါလူး၏ ပုဆိန်ချက်သည် အရိုးမှ ချော်ပြီးလျှင် ဘုရင်၏ ပခုံးကို ရှသွားလေ၏။ ထိုအခါ ဘုရင်သည် နာကျင်သော ဝေဒနာကြောင့် အမျက်ပြင်းစွာ ထွက်ပြီးလျှင် အရင်က အချက်များထက် နှစ်ဆမက ပြင်းထန်သော ပုဆိန်ချက်ဖြင့် ပေါလူး၏ ယယ်ထိပ်တည့်တည့် ချိန်၍ ခုတ်လိုက်ရာ ပေါလူးသည် ပုဆိန်ကို မြှောက်ကာ ကာကွယ်လိုက်လေ၏။ သို့ရာတွင် ဘုရင်၏ ပုဆိန်သွားသည် ပေါလူး၏ ပုဆိန်ရိုးပေါ်သို့ ကျသွားသည် ဖြစ်သောကြောင့် ပုဆိန်ရိုးသည် နှစ်ပိုင်းပြတ်ပြီးလျှင် ပေါလူးမှာ ပုဆိန်မရှိ တစ်မိုက်ခန့် အတိုကလေးကိုသာလျှင် ဆုပ်ကိုင်လျက် ကျန်နေရစ်လေ၏။

ထိုအခါ ဘုရင်ရိုင်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင် မိမိ ပြုချင်တိုင်း ပြုရချေတော့မည်ဟု ပုဆိန်ကို မြှောက်လျက် အတင်းချဉ်းနင်း ဝင်ရောက်လေရာ ကျွန်တော်တို့မှာ ပေါလူးသည်ကား ပြီးရှာချေတော့မည်ဟု မကြည့်ဝံ့အောင် ရှိနေကြလေ၏။ သို့ရာတွင် ပေါလူးသည် မိမိအား ခုတ်လိုက်သော ပုဆိန်ချက်ကို ငုံ့လျှိုးကာ ရှောင်ပြီးလျှင် ဘုရင်၏ ခါးကို အတင်းဝင်၍ ဖက်လေ၏။ ဘုရင်လည်း နောက်ထပ်ကို ခုတ်ထစ်ရန် အချက်မပေါ်ပေါက်အောင် ရှိနေရကား ပုဆိန်ကို လွှတ်၍ ချပြီးလျှင် ပေါလူး၏ လည်ကို ညှစ်လေရာ လူနှစ်ယောက်သည် သူတစ်ပြန် ငါတစ်ပြန် အားသန်ရာဘက်သို့ ယိမ်းယိုင်လျက် သူကျမည်ကဲ့သို့ လည်းကောင်း၊ ငါကျမည်ကဲ့သို့ လည်းကောင်း ရှိနေကြလေ၏။ နောက်တစ်ခဏ၌ ပေါလူးသည် ဘုရင်၏ ခါးကို စီစီပါအောင် ဖက်ပြီးလျှင် ကိုင်၍ ပေါက်လိုက်ရာ ဘုရင်ကလည်း ပေါလူးအား ဖက်ထားသည် ဖြစ်သောကြောင့် နှစ်ဦးလုံးတို့သည် မြေပေါ်၌ တလိမ့်ခေါက်ကွေး ကျသွားကြလေ၏။

ထိုခဏ၌ ပေါလူးသည် ပုဆိန်ကို ခြေကန်မိသည် ဖြစ်၍ လက်နှင့်မိအောင် ဆုပ်ယူပြီးလျှင် လက်တွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရှန်းဖယ် ကန်ကျောက်၍ မြေမှ လူးလဲကာ ထသဖြင့် နှစ်ဦးကွဲ၍ သွားလေ၏။



ထိုအခါ၌ကား ပေါလူး၌သာလျှင် လက်နက်ရှိတော့သည် ဖြစ်၍ ဘုရင်မှာမူ အားကိုးရာမဲ့ ရှိနေလေရာ ပေါလူးသည် လက်ဝဲလက်ယာစသည်ဖြင့် တောင်ယောင်ယောင် မြောက်ယောင်ယောင် ခြောက်လှန့်ပြီးလျှင် ဘုရင်၏ လည်ပင်းကို ခုတ်ပိုင်းလိုက်လေ၏။ ထိုအခါ ဘုရင်၏ ဦးခေါင်းသည် ကိုယ်မှ လွင့်စင်၍ သွားပြီးလျှင် အုန်းသီးသဖွယ် ကျွန်တော်တို့ ရှိရာသို့ လိမ့်၍ လာလေရာ ကိုယ်မှာမူ မလဲမပြိုဘဲ တစ်ခဏမျှ တည်နေ၍ သွေးပေါက်တောက် ပန်းကာ ထွက်ပြီးမှ ထန်းပင်ကဲ့သို့ ဘိုင်းခနဲ လဲသွားလေ၏။ ထိုအခါ လူရိုင်းတို့လည်း ဆက်ခုပ်လက်ဝါးတီးကာ ဆူညံစွာ ဩဘာပေးကြလေကုန်၏။

၎င်းနောက် ကျွန်တော်တို့သည် ကျန်သမျှ လူရိုင်းများကို စုရုံးခေါ်ငင်ခဲ့ပြီးလျှင် ဘုရင်၏ ထီးနန်းစိုက်ထူရာ ရွာကြီးသို့ ပြန်လာ၍ ပေါလူးသည် လူရိုင်းတို့၏ ထုံးစံအတိုင်း အောင်ပွဲကြီး ကျင်းပလေသတည်း။

ပေါလူးကို နန်းတင်၍ ပြီးသည်နောက် သုံးရက်မြောက်သောနေ့၌ ကျွန်တော်တို့သည် ပတ္တမြားများ ရှိရာ ဂူကြီးသို့ သွားရောက်ရန် ပြင်ဆင်ကြလေရာ ဂူကြီး၏ တံခါးမှာ လျှို့ဝှက်သော စက်ခလုတ်များဖြင့် ပိတ်ထားသည် ဖြစ်၍ ၎င်းကို ဖွင့်နည်းမှာ ယခင် စုန်းမကြီးတစ်ဦးသာလျှင် သိရှိလေ၏။ သို့ဖြစ်၍ ပေါလူးက စုန်းမကြီးအား တံခါးဖွင့်နည်းကို ကျွန်တော်တို့အား လိုက်၍ ပြမှု အသက်မှ ချမ်းသာပေးမည်ဟု ပြောသည်နှင့် စုန်းမကြီးလည်း လိုက်၍ ပြရန် သဘောတူညီလေ၏။ သို့ရာတွင် ပေါလူးကိုယ်တိုင်မှာမူ တိုင်းပြည်အုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ စီမံရန် ကိစ္စများ ရှိသည် ဖြစ်သောကြောင့် လိုက်ပါနိုင်ဘဲ ယုံကြည်လောက်သော လူရိုင်းလေးယောက်တို့သာလျှင် ကျွန်တော်တို့နှင့်အတူ ထည့်လိုက်လေ၏။

စတုတ္ထနေ့၌ ကျွန်တော်တို့သည် စုန်းမကြီးနှင့်အတူ လူရိုင်း လေးယောက်တို့ပါ ပတ္တမြားစခန်းသို့ သွားရောက်ကြလေရာ တောင်ပူစာသို့ ရောက်သောအခါ၌ စုန်းမကြီးက ဂူအတွင်းသို့ မင်းအဆက်ဆက် မြောက်သောခါ လူရိုင်းများ ဘယ်အခါမှ ဝင်ခွင့် မရဖူးသည် ဖြစ်သောကြောင့် လူရိုင်းလေးယောက်ကို တောင်အောက်မှ စောင့်ဆိုင်းနေရစ်ကြရန် ပြော

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကျွန်တော်တို့ကလည်း သုံးယောက်ပင် ဖြစ်သောကြောင့် စုန်းမအို တစ်ယောက်ကို ကြောက်ရွံ့ဖွယ် မရှိဟု အောက်မေ့၍ လူရိုင်းများကို ထား ခဲ့ပြီးလျှင် စုန်းမကြီးနှင့်အတူ တောင်ပေါ်သို့ တက်ကြလေ၏။

လူတစ်ယောက်သာလျှင် သွားလာနိုင်သော လမ်းငယ်မှ ကျွန်တော်တို့ သည် ရံဖန်ရံခါ စုန်းမကြီးကို တွဲထူလျက် တက်လာခဲ့ကြ၍ တစ်ခုသော တောင်ကမ်းပါးယံသို့ ရောက်ကြသောအခါ လမ်းသည် ရုတ်တရက် ဆုံး၍ သွားပြီးလျှင် ရှေ့တည့်တည့်၌ကား ကျောက်ဆောင်ကြီးအတိ ခံလျက်ရှိ လေ၏။ ၎င်းကျောက်ဆောင်ကိုမူ ကျော်ထွက်ရန် လမ်းမမြင်။ တွင်းဖောက်၍ သွားနိုင်ရန်လည်း လမ်းမရှိသည် ဖြစ်သောကြောင့် လမ်းမှားနေသလားဟု စုန်းမကြီးအား မေးမြန်းလေရာ စုန်းမကြီးက ရယ်မောကာဖြင့် လမ်းမမှား ကြောင်းနှင့် ပြန်ပြောလေ၏။

၎င်းနောက် ခေတ္တမျှ အမောအပန်း ဖြေကြသော် စုန်းမကြီးသည် ကျွန်တော်တို့အား ဤအရပ်မှ ခေတ္တမျှ စောင့်ဆိုင်း နေရစ်ရန် မှာသွားပြီး နောက် တစ်ခုသော ကျောက်စွန်းကို တွယ်၍ ပျောက်သွားလေ၏။ တစ် ခဏမျှ ကြာလျှင် မိုးခြိမ်းသံသကဲ့သို့ အသံကြီးကို ကြားရပြီးနောက် ကွဲအက် ရာမရှိ စင်းချောဖြစ်၍ နေသော ကျောက်ဆောင်ကြီးသည် အောက်ခြေမှ ဟ၍ လာပြီးလျှင် တဖြည်းဖြည်း တရွေ့ရွေ့ ကျယ်သည်ထက် ကျယ်လာခဲ့၍ နောက်ဆုံး၌ လူတစ်ယောက် သွားသာရုံမျှ ကျယ်ဝန်း၍ ခြောက်ပေခန့် မြင့်သော အပေါက်တစ်ခု ဖြစ်ပေါ်လာခဲ့လေ၏။

ကျွန်တော်တို့လည်း ထိုအခြင်းအရာကို အံ့ဩစွာနှင့် ကြည့်နေကြစဉ် စုန်းမကြီးသည် ကျောက်စွန်း၏ အခြားဘက်မှ ပြန်လာခဲ့၍ သတ္တိကောင်း သော သူများမှန်ခဲ့လျှင် ဤဂူပေါက်မှ အတွင်းသို့ ဝင်ကြရန် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်က သတ္တိကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ စုန်းမကြီးက ရှေ့မှ ဝင်လျှင် နောက်မှ လိုက်ကြမည် ဖြစ်ကြောင်း ပြောဆို သည်တွင် စုန်းမကြီးသည် ကျွန်တော့်ကို မျက်စောင်းထိုး၍ ရှေ့မှ ဝင်သွား သဖြင့် ကျွန်တော်တို့လည်း နောက်မှ ဝင်၍ လိုက်ကြလေ၏။ အတွင်းသို့



ရောက်သည်နှင့် တစ်ပြိုင်နက် မှောင်နှင့် မည်းမည်းရှိနေသည် ဖြစ်၍ အသင့် ဆောင်ယူခဲ့သော မီးအိမ်ကို ထွန်းညှိကြရလေ၏။

ကျွန်တော်တို့ ဝင်သွားကြရသော လမ်းမှာ ကျောက်ဆောင်များကို ကောင်းမွန်စွာ ဖောက်ထွင်း၍ ထားရခြင်း ဖြစ်သဖြင့် အလွန်တရာ ကျဉ်း မြောင်း၍ လူတစ်ယောက် မလွတ်တလွတ်မျှ ရှိလေရာ ကျွန်တော်သည် စုန်းမကြီး၏ နောက်မှ မီးခွက်ကို ကိုင်လျက် တဖြည်းဖြည်း လျှောက်သွား ကြလေ၏။ အနည်းငယ် သွားမိလျှင် လက်ဝဲဘက် ချိုးသောလမ်းကို လည်း ကောင်း၊ လက်ယာဘက် ချိုးသောလမ်းကို လည်းကောင်း အကြိမ်ကြိမ် အဖန်ဖန် ကွေ့ကောက် ချိုးဝင်ကာ သွားကြပြီးနောက် ကျွန်တော်တို့သည် တစ်ခုသော အခန်းငယ်သို့ ရောက်ကြလေ၏။

အခန်းဝသို့ ရောက်သောအခါ စုန်းမကြီးက အတွင်းသို့ လက်ညှိုးညွှန် လျက် 'အလိုရှိသမျှ ယူချေကြ' ဟု ပြသလေရာ ကျွန်တော်တို့သည် မီး ခွက်ကို ကိုင်လျက် အခန်းတွင်းသို့ ဝင်သွားကြလေ၏။ အခန်း၏ တစ်ခုသော ထောင့်၌ကား ကျောက်သေတ္တာကြီး သုံးလုံးရှိရာ တစ်လုံးမှာ ပွင့်လျက် နှစ် လုံးမှာ အဖုံးနှင့် ကောင်းစွာ ဖုံးလျက်ရှိ နေလေ၏။ ကျွန်တော်တို့သည် အနီး သို့ ချဉ်းကပ်၍ ပွင့်နေသော သေတ္တာကို အတွင်းသို့ ငုံ့ကြည့်သည့်အခါ လက်မောင်းခန့်မျှ လုံးပတ်ရှိ၍ တစ်တောင်ခန့်မျှ ရှည်လျားသော သတ္တုချောင်း များကို တွေ့ရှိရလေ၏။ ၎င်းတို့ကို ပွတ်သပ်၍ ကြည့်သည့်အခါ ဖွေးဖွေးဖြူ၍ လာသည် ဖြစ်သောကြောင့် ငွေချောင်းကြီးများ ဖြစ်ကြောင်း သိရှိရလေ၏။

၎င်းနောက် ဒုတိယ သေတ္တာကို ချဉ်းကပ်၍ အဖုံးကို ဖွင့်ကြည့်သည် အခါ ထိုနည်းအတူပင် သတ္တုချောင်းများကို တွေ့ရှိရလေရာ ၎င်းတို့မှာမူ အညိုများ မသမ်းမယှက် ထိန်ထိန်လင်းလျက် ရှိသည် ဖြစ်သောကြောင့် ရွှေချောင်းကြီးများ ဖြစ်ကြောင်း သိရှိရလေ၏။ ၎င်းနောက် တတိယ ကျောက် သေတ္တာကို ဖွင့်ကြည့်ပြန်ရာ ၎င်းမှာလည်း ရွှေချောင်းအတိ ပြီးလျက် ရှိ သည်ကို တွေ့ရှိရလေ၏၊ ၎င်းရွှေချောင်းများမှာ စင်စစ်အားဖြင့် သိန်းပေါင်း များစွာ ထိုက်တန်သည် မှန်သော်လည်း ကျွန်တော်တို့ ရှာဖွေသော ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးသဖြင့် မကျေနပ်သည် ဖြစ်ရာ စုန်းမကြီးအား ထပ်လောင်းမေးမြန်းကြပြန်ရာ အပေါ်သို့ လက်ညှိုးညွှန်၍ ပြသည်ကို မြင်သဖြင့် မော့၍ကြည့်လိုက်သည်တွင်မှ လက်ခုပ်တစ်ဖောင်မျှ မြင့်သော အရပ်၌ ကျောက်သေတ္တာကြီးတစ်လုံးသွင်း၍ ထားသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်တို့သည် ရွှေချောင်း ငွေချောင်းကြီးများကို သေတ္တာမှ ထုတ်၍ တစ်ခုပေါ်သို့ တစ်ခုဆင့်ပြီးမှ ၎င်းတို့အပေါ်မှ တက်၍ သေတ္တာကို ဖွင့်လှစ်ကြည့်ရှုကြရာ ရွှေးစေ့ မန်ကျည်းစေ့ ဆီးသီး ဂျုံးဥ အစရှိသည့် အရွယ်ခန့်ရှိသော ကျောက်လုံး ကျောက်ခဲများကို တွေ့ကြရလေ၏။ ၎င်းတို့မှာ ရဲရဲနီလျက် ရှိသော်လည်း ကျွန်တော် တွေးထင်သည်အတိုင်း အရောင် တလက်လက်ထွက်ခြင်း မရှိသည်နှင့် ပတ္တမြားများ မဟုတ်နိုင်ကြောင်း ပြောဆိုမိရာ မောင်ဘဇံက ၎င်းတို့မှာ အရောင်ပင် မထွက်သော်လည်း အလွန်အရည်ကောင်းသော ကျောက်ရိုင်းများ ဖြစ်ကြောင်း၊ စက်၌တင်၍ သွေးသည့်အခါ အရည်ပွင့်၍ လာမည် ဖြစ်သောကြောင့် တစ်လုံးတစ်လုံးလျှင် အနည်းဆုံး ၅၀၀၀ိ မျှ အဖိုးထိုက်တန်မည် ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ဤမျှလောက် မြောက်မြားသော ပတ္တမြားများကို ရရှိကြ၍ တစ်သက်ပတ်လုံး သုံးစွဲ၍ ကုန်နိုင် ခမန်းမရှိမည် အဖြစ်ကို တွေးတောကာ ဝမ်းမြောက်ဝမ်းသာ လှန်လှောမွှေနှောက် ကြည့်ရှုလျက် ရှိကြစဉ် မိုးချုန်းသံကဲ့သို့ အသံကြီးတစ်သံကို ကြားရသည်နှင့် နားစိုက်ကာ ထောင်နေကြပြီးနောက် သုံးယောက်စလုံး သတိရကြသည်ဖြစ်၍ ထိုင်ရာမှ ထပြီးလျှင် အပေါက်ရှိရာသို့ တစ်ဟုန်တည်း ပြေးလာခဲ့ကြလေ၏။

ယင်းသို့ ပြေးလာစဉ် ကျွန်တော်မှာ ရှေ့ဆုံးမှ မီးခွက်ကို ကိုင်လျက် ပြေးလာရခြင်း ဖြစ်ရာ အပေါက်အနီးသို့ ရောက်လောက်ပြီဟု အောင့်မေ့၍ မီးခွက်ကိုပင် ဖယ်ရှားကာ အပေါက်ရှိရာသို့ မျှော်ကြည့်လိုက်သောအခါ အပေါက်မှာ အမြင့်နှစ်တောင်ခန့်မျှ သာလျှင် ကျန်ရှိလျက် ဂူ၏ အပြင်မှလည်း စုန်းမကြီးသည် မြေပေါ်၌ ဒူးထောက်ကာ ကျွန်တော်တို့အား ကြည့်၍ ဝမ်းမြောက်ဝမ်းသာ ဟစ်အော် ရယ်မောလျက် ရှိသည်ကို တွေ့မြင် လိုက်ရ



လေ၏။ ကျွန်တော်တို့လည်း အားမလျှော့ဘဲ ဆက်လက် ပြေးသွားကြရာ အနီးသို့ ကပ်သောအခါ၌ အပေါက်သည် တစ်တောင်ခန့်မျှသာလျှင် ကျန်တော့သည် ဖြစ်၍ ငုံ့လျှိုးကာ ထွက်ခြင်းငှာ မဝံ့ဘဲ အပြင်၌ရှိသော စုန်းမကြီးကို တံခါးဖွင့်ရန် ကြိမ်းမောင်းချော့မော့ ခြောက်လှန့်ပြောဆိုပါ သော်လည်း စုန်းမကြီးသည် ရယ်မောလျက်သာလျှင် ရှိလေ၏။ ၎င်းနောက် အပေါက်လည်း ကျဉ်းသည်ထက် ကျဉ်း၍ နောက်ဆုံး၌ လုံးလုံးပိတ်ဆို့၍ သွားလေ၏။

စင်စစ်သော်ကား ကျွန်တော်တို့သည် ပတ္တမြားကျောက်များကို တွေ့မြင်ရသဖြင့် ငါတို့၏ ပစ္စည်း ဖြစ်ချေပြီဟု ဝမ်းမြောက်ဝမ်းသာ ရှိနေခိုက်တွင် စုန်းမကြီးသည် ကျွန်တော်တို့ အပေါ်သို့ မုန်းထားသော စေတနာရင်း ရှိသည့်အတိုင်း လျှို့ဝှက်စွာ တိတ်တဆိတ် ပြန်၍ သွားပြီးလျှင် အပြင်သို့ ရောက်ကာလ ကျောက်တံခါးကို ချလိုက်ခြင်း ဖြစ်ပေ၏။ သို့ဖြစ်သောကြောင့် ဂူတွင်း၌ လှောင်မိလျက်ရှိသော ကျွန်တော်တို့ သုံးယောက်မှာ ကျောက်တံခါးကြီးကို ခွန်အားဖြင့်လည်း မဖွင့်နိုင်၊ စက်ခလုတ်ကိုလည်း ရှာ၍ မတွေ့နိုင်သည် ဖြစ်ရာ နောက်ဆုံး၌ နံရံကို မှီကာ လက်ပိုက်၍သာလျှင် မှိုင်နေကြရလေ၏။

တစ်နာရီခန့် ကြာလတ်သော် မီးခွက်၌ ဆီကုန်တော့မည် အဖြစ်ကို သတိရ၍ ကျွန်တော်က အားလျှော့ကာ ထိုင်၍ နေကြသည်အတွက် ဂူကြီးမှ ထွက်ရန် လည်းကောင်း၊ တံခါးမှ အခြားသော အပေါက်များ ရှိသည် မရှိသည်များကို မီးရောင်ရှိခိုက်တွင် ရှာဖွေသင့်သည်အကြောင်းနှင့် အကြံပေးသည်တွင် ကိုရှုဝံနှင့် မောင်ဘဇံတို့လည်း စိတ်မပါ့ တပါ့နှင့် ကျွန်တော်က အကြံပေးသည်အတိုင်း ထိုင်ရာမှ ထ၍ ရှာဖွေကြရာ၏။ သို့ရာတွင် မည်သည့် အပေါက်ကိုမျှ မတွေ့ရှိဘဲ အချည်းနှီးသာလျှင် ဖြစ်ခဲ့ချေ၏။

တစ်ခဏမျှကြာလတ်သော် မီးခွက်သည် ဆီကုန်သည် ဖြစ်၍ ရုတ်တရက် ငြိမ်းသွားလေရာ ကျွန်တော်တို့ သုံးယောက်မှာ ထွက်ပေါက်မရှိသော ဂူကြီးအတွင်းတွင် ပိတ်လှောင်လျက် မှောင်နှင့် မည်းမည်းနေရစ်ခဲ့ကြလေ၏။

ထိုည၌ တစ်ည၌လုံး ကျွန်တော်တို့ သုံးဦးမှာ အစာလည်း မစားရ၊

www.burmeseclassic.com

www.burmeseclassic.com



ရေလည်း မသောက်ရ ထွက်ပေါက်လည်း မတွေ့နိုင်ဘဲ မည်မျှလောက် ဆင်းရဲဒုက္ခ တွေ့ကြုံရသည်များကို စုံလင်အောင် ရေးသားဖော်ပြခြင်းငှာ မတတ်နိုင်လောက်အောင် ရှိခဲ့ချေ၏။ ထိုအတောအတွင်း တစ်ယောက်ကို တစ်ယောက် အားပေးလျက် ရံဖန်ရံခါ ငိုက်မြည်း၍ ရံဖန်ရံခါ တစ်ယောက်၏ လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ ပေါလူးက ကျေးကျွန်များ စေလွှတ် ရှာဖွေကောင်းပါ၏ဟု မထင်သော်လည်း ကြိုးစား၍သာလျှင် မျှော်လင့် ဆုတောင်းကြရလေ၏။

နောက်တစ်နေ့ မိုးလင်းချိန်ခန့်တိုင်ရောက်လတ်သော် ကျွန်တော်တို့ သည် ဂူဝသို့ ကျွန်တော်တို့ကို ရှာဖွေရန် လူရိုင်းများ ရောက်လာခဲ့သော် ကြားပါစေတော့ဟု အကြံဖြစ်ကြသည်နှင့် တံခါးရှိရာသို့ ဝပ်တွားကာ စမ်း သပ်သွားရောက်ကြပြီးနောက် တညီတညာတည်း အသံကုန်ဟစ်၍ အော် ကြလေ၏။ ယင်းသို့ ဆက်ကာ ဆက်ကာ မရပ်မနားဘဲ အော်ဟစ်ကြပါ သော်လည်း မောပန်းရုံမျှသာ ရှိသည်ဖြစ်၍ နောက်ဆုံး၌ ထိုအကြံကို လက် လျှော့လိုက်ကြရလေ၏။

ငင်းနောက် ကျွန်တော်တို့ သုံးဦးသည် ဂူကြီး၏ တစ်ခုသော ထောင့် သို့ သွားပြီးလျှင် အစာလည်းငတ်၊ ရေလည်း ပြတ်လျက် အသက်ဘေး အတွက် ပူပန်ရသည်ကလည်း တစ်မျိုးနှင့် အနည်းနည်းအဖုံဖုံ ဒုက္ခဝေဒနာ ခံစားလျက် နံရံကို မှီကာ ထိုင်နေကြစဉ် ကျွန်တော်၏ နှာခေါင်းဝသို့ ရုတ်တရက် လေတိုက်ခတ်လိုက်သလို ထင်မိသဖြင့် ထိုအကြောင်းကို မောင် ဘဇံတို့အား ပြောကြားလေ၏။ မောင်ဘဇံနှင့် ကိုမှုဝံတို့ကလည်း မိမိတို့လည်း ထိုကဲ့သို့ပင် ထင်မြင်မိကြောင်းနှင့် ပြောဆို၍ အမှန်မုချ အပေါက်ငယ် တစ်ခုခု တစ်နေရာရာ၌ ရှိ၍သာလျှင် လေတိုက်ခြင်း ဖြစ်သည်ဟု ယူဆ၍ အပေါက်ကို တွေ့အောင် ရှာကြလေ၏။

နံရံများ ကြမ်းပြင်များကို ကျွန်တော်တို့ နိုင်သလောက် စမ်းသပ်မိ ကြရာ နာရီ တစ်ဝက်ခန့်မျှ ကြာရှိလေလျှင် ကျွန်တော်တို့သည် နံရံ၏ တစ်ခုသော ထောင့်၌ သံကွင်းတစ်ကွင်း တင်လျက် ရှိသည်ကို တွေ့ရှိရသည် ပြင် သံကွင်း၏ ပတ်ဝန်းကျင် အရပ်၌လည်း အကြားများကို စမ်းသပ်မိ၏။



ငင်းအကြားတို့မှ လေများ ထွက်လျက်ရှိသည် ကိုလည်း သိရှိကြရလေ၏။

ထိုအခါ၌ကား ငင်းအကြားသည် ကျောက်ဖျာကြီးတစ်ခုကို နံရံတွင် မြှုပ်၍ထားသော နေရာဖြစ်မည်၊ သံကွင်းများလည်း ကျောက်ဖျာ၏ အလည် ဗဟို၌ တပ်၍ ထားသော သံကွင်း ဖြစ်မည် အကြောင်းကို တွေးထင်မိကြ လေ၏။ ထိုအခါ ကျွန်တော်တို့သည် များစွာ အားတက်ကြပြီးလျှင် သံကွင်း ထို တစ်ယောက်တစ်လှည့် အားအင်ထုတ်၍ ဆွဲငင်ကြလေရာ ကျောက်ဖျာမှာ မြို့မှ မဖြို၊ နေရာမှ မရွေ့ဘဲ မြဲစွဲစွာ ရှိနေလေ၏။ ထိုအခါ ကျွန်တော်တို့သည် အင်္ကျီများကို ချွတ်ကြပြီးနောက် သံကွင်းတွင် လျှိုပြီးလျှင် ကျွန်တော်အထဲတွင် အသန်စွမ်းဆုံးဖြစ်သော ကိုမှုဝံက အဝတ်ကို ဆုပ်ကိုင်ကာ ဆွဲလျက် ကျွန် တော်နှင့် မောင်ဘဇံတို့က ကိုမှုဝံ၏ ခါးကို ဆောင့်၍ ဆောင့်၍ တညီ တညာတည်း ဆွဲကြသည်တွင် ကျောက်ဖျာသည် တဖြည်းဖြည်း တရွေ့ရွေ့ ကျွတ်၍ ကျွတ်၍ ပါလာပြီးနောက် နောက်ဆုံး၌ ရုတ်တရက် ကျွတ်ထွက် လာသည်နှင့် ကျွန်တော်တို့မှာ အားလွန်၍ ပက်လက်လန်ကာ လဲကြလေ၏။

ကျွန်တော်တို့သည် ကြမ်းပြင်နှင့် ရိုက်မိသဖြင့် နာကျင်သည့် ဝေ ဒနာကို ဂရုမစိုက်နိုင်ဘဲ လဲရာမှ ထ၍ နံရံကို စမ်းသပ်ကြလေရာ နံရံမှာ လူတစ်ယောက် ဝင်သာရုံမျှ ရှိအောင် အပေါက်ကြီးတစ်ခု ပွင့်လျက် ရှိနေ သည်ကို စမ်းသပ်မိကြလေ၏။ ငင်းပေါက်မှ တစ်ယောက်ချင်း အောက်သို့ ဆင်းသက်သော လှေခါးထစ်များကို တွေ့ရှိကြရလေ၏။ ငင်းအတိုင်း ဆင်း၍ လိုက်သွားကြသောအခါ လက်ယာဘက်သို့ သွားသော တစ်လမ်း၊ လက်ဝဲ ဘက်သို့ သွားသော လမ်းတစ်လမ်းကို တွေ့ရှိကြလေ၏။ ငင်းနှစ်လမ်းအနက် လက်ဝဲဘက်မှ လမ်းမှာ လေများ တိုက်ခတ်လျက် ရှိသည်ကို တွေ့သဖြင့် အပြင်သို့ ထွက်သော အပေါက်ရှိမည်ဟု အောက်မေ့ပြီးလျှင် လိုက်သွားကြ ပြန်ရာ အတန်ငယ် သွားမိလတ်သော် ရေသံများကို ကြားကြရလေ၏။ ဆက်လက်၍ သွားကြပြန်သောအခါ အပေါက်ကိုကား မတွေ့ ကျောက် ဆောင်ကျောက်ကြားတို့မှ ဖြတ်၍ စီးသွားသော စမ်းချောင်း တစ်ခုကိုသာလျှင် တွေ့ရှိလေ၏။

ထိုအခါ ကျွန်တော်တို့မှာ အပေါက်ကိုပင် မတွေ့သော်လည်း ရေကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည် ဖြစ်၍ ရေတော်ခြင်း ပြေပျောက်အောင် လက်ခုပ်ဖြင့် ခပ်ကာ ဝမ်းပြည့်အောင် သောက်ကြပြီးနောက် တစ်ဖန် ပြန်လာ၍ လက်ယာဘက်က လမ်းကို လိုက်ကြပြန်လေ၏။ ထိုလမ်းသည်ကား အပေါ်သို့ တက်သွားသော လမ်းဖြစ်လေရာ အတန်ငယ် သွားမိလျှင် ဦးခေါင်းပေါ်မှ အလင်းရောင် ထိုးဝင်၍ နေသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့မြင်ကြရလေ၏။ ဆက်လက်၍ သွားကြပြန်သောအခါ လူတစ်ကိုယ်ဆံ့သာရုံမျှ ရှိသော အပေါက်ငယ်ကို တွေ့၍ ၎င်းမှ တစ်ယောက်ချင်း ထွက်ကြသောအခါ တောင်ကြီးတစ်တောင်၏ ထိပ်တည့်တည့်သို့ ရောက်နေကြကြောင်းကို ရွှင်လန်း ဝမ်းမြောက်စွာ တွေ့ရှိကြရလေ၏။

ထိုအချိန်သည်ကား မွန်းတည့်လု ဆဲဆဲ ရှိနေပြီ ဖြစ်ရာ ကျွန်တော်တို့သည် တောင်အောက်သို့ သွားသောလမ်းကို ရှာဖွေ၍ ချည့်နဲ့နွမ်းနယ်သော ကိုယ်ကာယဖြင့် တဖြည်းဖြည်း တရွေ့ရွေ့ ဆင်းသက်ခဲ့ကြရာ ညနေခင်း အချိန်တွင် တောင်အောက်သို့ ရောက်ရှိ၍ ကျွန်တော်တို့ လာစဉ်အခါက အစောင့်ထားခဲ့သော လူရိုင်းများနှင့် တွေ့ရှိကြလေ၏။

လူရိုင်းတို့လည်း ကျွန်တော်တို့ မလာရောက်သည်ဖြစ်၍ စိုးရိမ်မကင်း ဖြစ်လျက် ရှိနေကြရာ စုန်းမကြီးမှာမူ ၎င်းလမ်းသို့ မလာရောက်ကြောင်း၊ အကယ်၍ တိုင်းပြည်သို့ ပြန်ခဲ့ပါလျှင် ၎င်းလမ်းမှ လွဲ၍ ပြန်ရန်လမ်း မရှိကြောင်းနှင့် ပြောဆိုကြလေ၏။

၎င်းနောက် ကျွန်တော်တို့သည် လာရောက်သည့် ကိစ္စ အထ မမြောက်ဘဲ လူရိုင်းဘုရင် ပေါလူးရှိရာသို့ လူရိုင်းများနှင့် အတူ ပြန်လာခဲ့ကြလေ၏။ ပေါလူးနှင့် တွေ့သောအခါ ကျွန်တော်တို့သည် စုန်းမကြီး၏ ဂူ၌ ဥဒဟာ အကောက်ကြံသည် အကြောင်းများကို ပြော၍ ပြသဖြင့် ပေါလူးသည် စုန်းမကြီး အပေါ်၌ အမျက်ထွက်သည် ဖြစ်၍ မိမိ၏ ကျေးကျွန်များကို စေလွှတ်ကာ ရှာဖွေပါသော်လည်း စုန်းမကြီးကို မတွေ့။ မည်သည့် လမ်းမှ ဖြတ်၍ မည်သည့် တိုင်းပြည်သို့ သွားသည်ကိုမှလည်း မသိရှိဘဲ ပြန်လာခဲ့ကြလေ၏။

ပင်ပန်းနွမ်းနယ်ခြင်း ပျောက်ကင်းလတ်သော် ကျွန်တော်တို့သည်



တိုင်းပြည်သို့ ပြန်လိုကြောင်းနှင့် ပေါလူးအား ပြောပြကြလေရာ ပေါလူးက မြန်မာပြည်သို့ ပြန်သွားခြင်းထက် ၎င်း၏တိုင်းပြည်၌ နေထိုင်ခဲ့ပါမူ ကျွန်တော်တို့ အလိုရှိသမျှ ချောလှသည့် မိန်းမများ လယ်မြေများ ကျွဲနွားများကို မိမိ၏ ဘဏ္ဍာတော် အနက်မှ ခွဲဝေ၍ ပေးမည် ဖြစ်ကြောင်းနှင့် ပြောဆို၍ ထားလေ၏။ သို့ပါသော်လည်း ကျွန်တော်တို့က မနေနိုင်ကြောင်းနှင့် ပြောဆို၍ ပေါလူး၏ စိတ်စေတနာထက်သန်ခြင်းကို ကျေးဇူးတင်ကြောင်းနှင့် ပြောဆိုကြသောအခါ ပေါလူးသည် မျက်နှာမသာမယာနှင့် ကျွန်တော်တို့အား လိုက်၍ ပို့ရန် ယုံကြည်လောက်သည့် ကျေးကျွန်များကို ရွေးချယ်လေ၏။

သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့သည် ဂူကြီးမှ ပြန်ရောက်၍ ငါးရက်မြောက်သောနေ့၌ ပေါလူးကို နှုတ်ဆက်ပြီးလျှင် လူရိုင်း ငါးယောက်တို့နှင့်အတူ ပေါလူး၏ နယ်နိမိတ်မှ ထွက်ခွာလာခဲ့ကြလေ၏။

ကျွန်တော်တို့ ပြန်လာသော လမ်းမှာ သွားစဉ်က လမ်းမဟုတ်၊ လူရိုင်းများကိုယ်တိုင် လိုက်၍ ပို့ခြင်း ဖြစ်သောကြောင့် သွားစဉ်က လမ်းထက်များစွာ နီး၍ ဖြတ်လမ်းဖြစ်ကြောင်း သိရှိရလေရာ လူရိုင်းတိုင်းပြည်မှ ထွက်ခွာလာခဲ့၍ ခုနစ်ရက်မြောက်သောနေ့၌ ကျွန်တော်တို့သည် တစ်ခုသော တောင်ခြေရင်းရှိ စမ်းချောင်းကလေး တစ်ချောင်းအနီးတွင် ငှက်ပျောခြံ၊ ပြောင်းဖူးခင်းမှစ၍ လူတို့ ပြုပြင်စိုက်ပျိုး၍ ထားသော ဥယျာဉ်ခြံမြေသဖွယ် မြေကွက်တစ်ခုကို တွေ့ရှိကြရလေ၏။ ထိုအခါ ကျွန်တော်တို့က လူရိုင်းများအား ဤအရပ်၌ မည်သူနေထိုင်ပါသနည်းဟု မေးမြန်းသောအခါ လူရိုင်းတို့က ဤအရပ်သို့ မိမိတို့ မရောက်သည်မှာ ဆယ်နှစ်ကျော်မျှ ရှိပြီး ဖြစ်ကြောင်း ယခင်အခါ မိမိတို့ရောက်ဖူးသည်က ဤအရပ်၌ မည်သူမျှ နေထိုင်သူ မရှိကြောင်းနှင့် ပြန်ပြောလေ၏။

၎င်းခြံမြေများကို ဖြတ်သန်း၍ သွားကြသဖြင့် စမ်းချောင်း၏ ကမ်းပါးသို့ ရောက်သောအခါ သစ်ခက်များကို ကောင်းမွန်သပ်ရပ်စွာ နေရှင်ဖွယ်ရှိအောင် ဆောက်လုပ်ထားသော တဲကြီးတစ်ခုကို ရုတ်တရက် တွေ့မြင်ကြသဖြင့် ကျွန်တော်တို့သည် ရန်သူဖြစ်မည် မိတ်ဆွေဖြစ်မည် မသိသေးသည်နှင့် ခပ်ဆိုင်းဆိုင်း လုပ်နေကြသည်တွင် ကချင်နှင့် တူသော လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် တဲရှေ့သို့ ရုတ်တရက် ထွက်လာပြီးနောက် အတွင်းသို့ ဝင်ပြေးလေ၏။ တစ်ခဏမျှ ကြာလျှင် မျက်နှာပုံအားဖြင့် မြန်မာနှင့် တူသော လူတစ်ယောက်သည် တောင်ဝှေးတစ်ချောင်းကို ကိုင်စွဲလျက် မသန်စွမ်းသော ခြေတစ်ဖက်ရှိသည် ဖြစ်၍ ထော့နဲ့ ထော့နဲ့ ထွက်လာလေရာ ကျွန်တော်တို့အား အတန်ကြာ စိုက်ကြည့်နေပြီးနောက် ဝမ်းမြောက်ဝမ်းသာ 'အစ်ကိုကြီးတို့ပါကလား' ဟု အော်ဟစ်လျက် ပြေးလာလေ၏။ ကိုရွှဝံလည်း အံ့အားသင့်သော အမူအရာနှင့် အတန်ကြာ ကြည့်နေပြီးနောက် 'တွေ့ရပေသေးတယ် ငါ့ညီရယ်' ဟု ပြောပြီးလျှင် ထိုသူရှိရာသို့ ပြေးသွားလေ၏။ ညီအစ်ကို နှစ်ယောက်တို့လည်း ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သကြပြီးလျှင် မောင်ဒေါနက ငှက်ပျောသီး၊ ပြောင်းဖူး၊ ဆတ်သားခြောက်အစရှိသော စားဖွယ်များကို တည်ခင်း ကျွေးမွေးပြီးနောက် ၎င်း၏ အဖြစ်အပျက်များကို ပြန်ပြောင်း ပြောဆိုသည်မှာ

မောင်ဒေါနသည် သိုက်စာတွင် ပါရှိသည်များကို တွေ့ရှိရသည် အလျောက် အိမ်မှ ထွက်ခွာလာခဲ့ပြီးလျှင် တပည့် တစ်ယောက်နှင့် ရွှေလီမြစ်ကို ဆန်တက်၍ လာခဲ့ကြောင်း၊ ရေကြောင်းခရီးကို ကျော်လွန်၍ ကုန်းကြောင်းဆက်လက် သွားရောက်ရသော အခါ ကချင်တစ်ယောက်နှင့် တွေ့၍ မိမိတို့နှင့်အတူ လိုက်ပါရန် သွေးဆောင်၍ ခေါ်ခဲ့ကြောင်း၊ တောင်ကြီးအတန်တန် တောကြီး အတန်တန်၊ ဆင်းရဲဒုက္ခခံ၍ လာခဲ့ကြပြီး နောက် ရောက်ခါနီးဆဲဆဲတွင်မှ မောင်ဒေါန၏ တပည့်မှာ ငှက်ဖျားရောဂါနှင့် သေဆုံးသည်ပြင် မောင်ဒေါနမှာ ကျားကုတ်မိသောကြောင့် ခြေတစ်ဖက် ကျိုး၍ သွားကြောင်း၊ မိတ်ဆွေဖြစ်သူ ကချင်၏ ကုသခြင်းကြောင့် ထိုဒဏ်ရာနှင့်ပင် မသေဆုံးငြားသော်လည်း မိမိလာခဲ့သည့် အကြံအစည်အတိုင်း ဆက်လက်၍ ခရီးမသွားနိုင်ရုံမျှမက မိမိ၏ တိုင်းပြည်သို့ ပြန်ရန်ကိုပင် မတတ်နိုင်တော့သည် ဖြစ်၍ မိတ်ဆွေဖြစ်သူ ကချင်နှင့် ဤအရပ်၌ စိုက်ပျိုးလုပ်ကိုင် စားသောက်၍ နေရကြောင်းများနှင့် ပြောပြလေ၏။ ၎င်းနောက် ကိုရွှဝံက မိမိတို့မှာလည်း မောင်ဒေါနကို တွေ့အောင် ရှာရန် တစ်ကြောင်း၊ ပတ္တမြား တောင်ကိုလည်း တွေ့လိုလျှင် တွေ့စေတော့ဟု လိုက်လာခဲ့ကြရာ



တွင် ကြုံတွေ့ခဲ့ရသည့် ဘေးဥပဒ်အန္တရာယ်တို့နှင့်တကွ ပတ္တမြား တောင်ကြီး၏ အောက်၌ ရှိသော ဂူကြီးအတွင်းသို့ ရောက်တောင် ရောက်ပြီးမှ လွဲခဲ့သည် အကြောင်းများကို ပြန်ပြောပြလေ၏။

ထိုအခါ မောင်ဒေါနက အတွင်းသို့ ရောက်ပြီးခါမှ အချည်းနှီး ဖြစ်ရသည့် အကြောင်းကို မကျေမချမ်းနိုင်အောင် ညည်းညူပြောဆိုကာ နေသည်တွင် ကျွန်တော်က ပတ္တမြား သေတ္တာကို ဖွင့်၍ ကြည့်စဉ်အခါက နှမှာ အဖြစ်ဖြင့် ကောက်ယူကြည့်ရှုမိသော ပတ္တမြားတစ်လုံးကို သေတ္တာသို့ ပြန်၍ မထည့်ဘဲ မိမိ၏ အင်္ကျီအိတ်သို့ ယောင်ယမ်းကာ ထည့်မိသဖြင့် ကျောက်တစ်လုံး ပါလာသေးသည်ဖြစ်သောကြောင့် အချည်းနှီး မဟုတ်သေးကြောင်း၊ ၎င်းကျောက်ကို ရောင်းချပြီးသည်အခါ လေးဦးသား အညီအမျှ ခွဲဝေယူနိုင်ပါကြောင်းနှင့် ပြောပြလေ၏။ ၎င်းနောက် ကျွန်တော်တို့သည် ၎င်းအရပ်၌ တစ်ရက် နားကြပြီးလျှင် မောင်ဒေါနကို တစ်ယောက်တစ်လှည့်တွဲလျက် ပြန်လမ်းကို တဖြည်းဖြည်း တရွေ့ရွေ့ ပြန်လာကြရာ ဆယ့်ငါးရက် ကြာသောအခါမှ ရွှေလီမြစ်သို့ ဆိုက်ရောက်ကြလေ၏။ ထိုအခါ ကျွန်တော်တို့သည် ဝါးများကို ဖောင်ဖွဲ့ပြီးလျှင် လူရိုင်းများအားလည်း ၎င်းတို့ နေရပ်သို့ ပြန်ခွင့်ပြုပြီးမှ မြစ်ကြောင်းအတိုင်း စုန်၍ ချလာခဲ့ကြလေ၏။

အင်းရွာသို့ ဆိုက်ရောက်ကြသောအခါ ကျွန်တော်တို့ အားလုံးသည် သဘောင်္ပေါ်သို့ တက်ကြပြီးလျှင် ရန်ကုန်သို့ တိုင်အောင် ဆက်လက်သွားရောက်ကြ၍ ကျွန်တော်၏ ကျောက်ကို ရောင်းချရာတွင် အဖိုးငွေ သုံးသောင်းမျှ ရရှိလေ၏။ ကိုရွှဝံကမူ မိမိမှာ ဥစ္စာခိုင်လုံသူဖြစ်၍ ၎င်း၏ ဝေစုကို မယူလိုကြောင်း၊ ၎င်းမှာ မိမိ၏ ပျောက်ဆုံးသော ညီတစ်ယောက်ကို တွေ့ရသည်နှင့်ပင် ဝမ်းမြောက်လှပြီ ဖြစ်ပါကြောင်းနှင့် ငြင်းပယ်သည် ဖြစ်၍ ကျွန်တော်တို့ သုံးယောက်မှာ လူတစ်ယောက် ငွေတစ်သောင်းကျ ခွဲဝေ၍ ယူကြရလေသတည်း။

❖

www.burmeseclassic.com

www.burmeseclassic.com

# အရိပ်မထွက်သောပြည်

ပြောမယုံ ကြုံဖူးမှ သိမည် ဟူသော မြန်မာစကားပုံ ရှိသည်အရ ကျွန်တော် သော ရေးသား ဖော်ပြလတ္တံ့သော အဖြစ်အပျက်တို့မှာ အခြားသူတို့ ကြုံဖူးမည် ဆိုထားဘိ ကြားရုံမျှပင် ကြားဖူးနိုင်ဖွယ်ရာ မရှိအောင် ထူးဆန်းအံ့သြဖွယ် ကောင်းလှေရကား ဖတ်ရှုသူတို့သည် သာမန်အားဖြင့် ယုံကြည်နိုင်ဖို့ ခဲ ယဉ်းပေလိမ့်မည်။ သို့ရာတွင် ထိုကဲ့သို့ မယုံကြည်သောသူများအား သက်သေ ခံပစ္စည်းများ တင်ပြရန် ကျွန်တော်ထံ အဆင်သင့် ရှိသည်ဖြစ်သောကြောင့် ဤပုံဝတ္ထုကို ဖတ်ရှုပြီးသောအခါ၌ မည်သူမဆို စုံစမ်းနိုင်ပေသည်။

သက်သေခံပစ္စည်းများမှာမူကား

၁။ ကျွန်တော်၏ နှလုံးသည် ထိုအဖြစ်အပျက်နှင့် မကြုံမတွေ့မီက သူတစ်ပါးနည်းတူ လက်ဝဲဘက်၌ ရှိခဲ့ဖူးရာ ယခုမှာ လက်ယာဘက်သို့ ပြောင်းရွှေ့ရောက်နေခြင်း။

၂။ ကျွန်တော်မှာ တစ်သက်လုံး ညာသန်ဖြစ်လျက်နှင့် ယခု ဘယ်သန်ဖြစ်၍ သွားခြင်း။

၃။ ကျွန်တော်၏ နာရီမှာ လက်တံများသည် လက်ယာရစ် မလှည့်

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် ကဝိတံခွန်မဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၁၀ နှင့် အမှတ် ၁၁၊ ဇူလိုင်၊ ဩဂုတ်၊ ၁၉၃၃ နှစ်တွင် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဲ လက်ဝဲဘက်သို့ ပြောင်းပြန်လှည့်သည်ပြင် နာရီကွက်များမှာလည်း ၁၂-၁-၂-၃-၄ စသည်ဖြင့် မရှိဘဲ ၁၂-၁၁-၁၀-၉-၈ စသည်ဖြင့် ပြောင်းပြန်ရှိနေခြင်း။

၄။ ကိုးစကိုးတိုက်မှ ပရော်ဖက်ဆာ ဘစ်စမတ် ဝယ်ယူသွားသော ကုန်များ၏ စာရင်းကို ပြနိုင်ခြင်း။

၅။ ပရောဖက်ဆာ ဘစ်စမတ်က ၁၉၃၁ ခုနှစ်၊ မေ ၃၁ ရက်နေ့နှင့် ဇွန်လ ၅ ရက်နေ့ထုတ် ရန်ကုန်ဂေဇက် သတင်းစာ ကြော်ငြာပိုင်းတွင် ထည့်သွင်းလိုက်သည့် ကြော်ငြာကို ပြနိုင်ခြင်း။

ထို့ပြင် အခြားပစ္စည်းများလည်း သက်သေခံအဖြစ်နှင့် ရှိပါသေးသည်။ သို့ရာတွင် ထိုအကြောင်းကို ယခု ပြော၍ မပြဘဲ ကျွန်တော်ကြုံတွေ့ခဲ့ရသည့် ထူးဆန်းလှသော အဖြစ်အပျက်ကို အစဉ်အတိုင်း ရေးသားဖော်ပြပါအံ့။

ကျွန်တော်မှာ သိပ္ပံကျောင်းသား တစ်ယောက်ဖြစ်၍ အမည်မှာ မောင်လှတင်ဖြစ်ပါသည်။ ကျွန်တော်နှင့် တစ်ခန်းတည်း အတူနေ မောင်ထွန်းဦးဆိုသူ ရွှေဘိုနယ်သား ကျောင်းသားတစ်ယောက်ရှိရာ ၎င်းသူမှာ ကာယဗလ ကောင်းခြင်း၊ ဉာဏ်ထက်မြက်ခြင်း၊ ဖြူစင်သော စိတ်ရှိခြင်း၊ ကျေးဇူးပြုတတ်ခြင်း စသည့် ကောင်းမွန်သော အရည်အချင်းနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်လေရကား ကျောင်းသားတိုင်းကပင် ချစ်မြတ်နိုးကြ၍ ကျွန်တော်နှင့်မူ အထူးသင့်မြတ်ကြလေသည်။

၁၉၃၁ ခုနှစ်၌ ကျွန်တော်တို့သည် ကျောင်းမဖွင့်သေးမီ ရန်ကုန်သို့ အတူ ပြန်လာကြ၍ မိတ်ဆွေတစ်ဦး၏ အိမ်တွင် တည်းခိုကာ မြို့တွင်း၌လည်ပတ်လျက် ရှိကြစဉ် မောင်ထွန်းဦးသည် ကျွန်တော်အား ရန်ကုန်ဂေဇက်သတင်းစာတွင် ပါလာသည့် ကြော်ငြာ တစ်ခုကို ပြလေ၏။

ဗလကောင်းကောင်း၊ သတ္တိကောင်းကောင်း သားမယားမရှိ၊
လောကဓာတ်ပညာအကြောင်း အတော်အတန် နားလည်သော
လူငယ်တစ်ယောက် အလိုရှိသည်။ နာမည်ကျော်စော၍ ငွေအ



မြောက်အမြားရဖို့အတွက် စွန့်စားလိုသော စိတ်ရှိရမည်။ အကြောင်းစုံ သိလိုလျှင် ရန်ကုန်ဂေဇက် သတင်းစာမှ ကျေးဇူးပြု၍ ပရော်ဖက်ဆာ ဘစ်စမတ်ထံသို့ ရေးသားမေးမြန်းနိုင်သည်။

မောင်ထွန်းဦးသည် ၎င်းကြော်ငြာကို ကျွန်တော်အား ပြပြီးနောက် လျှောက်ထားလိုသော စိတ်ရှိကြောင်းနှင့် ကျွန်တော်အား တိုင်ပင်လေရာ ကျွန်တော်ကမူ မည်သည့် အလုပ်မျိုး ဖြစ်မည်ကိုလည်း မသိ၊ ကျောင်းဖွင့်သောအခါ ကျောင်းတက်ရန်လည်း ရှိသောကြောင့် မလျှောက်ထားဖို့ အကြောင်းနှင့် ဖျက်ဆီးပြောဆိုလေ၏။ မောင်ထွန်းဦးသည် ထိုကြော်ငြာကို ကျွန်တော်အား မေလ ၃၁ ရက်နေ့တွင် ပြ၍ ဇွန်လ ၁ ရက်နေ့၌ အိမ်မှ ထွက်သွားလေရာ ဇွန်လ ၄ ရက်တိုင်အောင်လည်း မပေါ်လာဘဲ ရှိရကား ကျွန်တော်မှာ အတော်ပင် စိတ်ပူပန်မိပေ၏။ ချစ်လှသော သူငယ်ချင်း ပြန်၍ မလာဘဲရှိနေခဲ့သော် ကျွန်တော်သည် ရန်ကုန်ဂေဇက် ကြော်ငြာပိုင်းတွင် ဆက်လက်၍ ရှာဖွေလေရာ ဇွန်လ ၅ ရက်နေ့၌ အထက်ပါ ကြော်ငြာအတိုင်း ထပ်မံ၍ ပါလာပြန်သည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်တော်မှာ သူငယ်ချင်း၏ အကြောင်းကို သိလိုလှသည် ဖြစ်၍ ကြော်ငြာတွင် ပါရှိသည့် လိပ်အတိုင်း လျှောက်ထားလိုက်ရာ နောက်တစ်နေ့၌ပင် ပြန်စာ တစ်စောင် ရရှိလေ၏။ ၎င်းစာမှာ ပရော်ဖက်ဆာ ဘစ်စမတ်ထံမှ ရေးလိုက်သော စာဖြစ်လေရာ ဝင်ဒါမီယာလမ်း ကိုဇီးကောနား အမည်ရှိ နေအိမ်သို့ လူကိုယ်တိုင် လာရောက် စုံစမ်းနိုင်ကြောင်းနှင့် ပါရှိလေ၏။

သို့ဖြစ်၍ ကျွန်တော်သည် ဇွန်လ ၇ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် ဝင်ဒါမီယာလမ်းသို့ သွားရောက်၍ ကိုးဇီးကောနားအမည်ရှိ နေအိမ်ကို ရှာဖွေလေရာ ၎င်းမှာ အလွန်တရာ ချောင်ကျသော နေရာတစ်ခု၌ တည်ရှိသည့် အလွန်ကြီးမား အိုမင်းသော ဘိုအိမ်ကြီး ဖြစ်ကြောင်း တွေ့ရှိရလေ၏။ ထိုအိမ်ကြီးမှာ ကျယ်ဝန်းလှသော ဝင်းကြီး တစ်ဝင်း၏ အလယ်၌ တည်ရှိ၍ မြင့်မားသော သစ်ပင်ကြီးတို့ဖြင့် ဖုံးအုပ်လျက် ရှိရာ အလွန်တရာပင် ခေါင်လှသည်ဟု ဆိုထိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတွင်းသို့ ဝင်မိသောအခါ အစေခံ တစ်ယောက်နှင့် တွေ့၍ ပရော်ဖက်ဆာ ဘစ်စမတ်ရှိသော အခန်းသို့ ခေါ်သွားလေ၏။ ပရော်ဖက်ဆာသည် အလွန်တရာ ကျယ်ဝန်းသော အခန်းကြီး တစ်ခန်းအတွင်း၌ စားပွဲတစ်ခုတွင် ထိုင်လျက် ရှိရာ ကျွန်တော်ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာ ထိုင်ရာမှ ထ၍ လက်ကို ကိုင်ယမ်းကာ နှုတ်ဆက်ပြီးလျှင် နေရာထိုင်ခင်း ပေးလေ၏။

ပရော်ဖက်ဆာ ဘစ်စမတ်မှာ ဂျာမန်လူမျိုးတစ်ယောက်ဖြစ်၍ အသက် ငါးဆယ်ကျော် အရွယ်ခန့်ရှိပြီ ဖြစ်၍ ၎င်း၏ ရုပ်လက္ခဏာမှာ နဖူးကျယ်ကျယ် နှာခေါင်း အထူးချွန်၍ ရှေ့သို့ ငေါလျက် ထွက်နေသော မေးလည်း ရှိ၏။ ၎င်း၏ ကိုယ်မှာမူ အရွယ်နှင့် မလိုက်အောင် ကိုင်းကွခြင်းရှိလျက် မျက်လုံးတို့မှာ အထူးသဖြင့် စူးရှနက်နဲခြင်း ရှိပေ၏။

ပရော်ဖက်ဆာသည် ကျွန်တော်နှင့် တွေ့သည်နှင့် တစ်ပြိုင်နက် အခြားစကား တစ်ခွန်းမျှ မပြောသေးဘဲ ၎င်းနှင့် ပြောဆိုရသော စကားများကို အခြားသူ တစ်ဦးတစ်ယောက်ကိုမှ မပြောပါဟု ကတိထားစေရာ ကျွန်တော်ကလည်း ကတိထားလိုက်ပေ၏။ ၎င်းနောက် ပရော်ဖက်ဆာသည် ကျွန်တော်အား မေးခွန်းများ ထုတ်လေ၏။

**ဆာ**။ ။ 'သင်္ချာဘက်က တော်တော် ဝါသနာပါသလား'

**ကျွန်တော်**။ ။ 'အတော်အတန် ပါပါသည်။ သို့သော် ထူးထူးချွန်ချွန် မဟုတ်ပါ'

**ဆာ**။ ။ 'နာမည်ကျော်ကြားပြီး သုံးစွဲလို့ မကုန်နိုင်လောက်အောင် ငွေရမည် ဆိုလျှင် အသက်ကိုပင် စွန့်စားနိုင်ပါ့မလား'

**ကျွန်တော်**။ ။ 'စွန့်စားရခြင်းမျိုးကို ဝါသနာ ပါပါသည်'

၎င်းနောက် ပရော်ဖက်ဆာသည် ဤလူ့ပြည်၌ လူတို့ မျက်စိဖြင့် မမြင်နိုင်၊ မကြားနိုင်သော သတ္တဝါများ ရှိနေကြောင်းကို ပြောပြ၍ ၎င်းတို့သည် ကျွန်တော်တို့နှင့် တစ်လက်မမျှ မခြားနားသော နေရာ၌ ရှိစေကာမူ လည်း သူတို့ကလည်း ကျွန်တော်တို့အား မမြင်နိုင် မကြားနိုင်၊ ကျွန်တော်



တို့ကလည်း သူတို့အား မမြင်နိုင် မကြားနိုင် ရှိနေကြောင်း ထိုသူတို့၏ တိုင်းပြည်သို့ ရောက်ဖူးသောသူ တစ်ယောက်မှာ အမေရိကန်ပြည်ကို ရှာ ဖွေသော ကိုလမ်ဘတ်ကဲ့သို့ ကျော်စောမည့်ပြင် ငွေဆိုသည်မှာလည်း လိုသ လောက်ပင် ရနိုင်ရမည် ဖြစ်ကြောင်း၊ သို့ရာတွင် ထိုသူများနှင့် တွေ့ဝံ့သော သူမှာ သာမည သတ္တိနှင့် မဖြစ်နိုင်၍ အထူးသဖြင့် ရဲဝံ့စွန့်စားသော သဘော ရှိဖို့ လိုကြောင်းများနှင့် ပြောဆိုသောအခါ ကျွန်တော်မှာ မည်သို့သော အကြောင်းကြောင့် မသိ၊ တုန်လှုပ်ထိတ်လန့်သော စိတ်ဖြစ်ပေါ်လာခဲ့လေ၏။ ၎င်းနောက် ပရော်ဖက်ဆာက ဆက်လက်၍

**ဆာ**။ ။ 'ဒီတိုင်းပြည်ကို သွားရောက်ဖို့နည်းလမ်းကို နှစ်ပေါင်းများစွာ ကျွန်ုပ် စုံစမ်းခဲ့ရာ ယခု ထမြောက်ချေပြီ။ သို့သော် ကျွန်ုပ်ကိုယ်တိုင်မှာ အရွယ်ကြီးပြီဖြစ်၍ သွားနိုင်ဖို့ ခဲယဉ်းလှပါသည်။ လူငယ်ငယ်ရွယ်ရွယ် ခွန်အားဗလနှင့် ဖျတ်လတ်၍ သတ္တိကောင်းမှ ဖြစ်နိုင်ဖို့ရှိပါမည်။ ဘယ့်နှယ့်လဲ ရဲပါ့မလား'

**ကျွန်တော်**။ ။ 'ဟိုရောက်တော့ ဘာတွေ့မလဲ'

**ဆာ**။ ။ 'ဘာတွေ့မယ်လို့ ကျွန်ုပ် အမှန်မပြောနိုင်ဘူး။ ထူးထူးဆန်းဆန်း တွေ့ရလိမ့်မယ်လို့တော့ ကျွန်ုပ် အာမခံဝံ့တယ်'

**ကျွန်တော်**။ ။ 'မောင်ထွန်းဦး သွားတာ ဒီကိုပဲလား'

**ဆာ**။ ။(မျက်နှာပျက်လျက်) 'မောင်ထူး ဘယ်က မောင်ထူးလဲ'

ပရော်ဖက်ဆာသည် ထိုကဲ့သို့ မသိဟန်ဆောင်၍ ပြန်လည် မေးမြန်း သော်လည်း ကျွန်တော်ကမူ မောင်ထွန်းဦးသည် ပရော်ဖက်ဆာ၏ ကြော်ငြာ အရ ၎င်းထံ သွားရောက်၍ ၎င်းစေခိုင်းရာ နေရာသို့ ထွက်သွားပြီဖြစ်ကြောင်း ထင်မှတ်မိပါ၍ ဆိုဝံ့ပေ၏။

ထိုအခါ ကျွန်တော်မှာ ထိုလူကြီးသည် သူရူးကြီးတစ်ယောက်ဖြစ်၍ မောင်ထွန်းဦးအား သတ်ဖြတ်လိုက်ကြောင်းနှင့် ပုလိပ်ထံ တိုင်တန်းရမည်လောဟု တွေးတောလျက် စုံလင်စွာ သိရှိစေရန် ထပ်လောင်းမေးမြန်း လေ၏။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်။** ။ 'စုံစုံလင်လင် ပြောပြစမ်းပါဦး။ ကျွန်တော် ကောင်းကောင်း နားမရှင်းသေးပါ'

**ဆရာ။** ။ 'ကောင်းပြီ၊ လာ။ ကျုပ် ပြမည်' ဟု ပြော၍ ပရော်ဖက်ဆာသည် အခန်း တစ်ခန်းအတွင်းသို့ ကျွန်တော်အား ခေါ်သွားလေရာ ဟိုအခန်းတွင်း၌ကား စားပွဲတစ်ခု၊ ကုလားထိုင်တစ်ခု အပြင် အခန်း၏ အလယ်၌ အနံ လေးပေ၊ အလျား ခြောက်ပေခန့် ရှိသော သစ်သားဘောင်တစ်ခု ရှိပေ၏။ ထိုသစ်သားဘောင်မှာ လျှပ်စစ်ဓာတ်ကြိုးများဖြင့် ဆက်သွယ်လျက်ရှိရာ ၎င်း ဘောင်ကြီးများနှင့် ငါးပေခန့် ဝေးသော နေရာ၌ကား စပရိန် တပ်၍ထားသော ခုံကလေးတစ်ခုံ ရှိပေ၏။ စားပွဲပေါ်၌မူ အနီရောင်ရှိသော ကြက်ပေါင် ဘောလုံးကလေးများကို သေတ္တာငယ်တစ်လုံးဖြင့် ထည့်၍ တင်ထားလေ၏။ ထိုသစ်သားဘောင်မှာ အရုပ်ကားကြီးတစ်ကား၏ ဘောင်နှင့် တူသော်လည်း အရုပ်မရှိဘဲ ဘောင်သက်သက် ရှိနေ၍ ကြေးဝါခလုတ်များ၊ ဖန်ပြွန်များ သည်လည်း လေးမျက်နှာတို့၌ အနှံ့အပြား တပ်ဆင်၍ ထားလေ၏။

**ဆရာ။** ။ 'ဒီဘောင်ကို လှည့်ပတ်ပြီး သေသေချာချာ ကြည့်ပါ။ သို့သော် လက်နှင့် မထိမကိုင်ပါနှင့်' ဟု ပြောသဖြင့် ကျွန်တော်သည် ထိုဘောင်ကြီးကို လှည့်ပတ်၍ ကြည့်ရာ ဘောင်၏ တစ်ဘက်၌ အုတ်နံရံမျှသာ ရှိ၍ ဘောင်နှင့် ဆယ့်ငါးပေခန့် ဝေးကြောင်း တွေ့ရလေ၏။ ဘောင်၏ အခြား ဘက်၌မူ ယခင်က ဖော်ပြခဲ့သော စပရိန်တပ်ထားသည့် ခုံတစ်ခုံ ရှိပေ၏။

**ဆရာ။** ။ 'ခုံပေါ်က တက်ပြီး ဘောင်ထဲကို တည့်တည့် ခုန်လိုက်စမ်း' ဟု ပြောသောအခါ ကျွန်တော်သည် ဆုတ်ဆိုင်းလျက် ရှိရာ ပရောဖက်ဆာ သည် ခုံမှ တက်၍ ဘောင်ထဲသို့ ခုန်ဝင်လိုက်သဖြင့် အခြားဘက်၌ လေး ဘက်ထောက်လျက် ကျလေ၏။

**ဆရာ။** ။ 'ဘာခက်သလဲ။ ကျုပ် ခုန်သလို ခုန်ပါ။ မကြောက်ပါနှင့်။ ဓာတ်ကြိုး မသွယ်သေးခင် ဘယ်ကိုမှ မရောက်နိုင်ပါဘူး' ဟု ပြောသဖြင့် ကျွန်တော်သည် ခုံပေါ်မှ တက်၍ ဘောင်တွင်းသို့ ခုန်ဝင်လိုက်သည်တွင် ဘောင်၏ အခြားဘက်သို့ ငါးပေခန့် ရောက်သွားလေ၏။



ထိုအခါ ပရော်ဖက်ဆာသည် ကုလားထိုင်ကို ဘောင်၏ ခုံအောက်တွင် ခင်းပေး၍ ကျွန်တော်အား ကုလားထိုင်ပေါ်တွင် ထိုင်စေရာ ကျွန်တော် ထိုင်နေသော နေရာမှမူ ဘောင်၏ အတွင်းသို့ မမြင်နိုင်ဘဲ ရှေ့နှင့် နောက် ကိုသာလျှင် မြင်နိုင်ပေ၏။ ထိုသို့ ရှိစဉ် ကျွန်တော်မှာ အနောက်ဘက်သို့ မျက်နှာမူလျက် ရှိသဖြင့် ပြတင်းပေါက် တစ်ပေါက်နှင့် တည့်တည့် ရှိနေ လေ၏။ ထိုအခါ ပရော်ဖက်ဆာသည် ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ဘောင်၌ တပ်ထားသော ဖန်ပြွန်များသည် ရဲရဲနီလာ၍ အဝေးမှ စက်ကြီး ဟိန်းသော အသံကဲ့သို့ (ဝီ– ဝီ– ဝီ) ဟူသော အသံတို့မှာ မစဲဘဲ မြည်လျက် ရှိပေ၏။

**ဆရာ** ။ ။ 'ကြည့်နော်၊ သေသေချာချာ ကြည့်စမ်း'

ကျွန်တော်သည် ကုလားထိုင်တွင် ထိုင်လျက် ဘောင်ရှိရာသို့ မျှော် ကြည့်နေရာ ပထမ သုံးမိနစ်ခန့်အတွင်းတွင် တစ်စုံတစ်ရာမျှ ထူးခြားခြင်း မရှိချေ။ ထိုအချိန်ကျော်လွန်သောအခါ၌ ဘောင်၏ အခြားဘက်၌ ရှိသော နေရာလပ်သည် မှောင်အတိ ဖြစ်လာသဖြင့်ကျွန်တော်မှာ ယခင်က ပြတင်း ပေါက်ကိုစင် မမြင်နိုင်ဘဲရှိရာ အခြားသော နေရာတို့မှာမူ ပြတင်းပေါက်များမှ ဝင်သော အရောင်ဖြင့် ရေးနည်းအတူ ထိန်ထိန်လင်းလျက် ရှိနေလေ၏။

ထိုကဲ့သို့ ကြည့်နေသဖြင့် ဆယ့်ငါးမိနစ်ခန့်မျှ ကြာလတ်သော် ပရော် ဖက်ဆာသည် သေတ္တာ၌ ထည့်ထားသော ကြက်ပေါင် ဘောလုံးနီကလေး တစ်လုံးကို ကောက်ယူ၍ ဘောင်အတွင်းသို့ ပစ်သွင်းလိုက်ရာ ဘောလုံးသည် မှောင်ထဲသို့ တစ်ခါတည်း ပျောက်ကွယ်၍ သွားလေ၏။

**ကျွန်တော်။** ။'တယ်ထူးဆန်းပါလား၊ ဒီပြင်တစ်လုံး ပစ်သွင်းစမ်းပါဦး'

**ဆရာ။** ။ 'မောင်ကိုယ်တိုင် စမ်းကြည့်ပါလား။ ရော့လေ၊ ဘောလုံး'

ကျွန်တော်သည် ထိုင်ရာမှ ထ၍ ခုံကလေးအနီးသို့ သွားပြီးလျှင် ဘောလုံး တစ်လုံးကို ယူ၍ ဘောင်၏ အခြားဘက်၌ ရှိသော မှောင်မိုက်ထဲသို့ ပစ်သွင်းလိုက်ရာ ဘောလုံးသည် နံရံကို ထိမှန်လောက်သော်လည်း မည်သည့် အသံမျှ ထိမှန်ခြင်း မရှိဘဲ တစ်ခါတည်း ပျောက်သွားလေ၏။ ထိုအခါ၌ကား ကျွန်တော်မှာ အံ့သြလှသည် ဖြစ်၍ ပါးစပ်ကို ဟလျက် ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပရော်ဖက်ဆာသည် ဘောလုံးတစ်လုံးကို ယူ၍ ဓားနှင့် ထက်ခြမ်း ခွဲပြလေရာ ဘောလုံးမှာ အပြင်၌ အနီရောင်ရှိ၍ အတွင်း၌ကား အဝါရောင် ရှိကြောင်းတွေ့ရလေ၏။

**ဆရာ။** ။ 'ပစ်စမ်းပါဦး။ တစ်လုံးပြီး တစ်လုံး ပစ်စမ်းပါ၊ တစ်လုံး တလေလောက်တော့ တစ်ခုခုနှင့် မှန်ပြီး ပြန်လာကောင်းပါရဲ့။ ပစ်စမ်းပါ'

**ကျွန်တော်။** ။ 'ဘာနှင့် မှန်စရာရှိလို့လဲ။ နံရံ အပြင်မှ တစ်ပါး ဘာများ ထိမှန်စရာ ရှိပါသလဲ'

**ဆရာ။** ။ 'မဆိုနိုင်ဘူး ပစ်သာပစ်ပါ'

ထိုအခါ ကျွန်တော်သည် ဘောင်ရှေ့၌ ရပ်လျက် ကြက်ပေါင်ဘောလုံးများကို တစ်လုံးပြီးလျှင် တစ်လုံး ကောက်ယူ၍ ဘောင်တွင်းသို့ ပစ်၍ သွင်းလေရာ ဆယ့်ငါးလုံးမျှ ပစ်မိသောအခါတွင် နောက်ဆုံး ဘောလုံးတစ်လုံးသည် ဘောင်တွင်းမှ ပြန်၍ ထွက်လာ၍ ကျွန်တော်၏ ခြေထောက်အနီး၌ ကျလေ၏။ ထိုဘောလုံးကို တွေ့မြင်ရသောအခါ ကျွန်တော် ပစ်သွင်းလိုက်သော ဘောလုံးများသည် အနီရောင် ဖြစ်၍ ပြန်ထွက်လာသော ဘောလုံးမှာမူကား အဝါရောင် ဖြစ်နေပေသောကြောင့်တည်း။

**ဆရာ။** ။ 'ခွဲကြည့်စမ်း။ ခွဲကြည့်စမ်း' ဟု ပြောသဖြင့် ကျွန်တော်သည် ဘောလုံးကို ဓားနှင့် ခွဲလိုက်ရာ အတွင်း၌ကား အနီရောင် ရှိနေသည်ကို တွေ့မြင်ရလေ၏။

**ကျွန်တော်။** ။ 'ဘယ့်နှယ် ဖြစ်သွားတာလဲ'

**ဆရာ။** ။ 'ပြောင်းပြန် လန်သွားလို့ပေါ့'

**ကျွန်တော်။** ။ 'ဘောလုံးဟာ မကွဲဘဲနှင့် ပြောင်းပြန်လန်တယ်လို့ ရှိနိုင်ပါမလား'

**ဆရာ။** ။ 'လောကမှာ မောင်တို့ ကျုပ်တို့ မဖြစ်နိုင်ဘူး ထင်တာတွေ ဖြစ်နေတာ အများကြီး ရှိတယ်။ ဟိုပြည်နှင့် ဒီပြည် မတူဘူး။ ဒါကြောင့် မောင့်ကို ကိုယ်တိုင် သွားပြီး စုံစမ်းစေချင်တယ် မဟုတ်လား'

၎င်းနောက် ပရော်ဖက်ဆာသည် ခလုတ်ကို နှိပ်လိုက်ရာ ဘောင်၏



အခြားဘက်၌ မှောင်မိုက်ခြင်းမှာ တဖြည်းဖြည်း ပျောက်သွား၍ အလင်းရောင် လင်းလာလေ၏။ ထိုအခါ ကျွန်တော်သည် ကြမ်းပေါ်၌ ဘောလုံးများကို တွေ့ရလိမ့်မည်ဟု မျှော်လင့်လျက် ကြည့်ရှုလေရာ ယခင်က ပြန်လာသော ဘောလုံးမှတစ်ပါး အခြားဘောလုံး တစ်လုံးမှ မတွေ့ မမြင်ရချေ။

**ဆရာ။** ။ 'ရိပ်မိပြီလား။ ဒီဘောင်ဟာ တခြားမဟုတ်ဘူး။ အခြားသော သတ္တဝါတစ်မျိုး နေတဲ့ ပြည်သို့ သွားသော တံခါးပေါက်ဖြစ်တယ်။ ဒီအပေါက်ကနေပြီး ရိက္ခာ အမျိုးမျိုး လက်နက်ကိရိယာ အမျိုးမျိုးကို ကျွန်ုပ်ပစ်သွင်းပြီး ဖြစ်တယ်။ ကြိုး၊ လက်နှိပ်ဓာတ်မီး၊ သေနတ်မှစ၍ လိုသလောက် ပစ္စည်းအမျိုးမျိုးကိုလည်း ကျွန်ုပ် ပစ်သွင်းပြီး ဖြစ်တယ်။ ဒီတော့ မောင်သည် စင်စစ်သတ္တိကောင်းသော သူတစ်ယောက်ဖြစ်ပါလျှင် ခုံပေါ်က တက်ပြီး ခုနင်က ခုန်သလို ဘောင်တွင်းသို့ ခုန်ဝင်စေချင်တယ်။ ခုနင်ကတော့ ခလုတ်မနှိပ်ရသေးလို့ အခြားကို မရောက်ဘူး။ ဒီအခန်းတွင်းမှာပဲ ရောက်တယ်။ ကျွန်ုပ်က ခလုတ်ကို နှိပ်ပြီးမှ ခုန်ဝင်ခဲ့လို့ ရှိလျှင် ဘောလုံးများ ရောက်သွား[ကြ]သလို တခြားပြည်ကို ရောက်သွားမယ်။ ခုန်ဝင်လိုက်လျှင် လူတည်နေနိုင်စရာ တစ်ခုခု ရှိတယ်လို့ ကျုပ် အမှန်ပြောဝံ့တယ်။ တစ်ခုခု အမာခံ မရှိဘဲနှင့် ဒီဘောလုံးဟာ ပြန်ရောက်လာနိုင်မယ် မဟုတ်ဘူး။ ဘောလုံးဟာ ပြန်ပြီး ခုန်ဝင်လာနိုင်ခဲ့လျှင် မောင်လည်းပဲ ပြန်လာချင်တဲ့ အခါမှာ ခုန်ပြီး ပြန်လာနိုင်ဖို့ အကြောင်းရှိတယ်။ ဟိုရောက်တဲ့အခါမှာ ဘယ်လို ဟာမျိုးတွေ မြင်ခဲ့တယ်ဆိုတာ ပြောပြနိုင်လောက်အောင် သေသေချာချာ ကြည့်ခဲ့ပြီး ကျုပ်ကို ပြောပြစမ်းပါ။ ဒီအခါမှာ မောင်ကဲ့သို့ ကျော်စောတဲ့ လူ လောကမှာ နှစ်ယောက်မရှိဘူး မှတ်ပါ။ ကိုင်း ဘယ်နှယ်လဲ'

**ကျွန်တော်။** ။ 'ဘယ့်နှယ်ကြောင့် ခုံပေါ်တက်ပြီး ခုန်ဝင်ရသလဲ။ ဒီအတိုင်း ကျော်ဝင်လို့ မရဘူးလား'

**ဆရာ။** ။ 'ရတော့ ရပါရဲ့။ သို့သော် ကျော်ဝင်နေတဲ့ အတောအတွင်းမှာ စက်၌ တစ်ခုခု ဖြစ်ခဲ့လျှင် မောင့်ကိုယ်ဟာ နှစ်ခြမ်း ဖြစ်သွားမယ်။ ဒီတော့ကာ တတ်နိုင်သမျှ လျင်မြန်အောင် ခုန်ပြီး ဝင်တာ အကောင်းဆုံးပဲ'

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်။** ။ 'နေပါဦးခင်ဗျာ။ ကျွန်တော် ပြန်လာတဲ့အခါမှာ ခုနင်က ဘောလုံးလို အတွင်းအပြင် ပြောင်းပြန် လန်သွားလျှင် ဘယ့်နှယ်လုပ်မလဲ'

**ဆာ။** ။ "ဒီလိုတော့ မဖြစ်တန်ကောင်းပါဘူး ထင်ပါရဲ့။ ထူးထူးဆန်းဆန်း ကြုံတွေ့ချင်တဲ့ လူဟာ နည်းနည်းပါးပါးလောက်တော့ စွန့်စားရတာပေါ့'

ထိုအခါ ကျွန်တော်မှာ ဤကိစ္စ၌ စွန့်စားရခြင်းမှာ ၎င်းပြောသည့် အတိုင်း နည်းနည်းပါးပါး မဟုတ်၊ များများကြီး စွန့်စားရခြင်း ဖြစ်ကြောင်းကို သိရှိသော်လည်း အထူးအဆန်း တွေ့လိုမြင်လိုသောကြောင့် မဟုတ်။ ချစ်လှစွာသော သူငယ်ချင်းကို တွေ့လို စုံစမ်းလို၍ စွန့်စားရခြင်း ဖြစ်လေရကား ပရော်ဖက်ဆာနှင့် ငြင်းခုံခြင်း မပြုဘဲ စွန့်စားရန် သဘောတူညီလေ၏။

**ကျွန်တော်။** ။ 'ကောင်းပါပြီ။ ခလုတ်နှိပ်ပါတော့။ ကျွန်တော် ခုန်ဝင်ပါတော့မယ်'

**ဆာ။** ။ (လက်ဝါးနှစ်ဖက်ကို ပွတ်လျက်) 'နေရာကျပြီ၊ နေရာကျပြီ။ တယ်သတ္တိကောင်းတဲ့ လူပဲ။ ဟိုမှာ တစ်ရက် နှစ်ရက်နေပြီး ပြန်လာတော့ ကျုပ်ကို ပြောပြနော်'

**ကျွန်တော်။** ။ 'စိတ်သာချပါ'

၎င်းနောက် ပရော်ဖက်ဆာသည် ခလုတ်ကို နှိပ်လိုက်ရာ ဘောင်၏ အခြားဘက် ၌ အမှောင်ကြီးပေါ်လာ၍ ဖန်ပြွန်များသည်လည်း ရဲရဲနီလျက် ရှိလေ၏။ ထိုနောက် ကျွန်တော်သည် ခုံနှင့် လေးငါးလှမ်းကွာမှ အရှိန်ယူ၍ ခုံပေါ်သို့ ပြေးတက်ပြီးလျှင် ဘောင်ကြီးအတွင်းရှိ မှောင်မိုက်ထဲသို့ တစ်ဟုန်ထိုး ခုန်ဝင်လိုက်လေ၏။

အခြားသော ကြုံတွေ့ပုံများနှင့် အလျဉ်းမတူသော ကြုံတွေ့ပုံတစ်ခုကို အောက်တွင် ရေးသားရသောအခါ၌ လူအများ နားလည်အောင် မည်ကဲ့သို့ ရေးသားဖော်ပြရချေမည်နည်း။ ကျွန်တော်သည် လင်းလျက်ရှိနေသော နေရာ တစ်ခုမှ မှောင်အတိ ပြီးလျက် ရှိနေသော နေရာတစ်ခုသို့ ရောက်သွားလေရာ ရင်ထဲ၌ ဓာတ်လှေကားဖြင့် ဆင်းရသောအခါ၌ ခံစားရခြင်းမျိုးကဲ့သို့ ပထမ၌ ဟာကနဲ ဖြစ်သွားပြီးလျှင် အူအသည်းများသည် ကျွမ်းသန္တာလန်၍ ဇလုံ



ဆန်သည်တိုင်အောင် အနေရခက်လှပေ၏။ ကျွန်တော်၏ တစ်ကိုယ်လုံးမှာ အရပ် ဆယ်မျက်နှာတို့မှ တစ်ပြိုင်တည်း ပြင်းထန်စွာ ဆွဲငင်လိုက်ဘိသကဲ့သို့ မခံချိ မခံသာ ရှိနေရာမှ အစိတ်စိတ်အမွှာမွှာကဲ့သို့ ကွဲပြိုသွားပြီးလျှင် တစ်ဖန် ပြန်၍ ဆက်စပ်လိုက်ဘိသကဲ့သို့ ရှိနေလေ၏။ ကျွန်တော်သည် ခုံပေါ်မှ ခုန်လိုက်သော အချိန်သည် မှောင်ထဲသို့ ရောက်သွားသည့် အချိန်တိုင်အောင် တစ်စက္ကန့်မျှထက် ပိုမို၍ ကြာမည် မရှိသော်လည်း အကြိမ်ပေါင်း တစ် ထောင်သေခဲ့ပြီးသကဲ့သို့လည်း မှတ်ထင်ရပေ၏။

ကျွန်တော်သည် မြေပေါ်တွင် လေးဘက်ထောက်လျက် ရှိရာမှ ထ၍ မည်သည့်နေရာ၌ ရောက်နေကြောင်းကို ကြည့်ရှုသည့်အခါ အောက်ပါ အတိုင်း တွေ့မြင်ရလေ၏။ ကျွန်တော်မှာ ကျောက်ဆောင်ကြီး တစ်ခုပေါ်၌ ရောက်ရှိသည်ဖြစ်ရာ ကျွန်တော်၏ ရှေ့၌ကား လှိုင်းများ တဖြည်းဖြည်း ပုတ်ခတ်လျက်ရှိသော ပင်လယ်ကမ်းခြေရှိ၍ ကျွန်တော်၏ နောက်၌မူ အ လွန်တရာ နက်လှစွာသော ချောက်ကြီး ရှိလေ၏။ ကျွန်တော်သည် ခုံပေါ်မှ ရပ်၍ ဘောင်အတွင်းသို့ ခုန်ဝင်လိုက်သောအခါတွင် အဟုန်ပြင်းစွာနှင့် ခုန်လိုက်သဖြင့် ထိုချောက်ကြီးကို ကျော်လွန်လာခဲ့ခြင်းဖြစ်လေရာ အကယ်၍ တစ်ပေခန့်မျှ လျော့၍ ခုန်ခဲ့ပါမူ ကျောက်ဆောင်ပေါ်သို့ မရောက်ဘဲ ချောက် ထဲသို့ ကျသွားရချေမည် ဖြစ်၏။ ကျွန်ုပ်မှာ ထိုအကြောင်းကို စဉ်းစားမိသဖြင့် ကြက်သီးမွေးညင်း ထမိလေ၏။ ထိုနောက် လက်ဝဲဘက်သို့ မျှော်ကြည့် လိုက်သော် ချောက်နှင့် ပင်လယ်၏ အကြားတွင် ကျောက်ဆောင်ကြီးသည် မျက်စိမဆုံးနိုင်အောင် ရှိနေသည်ဖြစ်ရာ လက်ယာဘက်၌လည်း ထိုနည်းအတူ ပင်လယ်နှင့် ချောက်၏ စပ်ကြား၌ ကျောက်ဆောင်များသာလျှင် ရှိနေ လေ၏။

ထိုပြင် ထူးဆန်းသော အချက်တစ်ခုမှာ ကျွန်တော် တွေ့မြင်ရသော အရာဝတ္ထုများသည် အစိမ်း၊ အနီ၊ အဝါ၊ အပြာ စသည်ဖြင့် အရောင်အမျိုးမျိုး မရှိဘဲ ဓာတ်ပုံတွင် တွေ့မြင်ရသည့်အတိုင်း ပြာနှမ်းနှမ်း အရောင်မျှသာ ရှိနေ၍ အပြာနု အပြာရင့် အပြာဟူ၍ သာလျှင် တစ်ခုနှင့်တစ်ခု ကွဲပြား

www.burmeseclassic.com

www.burmeseclassic.com



ခြားနားခြင်း ရှိလေရာ ထိုကဲ့သို့ နေရာအရပ်တိုင်းသည် တစ်သွေး တစ်ရောင်တည်း ရှိနေသည်ကို မြင်သဖြင့် အကြောင်းမည်သို့ ရှိလေသနည်းဟု နေကို မော့်ကြည့်မိရာ မည်သည့်နေရာ၌မျှ နေကို မတွေ့မမြင်ရဘဲ ကောင်းကင်တစ်ခုလုံးသည် ပြာနှမ်းနှမ်း အရောင်သာလျှင် ရှိနေလေ၏။ ၎င်းနောက် ကျွန်ုပ်တော်၏ ခြေရင်းသို့ ငုံ့၍ ကြည့်လိုက်ရာ ကျွန်တော်၏ ကိုယ်မှာလည်း ကျောက်ဆောင်ပေါ်၌ အရိပ် မထွက်ချေ။

ဤသည်ကား ထူးဆန်းခြင်း တစ်ရပ်ပေတည်းဟု အောက်မေ့၍ ကျွန်တော်သည် အချိန်ကို သိလိုသဖြင့် လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ပထမ၌ နားမလည်နိုင်အောင် ရှိနေလေ၏။ အကြောင်းကို ဆိုသော် နာရီကွက်များသည် ပြောင်းပြန်ရှိနေ၍ နာရီလက်တံသည်လည်း လက်ယာရစ်မလည်ဘဲ ပြောင်းပြန်လည်လျက် ရှိ၏။ သို့ရာတွင် ထိုပြောင်းပြန်ကိုပင် အလိုက်သင့်အောင် ကြည့်ရှုသောအခါ၌ နာရီပြန်တစ်ချက်ကျော်ကျော် ရှိနေကြောင်း တွေ့ရှိရလေ၏။ ကျွန်တော်မှာ ပရော်ဖက်ဆာ ဘစ်စမတ်၏ အိမ်သို့ ဆယ်နာရီအချိန်တွင် လာခဲ့ကြောင်း သတိရ၏။

ထိုကဲ့သို့ သတိရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်မှာလည်း မည်သည့်နည်းနှင့်မျှ ပရော်ဖက်ဆာ၏ အိမ်ခန်းနှင့် ဝေးဝေး မရှိနိုင်။ ကျွန်တော်မြင်ရသော ကျောက်ဆောင် ပင်လယ် ချောက်စသည်တို့မှာလည်း စိတ်ထဲ၌ထင်ရခြင်းမျှသာ ဖြစ်ရမည်ဟု အောက်မေ့၍ 'ပရော်ဖက်ဆာဘစ်စမတ်' ဟု အသံကုန်ဟစ်၍ ခေါ်လိုက်လေ၏။ သို့ရာတွင် မည်သူကမျှ ပြန်၍ မထူးချေ။ ကျွန်ုပ်၏ ပဲ့တင်သံပင်လျှင် ပြန်လာခြင်းလည်း မရှိချေ။ ၎င်းနောက် ကျွန်တော်သည် အိပ်မက်မက်ခြင်း ဖြစ်လေသလောဟု မျက်စိကို မှိတ်ထားပြီးမှ တစ်ဖန် ဖွင့်၍ ကြည့်ပြန်ရာ မည်သို့မျှ ခြားနားခြင်းမရှိဘဲ ပင်လယ်ပြင်နှင့် ကျောက်ဆောင်ကိုသာလျှင် မျက်စိတစ်ဆုံး တွေ့မြင်ရလေ၏။ ထိုအခါ၌ကား ကျွန်တော်မှာ အတော်ပင် ထိတ်လန့်ခဲ့လေပြီ။

ဤအဖြစ်သည်ကား အိပ်မက်လည်း မဟုတ်။ ရူးသွပ်၍ ထင်မိထင်ရာ ထင်မှတ်နေခြင်းလည်း မဟုတ်။ ကေန်စင်စစ် ထူးဆန်းသော အ



ဖြစ်ပေတကား။ ယင်းသို့ ဖြစ်လျှင် သူငယ်ချင်း မောင်ထွန်းဦးကို ရှာဖွေအံ့ဟု အကြံဖြစ်၍ ကျွန်တော်မှာ ညှိုးငယ်စွာ ရှိနေရာမှ လှုပ်ရှားထကြွခြင်း ရှိလာလေ၏။

သို့ဖြစ်၍ ကျွန်တော်သည် အနီးအပါး၌ မောင်ထွန်းဦးရောက်ဖူးသော အထိမ်းအမှတ်များ မည်သို့ ရှိလေသနည်းဟု ကြည့်ရှုလေရာ ပထမ၌ အစအနကိုမျှ မမြင်ရဘဲ ပရော်ဖက်ဆာ ဘစ်စမတ် ပစ်သွင်းပေးပို့ထားသော ရိက္ခာများနှင့် အခြားကိရိယာများကို သာလျှင် တွေ့မြင်ရလေ၏။ ၎င်းတို့မှာ ဘီစကွတ်မုန့် လေးသေတ္တာ၊ ရေဘူးတစ်ဘူး၊ ငါးသေတ္တာ နှစ်ဒါဇင်၊ ဒိန်ခဲလေးဘူး၊ ချော့ကလက် နှစ်ဘူး၊ နို့စိမ်း ခြောက်ဘူး၊ ဝက်ပေါင်ခြောက်တစ်ခု၊ လက်နှိပ်ဓာတ်မီး တစ်ခု၊ ကြိုးတစ်ချောင်း၊ ဆွယ်တာ အင်္ကျီတစ်ထည်၊ ခြောက်လုံးပြူး သေနတ်တစ်လက် စသည်တို့ ဖြစ်လေသည်။

ကျွန်တော်သည် ကျောက်ဆောင်ပေါ်၌ ပြန့်ကျဲလျက် ရှိသော ထိုပစ္စည်းများကို တစ်နေရာ၌ စုပုံထားပြီးနောက် အနည်းငယ် ဆာမွတ်သည်နှင့် ဘီစကွတ် တစ်သေတ္တာကို ဖွင့်မည်ပြုရာ အံ့အားသင့်၍ သွား၏။ အကြောင်းကို ဆိုသော် တစ်လုံးသော သေတ္တာမှာ ဖွင့်ပြီး ဖြစ်နေသည်ပြင် ဘီစကွတ်တစ်တန်းကျော်ကျော်မျှလည်း လျော့လျက်ရှိသည်ကို တွေ့ရပေသောကြောင့်တည်း။

ထိုအခြင်းအရာကို ကျွန်တော် တွေ့မြင်ရသောအခါ အတော်အတန်အားတက်လာခဲ့၍ ကျွန်တော်၏ သူငယ်ချင်းသည် ကေန်မုချ ဤနေရာသို့ ရောက်ဖူးရမည်။ ရောက်ဖူးလျှင်လည်း အဘယ်ကြောင့် တွေ့အောင် မရှာနိုင်ဘဲ ရှိအံ့နည်းဟု အောက်မေ့၍ အရှာမထွက်မီ ဝမ်းဝအောင် စားအံ့ဟု ယိုဘူးတစ်လုံးကို ဖွင့်လေ၏။ ကျွန်တော်သည် ၎င်းယိုဘူးများကို ဖွင့်လျက်ရှိစဉ် လက်များကို ရုတ်တရက် ကြည့်မိရာ ယိုဘူးကို လက်ယာလက်ဖြင့် မဖွင့်ဘဲ လက်ဝဲလက်ဖြင့် ဖွင့်လျက် ရှိကြောင်း တွေ့ရလေ၏။ သို့ အခြင်းအရာကို အနည်းငယ် အံ့သြ၍ ကျောက်ခဲတစ်လုံးကို ရုတ်တရက် ကောက်ယူ၍ စမ်းကြည့်ရာ ထိုနည်းအတူ လက်ဝဲဘက်လက်ကိုသာလျှင် အသုံးပြုလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း တွေ့ရပြန်သဖြင့် ကျွန်တော်မှာ ထိုအချိန်အတောအတွင်း၌ ဘယ်သန် တစ်ယောက်၏ အဖြစ်သို့ ပြောင်းလဲသွားကြောင်း သိရှိရလေ၏။

ဘယ်လက်နှင့် စားသည် ဖြစ်စေ၊ ညာလက်နှင့် စားသည်ဖြစ်စေ ဝမ်းဝလျှင် လိုရင်းဟု အောက်မေ့၍ ဘီစကွတ်မုန့်နှင့် ယိုအနည်းငယ် စားပြီးနောက် ဘီစကွတ်မုန့် တစ်တန်းကိုလည်း အိတ်ထဲသို့ ထည့်၍ သူငယ်ချင်းအား ရှာဖွေရန် ပြင်ဆင်လေ၏။

ကျွန်တော်သည် ထိုင်ရာမှ ထ၍ သွားရန် လမ်းကို မျှော်ကြည့်သောအခါ သွားနိုင်သော အရပ်မျက်နှာမှာ နှစ်မျက်နှာမျှ ရှိ၏။ အခြားနှစ်မျက်နှာမှာမူကား တစ်ဖက်၌ ချောက်၊ တစ်ဖက်၌ ပင်လယ် ဆီးတား ကာလျက်ရှိ၏။ သို့ဖြစ်၍ သွားနိုင်သော နှစ်မျက်နှာအနက် မည်သည့်ဘက်သို့ လိုက်ပါရမည်နည်းဟု ဆင်ခြင်ပြန်သော် နှစ်ဖက်လုံးမှာ ခြားနားခြင်း မရှိ။ သူငယ်ချင်း မောင်ထွန်းဦး သွားတန်လောက်သော လမ်းချည်းသာလျှင် ဖြစ်နေပေ၏။ ယင်းသို့ဖြစ်လျှင် ကျွန်တော်သည် လက်ယာဘက်လမ်းသို့ လိုက်ပါရန် ဆုံးဖြတ်ပြီးနောက် အကယ်၍ ဤနေရာသို့ မောင်ထွန်းဦး ထပ်မံ၍ ရောက်လာလျှင်လည်း ကျွန်တော် သွားသောဘက်သို့ သိစေရန် စာတစ်စောင်ရေး၍ ထား ခဲ့လေ၏။

ပင်လယ်ဘက်သို့ မျက်နှာမူ၍ ရပ်သော် လက်ယာဘက်
လမ်းသို့ ကျုပ် လိုက်သွားပြီ၊ လိုက်ခဲ့ပါလေ။

လှတင်။

ဤစာကို ရေးပြီးနောက် ကျွန်တော်သည် အလွယ်တကူ မြင်နိုင်လောက်သော နေရာတွင် ခဲတစ်လုံးနှင့် ဖိ၍ ထားပြီးမှ ဆွယ်တာအင်္ကျီ၊ ရေဘူးနှင့် ခြောက်လုံးပြူး သေနတ်ကို ကောက်ယူလျက် လက်ယာဘက်လမ်းသို့ လျှောက်လာခဲ့လေ၏။

ကျွန်တော် သွားသော လမ်းသည် အလွန်တရာ ကြမ်းတမ်းလှပေ၏။ စင်စစ်မှာ လမ်းဟူ၍ ခေါ်သော်လည်း လမ်း မရှိ။ ပြာမွဲမွဲ မည်းခြောက်ခြောက် ရှိသော ကျောက်ခဲများကို နင်းကျော်၍ သွားရ၏။ ဤသို့ သွားရခြင်းမှာ



ခရီးတွင်လှသည် မရှိ၊ တစ်နာရီလျှင် နှစ်မိုင်ခွဲခန့်သာလျှင် ရောက်နိုင်ဖို့ ရှိ၏။

ချောက်ကြီးနှင့် ပင်လယ်၏ အကြား၌ ရှိသော ကျောက်ဆောင်မှာ ပေ သုံးရာခန့် ကျယ်ဝန်းသည် ဖြစ်ရာ အချို့နေရာတို့၌ တဖြည်းဖြည်း ကျဉ်းမြောင်းသွား၍ တစ်ခါတစ်ရံ ဆယ်ပေခန့်မျှသာ ကျန်တော့သဖြင့် လမ်းဆုံးချေတော့မည်လောဟူ၍ပင် မှတ်ထင်ရပေ၏။ သို့ရာတွင် ကျောက်ဆောင်သည် တစ်ဖန် ကျယ်ဝန်းလာပြန်၍ လမ်းပိတ်သည်ဟု မရှိဘဲ ဆက်လက်၍ သွားနိုင်ပြန်၏။

ထိုကဲ့သို့ ခရီး အစဉ်တစိုက် လိုက်လာခဲ့၍ သုံးနာရီကျော်ခန့်မျှ သွားမိလျှင် ကြမ်းတမ်းသော လမ်းဖြစ်ခြင်းကြောင့် အတော်အတန် ခရီးပန်း၍ လာခဲ့ရာ တစ်ခုသော ကျောက်တုံးကို မှီလျက် ခေတ္တမျှ နားဦးမည်ဟု အကြံ ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်တော်မှာ ကျောက်တုံးကို မှီခါ နားနေမိရာ စိတ်၏ မောပန်းခြင်း ကိုယ်၏ မောပန်းခြင်းတို့ကြောင့် တစ်ခဏချင်းတွင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

အိပ်ရာမှ နိုးသဖြင့် နာရီကို ကြည့်လိုက်သောအခါ ဆယ်နာရီ ထိုးလျက် ရှိသည်ဖြစ်ရာ ကျွန်တော် လာခဲ့သော အချိန်နှင့် ချင့်ချိန် တွက်ချက်လိုက်သော် ညဉ့်ဆယ်နာရီ အချိန် ဖြစ်ထိုက်သော်လည်း ယခင်ကထက် အနည်းငယ်မျှ တိုး၍ မှောင်မိုက်ခြင်းလည်း မရှိ။ ပြာမွဲမွဲအရောင်ဖြင့် ရှေးနည်းအတိုင်း ထွန်းလင်းလျက် ရှိလေ၏။ ထိုအလင်းရောင်မှာမူ မည်သည့်အရပ်မှ လာသည် မသိရချေ။ နေ့အချိန်လည်း နေမထွက်၊ ညဉ့်အချိန်၌လည်း လမပေါ်၊ တညီတညွတ်တည်းနှင့် တစ်သမတ်တည်း လင်းလျက်ရှိသော အလင်းရောင်ဖြစ်လေရကား မည်သို့သော အလင်းရောင်မျိုးဖြစ်၍ မည်သည့်အရပ်မှ လာလေသနည်း။

ကျွန်တော်သည် အိပ်ပျော်ရာမှ ထ၍ ဆာလောင်မွတ်သိပ် လာပြန်သည်နှင့် ဘီစကွတ် အနည်းငယ်နှင့် ရေတစ်ကျိုက်ကို စားသောက်ပြီးလျှင် ခရီး ဆက်လက်၍ သွားရန် ပြင်ဆင်လေ၏။ ဆွယ်တာအင်္ကျီကို ပခုံးပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တင်၍ ခြောက်လုံးပြူးကို ခါးမှာ ထိုးလျက် ရေဘူးကို လွယ်ပြီးလျှင် ထိုင်ရာမှ ထတော့မည်ပြုသည်တွင် ငလျင်တော်လည်းသံကဲ့သို့ မြည်ဟိန်း၍သွားသော အသံကြီးကို ရုတ်တရက် ကြားလိုက်ရသဖြင့် အရပ်လေးမျက်နှာသို့လျှင် မြန်စွာ လှည့်ပတ်၍ ကြည့်မိ၏။ ထိုသို့ ရှိစဉ် ပင်လယ်ပြင်ရှိရာ အရပ်မှ ရုတ်တရက် မိုးမှောင်ကျဘိသကဲ့သို့ မှောင်နှင့်မည်းမည်း ရှိလာသဖြင့် ကျွန်တော်သည် ငါးမိုင်ခရီးခန့်၌ တိမ်တိုက်နှင့် သဏ္ဌာန်တူသော အရာဝတ္ထုကြီးကို စိုက်၍ ကြည့်မိရာ ထိုတိမ်တိုက်နှင့်တူသော မှောင်ကြီးအတွင်းမှ တောက်ပသော အရာဝတ္ထုနှစ်ခုသည် တဖြည်းဖြည်း ပြူထွက်၍ လာလေ၏။ ထိုအခါ ကျွန်တော်မှာ ထိုအရာများမှာ ကြယ်များပင် ဖြစ်လေသလောဟု သေချာစွာ ကြည့်ရာတွင် ထိုအလင်းရောင်သည် ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာ၍ အလယ်၌ကား အရစ်များ ပေါ်လာလေ၏။ ကြယ်ဖြစ်လျှင်လည်း အရစ် မပေါ်တန်ရာ။ ဤမျှလောက်လည်း မကြီးနိုင် စသည်ဖြင့် စဉ်းစား စိတ်ကူးလျက် ရှိနေစဉ် ထိုအလင်းဝိုင်းကြီး နှစ်ဝိုင်း၏ အနီးမှ တဖြည်းဖြည်း အရိပ်များ ပေါ်လာလေ၏။ ထိုအတောအတွင်း၌ ယခင်က တော်လည်းသံ သည်လည်း ဟိန်းသည်ထက် ဟိန်းလျက် ရှိနေလေ၏။ ထိုအခါ ကျွန်တော် သည် ခြောက်လုံးပြူးကို စေ့စေ့ပါအောင် ဆုပ်ကိုင်လျက် မျက်တောင် မခတ်ဘဲ မျှော်ကြည့်နေရာ နံဘေးမှ ပေါ်လာသော အရိပ်များသည်ကား အခြားမဟုတ် မျက်နှာကြီးတစ်ခု၏ ပုံသဏ္ဌာန်ဖြစ်၍ အလင်းရောင်ဝိုင်းကြီး နှစ်ခုမှာကား မျက်လုံးကြီး နှစ်လုံးဖြစ်လေ၏။ ထိုကဲ့သို့ စိုက်၍ ကြည့်နေစဉ် မျက်နှာကြီးသည် ထင်ရှားသည်ထက် ထင်ရှားလာ၍ နှာခေါင်းပါးစပ်တို့ဖြင့် ပီသစွာ မြင်နိုင်ပေသည်ဖြစ်ရာ မျက်လုံးတို့မှာလည်း ကျွန်တော်အား စိုက်၍ ကြည့်လျက် ရှိ၏။ ထိုမျက်နှာကြီးသည် ပထမ ငါးမိုင် ခရီးခန့် ဝေးကွာသော တိမ်တိုက်သဏ္ဌာန်ရှိ မှောင်ကြီးအတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေရာ ကျွန်တော် ကြည့်လျက်ရှိသည်အတွင်းတွင် နီးကပ်သည်ထက် နီးကပ်လာ၍ တစ်မိုင်ခန့်အတွင်း လိုက်လာချေပြီဟု ထင်မှတ်ရလေ၏။ မျက်လုံးမှာလည်း ဝင်းဝင်းပြောင်ပြောင် ဝိုင်းဝိုင်း



စက်စက်နှင့် ကြောက်မက်ဖွယ်ရာ စူးစူးစိုက်စိုက် ကျွန်တော်အား ကြည့်လျက်ရှိသဖြင့် ကျွန်တော်မှာ ယခုထက် နီးကပ်စွာ ချဉ်းကပ်လာခဲ့လျှင် အဘယ်သို့ပြေးရမည်နည်းဟု ပြေးရန်လမ်းကိုပင် မျှော်ကြည့်မိ၏။ သို့ရာတွင် မျက်နှာကြီးသည် တစ်ပြိုင်နက် ရုတ်တရက် တန့်ရပ်၍ အလင်းရောင်အတွင်း၌ အနက်ရစ်သဖွယ် ပါရှိသော မျက်လုံးကြီး နှစ်လုံးသည် ကလယ်ကလယ်နှင့် ချာချာလည်အောင် လှည့်လိုက်လေရကား ကျွန်တော်မှာ မကြည့်ဝံ့သဖြင့် မျက်နှာကို လက်ဝါးနှင့် ပိတ်ထားလိုက်မိ၏။

ထိုနောက် လက်ကို ဖွင့်၍ကြည့်လိုက်သောအခါ မျက်လုံးကြီးနှစ်လုံးသည် ချာလပတ် မလည်တော့ဘဲ ကျွန်တော်အား စူးစိုက်၍ ကြည့်နေပြန်ရာ ကျွန်တော်မှာ အော်ဟစ်လိုက်တော့မည်ကဲ့သို့ ဖြစ်သွားဆဲတွင် မျက်နှာကြီးနှင့်တကွ မျက်လုံးကြီးများသည် တဖြည်းဖြည်း မှိန်၍ သွားပြီးနောက် တိမ်တိုက်နှင့်တကွ ကွယ်ပျောက်၍ သွားလေ၏။ ထိုအခါ တော်လည်းသော အသံကြီးသည်လည်း ရပ်စဲ၍ သွားသဖြင့် ဆိတ်ငြိမ်စွာ ရှိနေလေ၏။

သို့ပင် ကွယ်ပျောက်၍ သွားပါသော်လည်း ကျွန်တော့်မှာ ကြောက်ရွံ့ထိတ်လန့်ခြင်း မပြေပျောက်နိုင်သေးသည်ဖြစ်သောကြောင့် တစ်စုံတစ်ရာ အသံပေးရသော် မိမိကိုယ်ကို မိမိအားပေးရာ ရောက်လိမ့်မည်ဟု မျှော်လင့်လျက် 'မောင်ထွန်းဦး၊ ဟေ့ မောင်ထွန်းဦး၊ ဘယ်ကလဲဟေ့။ ကြားလျှင် ထူးပါဟေ့' ဟု အကြိမ်ကြိမ် ဟစ်အော်ခေါ်ငင်လေ၏။ ၎င်းနောက် ကျွန်တော်သည် ထူးလိမ့်မည်ဟု မျှော်လင့်၍ မဟုတ်။ အတန်ငယ် မောသွားသဖြင့် ရပ်ဆိုင်းကာ နားထောင်လေရာ အရပ် ဆယ်မျက်နှာတွင် မည်သည့်အရပ်ကဟူ၍ မပြောနိုင်၊ လွန်မင်းစွာ ဝေးလှသဖြင့် သဲ့သဲ့ကလေး ရှိသော အသံဖြင့် 'မောင်လှတင်။ ဟေ့ မောင်လှတင်' ဟူ၍ ကျွန်တော်၏ အမည်ကို ခေါ်လိုက်သံကြားသဖြင့်များစွာ အံ့သြမိလေ၏။

ကျွန်တော်သည် ကျွန်တော်၏ အမည်ကို ခေါ်သံကြားလိုက်သော အခါ၌ အံ့သြခြင်းထက် ဝမ်းမြောက်ရခြင်းက ထူးကဲသာလွန်လျက် 'မောင်ထွန်းဦး' ဟု ထပ်လောင်း၍ ခေါ်ပြန်လေရာ ထိုအသံကလည်း 'မောင်

www.burmeseclassic.com

www.burmeseclassic.com



လှတင်' ဟု ကျွန်တော်၏ အမည်ကို တစ်ခွန်းတည်း ထပ်ဆင့်၍ ခေါ်ပြန်လေ၏။ ထိုအသံမှာမူကား မောင်ထွန်းဦး၏ အသံ စင်စစ် ဖြစ်ချေ၏။ သို့ရာတွင် ပင်လယ်ဘက်မှ လာလေသလော၊ လက်ဝဲဘက်၊ လက်ယာဘက်မှ လာလေသလော သို့တည်းမဟုတ် ကျွန်တော်၏ နောက်၌ ရှိသော ကျောက်ဆောင်ဘက်မှ လာလေသလောဟု မခွဲခြားနိုင်သည် ဖြစ်၍ နားစွင့်ကာ ရှိနေပြန်ရာ ကမ်းခြေကို လှိုင်းပုတ်ခတ်သော အသံမှတစ်ပါး အခြားအသံကို မကြားရဘဲ ငြိမ်သက်စွာ ရှိနေပြန်၏။

သို့ဖြစ်၍ ကျွန်တော်သည် ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ပြီးလျှင် အသံလာသည့် အရပ်ကို တွေးတောလျက် ရှိစဉ် ယခင်က မြင်လိုက်ရသော မျက်နှာကြီးကို သတိရသဖြင့် ကျွန်တော်၏ သူငယ်ချင်းသည် ဤသို့သော လူမျိုး၏ လက်တွင်းသို့ ရောက်နေချေပြီလောဟု တွေးတောမိပြန်သဖြင့် တည်ငြိမ်စွာ ထိုင်၍ မနေနိုင်ဘဲ ရုတ်တရက် ထမိ ပြန်လေ၏။ ၎င်းနောက် ကျွန်တော်သည် ကျောက်ဆောင်များ၏ နောက်မှလာသော အသံဖြစ် ချေမည်ဟု တွေးတောမိသဖြင့် ၎င်းတို့ကို ကျော်လွန်၍ တက်အံ့ဟု တက်နိုင်လောက်သော နေရာကို ရှာဖွေလေ၏။

ကျွန်တော်၏ နောက်၌ ကျောက်ဆောင်များသည် အမြင့်ပေ နှစ်ဆယ်ခန့် ရှိ၍ မတ်စောက်စွာ ရှိနေကြသည်ဖြစ်ရာ ခြေချရန် နေရာကိုမျှ မတွေ့နိုင်ဘဲ တညီတညာတည်း ချောမွေ့စွာ ရှိနေလေ၏။ နောက်ဆုံး၌ အခြားသော နေရာ၊ ကြမ်းတမ်း၍ အစွန်းများ ထွက်နေသော နေရာတစ်ခုကို တွေ့ရှိသဖြင့် ကျွန်တော်သည် ကျောက်စွန်းများကို တွယ်လျက် တက်လေ၏။ ဆယ့်ငါးပေခန့်မျှ တက်မိလေလျှင် အောက်ခြေနှင့် အတော်ပင် အလှမ်းဝေး၍ လာပြီဖြစ်သောကြောင့် မတော်တဆ ခြေချော်၍ ကျခဲ့ပါလျှင် အနည်းဆုံးအားဖြင့် ခြေကျိုးချေမည် ဖြစ်သောကြောင့် ပရော်ဖက်ဆာ ဘတ်စမတ်၏ တံခါးအပေါက်တွင်းသို့ ရောက်အောင် တစ်ဖန် ခုန်၍ ဝင်ရန် မတတ်နိုင်တော့သည့် အဖြစ်ကို သိရသဖြင့် များစွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မိလေ၏။ သို့ရာတွင် ကျွန်တော်၌ တစ်စုံတစ်ခု ဖြစ်ခဲ့ပါလျှင် ကျွန်တော် တစ်ယောက်



တည်း၏ အသက်သာလျှင်မက ချစ်လှစွာသော သူငယ်ချင်းပါ အသက်ဆုံးရှုံးရမည့် အရေးကို တွေးတောလျက် ရှိသမျှသော ခွန်အားကို ညှစ်ထုတ်၍ ကျောက်စွန်းများကို တစ်စွန်းပြီးလျှင် တစ်စွန်း တွယ်တက်ကျော်နင်း၍ ကုတ်ကုတ်ကတ်ကတ် တက်ပြန်လေရာ နောက်ဆုံး၌ ကျောက်ဆောင်ပေါ်သို့ ရောက်လာခဲ့လေ၏။

ကျောက်ဆောင်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်မှာ ခြေပစ်လက်ပစ် ဖြစ်နေ၍ ငါးမိနစ်ခန့် နားနေပြီးမှ တစ်ဖန် ထ၍ သူငယ်ချင်း၏ အမည်ကို ခေါ်ပြန်လေရာ 'ဒီကဟေ့၊ ဒီက' ဟု ပြန်ထူးသည်ကို ကြားရလေ၏။ ထိုအသံသည်ကား ပထမ ကြားသော အသံထက် အနည်းငယ် ကျယ်၍ လာသည်ကို ထောက်သဖြင့် ကျွန်တော်မှာ လမ်းလွဲသို့ မရောက်၊ လမ်းမှန်သို့ ရောက်နေသည့် အကြောင်းကို သိရှိရလေ၏။ ကျောက်ဆောင်ကြီးမှာမူ ကျွန်တော် ရောက်နေသော အရပ်၌ ပြန့်ပြူးညီညာစွာ ရှိနေကြောင်း တွေ့မြင်ရလေ၏။

၎င်းနောက် ကျွန်တော်က 'ဘယ်ကလဲဟေ့' ဟု ဟစ်အော်ပြန်ရာ မောင်ထွန်းဦး၏ အသံက 'ဒီကဟေ့၊ တွင်းထဲက' ဟု ပြန်၍ ထူးသည်ကို ကြားရလေ၏။ ထိုအခါ ကျွန်တော်သည် အရပ်လေးမျက်နှာကို မျှော်ကြည့်ပါသော်လည်း မည်သည့်တွင်းကိုမျှ မမြင်နိုင်ဘဲ ရှိနေလေ၏။ သို့သော်လည်း အသံသည် ကျွန်တော်၏ လက်ဝဲဘက်မှ လာကြောင်းကို သိရှိသည်ဖြစ်၍ အသံကြားရာ လက်ဝဲဘက်သို့ လိုက်လေရာ လမ်း၌ ကျောက်တုံးကြီးများ ဆီးကာလျက် ရှိသည် ဖြစ်သောကြောင့် တစ်လုံးပြီးလျှင် တစ်လုံး ကျော်လွှား၍ သွားရလေ၏။

'ဘယ်ကလဲဟေ့။ မောင်ထွန်းဦး'

'ဒီကဟေ့။ ဒီက တွင်းထဲက'

ကျွန်တော်၏ သူငယ်ချင်းမှာ တွင်းထဲသို့ ကျနေခြင်းဖြစ်၍ ပြန်တက်ခြင်းငှာ မတတ်နိုင်ဘဲ စောင့်နေရှာခြင်း ဖြစ်ပေလိမ့်မည်။ မတော်တဆ ခြေနှာလျှင် နာနေပေလိမ့်မည်ဟု အောက်မေ့လျက် လျင်မြန်စွာ ပြေးသွားလျက် 'ဘယ်ကလဲဟေ့။ ထူးစမ်းပါဦး' ဟု အော်လိုက်ရာ 'မောင်လှတင်ရေ

www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီကဟော့။ တွင်းထဲက’ ဟု ပြောသံ ကြားရပြန်လေ၏။

‘ဘယ်တွင်းလဲကွဲ့။ ဘယ်မှာလဲ’

‘ဒီကတွင်းဟော့။ ဒီမှာ။ သတိထား လာနော်။ လိမ့်ကျမယ်’

ကျွန်တော်သည် အသံကြားရာသို့ ပြေးသွား၍ ကျောက်လုံးတစ်လုံးကို ကျော်မိသည်နှင့် တစ်ပြိုင်နက် တွင်းနှုတ်ခမ်းသို့ ချက်ချင်း ရောက်သွားလေ၏။ တွင်းကြီးမှာ ဆယ့်ငါးတောင်ခန့်ကျယ်ဝန်း၍ အတောင် သုံးဆယ်ခန့်မျှ နက်သည်ဖြစ်ရာ နံဘေးတို့မှာလည်း ပွတ်ခံ၍ ထားဘိသကဲ့သို့ ချောမွေ့စွာ ရှိနေလေ၏။ တွင်း၏ အောက်၌ကား ကျွန်တော်၏ သူငယ်ချင်း မောင်ထွန်းဦးသည် ကျွန်တော် ရှိရာသို့ မော့ကြည့်လျက် သွားတို ဖြဲကာ ပြုံးရယ်လေရာ ထိုအခြင်းအရာကို ထောက်ချင့်ရုံမျှနှင့်ပင် ထိုသူသည် မည်မျှလောက် သတ္တိကောင်းသော သူတစ်ယောက် ဖြစ်ကြောင်းကို ဖတ်ရှုသူတို့ ခန့်မှန်းနိုင်ဖွယ်ရာရှိပေသည်။ ကျွန်တော်တို့ ရောက်နေကျ၊ တွေ့မြင်နေကျဖြစ်သော တိုင်းပြည်လည်း မဟုတ်။ နက်လှစွာသော တွင်းထဲသို့ ကျနေသဖြင့် ကယ်ဆယ်မည့်လူ လာပါလေဦးမည်လောဟု မျှော်လင့်ဖွယ်ရာ မရှိအောင် ဖြစ်နေသော အခြေအနေမျိုး၌ ကျွန်တော်ကို မြင်သည်နှင့် တစ်ပြိုင်နက် ပြုံးရယ်နိုင်ခြင်းမှာ အာဂယောက်ျား၊ အာဂသတ္တိပင် ဖြစ်ပါပေသည်ဟု ကျွန်တော်၏ စိတ်၌ ချီးမွမ်းမိပါ၏။ ကျွန်တော်မှာမူ သူငယ်ချင်းကို တွေ့သည်နှင့် တစ်ပြိုင်နက် မည်မျှလောက် ဝမ်းသာသည်ကို ထုတ်ဖော်၍ပင် မပြောနိုင်အောင် ရှိပေ၏။

‘ဟို ကြော်ငြာကို မင်းတွေ့လျှင် လိုက်လာလိမ့်မယ်လို့ ငါ ထင်ပြီး သားပဲ’

‘နေစမ်းပါဦး။ နာသွားသလား’

‘မနာပါဘူး။ အကောင်းကြီးပါပဲ။ မတက်နိုင်တာ တစ်ခုလောက် ရှိတယ်’

‘ဒီအတွက်တော့ မင်းမပူနှင့်။ ငါကယ်မယ်’

‘စားစရာ ဘာများပါသလဲ။ ပစ်ချလိုက်စမ်းပါ’

ထိုအခါ ကျွန်တော်သည် လိုလိုမည်မည် ဆောင်လာခဲ့သော ငါး



သေတ္တာတစ်ဘူးကို ဖောက်စရာနှင့်တကွ ပစ်ချလိုက်ရာ သူငယ်ချင်းလည်း ကောက်ယူ၍ မြိန်ရှက်စွာ စားသောက်လေ၏။

‘ရေငတ်တယ်။ ရေဘူး မပါဘူးလား’

‘ရေဘူးတော့ပါတယ်။ ဘယ့်နှယ်လုပ်ပြီး ရောက်အောင် ပေးရမလဲ’

‘ကိစ္စ မရှိဘူး၊ မင်းက ရေဘူး ဖွင့်ပြီး နည်းနည်းချင်းငှဲ့ချ။ ငါက အောက်က လက်ခုပ်နှင့် ခံပြီး သောက်မယ်’

ကျွန်တော်သည် ပြောသည်အတိုင်း ရေဘူးမှ ရေကို ငှဲ့ချပေးရာ မောင်ထွန်းဦးက လက်ခုပ်နှင့် ခံသောက်သဖြင့် ရေအားလုံးပင် မရောက်သော်လည်း ရေဘူးမှ ရေကုန်သောအခါ ရေငတ်ခြင်း ပြေလောက်ရုံ ရှိလေ၏။

ကျွန်တော်သည် မောင်ထွန်းဦးအား တွင်းထဲသို့ မည်ကဲ့သို့ ရောက်ကြောင်း မည်မျှကြာကြောင်းများကို မေးမြန်းလိုလှသော်လည်း အချည်းနှီး အချိန်ကုန် မခံလိုလှသဖြင့် မမေးသေးဘဲ မည်ကဲ့သို့ ကယ်တင်ရမည့် အကြောင်းကိုသာလျှင် စဉ်းစားလေ၏။ ၎င်းနောက် ကျွန်တော် ဆောင်ယူခဲ့သော ကြိုးကို သတိရသဖြင့် ထိုကြိုးကို ပြန်ယူအံ့ဟု အကြံဖြစ်သော်လည်း အသွားအပြန် ခရီးမှာ အနည်းဆုံး ခြောက်နာရီကျော် ခုနစ်နာရီခန့် ကြာမည် ဖြစ်သောကြောင့်–

‘ဒီလောက် ကြာကြာ စောင့်နိုင်ပါ့မလား’

‘ဘာ စောင့်ရမှာလဲ’

‘ငါက ကြိုး သွားပြီး ယူချေမယ်။ မင်း စောင့်နေဦး။ စောင့်နိုင်ပါရဲ့ နော်။ ဟုတ်စ’

‘သွားသာ သွားပါ။ ကိစ္စမရှိတန်ကောင်းပါဘူး။ မင်းသွားဝံ့ရဲ့လား’

‘ဘာကြောင့် မသွားဝံ့ရမှာလဲကွဲ့။ လာဝံ့ရင် သွားဝံ့တာပေါ့’

‘မင်း လမ်းမှာ ဘာမှ မတွေ့ခဲ့ဘူးလား’

‘တွေ့တယ်။ မင်းကော’

‘တွေ့တာပေါ့။ သို့သော် မြန်မြန်သွားလေကွယ် နောက်မှ စကား ပြောကြစို့။ မကြာနှင့် နော်’

‘စိတ်ချပါကွယ်၊ ကိုင်း ငါ သွားပြီဟော့’

www.burmeseclassic.com

www.burmeseclassic.com



'သတိဝီရိယနှင့် သွားပေ့ါ'

'ကောင်းပါပြီ'

ငင်းနောက် ကျွန်တော်သည် သူငယ်ချင်းကို ထားခဲ့၍ ကြိုးယူရန် ထွက်လာခဲ့ရာ တွင်းနှင့် ပေနှစ်ဆယ်ခန့်မျှ ရောက်သောအခါတွင် ပြန်လာသောအခါ၌ အလွယ်တကူ မြင်နိုင်စေရန် ကျောက်တုံးများကို စုပုံ၍ ထားခဲ့လေ၏။ ဆယ်ပေခန့်မျှ မြင့်အောင် စုပုံပြီးသော် အဝေးမှ မြင်နိုင်လောက်ပြီ ဖြစ်၍ တော်သင့်ပြီဟု အောက်မေ့လျက် ဆက်လက်ထွက်လာပြီးလျှင် ယခင်က တက်လာခဲ့သော နေရာကို ရှာဖွေ၍ တွေ့သည်နှင့် တစ်ပြိုင်နက် ပင်လယ်ကမ်းခြေသို့ ရောက်အောင် ဆင်းသက်လေ၏။ အောက်ဆုံးသို့ ရောက်ခါနီးတွင် ခြေချော်၍ ကျသော်လည်း တစ်စုံတစ်ခု ထိခိုက်နာကျင်ခြင်း မရှိသဖြင့် ကံကောင်းသည့် အဖြစ်ကို ကျေးဇူးတင်ပြီးနောက် လျင်မြန်စွာ လျှောက်လာခဲ့ရာ လမ်းခရီးတွင် ရေငတ်ခြင်း ပြင်းစွာ ဖြစ်ပေါ်လာခဲ့လေ၏။ ကျွန်တော်ဆောင်ယူခဲ့သော ရေဘူးမှာလည်း ကုန်ခန်းခဲ့လေပြီ။ သို့ရာတွင် ရေငတ်သောသူတို့မှာ ရေမသောက်ရစေကာမူ ရေချိုးရလျှင် သက်သာတတ်ကြောင်းကို သတိရ၍ ပင်လယ်ထဲသို့ ဆင်းပြီးလျှင် မျက်နှာရော ဦးခေါင်းပါ ရေထဲသို့ နှစ်၍ ချိုးလေ၏။ ထိုသို့ပြုစဉ် ရေအနည်းငယ်မှာ ကျွန်တော်၏ ပါးစပ်တွင်း ဝင်သွားလေရကား ပင်လယ်ရေပင် ဖြစ်သော်လည်း ရေငံ မဟုတ်၊ ရေချိုဖြစ်နေကြောင်းကို သိရှိသဖြင့် ဝမ်းမြောက်စွာနှင့် ရေများကို လက်ခုပ်နှင့် ခပ်ယူ၍ ဝအောင် သောက်သုံးလေ၏။ ငင်းနောက် မောင်ထွန်းဦးနှင့် တွေ့သောအခါတွင် ရေပေးရန်အတွက် ရေဘူးကိုလည်း ရေပြည့်အောင် ထည့်လာခဲ့လေ၏။

ငင်းနောက် ကျွန်တော်သည် ရေဘူးကို လွယ်လျက် လျှောက်လာခဲ့ရာ ယခင်က တွေ့မြင်ရသော မျက်နှာကြီးကို တွေးမိပြန်သဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်လာ၍ မကြောက်စေခြင်းငှာ တစ်ယောက်တည်း တေးချင်း ဟစ်အော်၍ သီဆိုမိလေ၏။ အလွန် ဆိတ်ငြိမ်၍ ကြောက်မက်ဖွယ်ကောင်းလှသော အရပ်၌ ကိုယ့်အသံကို ကိုယ်ကြားရခြင်းပင်လျှင် ကြောက်ရွံ့ခြင်း



အတန်ငယ် ပြေပျောက်တတ်ကြောင်းကို ကြုံဖူးသူတို့ သိရှိကြမည် ဖြစ်လေသည်။

ယင်းကဲ့သို့ မိမိကိုယ်ကို မိမိအားပေးလျက်လာခဲ့ရာ ဆယ်လှမ်းခန့် လှမ်းမိသည့် အခါတိုင်း နောက်သို့လှည့်၍ ကြည့်မိလေ၏။ လမ်းခရီး၌ ထူးခြားသော အခြင်းအရာ တစ်စုံတစ်ခု မတွေ့မြင်ရဘဲ အမည်းရောင်ရှိသော ကျောက်ဆောင်များ၊ အစဉ်မပြတ် လှိုင်းထလျက်ရှိသော ပင်လယ်ကြီးနှင့် ပြာနှမ်းနှမ်း ရှိသော မိုးကောင်းကင်ကိုသာ တွေ့မြင်ရလျက် စိတ်တွင်း၌ကား မည်သည့်နေရာ၌ မည်ကဲ့သို့သော ကြောက်မက်ဖွယ်မျိုးကို တွေ့မြင်ရချေဦး မည်လောဟု ပြင်ဆင်လျက် လျှောက်လာခဲ့ရာ ရောက်ခါနီး နှစ်မိုင်ခန့် အတွင်းတွင်မှ ထူးခြားသော အဖြစ်အပျက်တစ်ခုကို တွေ့မြင်ရလေ၏။

ကျွန်တော်သည် ကျောက်ဆောင်များကို အတော်အတန် မှတ်မိသည် ဖြစ်၍ ကြိုးထားခဲ့သော နေရာနှင့် နီးချေပြီဟု စိတ်အားထက်စွာနှင့် လျှောက်လာစဉ် လက်ဝဲဘက်၌ ရှိသော ကျောက်ဆောင်၌ ခရမ်းရောင်ရှိသော အဝိုင်းတစ်ခုကို ရုတ်တရက် မြင်လိုက်ရသဖြင့် ရုတ်ခနဲ ရပ်တန့်မိလေ၏။ ထိတ်လန့်ခြင်း ပြေပျောက်ပြီးနောက် ကျွန်တော်သည် ထိုအရာကို ကြည့်လျက်ရှိရာ ခရမ်းရောင် ရှိသော စက်ဝိုင်းသည် တစ်ပေခန့် အဝန်းရှိရာမှ ခြောက်ပေခန့် အရှည်ရှိသည်တိုင်အောင် တဖြည်းဖြည်း ကြီး၍ ကြီး၍ လာခဲ့ရာ ထိုအတော အတွင်း၌ ဂျင်တစ်လုံးကို မွှတ်အောင် မွှေ့ထားသော အသံကဲ့သို့ တဝီဝီ မြည်သော အသံကိုလည်း ကြားရလေ၏။ ခြောက်ပေခန့်အရှည် ရှိလာသော အခါ၌ ထိုအဝိုင်းသည် တိုး၍ ကြီးလာခြင်း မရှိဘဲ ထိုအရွယ်အတိုင်းပင် တည်နေ၍ တဝီဝီမြည်လျက်ပင် ရှိနေရာ ကျွန်တော်သည် ဆက်လက်၍ မသွားတော့ဘဲ ရပ်ဆိုင်းကာ ကြည့်နေသည့် အတွင်းတွင် ထိုအဝိုင်းသည် တဖြည်းဖြည်း ငယ်သွား၍ နောက်ဆုံး၌ လုံးလုံး ကွယ်ပျောက်သွားလေ၏။ ထိုအကြောင်းကို ကျွန်တော်သည် နောင်အခါ၌ သိရှိရသော်လည်း ထိုအခါ ကမူ မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်ဟု မတွေးတောနိုင်ဘဲ ရှိနေခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် ကျွန်တော်သည် ဆက်လက်၍ လျှောက်သွားရာ ပစ္စည်းများထားခဲ့သော နေရာသို့ ဆိုက်ရောက်ခဲ့လေ၏။ ပစ္စည်းများမှာ ကျွန်တော်ထားခဲ့သည့်အတိုင်းပင် ခြေရာလက်ရာ မပျက်ဘဲ ရှိနေရာ ကျွန်တော်သည် ကြိုးခွေနှင့် ရိက္ခာအနည်းငယ်ကို ယူပြီးနောက် နားနေခြင်း မပြုဘဲ တစ်ဖန်ပြန်၍ လျှောက်လာခဲ့လေ၏။

ခရမ်းရောင် စက်ဝိုင်းကို တွေ့မြင်ရာ နေရာသို့ ရောက်သောအခါ ကျွန်တော်သည် ကျောက်ဆောင်ကို စိုက်ငေးလျက် အတန်ကြာအောင် ကြည့်နေပါသော်လည်း မည်သည့် စက်ဝိုင်းမျိုးကိုမျှ မမြင်ရတော့ချေ။ ငင်းနောက် ဆက်လက်၍ လျှောက်သွားပြန်ရာ ကျွန်တော်မှာ မြေပြင် မညီညာသော အရပ်၌ ခရီးပြင်းစွာ သွားခဲ့ရသည်ဖြစ်သောကြောင့် အတော်ပင် ခရီးပန်း၍ လာခဲ့၏။ သို့ပါသော်လည်း ကျွန်တော် ပြန်လာလိမ့်မည်ကို စိတ်အားကြီးစွာနှင့် စောင့်မျှော်နေမည့် သူငယ်ချင်းကို သတိရသဖြင့် မောပန်းသော်လည်း နားနေခြင်း မပြုဘဲ လျှောက်မြဲတိုင်း ခပ်သုတ်သုတ်ပင် လျှောက်လာခဲ့လေ၏။

ထိုအရပ်၌ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း နေဝင်ခြင်း နေထွက်ခြင်းဟူ၍ လည်း မရှိ၊ ပြာနှမ်းနှမ်း ရှိသော အလင်းရောင်ဖြင့် အစဉ်မပြတ်ထွန်းလင်းလျက် ရှိပေ၏။ ကျွန်တော်၏ နာရီမှာ ပြောင်းပြန်ဖြစ်၍ နေသော်လည်း စက်သည် သွားလျက်ပင် ရှိနေသည်ဖြစ်သောကြောင့် ခန့်မှန်းအားဖြင့် ပြောပြရမည်ဆိုသော် အသွားအပြန် ခရီးမှာ ခြောက်နာရီခန့်မျှ ကြာခဲ့လေပြီ။

ငင်းနောက် အတန်ငယ် ဆက်လက်၍ သွားပြန်သောအခါ ကျောက်ဆောင်ကို ကျော်တက်ရမည် ဖြစ်သောနေရာကို ရောက်လာ၍ ကျွန်တော်သည် ကျောက်စွန်းများကို တွယ်လျက် ရှေးနည်းအတူ တက်ပြန်လေ၏။ ယခုအကြိမ်မှာ ခရီးပန်း၍ လာသည် ဖြစ်သောကြောင့် ရှေးကထက် ပင်ပန်းစွာ တက်ရလေ၏။ အပေါ်သို့ ရောက်သဖြင့် ကျောက်လုံးများ စုပုံထားခဲ့ရာ ဖြစ်သော အရပ်သို့ မျှော်ကြည့်လိုက်သောအခါ မည်သည့် ကျောက်ပုံကိုမျှ မမြင်ရတော့ချေ။ ငါသည် လမ်းမှား၍ လာချေပြီလောဟု အောက်မေ့သ



ဖြင့် ထိတ်လန့်စွာနှင့် 'မောင်ထွန်းဦး' ဟု ခေါ်လိုက်ရာ 'မောင်လှတင်' ဟု သဲ့သဲ့ကလေး ခေါ်သံကို ရှေးနည်းအတိုင်း ကြားရပြန်လေ၏။ ကျွန်တော်သည် အသံကြားရာသို့ တဖြည်းဖြည်း လျှောက်လာ၍ ကျောက်လုံးများစုပုံထားသော နေရာသို့ ရောက်သောအခါတွင် ကျောက်လုံးများမှာ အလွန်တရာ ကြီးမားသော လက်ဖြင့် တစ်ချက်တည်း ယက်ဖြ၍ ပစ်လိုက်ဘိသည့်အလား ဖရိုဖရဲပြန့်လျက် အောက်ဆုံး၌မူ လက်နှင့် မြေကြီး ထိတွေ့သည့်သဏ္ဌာန်ဖြင့် မြေအနည်းငယ် ပွန်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်တော်မှာ ကြက်သီးတဖြန်းဖြန်း ထလာသည်ဖြစ်၍ 'မောင်ထွန်းဦးရေ၊ ဘယ်ကလဲဟေ့' ဟု အော်လိုက်ရာ 'ဒီကဟေ့' ဟု အသံပေးသည်ကို ကြားရမှ ဝမ်းမြောက်ဝမ်းသာ လျှောက်လာခဲ့ပြန်လေ၏။

ငင်းနောက်တွင် အနီးသို့ ရောက်သောအခါ တိတ်ဆိတ်လျက် ရှိသည်ကို တွေ့ရပြန်သဖြင့် ကျွန်တော်၏ ရင်ထဲမှာ ဒိန်းဒိန်းမြည်သော အသံကိုပင် ကြားရလေ၏။ တွင်းနှုတ်ခမ်းသို့ ရောက်သောအခါ၌မူ မောင်ထွန်းဦးသည် မြေပေါ်တွင် ထိုင်လျက် ဒူးနှစ်ဖက်ကို လက်နှင့် ဖက်ကာ ဒူးပေါ်တွင် မေးတင်လျက်ရှိနေရာ ကျွန်တော်က ခေါ်လိုက်သောအခါတွင် ပြုံးရွှင်သော မျက်နှာနှင့် မော်ကြည့်လိုက်သည်ကို တွေ့မြင်ရသောအခါမှ စိုးရိမ်ခြင်းထက် လန့်ခြင်း ရွံ့ကြောက်ခြင်းစသော စိတ်တို့သည် အလျှင်းကွယ်ပျောက်၍ သွားလေ၏။

'မောလွန်းလို့ပါ သူငယ်ချင်းရယ်။ ငါးမိနစ်လောက်ကလေး နားပါရစေဦး။ ပြီးတော့ ဆွဲတင်ပါ့မယ်'

'ကြိုးပါခဲ့ရဲ့လား'

'ပါခဲ့ပါတယ်'

ငင်းနောက် ကျွန်တော်သည် ငါးမိနစ်ခန့်နားနေ၍ အမောပြေသည်နှင့် တစ်ပြိုင်နက် ကြိုးတစ်စကို ကျောက်လုံးတစ်လုံး၌ ချည်ပြီးလျှင် ကြိုးခွေကို အောက်ပစ်ချလိုက်လေ၏။ ထိုသို့ ပြုခြင်းမှာ အကယ်၍ ကြိုးရှပ်သွားနေသဖြင့် နှစ်စလုံး လွတ်၍ တွင်းထဲသို့ ကျသွားပါမူ ကယ်တင်နိုင်ရန် အခြား

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းရှိတော့မည် မဟုတ်သောကြောင့် ဖြစ်လေသည်။

ငှင်းကြိုးမှာ လက်မဝက်ခန့်မျှ လုံးပတ်ရှိသော်လည်း မနီလာလျှော်ကြိုး ဖြစ်သဖြင့် အလွန်တရာ ခိုင်ခန့်လှသည် ဖြစ်ရာ အောက်သို့ ချလိုက်သောအခါတွင် မိရုံမျှမက ပေအနည်းငယ်ပင် ပိုလျက် ရှိနေလေ၏။ မောင်ထွန်းဦးမှာမူ ခွန်အားနည်းပါးလျက် ရှိနေသည် ဖြစ်သောကြောင့် မည်သည့်နည်းနှင့်မျှ ကြိုးမှ ဆွဲတင်၍ တက်ရန် မတတ်နိုင်အောင် ရှိနေသည်ဖြစ်ရာ ကျွန်တော် ဆွဲ၍ တင်မှသာလျှင် ရောက်နိုင်ဖို့ ရှိတော့၏။ ကျွန်တော်မှာမူ ဘားကစားခြင်း၊ ဒန်ဘယ်ကစားခြင်းမှ စ၍ ခွန်အားနှင့် ပတ်သက်သော ကစားနည်းအမျိုးမျိုးတို့၌ လေ့ကျင့်သော သူတစ်ယောက် ဖြစ်လေရကား မောင်ထွန်းဦးက ဉာဏ်ကောင်းသလောက်ပင် ကျွန်တော်က ခွန်အားကောင်းပေ၏။ ထို့ကြောင့်လည်း ကျွန်တော်တို့ နှစ်ယောက်မှာ သင့်မြတ်ကြဟန် လက္ခဏာ ရှိပေသည်။

ကြိုးစ တစ်စ ချပေးပြီးနောက် အဖျား၌ ကွင်းပြုလုပ်စေပြီးလျှင် မောင်ထွန်းဦးအား ကြိုးကွင်းတွင် ခြေလှို့လျက် မတ်တတ်ရပ်၍ လိုက်စေရာ ကျွန်တော်မှာ တွင်းနှုတ်ခမ်းတွင် အလျားမှောက်လျက် ကြိုးကို တစ်လှမ်းပြီးလျှင် တစ်လှမ်း ဆွဲတင်လေ၏။ ထိုအလုပ်သည် အလွန်တရာ ပင်ပန်းလှသော အလုပ်ဖြစ်လေရကား ကျွန်တော်ကဲ့သို့ ခွန်အားရှိသူတစ်ယောက် မဟုတ်ခဲ့ပါလျှင် ဘယ်နည်းနှင့်မျှ ထမြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ ကျွန်တော် ကိုယ်တိုင်ပင်လျှင် တစ်ဝက်ကျော်ကျော်မျှ ဆွဲတင်မိသောအခါ၌ လက်ပန်းကျရုံမျှမက လက်ဖဝါးတို့မှ သွေးထွက်မတတ် ပွန်းစပြုလေရာ အလွန်တရာ ချစ်လှသော သူငယ်ချင်းဖြစ်သောကြောင့်သာလျှင် စိတ်အားတင်း၍ ကြိုးစားနိုင်ခဲ့ခြင်း ဖြစ်လေသည်။ နောက်ဆုံး၌ မောင်ထွန်းဦး၏ ဦးခေါင်းသည် တွင်းပေါ်သို့ ပေါ်ထွက်လာရာ ကျွန်တော်သည် သူ၏ လက်နှစ်ဖက်ကို ဆွဲကိုင်လျက် ကြိုးကို လွှတ်ပြီးလျှင် အပေါ်သို့ ရောက်အောင် တစ်ခါတည်း ဆွဲတင်လိုက်လေ၏။

တွင်းပေါ်သို့ ရောက်သောအခါ၌ အင်္ဂလိပ်လူမျိုးဖြစ်ခဲ့ပါလျှင် ကျွန်တော်တို့သည် တစ်ယောက်ကို တစ်ယောက် ဖက်ရမ်းကာ နှုတ်ဆက်ကြမည်



ဖြစ်ရာ ကျွန်တော်တို့ မြန်မာလူမျိုးများမှာ ဝမ်းသာသော အထိမ်းအမှတ်ကို ထင်ရှားဖော်ပြရိုး ထုံးစံ မရှိသည်ဖြစ်၍ တစ်ယောက်၏ မျက်နှာကို တစ်ယောက်စေ့စေ့ ကြည့်ရုံမျှ ကြည့်ပြီးလျှင် စကားပြောရန် မတတ်နိုင်သဖြင့် မြေပေါ်၌ ထိုင်နေကြလေ၏။

ဆယ်မိနစ်ခန့် နားနေမိကြသောအခါ မောင်ထွန်းဦးက 'ဘယ့်နှယ်လဲ အမောပြေပြီလား။ ခရီးသွားနိုင်ပါ့မလား' ဟု မေးရာ 'မင်း သွားလျှင် ငါ လိုက်နိုင်တာပေါ့' ဟု ပြန်ပြော၍ ထိုင်ရာမှ ထကြလေ၏။ ထိုအခါမှ စ၍ ကျွန်တော်မှာ စဉ်းစားခြင်းအလုပ်ကို မောင်ထွန်းဦးသို့ လွှဲအပ်လိုက်ပြီးလျှင် အခါတိုင်း ထုံးစံအတိုင်း နောက်လိုက်သက်သက် အဖြစ်နှင့်သာလျှင် အသက်သာခံ၍ လိုက်ခဲ့လေတော့၏။

'နေစမ်းပါဦး မောင်ထွန်းဦးရယ်၊ ဒီတွင်းထဲကို ဘယ့်နှယ် ရောက်သွားသလဲ'

'နေဦးလေ။ ယခုပြောဖို့ အချိန်မဟုတ်သေးဘူး နောက်မှ ပြောပါမယ်။ ယခု အလုပ်က ဒီနေရာမှ အမြန်ဆုံးနည်းနှင့် ထွက်သွားကြဖို့ ဖြစ်တယ်။ လမ်းလျှောက်နိုင်ပြီ မဟုတ်လား'

'အခုတော့ လျှောက်နိုင်ပါရဲ့။ သို့သော် ဟိုနေရာ ရောက်အောင်တော့ လျှောက်နိုင်မယ် မထင်ဘူး။ တော်တော်ကလေး သွားမိလျှင် နားကြဦးမှ တော်မယ် ထင်တယ်'

'လျှောက်နိုင်သလောက် လျှောက်သေးတာပေါ့လေ။ တော်တော်ပင်ပန်းတော့ နားနေသေးတာပေါ့။ ကိုင်းလာ သွားကြမယ်'

ကျွန်တော်တို့သည် ကျောက်ဆောင်ပေါ်မှ ကမ်းခြေသို့ ရောက်အောင် ဘေးအန္တရာယ် မရှိဘဲ ဆင်းသွားနိုင်ကြ၍ ကမ်းခြေတစ်လျှောက် သွားကြရာ ဘစ်နာရီခန့်မျှ လျှောက်မိသောအခါ၌ကား ကျွန်တော်၏ ဒူးများမှာ ဆတ်ဆတ်တုန်လာသဖြင့် ဆက်လက်၍ မလျှောက်နိုင်ဘဲ ရှိနေလေ၏။ ထို အခြင်းအရာကို မောင်ထွန်းဦး တွေ့မြင်သောအခါ

'ကိုင်း ခြေညောင်းလျှင် နားပါဦးတော့။ မင်း ဖိနပ်ကို ချွတ်ပြီး

www.burmeseclassic.com



ခြေထောက်ကို ရေစိမ်လျှင် ကောင်းလိမ့်မယ်' ဟု ပြောသဖြင့် ကျွန်တော်သည် ခိုင်းစေသည့်အတိုင်း လုပ်လေ၏။ ကျွန်တော်၏ ခြေသည် ရေနှင့်တွေ့သည်နှင့် တစ်ပြိုင်နက် အပန်းပြေပျောက် သွားသဖြင့် မေးလိုသောမေးခွန်းများကို မေးမည်ပြုသည်တွင် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ မျက်စိများသည် မှိန်း၍ သွားပြီးလျှင် အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။ ဆယ်နာရီခန့်မျှ မလှုပ်မရှားဘဲ အိပ်ပျော်နေပြီးနောက် အိပ်ရာမှ နိုးလာ၍ ကျွန်တော်တို့သည် စကားပြောကြလေရာ မောင်ထွန်းဦးက ၎င်းသည် ကြော်ငြာကိုတွေ့သဖြင့် ပရော်ဖက်ဆာ ဘစ်စမတ်နှင့် တွေ့ပြီးလျှင် သစ်သားအောင်းအတွင်းသို့ ခုန်ဝင်ပြီးနောက် ဤပြည်သို့ ရောက်လာခြင်း ဖြစ်ကြောင်းနှင့်ပြောပြလေ၏။

'ငါတို့တော့ ဒီက ပြန်သွားလျှင် ကမ္ဘာပေါ်မှာ နာမည်ကျော် ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ဦးမှာပေါ့ကွယ်။ ဒီလောက်ထူးဆန်းတဲ့ အဖြစ်အပျက်ကို တွေ့ဖူးကြုံဖူးတဲ့ လူ ဘယ်မှာ ရှိမလဲ။ သို့သော်'

'သို့သော် ဘာဖြစ်သလဲ'

'သို့သော် ဟိုလူကြီးတွေက နောင့်ယှက်မှာ စိုးရိမ်ရတယ်ကွဲ့'

'ဘယ်လူကြီးတွေလဲ'

'မင်းလာတော့ လမ်းမှာ ဘာမှ မတွေ့ခဲ့ဘူးလား'

'လူတော့ မတွေ့ခဲ့ဘူး။ မျက်နှာကြီးတစ်ခုတော့ တွေ့ခဲ့တယ်'

'အဲဒါပြောတာပေါ့ကွဲ့။ ငါလဲပဲ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ပြီး လာခဲ့သည်မှာ မောလေတော့ စောင်တစ်ထည်ခင်းပြီး အိပ်လိုက်တာအိပ်ရာက နိုးတော့ လူရော စောင်ရော ခုနင်က တွင်းထဲရောက်နေတာတွေ့ရတာပါပဲ မောင်'

'မင်း ဘယ်နည်းနှင့် ရောက်သွားတာလဲ'

'မပြောတတ်ဘူး၊ ငါပြောတဲ့ အတိုင်းပဲ။ အိပ်ပျော်နေတုန်းမှာ တစ်ယောက်ယောက်က လူရော စောင်ပါ သယ်ယူပြီး တွင်းထဲချထားဟန် တူတာပဲ'

'ဘယ့်နှယ်လဲကွယ်။ လူတစ်ယောက်လုံးကို သယ်ပြီး ပေလေးဆယ်



လောက် နက်တဲ့ တွင်းထဲကို သူမနိုးအောင် ပစ်ချနိုင်တယ်ဆိုလို့ ဟုတ်နိုင်ပါ့မလားကွယ်'

'ဘယ်လို လူမျိုးမှန်းမှ မသိဘဲကိုးကွဲ့။ မင့်လို ငါ့လို လူမျိုးတော့ ဘာတတ်နိုင်မလဲ'

'မင်းကို ချထားပြီး သူကော ဘယ်နည်းနှင့် တက်သွားသလဲကွယ်'

'သူတို့ အဖို့တော့ ခြေတစ်လှမ်း လှမ်းရုံနှင့် တွင်းပေါ်ရောက်နိုင်မလားမဆိုနိုင်ဘူးကွဲ့'

'ဒီဟာတွေဟာ လူပဲလား၊ မကောင်းဆိုးဝါးလား။ သရဲ သဘက်လား။ မင်း ဘယ့်နှယ် ထင်သလဲ'

'မကောင်းဆိုးဝါးလဲ မဟုတ်ဘူး။ သရဲသဘက်လဲ ဟုတ်မယ် မထင်ဘူး၊ လူ့ဘုံသားမဟုတ်။ ဒိဗြင်ဘုံသားများ ဖြစ်တယ်လို့ ငါထင်တယ်'

'လူ့ဘုံသား မဟုတ်လျှင် အပါယ်လေးဘုံထဲက ဘယ်ဘုံထင်သလဲ'

'ပြိတ္တာသော်လည်းကောင်း၊ အသူရကာယ်သော်လည်းကောင်း၊ ဖြစ်မယ် ထင်တယ်၊ အသူရကာယ်များဟာလည်း လူ့ပြည်နှင့် တစ်ဆက်တည်းနေတယ်လို့ ပြောကြတယ်၊ တစ်ဆက်တည်း နေလို့သာ ငါတို့ တစ်ခုန်ခုန်လိုက်ရုံနှင့် ဒီရောက်ကြတာပေါ့ကွဲ့'

'မျက်နှာကြီး တစ်ခုကို မင်းတွေ့ရသလား'

'တွင်းထဲရောက်တော့ မြင်ရတယ်။ ငါက အိပ်ရာက နိုးလို့ လူးလဲပြီးကြည့်လိုက်တော့ လားလား မောင်မင်းကြီးသားက တွင်းနှုတ်ခမ်းမှာ အလျားမှောက်ပြီး ငါ့ကို ငုံ့ကြည့်နေတာကိုးကွဲ့။ ကြီးလိုက်တဲ့ မျက်လုံးကြီးတွေကွယ်။ မျက်နှာကြီးကလည်း ကြီးပါရဲ့။ သို့သော် မျက်နှာနှင့် အဆမတန်အောင်ကြီးတဲ့ မျက်လုံးကြီးတွေပါပဲ'

'ငါတို့ကို သူတို့ အခု စောင့်ပြီး ကြည့်နေချင်နေမယ်နော်'

'ဒါပေါ့၊ ဘယ်သူပြောနိုင်မလဲ။ မင်းနှင့် ငါနှင့် အနားမှာ သူတို့ရှိချင်ရှိနေမယ်'

'ဒါဖြင့် ဘာကြောင့် ငါတို့က အခုမမြင်ရသလဲ'

'သူတို့က ပြမှ တို့မြင်ရမှာပေါ့ကွဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကြောက်စရာကောင်းလှပါတယ်ကွယ်။ မြန်မြန်ပြန်ကြပါစို့'

'ပြန်မှပဲ ဖြစ်မယ်။ ဘာကြောင့်လဲ ဆိုတော့ ရိက္ခာကလည်း များများ မပါဘူး၊ နောက်တစ်ခါလာလျှင်ဖြင့် ရိက္ခာများများ ယူခဲ့ရမယ်'

'အောင်မယ်၊ နောက်တစ်ခါ လာဦးမယ် စိတ်ကူးသေးတယ်လား'

'ကူးပြီလားကွယ်'

ထိုအခါ ကျွန်တော်မှာ မည်သို့မျှ ပြန်၍ မပြောသော်လည်း နောက်တစ်ခေါက်အတွက်ကိုမူ ကျွန်တော်ကိုယ်တိုင် မလာရုံမျှမက တတ်နိုင်ခဲ့လျှင် မောင်ထွန်းဦးအားလည်း မသွားစေဖို့ စိတ်ထဲ၌ ဆုံးဖြတ်ထားလေ၏။ ၎င်းနောက် ကျွန်တော်က

'ဒီဘုံသားတွေဟာ ငါတို့ အပေါ်မှာ ဘယ်လိုများ စိတ်သဘောထားတယ်လို့ ထင်သလဲ'

'ငါတို့ ငယ်ငယ်တုန်းက ပုစဉ်းကလေးတွေ၊ လိပ်ပြာကလေးတွေကို ဘယ်လို သဘောထားသလဲ'

'ထူးဆန်းလျှင် ထူးဆန်းတဲ့ အလျောက် ကြည့်ဖို့ပေါ့ကွယ်'

'အေး သူတို့ကလည်း ငါတို့ကို ဒီလိုပဲ သဘောထားဟန် တူတယ်။ ဒါကြောင့် ငါ့ကို တွင်းထဲမှာ လှောင်ထားဟန်တူတယ်။ အလိုရှိတဲ့အခါမှာ ထုတ်ယူပြီး ကြည့်ချင် ကြည့်မယ်၊ သတ်ချင်သတ်မယ်၊ အူထုတ်ပြီးစားချင်စားမယ်။ ဘယ်သူသိနိုင်မလဲ'

'တော်ပြီကွယ်။ ဟော့ သွားကြပါစို့'

ကျွန်တော်တို့သည် လှုဘုံမှ ထွက်လာသော နေရာသို့ ရောက်အောင် ဆက်လက်၍ သွားကြလေရာ ခြေလှမ်းတိုင်း လှမ်းတိုင်း တစ်စုံတစ်ယောက်သော သူသည် ကျွန်တော်၏ နောက်မှ ပခုံးကို ကိုင်ဆွဲလိုက်လိမ့်မည်ဟု ထင်မှတ်မိလေ၏။ ခရမ်းရောင်ရှိသော အလင်းဝိုင်းကို မြင်ခဲ့ရသော နေရာအနီးသို့ ရောက်ကြသောအခါ ကျွန်တော်က မောင်ထွန်းဦးအား ထိုအကြောင်းကို ပြောပြသော်လည်း သေးရာမှ ကြီးလာပြီး ကြီးရာမှ တစ်ဖန် ငယ်သွားသည် အကြောင်းကိုမူ မပြောမိချေ။ အကယ်၍ ပြောမိခဲ့လျှင် မောင်ထွန်းဦးမှာ ကျွန်တော့်ထက် ဉာဏ်ရှိသူတစ်ယောက်ဖြစ်သောကြောင့် ကျွန်တော်တို့ ကြုံရ



လတ္တံ့သော ဒုက္ခမျိုးမှ လွတ်ကင်းအောင် ဇောက်မှုချ ကြံစည်နိုင်မည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။

လှုဘုံမှ ရည်၍ ထွက်ခဲ့ကြသော ကျောက်ဆောင်သို့ ဆိုက်ရောက်ကြသောအခါ စားနပ်ရိက္ခာများနှင့်တကွ ကျွန်တော်ပစ်သွင်းလိုက်သော ဘောလုံးများသည် ယခင်က အတိုင်းပင် ခြေရာလက်ရာ မပျက် ရှိနေသည်ကို တွေ့ကြရလေ၏။ မောင်ထွန်းဦးမှာမူ အနည်းငယ်မျှ စိတ်အားငယ်ဟန်လက္ခဏာ မရှိဘဲ ဘောလုံးများကိုပင် ကောက်ယူ၍ ကလေးသဖွယ် မြှောက်ပစ်ကစားလျက် ရှိသည်ကို တွေ့ရသဖြင့် ကျွန်တော်မှာ အတော်အတန် ထိတ်လန့်ခြင်း ပြေခဲ့ရလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ကျောက်ဆောင်ပေါ်တွင် ထိုင်ကာ အမောအပန်းဖြေလျက် လှုဘုံသို့ ပြန်ရန် လမ်းကြောင်းကို တိုင်ပင် ဆွေးနွေးလျက် ရှိကြစဉ် မောင်ထွန်းဦးသည် ကျွန်တော်၏ ပခုံးကို ရုတ်တရက် ထိုင်ဆွဲလျက် 'ကြည့်စမ်းဟေ့၊ ဟိုမှာ ကြည့်စမ်း' ဟု ထိတ်လန့်တကြား ပြော၍ လက်ညှိုးညွှန်ပြလေ၏။ ကျွန်တော်လည်း လက်ညှိုးညွှန်ပြရာ အရပ်သို့ မျှော်ကြည့်လိုက်ရာ နှစ်ဖာလုံခန့် ဝေးသောအရပ်၌ မျက်နှာကြီးနှစ်ခုကို တွေ့မြင်ရလေ၏။ ထိုမျက်နှာကြီးများသည် ကျွန်တော်တို့ ကြည့်နေသည် အတွင်း၌ပင် အဖြစ်အမျိုးမျိုး ပြောင်းလျက် ရှိရာ ပါးစပ်တို့မှာလည်း နှုတ်ခမ်းဟ၍ မပါရှိချေ။ ထိုသို့ ကြည့်နေစဉ်အတွင်း၌ပင် မျက်နှာကြီးများသည် တဖြည်းဖြည်း မှေးမှိန်ကာ ကွယ်ပျောက်၍ မျက်နှာကြီးများအောက်၌ စည်ကြီးများသဖွယ် လုံးတုံးတုံး ရှိသော ကိုယ်ကြီးများ ပေါ်ပေါက်လာပြန်လေရာ ၎င်းတို့လည်း နောက်ဆုံး၌ မှေးမှိန်ကွယ်ပျောက်ကြပြန်လေ၏။

ကျွန်တော်တို့သည် အဝေးအရပ်၌ ပေါ်လာသော မျက်နှာကြီးများ ကွယ်ပျောက်သွားသည်နောက် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်လျက် တောင်မြောက်လေးပါးကိုလည်း ကြည့်ကြပြန်လေရာ ကျွန်တော်တို့၏အနီး၌ ရှိသော ကျောက်ဆောင်အတွင်းမှ မျက်လုံးကြီး နှစ်လုံး ပေါ်ထွက်လာပြီးနောက် ခြောက်ထောင့်ပုံ သဏ္ဌာန်ရှိသော မျက်နှာကြီး တစ်ခုသည်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်များအတွင်းမှ ထင်ရှားစွာ ပေါ်ထွက်လာသည်ကို တွေ့မြင်ကြရပြန်လေ၏။ ၎င်းမျက်နှာကြီးမှာ ကျောက်ဆောင်နှင့် တသီးတခြား မဟုတ်။ ကျောက်ဆောင်အတွင်းတွင် တစ်သားတည်း ရှိနေဘိသကဲ့သို့ ဖြစ်လေရကား နီးကပ်သည်လည်း တစ်ကြောင်း၊ အလွန်အမင်း ထိတ်လန့်ခြင်း ဖြစ်လျက် တစ်ယောက်၏ လက်ကို တစ်ယောက် ကိုင်ကာ စိုက်ငေး၍ ကြည့်နေကြလေ၏။ ကျွန်တော်မှာ ပါးစပ်ကို ဖြဲလျက်ရှိသော ကျားကြီး တစ်ကောင်၏ ခံတွင်းသို့ ဝင်ပြေးလျှင် ထိုမျက်နှာကြီးကို မမြင်ရဘဲ ရှိလိမ့် မည်ဟု ကောက်မှုချ ယုံကြည်စိတ်ချခဲ့ရပါလျှင် မိခင်၏ ရင်ခွင်သို့ ပြေးဝင်သော ကလေးတစ်ယောက်၏ နည်းတူ ကျားပါးစပ်တွင်းသို့ ဝမ်းမြောက်စွာ ပြေးဝင်တော့မည် ဖြစ်ပေ၏။ ကျွန်တော်သည် ထိုမျက်နှာကြီးကို ဤမျှလောက်ပင် ကြောက်လှပါ၏။

၎င်းနောက် ထိုမျက်နှာကြီးသည်လည်း ရေးနည်းအတူ ကွယ်ပျောက်၍ သွားပြန်လေရာ ကျွန်တော်မှာ ထိုင်ရာမှ ရုတ်တရက် ထ၍ မောင်ထွန်းဦး၏ လက်ကို ဆွဲပြီးလျှင် ပြေးမိပြေးရာ ပြေးသွားလေ၏။ သို့ပါသော်လည်း တစ်ဖက်၌ကား ပင်လယ်ပြင်မျှသာလျှင် ရှိနေသည် ဖြစ်သောကြောင့် ဆက်လက်ပြေးရန် မတတ်နိုင်ဘဲ မြေပေါ် ဒူးထောက်ပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလေ၏။

ထိုအခါ မောင်ထွန်းဦးသည် ကျွန်တော်အား ဆွဲထူလျက် 'မကြောက်ပါနှင့် သူငယ်ချင်းရယ်။ ငါ တစ်ယောက်လုံး ရှိသေးတာကပဲ' ဟု ချော့မော့ကာ အားပေးသည်တွင်မှ ကျွန်တော်သည် စိတ်ပန်း လူပန်း ဖြစ်ပြီးလျှင် မောင်ထွန်းဦး၏ ပေါင်ကို ခေါင်းအုံးလျက် မြေပေါ်တွင် အိပ်ပျော်၍ သွားပြန်လေ၏။

ကျွန်တော်တို့ နှစ်ယောက်လုံးသည် အိပ်ပျော်ရာမှ တစ်ပြိုင်တည်း လန့်နိုးလာကြ၍ တစ်ယောက်၏ လက်ကို တစ်ယောက်ကိုင်လျက် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ငေးကြည့်၍ နေကြပြန်လေ၏။ ကျွန်တော်က



'ဒီဟာ ဘာလဲဟေ့'

'ငါလဲ မပြောတတ်ဘူးကွဲ့'

ကျွန်တော်တို့သည် နားစွင့်လျက် ရှိနေကြစဉ် တဝုန်းဝုန်း၊ တဗိုဗို၊ တစီစီနှင့် မြည်လျက် ရှိသော အသံများကို ကြားကြရသည့်ပြင် အလွန်တရာ ဝေးလံသော အရပ်မှ လူအမြောက်အမြား ခြေလှမ်း၍ လာကြသော အသံများကိုလည်း ကြားရလေ၏။

'ဒီတစ်ခါ လူတွေ စုပြီး အများကြီး လာကုန်ကြပြီ ထင်တယ်ဟေ့။ မြန်မြန် ပြေးကြမှာပဲ'

'ဟုတ်တယ်ဟေ့။ သူတို့ မရောက်ခင် လူဘုံရောက်အောင် ပြေးကြမှ တော်မယ်'

'ကိုင်း ဒါဖြင့် ငါတို့ ရှေးဦးစွာ ပရော်ဖက်ဆာ ဘစ်စမတ်အခန်းက ခုန်ထွက်စဉ်က ကျရောက်တဲ့နေရာကို ရှာကြစို့'

'ဟောဒီမှာ နေရာနဲ့ တူတယ်။ ကျောက်စွန်း နှစ်ခုကြားပဲ။ ငါ မှတ်မိတယ်'

'ဟုတ်တယ်။ ငါလည်း မှတ်မိတယ်'

'နေပါဦးကွဲ့။ သို့သော် ဒီနေရာ ဟုတ်မဟုတ်ကို ငါ စုံစမ်းကြည့်ဦးမယ်'

'မင်း ဘယ်လို စုံစမ်းမလဲ'

'ဘောလုံးတွေ ပစ်ကြည့်တာပေါ့ကွဲ့။ ဘောလုံးပျောက်သွားလျှင်ဖြင့် ဒီနေရာ ဟုတ်လို့ပဲပေါ့'

'ဟုတ်တယ်ဟေ့။ ပစ်ကြည့်စမ်းကွယ်'

၎င်းနောက် မောင်ထွန်းဦးသည် ဘောလုံးကို ကောက်ယူ၍ ကျွန်တော်တို့ အလျားမှောက်ကျသော နေရာတွင်ရပ်လျက် ပင်လယ်ပြင်ကို ကျောခိုင်းပြီးလျှင် ကျောက်ဆောင်ဘက်သို့ ပစ်သွင်းလိုက်လေ၏။ ဘောလုံးများသည် မောင်ထွန်းဦး၏ လက်မှ ပစ်လိုက်သောအခါ၌ တစ်ရှိန်တည်း ထွက်သွား၍ အတန်ငယ် ရောက်သွားသော အခါတွင် လေထဲ၌ အနည်းငယ်သော အချိန်မျှ

www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် တနင့်ရပ်ကာ ရှိနေပြီးနောက် ကွယ်ပျောက်၍ သွားလေ၏။

'ဟုတ်ပြီဟေ့။ ဒီနေရာပဲ'

'ကိုင်း ခုန်ကြစို့။ ဘယ်သူ အရင်ခုန်မလဲ'

'မျောက်ပန်းတောက်ကွယ်'

ထိုအခါ မောင်ထွန်းဦးသည် အင်္ကျီအိတ်မှ ပိုက်ဆံတစ်ပြားကို ထုတ်ယူ၍ လက်မပေါ်တွင် တင်လျက် ကျွန်တော်အား 'ခေါင်းလား၊ ပန်းလား' ဟု မေးလေ၏။ ထိုအတောအတွင်း ယခင်က ကြားရသော ခြေသံကြီးသည် နီးသည်ထက် နီးလာသည့် လက္ခဏာနှင့် ကျယ်သည်ထက် ကျယ်လာကြလေ၏။

'ခေါင်းကွယ်'

ထိုအခါ မောင်ထွန်းဦးသည် ပိုက်ဆံကို လေထဲသို့ မြှောက်လိုက်ရာ ကျောက်ဆောင်ပေါ်သို့ ကျလာသောအခါ၌ ပန်းဘက်မှ လန်လျက် ကျနေသည်ကို တွေ့မြင်ကြရသဖြင့် မောင်ထွန်းဦးက

'ကိုင်း ဒါဖြင့် ငါ အရင်ခုန်မယ်'

မောင်ထွန်းဦးသည် ကျွန်တော် မှောက်လျက် ကျနေသော နေရာ၌ ခဏတရက် မခုန်သေးဘဲ ရှေ့သို့ မျှော်ကြည့်နေလေ၏။ ၎င်းခုန်ဝင်ရမည့်နေရာမှာ ကျောက်စွန်း တစ်ဖက်၌ ရှိသော လဟာအတွင်းသို့ ဖြစ်လေရာ အကယ်၍ လှူပြည်သို့ သွားသော တံခါးကို မတွေ့သဖြင့် ချော်ကျသွားခဲ့ပါမူ ပေခြောက်ဆယ်ခန့်မျှ နက်သော ချောက်ထဲသို့ ကျ၍ အရိုးအသား တခြားဖြစ်ရချေမည် ဖြစ်သောကြောင့် အလျင်စလို ဆောင်ရွက်လိုသော ကိစ္စမျိုး မဟုတ်ခဲ့ချေ။ သို့ရာတွင် ထိုအတောအတွင်း၌ ခြေသံများသည် ယခင်ကထက်ပင် နီးသည်ထက် နီးကပ်လာလျက် ရှိပေ၏။

သို့ဖြစ်၍ မောင်ထွန်းဦးသည် ထိုနေရာ၌ ရပ်ပြီးမှ နောက်သို့ လေးငါးခြောက်လှမ်းမှ အရှိန်ယူဖို့အတွက် ဆုတ်ခွာလိုက်ပြီး တစ်ဟုန်တည်း ပြေးလာ၍ ကျောက်စွန်းမှ လဟာပြင်သို့ အထက်ကျကျ မှန်းလျက် ခုန်လိုက်လေ၏။ မောင်ထွန်းဦး၏ ခြေသည် ကျောက်စွန်းမှ ခွာလိုက်သည်နှင့်



တစ်ပြိုင်နက် ကျွန်တော်မှာ အသက်မရှူဘဲ စိုက်ငေးလျက် ရှိရာ မောင်ထွန်းဦးသည် တစ်စုံတစ်ခုကို ကိုင်ဖမ်းသည့်အနေနှင့် လေထဲ၌ လက်နှင့် ဆုပ်ကာ ကိုင်ဖမ်းပြီးမှ ခဏတရက် ချော်သွားသည့် အနေဖြင့် ပက်လက်လန်ကာ ကျသွားသည်တွင် ကျွန်တော်မှာ မကြည့်ဝံ့သည် ဖြစ်၍ မျက်စိကို မှိတ်ထားလိုက်ရလေ၏။ သို့ပင် မကြည့်ပါသော်လည်း ပေခြောက်ဆယ်မျှ မြင့်သော အရပ်မှ အောက်သို့ လူတစ်ယောက် ကျသွားသော အသံကို မကြားရဘဲ မနေနိုင်လေရကား ကျွန်တော်မှာ မောင်ထွန်းဦး၏ ကိုယ်နှင့် ကျောက်ဆောင်များ ရိုက်သံကို ကြားလိုက်ရပြီးနောက် ထိုတစ်ရပ်လုံး ဆိတ်ငြိမ်လျက် ရှိနေလေ၏။ အတန်ငယ်ကြာသောအခါမှ ကျွန်တော်သည် စိတ်အားတင်း၍ ကျောက်ဆောင်ကျောက်စွန်းသို့ သွားပြီးလျှင် အောက်သို့ ငုံ့ကြည့်လိုက်ရာ ကွေးကွေးကလေး စုပုံလျက် ရှိနေသော မောင်ထွန်းဦး၏ ရုပ်အလောင်းကို တွေ့မြင်ရသဖြင့် မည်မျှလောက် စိတ်ထဲ၌ ယူကျုံးမရ ဖြစ်ရသည်မှာ ထုတ်ဖော်ရေးသားခြင်းငှာ မတတ်နိုင်ပေ။ တောနက်ကြီးမျှမက တစ်ပြည်တစ်နိုင်ငံသို့ ရောက်နေရခြင်းမျှလည်းမက အခြားသော ဘုံသို့ ရောက်၍ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရခြင်း ဖြစ်သောကြောင့် များစွာ ပိုမို၍ ကြောက်မက်ဖွယ်ရာ ကောင်းလှပေ၏။

သို့ဖြစ်၍ ကျွန်တော်သည် ကျောက်စွန်းတွင် ထိုင်လျက် လက်ပေါ်တွင် မေးတင်ပြီးလျှင် စိတ်အပူကြီး ပူကာ ရှိနေရာ ယခင်က ခြေသံကြီးများသည် သာ၍ပင် နီးကပ်၍ လာပြန်သည် ဖြစ်သောကြောင့် ဦးခေါင်းကို မော့ကြည့်မိရာတွင် ကျွန်တော်၏ ရှေ့တည့်တည့်၌ ခရမ်းရောင် အလင်းဝိုင်းကလေးတစ်ခုကို မြင်ရပြန်၏။ ထိုအခါ၌ကား ကျွန်တော်သည် ယခင်က နှစ်မိုင်ခန့်တွင် မြင်ခဲ့ဖူးသော အလင်းဝိုင်းကို သတိရ၍ စိတ်ကူးတစ်မျိုး ပေါ်ပေါက်လာခဲ့လေ၏။ စင်စစ်သော်ကား လှူပြည်မှ လျှပ်စစ်ဓာတ်အား ပေးလိုက်သောအခါတွင် ဤဘုံမှာလည်း လျှပ်စစ်ဓာတ်ဖြင့် ဆက်သွယ်လျက် ရှိသည် ဖြစ်သောကြောင့် အလင်းဝိုင်းတစ်ခုသဖွယ် ပေါ်ထွက်လာခြင်း ဖြစ်လေရာ ယခင်က အလင်းဝိုင်းမှာ ဓာတ်ရထားရုံမှ အလင်းဝိုင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအပိုင်းမှာကား ပရော်ဖက်ဆာ ဘာစ်စမတ်၏ အခန်းတွင်းမှ လွှတ်လိုက်သော အလင်းဝိုင်း ဖြစ်တန်ရာချေသည်။ ကျွန်တော်သည် ထိုအကြောင်းကို မောင်ထွန်းဦးအား ပြောပြခဲ့ပါမူ မောင်ထွန်းဦးသည် အလင်းဝိုင်း ပေါ်လာသည်တိုင်အောင် စောင့်ဆိုင်းနိုင်မည် ဖြစ်၍ ဤကဲ့သို့ မရှုမလှ သေဆုံးရရှာမည် မဟုတ်ချေ။ သောလုံး ပစ်သွင်းလိုက်သောအခါ၌မူ ပရော်ဖက်ဆာ ဘာစ်စမတ်သည် စက်နှိုးကာစ ဖြစ်၍ အပေါက်ကျဉ်းကျဉ်းမျှ ပွင့်လာစဉ် ထိုအပေါက်ငယ်အတွင်းသို့ ဝင်သွားခြင်း ဖြစ်ဟန်တူလေရာ မောင်ထွန်းဦး တစ်ကိုယ်လုံး ခုန်ဝင်လိုက်သောအခါ၌မူ အပေါက်ကောင်းစွာ မပွင့်သေးသဖြင့် ကိုယ်နှင့် မဆံ့သောကြောင့် ထိုကဲ့သို့ အောက်သို့ ကျသွားရဟန်တူလေသည်။ ပရော်ဖက်ဆာဘာစ်စမတ်က ကျွန်တော်အား စက်ကို အစဉ်နှိုး၍ ထားပါမည်ဟု ကတိထားလိုက်ပါလျက်နှင့် အစဉ်နှိုး၍ မထားခြင်းကြောင့် ကျွန်တော်၏ သူငယ်ချင်းမှာ အသက်ဆုံးရှုံးရခြင်း ဖြစ်လေရကား ကျွန်တော်မှာ မောင်ထွန်းဦးကို ပရော်ဖက်ဆာကြီး သတ်သည်ဟူ၍ပင် ရန်ငြိုးထားလျက် ၎င်းအပေါ်၌ များစွာ မကျေမချမ်း ဖြစ်ခဲ့လေ၏။

ထိုခဏ၌ အလင်းသည် ကျယ်သည်ထက် ကျယ်လာ၍ ခြောက်ပေခန့်မျှ ကျယ်ဝန်းသည်ဖြစ်ရာ ယခင်က ခြေသံများသည်လည်း ဤတောနှင့် များစွာ ခရီးမဝေးနိုင်တော့ချေ။ သို့ဖြစ်၍ ကျွန်တော်သည် စိတ်ပျက်လျက် ရှိနေရာမှ ရုတ်တရက် ထ၍ ယခင် မောင်ထွန်းဦး ရပ်နေရာသို့ သွားပြီးလျှင် ၎င်း၏ နည်းတူ လေးငါး ခြောက်လှမ်းမျှ အရှိန်ယူပြီးနောက် အထက်သို့ ခပ်ကျကျ မျှော်လင့်လျက် ချောက်ဘက်သို့ တအားခုန်လိုက်ရာ ပခုံးစွန်း တစ်ဖက်နှင့် ထောက်လျက် ကျလေ၏။ သို့ခဏ၌ ကျွန်တော်သည် ပရော်ဖက်ဆာ ဘာစ်စမတ်၏ အသံကို ကြားရသဖြင့် လဲရာမှ လူး၍ ထလေရာ ပရော်ဖက်ဆာ ဘာစ်စမတ်က

'ဘာမြင်ခဲ့ရသလဲ။ ပြောပြစမ်းပါ။ ဘာမြင်ခဲ့သလဲ' ဟု စိတ်အားကြီးစွာသော အသံဖြင့် မေးလျက် ရှိလေ၏။ ထိုအသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်မှာ သူငယ်ချင်း မောင်ထွန်းဦး သေဆုံးရခြင်းသည်



ထိုသူကြောင့် ဖြစ်ချေသည်ဟူသော အကြောင်းကို သတိရလာသဖြင့် စိတ်ကို ချုပ်တည်းခြင်းငှာ မတတ်နိုင်ဘဲ ပရော်ဖက်ဆာကြီးကို ခါးမှ တစ်ဖက်၊ လည်ပင်းမှ တစ်ဖက် ကိုင်၍ မြှောက်လေ၏။ ပရော်ဖက်ဆာသည် ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် ရုန်းကန် ဟစ်အော်လျက်ရှိစဉ် ကျွန်တော်သည် ခွန်အားကောင်းသော သူတစ်ယောက် ဖြစ်သည်အတိုင်း အရိုးနှင့်အရေမျှရှိသော ပရော်ဖက်ဆာကြီး၏ ကိုယ်ကို လေထဲ၌ အရှိန်ရအောင် တစ်ပတ် နှစ်ပတ်မျှ ယမ်းပြီးနောက်

'ခင်ဗျားကိုယ်တိုင် သွားကြည့်ပေတော့' ဟု ပြောလျက် ယခင်က သစ်သားဘောင် အတွင်းသို့ အားကုန်ပစ်သွင်းလိုက်ရာ ပရော်ဖက်ဆာလည်း လူ့ပြည်မှ ကွယ်ပျောက်၍ သွားလေ၏။

*

ဆရာဝန်ကြီးများသည် ကျွန်တော်၏ သွေးကို စမ်းသပ်ကြည့်ရှုကြပြီးလျှင် အရူးထောင်သို့ ပို့ကြလေ၏။ သို့ပါသော်လည်း ၎င်းတို့သည် ကျွန်တော်၏ နာရီအကြောင်းကို လည်းကောင်း၊ နှလုံးသည် လက်ဝဲဘက်မှ လက်ယာဘက်သို့ ပြောင်းသွားသည့် အကြောင်းကို လည်းကောင်း ညာသန်သူအဖြစ်မှ ဘယ်သန် သူအဖြစ်သို့ ပြောင်းလဲသွားသည်ကို လည်းကောင်း ကျေနပ်အောင် မပြောနိုင် ကြသည်ဖြစ်သောကြောင့် ကျွန်တော်မှာ မည်သူကပင် ရူးသွပ်သည် ဆိုစေကာမူ ရူးသွပ်ခြင်း မဟုတ်၊ အကယ်စင်စစ်သာ တွေ့မြင်ခဲ့ရသော အဖြစ်အပျက်များ ဖြစ်ကြောင်းကို ယခင်က တစ်ပတ်တွင် ဖော်ပြခဲ့ပြီးသော သက်သေခံပစ္စည်းများအားဖြင့် ထောက်ခံပြောနိုင်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# အာဋ္ဌာဝကလိုဏ်ခေါင်းဝတ္ထု

အောက်ပါ ဒိုင်ယာရီမှတ်တမ်းမှာ ကျွန်တော်၏ မိတ်ဆွေ ပင်စင်အငြိမ်းစား သစ်တော ဝန်ထောက် ဦးသူတော်၏ ဒိုင်ယာရီ စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်လေရာ ဦးသူတော်မှာမူ ၁၉၃၀ ခုနှစ် ဒီဇင်ဘာလ အတွင်းတွင် ကသာ ဒီစတြိတ် ထီးချိုင့်မြို့၌ နှလုံးရောဂါဖြင့် သေဆုံးခဲ့ရှာလေပြီ။ ၎င်း၏ မှတ်တမ်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထား၍ မြန်မာဘာသာဖြင့် ပြန်ဆို ရေးသားခြင်း ဖြစ်ပေသည်။ ဤမှတ်တမ်းကို ဖတ်ရှုရသော ကျွန်တော်နှင့် တကွ ဦးသူတော်၏ မိတ်ဆွေက ဤမှတ်တမ်းတွင် ပါရှိသော အကြောင်း အရာများသည် စေ့နစ်စင်စစ် ၎င်းကိုယ်တိုင် ကြုံတွေ့ရသော အဖြစ်အပျက် များ ဟုတ်သည် မဟုတ်သည်ကို မပြောနိုင်အောင် ရှိကြသော်လည်း ၎င်းဦး သူတော်မှာ ဝတ္ထုရေးဆရာလည်း မဟုတ်၊ စိတ်ကူးဖြင့် တီထွင်တတ်သူ တစ်ယောက်လည်းမဟုတ်။ မဖြစ်တန်လောက်သော အကြောင်းအရာများ၌ ယုံကြည်ခြင်း မရှိတတ်သူ တစ်ယောက် ဖြစ်ကြောင်းကိုကား တညီတညွတ်

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် သူရိယ မဂ္ဂဇင်း၊ အတွဲ ၁၇၊ အမှတ် ၉၊ နိုဝင်ဘာလ၊ ၁၉၃၃ နှစ်တွင် ရေးသားခဲ့သည်။ ပင်ကိုယ်ရေး ဝတ္ထု မဟုတ်ပါ။ ဆာ အာသာ ကွန်နင်ဒွိုင်း၏ *The Terror of Blue John Cap* ကို မှီးရေးထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တည်း ဝန်ခံနိုင်ကြသည်။ ဦးသူတော်သည် သေခါနီးဆဲဆဲအခါ၌ မယားဖြစ်သူ ဒေါ်ဖွားရှင်အား မိမိသေသည် နောက်ပိုင်း၌ ၎င်း၏ ဒိုင်ယာရီ မှတ်တမ်းကို ကျွန်တော်ထံ ပေးပို့ရစ်ဖို့ မှာထားချက်အရ ခရေပွင့်တံဆိပ် ရေးမှတ်ထားသော အောက်ပါ အကြောင်းအရာကို ကျွန်တော် ဖတ်ရှုမိရာတွင် အလွန်တရာ ထူးဆန်းအံ့ဩဖွယ် ကောင်းကြောင်းကို တွေ့ရှိရသဖြင့် လူအများဖို့ သိစိမ့်သောငှာ မြန်မာဘာသာဖြင့် ပြန်ဆိုထားရခြင်း ဖြစ်ပေသည်။ ဦးသူတော်၏ ဒိုင်ယာရီ မှတ်တမ်းကို ဖတ်ရှုပြီးနောက် ကျွန်တော်သည် အာဠာဝကလိုဏ်ခေါင်းရှိရာ အရပ်သို့ ကိုယ်တိုင်သွားရောက် စုံစမ်းခဲ့သေးသည် ဖြစ်ရာ ထိုနယ်သားတို့၏ ထွက်ဆိုချက်မှာလည်း အဆိုပါမှတ်တမ်းတွင် ဖော်ပြပါရှိသည့် အဖြစ်အပျက်နှင့် တစ်သဝေ မတိမ်းအောင် ကိုက်လျက် ရှိကြောင်းကိုလည်း တွေ့ခဲ့ပေသည်။ ဤမျှလောက် စကားပလ္လင်ခံပြီးနောက် မှတ်တမ်းတွင် ပါရှိသည့် အတိုင်း အပိုအယုတ် မရှိဘဲ အတိအကျ ပြန်ဆို ရေးသားဖော်ပြပေအံ့။

*

ဧပြီလ ၁၇ ရက်နေ့။ ။ ဆရာဝန်များက ကျွန်ုပ်အား တောင်ကုန်းအရပ်ဒေသသို့ သွားရောက် နေထိုင်ရန် အကြံပေးသည့်အတိုင်း ဤအရပ်သို့ ဆိုက်ရောက်လာခဲ့ရာ လေကောင်းလေသန့်ကို ရှူရှိုက်ရသည့်အတွက်ကြောင့် ကျွန်ုပ်၏ နှလုံးရောဂါမှာ အတော်အတန် သက်သာခွင့် ရခဲ့ပေသည်။ ဤ အရပ်ဆိုသည်မှာ သပိတ်ကျင်းမှ မိုးကုတ်သို့ သွားသော လမ်းရှိ ဝါးဖြူတောင်အရပ်မှ ဆယ်မိုင်ကွာတွင်, ရှိသော ဝါးနက်ကုန်းရွာ ဖြစ်လေသည်။ ကျွန်ုပ်သည် သပိတ်ကျင်းမြို့တွင် တောအုပ်လုပ်စဉ်က ဤရွာသို့ တစ်ကြိမ် ရောက်ဖူး၍ တောင်များ ဝိုင်းရံလျက် စိမ့်စမ်းတသွင်သွင် စီးဆင်း၍ လေပြည် တဖြူးဖြူး ရှိနေသော ဤရွာကလေးကို နှစ်သက်ဖူးသဖြင့်· ဆရာဝန်က တောင်ကုန်းအရပ်တစ်ခုခု၌ နေထိုင်ရန် အကြံပေးသည်နှင့် တစ်ပြိုင်နက် ဝါးနက်ကုန်းရွာကလေးကို သတိရ၍ လာရောက်နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။



ကျွန်ုပ် တည်းခိုသော နေအိမ်မှာ ကျွန်ုပ်၏ လက်အောက်၌ လုပ်ကိုင်ဖူးသော တောခေါင်း မောင်သော်တာ မိခင်၏ နေအိမ်ဖြစ်ရာ ကျွန်ုပ်နှင့်အတူ အစေခံ တစ်ယောက် ပါလာသဖြင့် ၎င်းက ကျွန်ုပ်အား ချက်ပြုတ် ကျွေးမွေးပြုစု စောင့်ရှောက်လျက် ရှိပေ၏။ ထိုရွာမှ လမ်းမကြီးသို့ သွားသော လမ်းကလေးမှာ အလွန်တရာ သာယာလှသည် ဖြစ်သောကြောင့် ကျွန်ုပ်သည် တုတ်ကောက်တစ်ချောင်းနှင့် ညနေတိုင်း လမ်းလျှောက်လေ့ရှိ၏။ ထိုအရပ်ဒေသ၏ ထူးခြားသော အခြင်းအရာတစ်ခုမှာ မြေကြီးသည် အပေါ်ယံ၌ တင်းမာ၍ ကျောက်ဆောင်များနှင့် ရောပြွမ်းလျက် ရှိနေသော်လည်း အတွင်း၌ကား လိုဏ်ခေါင်းကြီးများ ရှိနေ၏။ သို့ဖြစ်သောကြောင့် အလွန်တရာ ကြီးမားသော တူကြီး တစ်ချောင်းနှင့် ၎င်းမြေကြီးကို ထုနက်ခဲ့သည် ရှိသော် ဖားစည်ကြီးသဖွယ် နက်ကျယ်လှသော အသံဖြင့် မြည်ဟိန်းမည် ဖြစ်လေသည်။ အချို့သော နေရာတို့၌ စမ်းချောင်းများသည် တောင်ကြားချပ်ကြားတို့မှ စိမ့်ဝင်သွားပြီးနောက် မည်သည့်နေရာ၌မျှ ထွက်ပေါ်လာတော့သည် မရှိဘဲ ဖြစ်လေရာ ထိုရေများသည် လိုဏ်ခေါင်းကြီးများအတွင်း၌ ပင်လယ်ကြီးသဖွယ် ကျယ်ဝန်းသော ရေမျက်နှာပြင် ဖြစ်လျက် တည်နေလိမ့်မည်ဟူ၍ ခန့်မှန်းဖွယ်ရာ ရှိလေသည်။

တစ်ခါတစ်ရံ၌ ကျွန်ုပ်သည် စမ်းချောင်းများ စိမ့်ဝင်၍ သွားသော တောင်ခေါင်းများ အတွင်းသို့ လက်နှိပ်ဓာတ်မီး တစ်ခုနှင့် ဝင်သွားပြီးလျှင် မီးကို မှိတ်လိုက်သော အခါ၌ကား မှောင်အတိ ဖြစ်၍ မီးကို တစ်ဖန် နှိပ်လိုက်ပြန်သောအခါ၌ကား အမိုးမှ စိမ့်ကျသော ရေစက်တို့သည် လိုဏ်ခေါင်း၏ အမိုး၌ ကျောက်ဖြူတိုင်ကြီးများသဖွယ် ဖြစ်စေလျက် အောက်၌ကား ကျောက်ဖြူဖြင့် ထုလုပ်သော ပလ္လင်သဖွယ် အဆင့်အဆင့် ဖြစ်ပေါ်လျက် ရှိသည်များကို ဆန်းဆန်းကြယ်ကြယ် တွေ့မြင်ရပေ၏။

အဆိုပါ ဥမင်လိုဏ်ခေါင်းကြီးများအနက် အကြီးဆုံး ဖြစ်၍ အဆုံးတိုင်အောင် ရောက်ဖူးသေးသော သူမရှိသေးသည့် လိုဏ်ခေါင်းကိုကား အာဠာဝကလိုဏ်ခေါင်းဟူ၍ မှည့်ခေါ်ထားလေသည်။ အခါတစ်ပါး၌ စွန့်စား

www.burmeseclassic.com

www.burmeseclassic.com



သော ရှာသားနှစ်ယောက်တို့သည် ဖယောင်းတိုင် တစ်ထုပ်နှင့် ထိုလိုဏ်ခေါင်းကို ဝင်ကြလေရာ ဖယောင်းတိုင် လေးတိုင် ကုန်သည်တိုင်အောင် လျှောက်ဝင်သွားကြသော်လည်း လိုဏ်ခေါင်းမဆုံးသေးသည် ဖြစ်၍ ကျန်သော ဖယောင်းတိုင်လေးတိုင်နှင့် တစ်ဖန် ထွက်လာကြရကြောင်းနှင့် ရှာသားများက ပြောကြပုံလေသည်။ ဤ ဧပြီလ ၁၇ ရက်နေ့ ညနေခင်းအချိန်၌ ကျွန်ုပ်သည် အာဋ္ဌာဝကလိုဏ်ခေါင်းဝမှ ရပ်လျက် လိုဏ်ခေါင်းအတွင်းသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ကြည့်ပြီးလျှင် ကောင်းမွန်စွာ ကျန်းမာလာသော တစ်နေ့၌ ဤလူပြောများသော လိုဏ်ခေါင်းကြီးကို အဆုံးသို့ ရောက်အောင် ဝင်ကြည့်အံ့ဟု စိတ်ထဲ၌ ဆုံးဖြတ်မိလေသည်။

ထိုကဲ့သို့ ကြည့်လျက် ရှိစဉ် ၎င်းရှာသားတို့အနက်တွင် အတော်အတန် အကြားအမြင်များသော သစ်ခုတ်သမား မောင်မှူးနှင့် တွေ့၍

မှူး။ ။ 'ဝန်ထောက်မင်းတော့ မကြောက်ဘူး မှတ်တယ်'

ကျွန်ုပ်။ ။ 'ဘာကြောက်ရမှာလဲကွဲ့'

မှူး။ ။ (လိုဏ်ခေါင်းကို မေးငေါ့လျက်) 'အာဋ္ဌာဝကလိုဏ်ခေါင်းဆိုတာ ဒီဟာပေါ့ ဝန်ထောက်မင်း'

ကျွန်ုပ်။ ။ 'အာဋ္ဌာဝကဆိုရုံနှင့် ကြောက်ရတော့မှာလားကွဲ့။ မင်းတို့ မှည့်ချင်တိုင်း မှည့်ထားပြီး နာမည်ကြီးတာနှင့် ငါတို့က ကြောက်ရမှာလားကွဲ့ မောင်မှူးရဲ့'

မှူး။ ။ 'ကုသိုလ်ကံဆိုတာ မသိနိုင်ဘူး၊ ဝန်ထောက်မင်း ဟိုလူနှစ်ယောက်က ဖယောင်းတိုင်ထုပ်နှင့် ဝင်လို့ ဘာမှ မတွေ့ခဲ့ရပေမယ့် ကံမကောင်းတဲ့ လူကျလျှင် ဒီအပေါက်ဝမှာ ရပ်တာနှင့်တောင် ဒုက္ခများတတ်ပါတယ်၊ ဝန်ထောက်မင်း'

ထိုအခါ ဤအာဋ္ဌာဝက လိုဏ်ခေါင်း၏ အကြောင်းကို မောင်မှူးအား မေးမြန်းစုံစမ်းလေရာ အောက်ပါအတိုင်း သိရှိပေသည်။

၎င်းရှာ၌ ရံဖန်ရံခါ ကျွဲနွားများသည် အလောင်းကောင်ရှာ၍ မတွေ့အောင် တစ်ခါတည်း ပျောက်ဆုံးတတ်ကြောင်း အကယ်၍ ကျားချီယူ



သွားခဲ့ပါမူ ကျားတို့ မည်သည်မှာ ဦးချိုနှင့် အရိုးမှ မကျန်အောင် စားနိုင်သည် မရှိသဖြင့် ဦးချိုများ အရိုးများကို တွေ့ဖို့ သင့်ကြောင်းနှင့် အစချီ၍ ပြောဆိုလျှင် ကျွန်ုပ်က ကျွဲနွားတို့သည် မည်သည်မှာ ချပ်ကြိုချပ်ကြားမှ လိမ့်ကျသဖြင့်လည်း အသေကောင် ရှာမတွေ့အောင် ပျောက်ဆုံးနိုင်ကြောင်းနှင့် ပြောဆိုရာတွင် မောင်မှူးက သဘောမကျနိုင်ချေ။ အကြောင်းကို ဆိုသော် တစ်ခါတစ်ရံ၌ သွေးအိုင်များကို တွေ့ရသည်ပြင် သစ်ပင်များ ချုံများနှင့် ပွတ်တိုက်မိသဖြင့် ၎င်းကျွဲနွားတို့၏ အရေများ စုတ်ပြတ်ကပ်ငြိလျက် ကျန်ရစ်ခဲ့သည်များကို တွေ့ရကြောင်း ကျွဲနွားများပျောက်ဆုံးတတ်သော အချိန်အခါမှာကား လလည်း မထွက်၊ ကြယ်မျှလည်း မပေါ်၊ မိုးမှောင်ကျသဖြင့် အလွန်တရာ မှောင်မိုက်သော ညများ၌ ဖြစ်တတ်ကြောင်းများနှင့် ပြောဆိုပြီးလျှင် နောက်ဆုံး၌ အချုပ်စကားအားဖြင့် မောင်မှူးက ပြောပြသည်မှာ ဤအာဋ္ဌာဝက လိုဏ်ခေါင်းဝ၌ ကြာရှည်စွာ သည်းခံ၍ စောင့်နိုင်သူများမှာ မိုးချုန်းသံနှင့် တူ၍ အလွန်တရာ နက်ကျယ်လှသော အသံဆိုးကြီးများကို လိုဏ်ခေါင်းတွင်းမှ ကြားရတတ်ကြောင်းများနှင့် ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်က ဥမင်လိုဏ်ခေါင်းတို့မည်သည်မှာ သေးငယ်သော အသံပင်လျှင် အလွန်တရာ နက်ကျယ်ဘိသကဲ့သို့ ထင်မှတ်ရသောကြောင့် လိုဏ်ခေါင်းအတွင်းရှိ ရေထဲသို့ ကမ်းပါးပြို၍ ကျခဲ့သော် နက်ကျယ်စွာသော အသံကို ဖြစ်စေတတ်ကြောင်းနှင့် ရှင်းလင်း ပြောပြသောအခါ မောင်မှူးက 'ဝန်ထောက်မင်းတို့က အယုံတရား တယ်ပြီး နည်းတဲ့ လူမျိုးပဲ' ဟု ပြောပြီးနောက် ထွက်သွားလေ၏။

ထူးဆန်းသော အခြင်းအရာတစ်ခု စတင် ဖြစ်ပေါ်လာပုံမှာ ကျွန်ုပ်သည် မောင်မှူး ထွက်သွားပြီးသည်နောက် ၎င်းပြောသွားသော စကားများကို ပြန်လှန်တွေးတောရင်း မယုံကြည်နိုင်သော စိတ်သဘောမျိုးနှင့် လိုဏ်ခေါင်းဝတွင် ထိုင်ကာ ကျန်ရစ်ခဲ့၍ နာရီ တစ်ဝက်ခန့် ကြာသောအခါတွင် အလွန်ဆန်းကြယ်လှသော အသံကြီးသည် လိုဏ်ခေါင်းအတွင်း အလွန်ဝေးသော အရပ်မှ ထွက်လာသည့် လက္ခဏာရှိသည် ဖြစ်ရာ ဝေးပင်ဝေးလှသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာပင် နက်ကျယ်လှချေ၏။ ထိုပြင် ၎င်းအသံသည် တစ်စုံတစ်ခု လဲပြိုကျရာ၌ ဖြစ်ပေါ်တတ်သည့် ဗုန်းခနဲ ဂုန်းခနဲ အသံမျိုးလည်း မဟုတ်ချေ။ အလွန်တရာ စူးရှရှည်လျား နက်ကျယ်လှသည် ဖြစ်၍ အနည်းဆုံးအားဖြင့် ဥပမာဆောင်၍ ပြရမည်ဆိုသော် မြင်းကောင်ရေ တစ်ရာခန့်တို့သည် တစ်ပြိုင်နက် တစ်ချက်တည်း သံကုန်ဟစ်၍ ဟီလိုက်သော အသံနှင့် တူလှပေ၏။ ထိုအသံကြီးကို ကြားလိုက်ရသော အခိုက်၌ကား ကျွန်ုပ်မှာ မောင်မှူး၏ စကားကို ရုတ်တရက် သတိရ၍ အတော်အတန် တုန်လှုပ်မိသည်ဟု ဝန်ခံရပေမည်။ သို့ပါသော်လည်း နဂိုအားဖြင့် ကြောက်လန့်တတ်သော သူတစ်ယောက် မဟုတ်သောကြောင့် ကြောက်မက်ဖွယ် တစ်စုံတစ်ရာကို မျက်မြင်ဒိဋ္ဌ မတွေ့မမြင်ရဘဲနှင့် ကြောက်လန့်ခြင်း မဖြစ်မူ၍ လိုဏ်ခေါင်းဝ၌ပင် ထိုင်ကာ တစ်နာရီခန့် ဆက်လက်စောင့်ဆိုင်း နေပါသော်လည်း မည်သည့် အရာကိုမျှလည်း မမြင်မတွေ့ရ။ ထိုအသံကိုလည်း ဆက်လက်၍ မကြားရတော့ချေ။ ယင်းသို့ ဖြစ်ရကား ကျွန်ုပ်သည် ကျန်းမာလာသော တစ်နေ့၌ ထိုလိုဏ်ခေါင်းကြီးအတွင်းသို့ ဝင်ရောက် စုံစမ်းအံ့ဟု ယခင်က ဆုံးဖြတ်သည်အတိုင်း ထပ်မံ၍ ဆုံးဖြတ်ပြီးလျှင် နေအိမ်သို့ ပြန်လာခဲ့လေ၏။

*

ဧပြီလ ၂၀ ရက်နေ့။ ။ လွန်ခဲ့သော သုံးရက်အတွင်း ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီး တစ်ခုနှင့် အာဋ္ဌာဝကလိုဏ်ခေါင်းအတွင်းသို့ အတော်အတန် ခရီးပေါက်ရောက်သည် တိုင်အောင် ဝင်၍ ကြည့်ခဲ့ရာ တစ်စုံတစ်ရာမျှ ထူးထူးခြားခြား မတွေ့မမြင် မကြားမသိခဲ့ရချေ။ သို့ဖြစ်သောကြောင့် ယခင်အခါက ကျွန်ုပ်ကြားခဲ့ရသော အသံမှာ မောင်မှူး၏ ပြောစကားကြောင့် ကျွန်ုပ်၏ စိတ်ထဲ၌ စွဲလမ်းသည့်အတွက် စိတ်ကူးသက်သက်မျှသာ ဖြစ်သည်ဟု ထင်မှတ်စပြုလာခဲ့၏။ သို့ရာတွင် ထူးခြားသော အချက်တစ်ခုမှာ လိုဏ်ခေါင်း၏ အဝင်ဝရှိသော ချုံများ၌ အလွန်ကြီးမားသော ကိုယ်ကာယဖြင့်



တိုးဝှေ့သွားသည့် အထိမ်းအမှတ် လက္ခဏာများကို တွေ့မြင်ရသည်ပြင် တစ်ခုသော သစ်ကိုင်း၌ နွား၏ သားရေနှင့် အသားအနည်းငယ် ငြိတွယ်လျက် ကျန်ရစ်သည့်အဖြစ်ကို တွေ့မြင်ရပေသည်။ နွားများသည် မျက်စိလည် လမ်းမှား၍ ချောက်ကမ်းပါးသို့ ကျပြီးလျှင် ချုံနှင့် ငြိ၍ အရေအသား စုတ်ပြတ် ကျန်ရစ်သည်ဟု တွေးတောမိဆဲတွင် ချုံနှင့် မနီးမဝေး၌ သွေးအိုင်ကြီး တစ်အိုင်ကို မြန်ပြန်သဖြင့် အစဉ်းစားရ ကြပ်ပြန်၏။ သို့ဖြစ်လျှင် ဤလိုဏ်ခေါင်းကြီး အတွင်း၌ ကျွဲနွားများကို မြေ၌ တရွတ်မဆွဲဘဲ တစ်ကိုယ်လုံး မြှောက်ချီ၍ သွားနိုင်လောက်သော သတ္တဝါကြီး တစ်မျိုးမျိုးပင် နေထိုင်လေသလော။ လိုဏ်ခေါင်းအတွင်းမှလည်း ညှီဟောက်ဟောက် နံစော်သော အနံ့ရသည်ဟု ကျွန်ုပ်၏ စိတ်၌ မှတ်ထင်မိပေ၏။

ထိုအခြင်းအရာများကို တွေ့မြင်ရသောအခါ၌ ကျွန်ုပ်မှာ ကိုယ်ကာယ မကျန်းမာသည့် အခိုက်ဖြစ်သဖြင့် စိတ်ခွန်အား နည်းပါးသောကြောင့် လိုဏ်ခေါင်းသို့ ဝင်ရန် အကြံကို လက်လျှော့တော့မည်ဟု အောက်မေ့မိ၏။ သို့ရာတွင် အိမ်သို့ ရောက်သော အခါ၌ကား ယခင်ကအတိုင်း ဟုတ် မဟုတ်ကို စုံစမ်းလိုသော စိတ် ဖြစ်ပေါ်လာပြန်သောကြောင့် နက်ဖြန် သွားရောက် စုံစမ်းမည်ဟု ဆုံးဖြတ်မိပေ၏။

*

ဧပြီလ ၂၂ ရက်နေ့။ ။ ယမန်နေ့က အာဋ္ဌာဝကလိုဏ်ခေါင်းအတွင်း၌ တွေ့မြင်ခဲ့ရသည်ကို စုံလင်စွာ ရေးသားဖော်ပြပေအံ့။ လွန်ခဲ့သော မနေ့ညနေ စောင်းအချိန်တွင် လိုဏ်ခေါင်းသို့ သွားရောက်၍ အဝသို့ ရောက်သော အခါတွင် အနည်းငယ် တုန်လှုပ်မိသည် မှန်ပေ၏။ ကျွန်ုပ်၏ အဖော်ခေါ်နိုင်ရသော် သင့်လျော်လိမ့်မည်၍ အောက်မေ့မိ၏။ ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီး အပြင် လိုလိုမည်မည် သေနတ်နှင့် ဖယောင်းတိုင်တစ်ထုပ်နှင့် မီးခြစ် တစ်ဘူးကိုလည်း ဆောင်ယူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးကို နှိပ်၍ လိုဏ်ခေါင်းဝမှ ဝင်သွား၍ ပေါ်ဆယ်ခန့် လျှောက်မိလေလျှင် ကြမ်းပြင်မှာ ကျောက်တုံး ကျောက်ခဲ ထုလေးများ ခင်းကျင်းလျက် ရှိသည်ကို တွေ့ရ၏။ ထိုမှတစ်ဖန် လက်ယာဘက်သို့ ချိုးသွားသော လမ်းအတိုင်း လိုက်သွားပြန်ရာ ပေတစ်ရာခန့် သွားသောအခါတွင် လက်နှိပ်ဓာတ်မီးသည် ရုတ်တရက် ဖန်သီးပျက်သွားသဖြင့် ဂူကြီးအတွင်း မှောင်အတိ ပြီးလျက် ကျန်ရစ်ခဲ့၏။ ဖန်သီး ပြောင်း၍ တပ်ရန်ကား မပါ။ ဖယောင်းတိုင်သာလျှင် ပါသည် ဖြစ်သောကြောင့် ဖယောင်းတိုင်ကို ထွန်းညှိလျက် ဆက်လက်လျှောက်ပြန်လေ၏။ ထိုနေရာ၌ ထား ကြမ်းပြင်၌ ကျောက်များမရှိ၊ အလွန်မာကျောသော ကျောက်မျိုးဖြင့် တစ်ပြင်တည်း ခင်းကျင်းထားဘိသကဲ့သို့ ရှိနေ၏။ ပေနှစ်ရာခန့်မျှ သွားမိပြန်သော် အလွန်ကျယ်သော အခန်းကြီးသဖွယ် ရှိသည့်နေရာသို့ လျှောက်ခဲ့ရာ ထိုအခန်းကြီးမှာမူ လိုဏ်ခေါင်းကြီးကို သုံးဌာနခွဲ၍ သွားကြ၏။

ကျွန်ုပ်မှာ ထိုအခန်းကြီး၏ အလယ်၌ ရပ်လျက် နေရာမှ ပြန်ရချေမည်လော၊ ဆက်လက်၍ သွားရချေမည်လော၊ အကယ်၍ ဆက်လက်သွားခဲ့ပါလျှင် ထိုအပေါက် သုံးပေါက်အနက် မည်သည့် အပေါက်လိုက်ရချေမည်နည်းဟု စဉ်းစားလျက် ရှိနေစဉ် ကျွန်ုပ် ခြေရင်း၌ ထူးဆန်းလှသော အခြင်းအရာတစ်ခုကို တွေ့မြင်ရလေ၏။

ထိုနေရာ၌ လိုဏ်ခေါင်းအမိုးမှ ရေစိမ့်၍ ကျဖူးသောကြောင့် နွံ့နွံ့များသည် ကြမ်းပြင်၌ ပြန့်လျက် ခြောက်သွေ့စွာ ရှိနေသည် ဖြစ်ရာ ရှစ်ပေပတ်လည်၌ ရှိသော ထိုနွံ့ခြောက်အတွင်း၌ အရာကြီးတစ်ခုကို တွေ့မြင်ရလေ၏။ ထိုအရာသည် ကျောက်တုံးကြီး တစ်တုံး ဖိ၍ ချထားသော အရာနှင့် တူသော်လည်း ထိုအနီးအနား၌ ကျောက်တုံးလည်း မရှိသောကြောင့် ကျောက်တုံးရာလည်း မဟုတ်နိုင်ချေ။ အကယ်၍ တိရစ္ဆာန်၏ ခြေရာဖြစ်ပါလျှင်လည်း ထိုရှစ်ပေပတ်လည်ခန့်အတွင်း၌ ခြေရာတစ်ရာတည်း ရှိနေခြင်းမှာ အလွန်ခြေလှမ်းကျယ်သဖြင့် မယုံကြည်နိုင်လောက်အောင် ကြီးမားသော တိရစ္ဆာန်၏ ခြေရာ ဖြစ်ရချေမည်။ ထိုသို့ ဖြစ်နိုင်မည်ဟူ၍လည်း ကျွန်ုပ် မမှတ်



ယူနိုင်ဘဲ ရှိခဲ့၏။ သို့ရာတွင်ကျွန်ုပ်သည် ထိုအရာကြီးကို သေချာစွာ ငုံ့၍ ကြည့်ရှုရာမှ ထလိုက်သော အခါ၌ကား အလွန်တရာ နက်လှသော အဖြစ်ကို စဉ်းစားသတိရသဖြင့် အတော်အတန် ထိတ်လန့်ပြီးလျှင် လက်၌ ကိုင်ထားသော ဖယောင်းတိုင်သည် ဆတ်ဆတ်တုန်လျက် ရှိချေ၏။

သို့ပါသော်လည်း မည်သည့်နည်းနှင့်မျှ ဤမျှလောက် ကြီးမားသော တိရစ္ဆာန်ဟူ၍ မရှိနိုင်ကြောင်းဖြင့် စိတ်ကို တင်းလိုက်ရာတွင် ကြောက်လန့်ခြင်း ပြေပျောက်လေရကား ကျွန်ုပ်သည် ယခင်က ဖော်ပြခဲ့သော အပေါက်သုံးပေါက်အနက် အလယ်ပေါက်ကို ရွေးချယ်ပြီးလျှင် ဖယောင်းတိုင်ကို ဦးခေါင်းပေါ်တွင် မြှောက်ကာ ကိုင်လျက် ဆက်လက် လျှောက်သွားပြန်လေ၏။

ထိုကဲ့သို့ လျှောက်သွား၍ လက်ဝဲဘက်သို့ တစ်ကြိမ် လက်ယာဘက်သို့ တစ်ကြိမ် ချိုးဝင်လိုက်သွားပြီးနောက် လိုဏ်ခေါင်းကို ဖြတ်၍ စီးလျက် ရှိသော စမ်းချောင်းငယ် တစ်ခုသို့ ရောက်လေ၏။ ထိုချောင်းမှာ ပေနှစ် ဆယ်ခန့်မျှ ကျယ်ဝန်းသည် ဖြစ်ရာ ကျွန်ုပ်မှာ ညနေခင်းအချိန်တွင် ရေထဲမှ ဖြတ်ဆင်းရန် အလိုမရှိသဖြင့် ခုန်လွှား၍ ကူးကျော်နိုင်သော နေရာကို တွေ့ချေမည်လောဟု စမ်းချောင်း၏ အောက်ဘက်သို့ လျှောက်လိုက်သွားလေ၏။ ပေတစ်ရာခန့်မျှ သွားမိသောအခါ စမ်းချောင်း၏ အလယ်၌ ကျောက်လုံးတစ်လုံး တည်လျက် ရှိသည်ကို တွေ့ရသည် ဖြစ်ရာ ကျွန်ုပ်မှာ ထိုကျောက်လုံးသို့ တစ်ထစ်လှမ်း၍ ခုန်ရလျှင် ခြေထောက်ကို ရေမစွတ်ဘဲ အခြားဘက်သို့ ခုန်နိုင်ရန် ရှိကြောင်း တွေ့ရှိရလေ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ဖယောင်းတိုင်ကို လက်ယာလက်တွင် ကိုင်လျက် စမ်းချောင်းအလယ်၌ ရှိသော ကျောက်လုံးသို့ လှမ်းခုန်လိုက်ရာ ကျွန်ုပ်၏ ခြေတစ်ဖက်သည် ကျောက်လုံးနှင့် ထိသည်နှင့် တစ်ပြိုင်နက် ကျောက်လုံးမှာ အောက်ခြေ၌ ရေစား၍ ထားသောကြောင့် စောင်းငဲ့၍ သွားပြီးလျှင် ကျွန်ုပ်မှာ ရေထဲသို့ လိမ့်သွားလေ၏။ လက်၌ရှိသော ဖယောင်းတိုင်မှာလည်း ရေထဲသို့ လွတ်ကျ၍ ငြိမ်းသွားသောကြောင့် မှောင်အတိ ပြီးလျက် ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်သည် အနည်းငယ်မျှ စိုးရိမ်ခြင်း မဖြစ်သေးဘဲ မိမိ၏ အဖြစ်ကို ပြုံးရယ်

www.burmeseclassic.com



တာဖြင့် ရေထဲမှ လူးလဲကာ ထပြီးလျှင် ဖယောင်းတိုင်ထုပ်ကို အင်္ကျီအိတ်မှ ထုတ်ယူလေ၏။ ၎င်းနောက် မီးခြစ်ကို ထုတ်ယူ၍ ခြစ်တော့မည် ပြုသောအခါမှ မီးခြစ်ဘူးမှာ ရေစိုလျက် ရှိသောကြောင့် ခြစ်၍ မရနိုင်တော့သည် အဖြစ်ကို သိရှိရလေ၏။

ထိုအခါ၌ကား ကျွန်ုပ်မှာ ရင်ထဲ၌ နွေးခနဲ ဖြစ်၍ သွားလေ၏။ မှောင်သည်ကား အတိပြီးလျက် ရှိသည် ဖြစ်သောကြောင့် လက်ဖြင့် စမ်းသပ်လျက်ပင် စမ်းမိကိုင်မိတော့မည်အလား မှတ်ထင်ရပေ၏။ ကျွန်ုပ်သည် စမ်းချောင်း၏ အလယ်၌ ရပ်လျက် လိုဏ်ခေါင်း၏ အခြေအနေကို စိတ်ထဲ၌ စဉ်းစားပြီးလျှင် မှောင်မိုက်အတွင်း၌ပင် လိုဏ်ခေါင်းဝသို့ ရောက်အောင် တစ်ဖန် ပြန်၍ ထွက်အံ့ဟု အကြံဖြစ်ခဲ့၏။ သို့ရာတွင် စမ်းချောင်းမှ တက်၍ နံရံကို လက်ဖြင့် စမ်းသပ်ကာ အနည်းငယ်မျှ သွားမိသည်နှင့် တစ်ပြိုင်နက် ဤမျှလောက် အကွေ့အကောက်များ၍ လမ်းပေါင်း အသွယ်သွယ်ရှိသော လိုဏ်ခေါင်းကြီးအတွင်း၌ မီးတိုင်မပါဘဲ အပြင်သို့ ရောက်အောင် မည်သည့်နည်းနှင့်မျှ ထွက်နိုင်ဖို့ မရှိသည် အဖြစ်ကို သိရသဖြင့် စိတ်ထဲ၌ ပြင်းထန်စွာ တုန်လှုပ်မိ၏။

သို့ဖြစ်၍ ကျွန်ုပ်သည် စမ်းချောင်း နံဘေးရှိ ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်လျက် ကျွန်ုပ်၏ အဖြစ်အပျက်ကို စဉ်းစားစိတ်ကူးမိ၏။ ကျွန်ုပ် ထွက်လာသောအခါ၌ အိမ်သူအိမ်သားတို့အား ဤလိုဏ်ခေါင်းသို့ သွားမည်ဟု မှာထားခဲ့ခြင်း မရှိသောကြောင့် ဤနေရာသို့ လာရောက် ရှာဖွေကြလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ မရှိချေ။ ကျွန်ုပ် ကိုယ်တိုင် ကြံဖန်၍ ထွက်ဖို့သာလျှင် ရှိချေသည်။ ကျွန်ုပ်၏ အားကိုးရာသည်ကား မီးခြစ်ဘူးသာလျှင် ရှိချေ၏။ မီးခြစ် မခြောက်သွေ့သမျှ ကာလပတ်လုံး တစ်စုံတစ်ရာမျှ ကျွန်ုပ် မတတ်နိုင်ချေ။

ကျွန်ုပ်သည် ရေထဲသို့ ကျသောအခါ၌ မီးခြစ်ဘူး ထည့်ထားသော လက်ယာဘက် အင်္ကျီအိတ်သည်သာလျှင် ရေထဲသို့ နစ်၍ စွတ်စိုသွားသည် ဖြစ်ရာ လက်ဝဲဘက်၌ ထည့်၍ ထားသော ဘီစကွတ်မုန့်များမှာမူ ရေမစွတ်



စိုချေ။ ကျွန်ုပ်သည် မီးခြစ်ဘူးကို လက်ဝဲဘက် ချိုင်းကြားတွင် ယူဆောင်ညှပ်ထားပြီးနောက် ဘီစကွတ်မုန့်ခြောက်ကို ဝါးရင်း စောင့်ဆိုင်းလျက် ရှိစဉ် မကြာမီ ငိုက်မျဉ်းလာသဖြင့် ကျောက်လုံး တစ်လုံးကို ခေါင်းအုံးလျက် အိပ်ပျော်သွားခဲ့လေ၏။

ထိုကဲ့သို့ အိပ်ပျော်ခြင်းမှာ တစ်နာရီခန့် ကြာမည်လားလည်း မသိ၊ နာရီများစွာ ကြာမည်လားလည်း မသိ။ ကျွန်ုပ်သည် ရုတ်တရက် လန့်နိုးလာ၍ ထ၍ ထိုင်ပြီးလျှင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် နားစွင့်ကာ ရှိနေလေ၏။ တစ်စုံတစ်ခုသော အသံ ကြားရ၍ နိုးလာသည် အကြောင်းမှာကား အံ့ဖွယ်ရာ မရှိချေ။ ထိုအသံသည် ကျွန်ုပ် နိုးလာသည့်အခါ၌ ရပ်စဲ၍ သွားငြားသော်လည်း ကြားလျက်ပင် ရှိနေသေး၏။ ကျွန်ုပ်ကို လိုက်၍ ရှာသော လူစု၏ အသံ ဖြစ်လေသလော။ အကယ်၍ ကျွန်ုပ်အား လိုက်လံရှာဖွေကြပါမူ ဟစ်အော်ကြမည် ဖြစ်ချေ၏။ သို့ရာတွင် ကျွန်ုပ် ကြားရသော အသံသည် လူသံလည်း မဟုတ်နိုင်ချေ။ ကျွန်ုပ်သည် ရင်ထဲ၌ တဒိန်းဒိန်း မြည်လျက် မြေပေါ်ကပ်ကာ နားထောင်လျက် ရှိစဉ် အလွန်တရာ ကြီးမားသော ကိုယ်ကာယရှိသည့် သတ္တဝါကြီး၏ ခြေလှမ်းသော အသံဖြင့် သိမ့်ခနဲ သိမ့်ခနဲရှိသည် အဖြစ်ကို ကြားသိရပြန်သည် ဖြစ်ရာ အသံကို ထောက်ခြင်းအားဖြင့် ၎င်းသတ္တဝါသည် လေးလံသော ကိုယ်ကာယရှိသော်လည်း ကြီးမားသော ခြေဖဝါး ရှိဟန် လက္ခဏာ ရှိချေ၏။ မှောင်အတိပြီးလျက်ရှိသော ထိုလိုဏ်ခေါင်းကြီး၌ ၎င်းအသံသည် ကျွန်ုပ်ထံသို့ နီးလျက် နီးလျက် လာခဲ့လေ၏။

ကျွန်ုပ်မှာ တစ်ကိုယ်လုံး တုန်လှုပ်ကာ ကြက်သီးမွေးညင်းထလျက် နားစွင့်၍ နေရာတွင် ထိုအသံသည် နီးသည်ထက် နီးကပ်၍ လာသော အဖြစ်ကို ထောက်သဖြင့် ၎င်းသတ္တဝါသည် မှောင်မိုက်ထဲတွင် သွားလာနိုင်သော သတ္တဝါမျိုး ဖြစ်သည်ဟု ကျွန်ုပ် ခန့်မှန်းမိ၏။ ခြေသံကြီးသည် နီးသည်ထက် နီးကပ်သော အခါ၌ ကျွန်ုပ်သည် ကျောက်တုံးများ၏ ကြားတွင် ပြားပြားဝပ်ကာ နားထောင်လျက် ရှိရာ သတ္တဝါသည် စမ်းချောင်း အနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး တပြတ်ပြတ်နှင့် ရေသောက်သော အသံကို ကြားရလေ၏။ ၎င်းနောက် ရေသောက်သော အသံ ရပ်သွားပြီး အနံ့ခံသော အနေဖြင့် ရှူးရှူးရှားရှား ကြားရလေရာ ကျွန်ုပ်မှာ ကျွန်ုပ်၏ အနံ့ကို ထိုသတ္တဝါ ရမည်စိုးသောကြောင့် ကျောက်တုံး၏ အကြား၌ ပြားသည်ထက် ပြားအောင် ဝပ်ကာ ရှိနေလေ၏။ ထိုစဉ် ကျွန်ုပ်၏ နှာခေါင်း၌ကား ညှီဟောက်ဟောက် အနံ့ ရရှိခဲ့၏။ ၎င်းနောက် စမ်းချောင်းကို ဖြတ်သည့် အသံကို ကြားရပြီးနောက် ခြေသံသည် ကျွန်ုပ် ပုန်းကွယ်သောဘက်သို့ ဆိုက်ရောက်လေရာ ကျောက်တုံးကလေးများ ပြားသွားသော အသံကိုပင် ကြားရသဖြင့် ကျွန်ုပ်သည် အသက်မျှ မရှူဝံ့ဘဲ မြေပေါ်တွင် အလျားမှောက်နေရလေ၏။ ၎င်းနောက် ခြေသံသည် ကျွန်ုပ်ဘက်မှ ခွာပြီးလျှင် စမ်းချောင်းကို ဖြတ်ကူး၍ ဝေးသည်ထက် ဝေးသွားပြန်လေ၏။ ထိုနောက်မှ လိုဏ်ခေါင်းအတွင်းတွင် ပျောက်သွား၍ နောက်တွင် ဆိတ်ငြိမ်စွာ ရှိနေရစ်ခဲ့လေ၏။

သို့ပါသော်လည်း ကျွန်ုပ်သည် လှဲနေရာမှ မထသေးဘဲ ကြားရသော အသံ အကြောင်းကိုလည်းကောင်း၊ မောင်မျှား ပြောသော စကားအကြောင်းကိုလည်းကောင်း၊ ရွှံ့ခြောက်ပေါ်၌ တွေ့ရသော ခြေရာအကြောင်းကို လည်းကောင်း စဉ်းစားရာမှ ယခုတဖန် နီးကပ်၍ တပ်အပ်သေချာ ကြားလိုက်ရသောအသံ အကြောင်းကို ဆက်စပ် စဉ်းစားလိုက်သောအခါ၌ ဦးခေါင်းအတွင်းတွင် ထူးဆန်းသော သတ္တဝါကြီး တစ်မျိုး ရှိနေကြောင်းကို ကောင်းစွာ ယုံကြည်မိလေ၏။

၎င်းနောက် ကျွန်ုပ်သည် လှဲရာမှ ထ၍ ချိုင်းကြားတွင် ညှပ်ထားသော မီးခြစ်ဘူးကို ထုတ်ယူ စမ်းသပ်ရာတွင် ကောင်းမွန်စွာ သွေ့ခြောက်လျက် ရှိကြောင်းကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်သည် မီးခြစ်ဆံ တစ်ချောင်းကို ထုတ်ယူ၍ ဘူး၌ ခြစ်လိုက်ရာ မီးတောက်၍ လာသဖြင့် ဖယောင်းတိုင် တစ်တိုင်ကို ထွန်းညှိလေ၏။

၎င်းနောက် ကျွန်ုပ်သည် ထိုင်ရာမှ ထ၍ ထိုသတ္တဝါကြီး တစ်ဖန် ထွက်ပေါ်၍ လာဦးမည်ကိုပင် ကြောက်ရွံ့စိုးရိမ်လျက် လာခဲ့သည့် လမ်း



အတိုင်း မရပ်မနားဘဲ လျင်မြန်စွာ ထွက်ခွာလာခဲ့ရာ နောက်ဆုံး၌ လိုဏ်ဝသို့ ရောက်၍ ချုံကြားမှ တိုးထွက်ပြီးလျှင် မောဟိုက်စွာဖြင့် မြေပေါ်တွင် ပစ်လှဲနားနေမိလေ၏။

ကျွန်ုပ်မှာ နေအိမ်သို့ ဆိုက်ရောက်သောအခါ၌ ညဉ့် ဆယ့်နှစ်နာရီ အချိန် ရှိနေပြီဖြစ်ရာ အိပ်ရာသို့ ဝင်ပြီးနောက် ကျွန်ုပ် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ရွာသားများအား ပြောပြရန် စိတ်မကူးဘဲ အကြားအမြင် ဗဟုသုတများသော လူအချင်းချင်းသာလျှင် တိုင်ပင်အံ့ဟု ဆုံးဖြတ်မိလေ၏။

*

ဧပြီလ ၂၅ ရက်။ ။ အာဠ္ဟဝကလိုဏ်ခေါင်းမှ ပြန်လာပြီးနောက် စိတ်နှလုံး ပြင်းစွာ တုန်လှုပ်ခြင်း ဖြစ်ခဲ့သည့်အတွက်ကြောင့် နှစ်ရက်တိုင်တိုင် အိပ်ရာ၌ လဲနေခဲ့၏။ တတိယနေ့၌ အတော်အတန် သက်သာရာရခဲ့၏။ ကျွန်ုပ်၏*အကြံအစည်အတိုင်း သပိတ်ကျင်းမြို့သို့ ဆင်းသွားပြီးလျှင် တစ်နယ်တည်းအတူ အမှုထမ်းဖူးသော သပိတ်ကျင်း မြို့အုပ်ကိုဘအုန်းထံ သွားရောက်တိုင်ပင်လေ၏။ မြို့အုပ်ကိုဘအုန်းသည် ကျွန်ုပ် ပြောပြသော အဖြစ်အပျက်များကို စိတ်ရှည်စွာ နားထောင်ပြီးနောက် ကျွန်ုပ်၏ စကားအဆုံး၌ ဤသို့သော အကြောင်းအရာမျိုးတွင် အထူးသဖြင့် ကျွမ်းကျင်သူ ၎င်း၏ မိတ်ဆွေ တစ်ယောက်ထံ သွားရောက်တိုင်ပင်ရန် အကြံပေးလိုက်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မြို့အုပ်အိမ်မှ ဆင်းလာပြီးလျှင် ညွှန်ကြားလိုက်သော အိမ်သို့ သွားရောက်လေရာ လမ်းခရီး၌ လူတစ်ယောက်နှင့် တွေ့၍ မြို့အုပ်၏ မိတ်ဆွေ နေအိမ်ကို တစ်ဆင့် မေးမြန်းရာတွင် ထိုသူက 'အရှုးကုဆရာကြီး ဦးသူတော်အိမ်ဟာ ယောဟိုဘက်က အိမ်ပဲခင်ဗျာ' ဟု ပြော၍ လက်ညှိုးညွှန်ပြလေ၏။ ထိုအခါ ကျွန်ုပ်မှာ အရူးကု ဆရာကြီးဟူသော စကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ထိတ်လန့်ခြင်း ဖြစ်၍ မြို့အုပ်ကိုဘအုန်း၏ အကြံအစည်ကို ရိပ်မိပြီးလျှင် ထိုနေရာမှပင် လှည့်၍ ပြန်ခဲ့ရ၏။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သော်ကား မြို့အုပ်ကိုဘအုန်းသည် ကျွန်ုပ်အား ရှုးသွပ်သောကြောင့် ကယောင်ချောက်ချားနှင့် ထင်မိထင်ရာ ပြောသည်ဟု မှတ်ထင်သဖြင့် ထိုဆရာထံ စေလွှတ်လိုက်ခြင်း ဖြစ်ပေသောကြောင့်တည်း။ သို့ဖြစ်၍ ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးအတွက် ဖန်သီးအသစ်နှစ်ခုနှင့် ဓာတ်ခဲများကို ဝယ်ယူပြီးလျှင် ဝါးနက်ကုန်းရွာသို့ တစ်ဖန် တက်လာခဲ့ပြန်လေ၏။

*

ဧပြီလ ၂၇ ရက်။ ။ ကျွန်ုပ်သည် ကျောင်း၌ နေစဉ်အခါမှစ၍ ကြောက်ရွံ့ခြင်း မရှိတတ်ကြောင်းနှင့် နာမည်ရခဲ့ဖူးသည် ဖြစ်ရာ မည်သည့် အိမ်၌ တစ္ဆေခြောက်သည်ဟု ကြားရသည်အခါတိုင်း ကျွန်ုပ် တစ်ယောက်တည်း သွားရောက်စောင့်အိပ်ခဲ့ဖူးသည်သာလျှင် ဖြစ်လေသည်။ ယခုအခါ၌မူကား အရွယ်ကြီးရင့်သောကြောင့်လေလော၊ မကျန်းမမာသောကြောင့်လေလော မသိ။ ထိုလိုဏ်ခေါင်း၏ အကြောင်းကို စဉ်းစားခါမျှနှင့်ပင် ကြောက်လန့်ခြင်း ဖြစ်ခဲ့၏။ သို့ရာတွင် အထူးအဆန်းကို လိုလားနှစ်သက်တတ်သော ဝါသနာရှိသည်အတိုင်း တစ်ခုသော ကိစ္စ၌ ဆုံးခန်းတိုင်ရောက် မလိုက်ရလျှင် မကျေနပ်နိုင်သည် ဖြစ်၍ တစ်နေ့နေ့၌ စုံစမ်းမည်ဟု ဆုံးဖြတ်ထားပြန်၏။ သို့ရာတွင် ဤအကြိမ်၌ မိမိကိုယ်ကို ကာကွယ်နိုင်လောက်သည့် လက်နက်တစ်စုံတစ်ခု ဆောင်ယူသွားအံ့ ဟူ၍လည်း စိတ်ကူးမိ၏။

*

မေလ ၃ ရက်နေ့။ ။ လွန်ခဲ့သော ရက်များအတွင်း ညဥ့်တိုင်း လိုလိုပင် မိုးမှောင်ကျလျက် ကျွဲနွားများသည်လည်း ညဥ့်တိုင်းလိုပင် ပျောက်ဆုံးကြပြန်ရာ တစ်နေ့သ၌မူကား ထင်းခုတ်သမား မောင်မှူးကိုယ်တိုင် မည်သည့်အရပ်သို့ သွားသည် မသိ။ တစ်ခါတည်း ပျောက်ကွယ်၍ သွားလေ၏။



မောင်မှူးမှာ သားမယားကို ချစ်ခင်သော လူတစ်ယောက် ဖြစ်သည့်အပြင် ကြွေးမြီလည်း မရှိသဖြင့် အရပ်တစ်ပါးသို့ ထွက်သွား တိမ်းရှောင်နေသည် ဟူ၍ တွေးတောဖွယ်ရာ မရှိချေ။ ရွာသားအားလုံးတို့သည် တောနင်း၍ ရှာပါသော်လည်း ၎င်း၏ အလောင်းအစအနကို တွေ့မြင်ရသည် မဟုတ်ချေ။ ထိုသတင်းကို ကျွန်ုပ် ကြားရသောအခါ၌ အာဠာဝကလိုဏ်ခေါင်း၏ အကြောင်းကို စုံစမ်းလိုသော စိတ်သည် သာ၍ပင် ထက်သန်လျက် ဖြစ်ပေါ်လာခဲ့ပြန်လေ၏။

*

ဇွန်လ ၁၀ ရက်နေ့။ ။ ကျွန်ုပ်သည် ဤအဖြစ်အပျက်များကို ဆေးရုံ၌ တနင်္ဂနွေ လေးပတ်တိုင်တိုင် တက်ခဲ့ရပြီးနောက် အာဠာဝကလိုဏ်ခေါင်း၏ အရုပ်အထွေးကို ရှင်းလင်းခဲ့ပြီးချေပြီ။ သို့ရာတွင် နံရိုးနှစ်ချောင်းနှင့် လက်တစ်ဖက် ကျိုးပြီးမှ ရှင်းလင်းနိုင်ခြင်းဖြစ်၍ အတော်ပင် အရှင်း ဝင်သော ကိစ္စဟု ဆိုရချေမည်။ ကျွန်ုပ် တွေ့မြင်ခဲ့ဖူးသော အခြင်းအရာကို အသက်ရှင်လျက်ရှိသော အခြားလူသားသည် တွေ့မြင်ဖူးမည် မထင်ချေ။ မောင်မှူးသည် မြင်ဖူးဟန် ရှိ၏။ သို့ရာတွင် ၎င်းကား မရှိတော့ချေ။

လွန်ခဲ့သော မေလ ၃ ရက်နေ့ညဥ့်သည် လကွယ်နေ့ည ဖြစ်သည်ပြင် မိုးမှောင်ကြီးလည်း ကျလျက်ရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်၏ အကြံအစည်အတွက် အထူးသဖြင့် သင့်လျော်သော အချိန်အခါ ဖြစ်လေရကား ကျွန်ုပ်သည် စာတစ်စောင် ရေးသားထားခဲ့ပြီးလျှင် ညဥ့် ဆယ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် နှစ်လုံးပြူးသေနတ်ကို ထမ်းလျက် လက်နှိပ်ဓာတ်မီးနှင့် ထွက်လာခဲ့လေ၏။

အာဠာဝကလိုဏ်ခေါင်းဝသို့ ရောက်သောအခါ ကျွန်ုပ်သည် ချုံနှင့် ဆယ့်ငါးပေခန့်တွင် ရှိသော ကျောက်တုံးတစ်တုံး၏ နောက်မှ ကွယ်လျက် လက်နှိပ်ဓာတ်မီးကို မှိတ်ပြီးလျှင် သေနတ်ကို နံဘေးတွင် ချလျက် စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ မှောင်မိုက်လှသော ညဥ့်အခါတွင် မည်သည့် ရန်သူမျိုး ထွက်ပေါ်လာမည်ဟူ၍မျှလည်း တပ်အပ်သေချာ မသိရဘဲ နာမည်ဆိုးလှသော ဤလိုဏ်ခေါင်းဝ၌ တစ်ယောက်တည်း စောင့်ဆိုင်းနေရခြင်းသည်ကား မည်မျှလောက် ကြောက်မက်ဖွယ်ကောင်းကြောင်းကို ဖော်ထုတ်ရေးသားရန် လိုမည် မဟုတ်ချေ။

ဆယ့်နှစ်နာရီ ထိုး၍ သန်းခေါင်တိုင်ရောက်သော်လည်း တစ်စုံတစ်ရာမျှ ထူးခြားခြင်း မရှိချေ။ နာရီပြန် နှစ်ချက်ထိုးခဲ့ပြန်ရာ ညဥ့်သည် အလွန်မှောင်မိုက်လျက် ရှိ၏။ လေသည် ချုံကြို ချုံကြား၌ တညှင်းညှင်း တိုက်ခတ်သဖြင့် သစ်ရွက်သစ်ကိုင်းတို့သည် ဖြည်းညင်းသော အသံကို ဖြစ်စေ၏။ ထိုအသံမှ တစ်ပါး အခြားသော အသံဟူ၍ ကျွန်ုပ် မကြားရချေ။ ထိုခဏအတွင်း အသံတစ်ခုကို ရုတ်တရက် ကျွန်ုပ် ကြားရ၏။ လိုဏ်ခေါင်း၏အတွင်း အလွန်ဝေးလှသော အရပ်မှ ယခင်က ကြားရဖူးသည့် လေးလံသော ခြေသံ ကြီးကို ကျွန်ုပ် ကြားရ၏။ ထိုခြေသံသည် တစ်ခဏထက် တစ်ခဏ နီးကပ်၍ လာ၏။ ထိုထက် ချုံများကို တိုးဝှေ့သဖြင့် ဂျုန်းခနဲ မြည်သံကြားရပြီးနောက် အလွန်ကြီးမားလှသော ကိုယ်ကာယကြီးသည် ရုတ်တရက် ထွက်ပေါ်လာခဲ့ရာ ကျွန်ုပ်မှာ အံ့သြလွန်းအားကြီးသည်ဖြစ်၍ ကြက်သေသေလျက် ရှိနေ၏။ မပေါ်လာမီအခါကမူ သေနတ်ကို ဆုပ်ကိုင်၍ ထားသော်လည်း အကယ်ပေါ်လာသောအခါ၌မူ ချထားသော လက်ကို မြှောက်ရန်မျှ သတိမရဘဲ ရှိနေလေ၏။ ထိုသို့ ရှိနေသည်အတွင်း ကိုယ်ကာယကြီးသည် လိုဏ်ခေါင်းဝမှ လျင်မြန်စွာ ထွက်ခွာသွားသဖြင့် မှောင်မိုက်သော ညဥ့်နှင့် ရောစပ်ကွယ်ပျောက် ၍ သွားလေ၏။

၎င်းထွက်ခွာသွားသဖြင့် ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသတ္တဝါ ပြန်လာသောအခါတွင် မည်သည့်နည်းနှင့်မျှ ယခင်ကကဲ့သို့ သတိ မလစ်စေရဟု ကျွန်ုပ်၏ စိတ်ထဲ၌ အောက်မေ့လျက် မောင်းတင်ပြီး သေနတ်ကို မြဲမြံစွာ ဆုပ်ကိုင်ကာ စောင့်ဆိုင်း၍ နေလေ၏။

ယင်းကဲ့သို့ ပြင်ဆင်ထားလျက်နှင့်ပင် သတိလစ်မတတ် ဖြစ်သွားလေ၏။ နာရီ တစ်ဝက်ခန့် ကြာသောအခါ ထိုသတ္တဝါသည် ကျွဲနှင့် တူသော တိရစ္ဆာန်တစ်ကောင်ကို ဦးချိုမှ ကိုင်ဆွဲလျက် ရုတ်တရက် ပေါ်လာပြီးလျှင် လိုဏ်ခေါင်းဝသို့ ဝင်လေ၏။ ကျွန်ုပ်သည် ထိုသတ္တဝါ၏ ကျောပိုင်းကို သေနတ်နှင့် ချိန်ရွယ်၍ မောင်းကို ဖြုတ်ပါသော်လည်း ကြောက်အားကြီးလှသည် ဖြစ်သောကြောင့် မောင်းကို ကုပ်သော လက်ချောင်းသည် ဆတ်ဆတ်ခါလျက် ရှိ၏။ သို့ရာတွင် ထိုသတ္တဝါကြီး လိုဏ်ခေါင်းတွင်းသို့ မဝင်နိုင်မီ သေနတ်သည် ဒိုင်းခနဲထွက်သွားလေရာ သေနတ်မှ မီးပွင့်သော အလင်းရောင်တွင် ကျယ်ပြန့်ကြီးမားလှသော ကျောက်ကုန်းကြီးကို မြင်လိုက်ရ၏။ သေနတ် ထွက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသတ္တဝါသည် ထိတ်လန့်တုန်လှုပ်သည့် လက္ခဏာနှင့် တစ်ဟုန်းတည်း ပြေးဝင်သွားလေရာ ထိုအခါ၌ကား ကျွန်ုပ်သည် ကြောက်ရွံ့သော စိတ်ကွယ်ပျောက်၍ မဆိုးစိတ် ဝင်လာပြီးလျှင် သေနတ် တစ်ဖက် လက်နှိပ်ဓာတ်မီး တစ်ဖက်ကိုင်လျက် လိုဏ်ခေါင်းတွင်းသို့ ပြေးဝင်၍ လိုက်လေ၏။ ထိုသတ္တဝါသည်လည်း ရပ်တန့်ခြင်း မရှိဘဲ ရှေ့မှ ပြေးသွားလေရာ ကျွန်ုပ်ကလည်း နောက်မှ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလျက် အတင်းလိုက်လေ၏။

ထိုသတ္တဝါသည်လည်း လျင်မြန်စွာ ပြေးသွားနိုင်ရုံမျှမက ပါးနပ်ခြင်းလည်း ရှိပေ၏။ အကြောင်းကို ဆိုသော် ကျွန်ုပ်က နောက်မှ လိုက်သွား၍ ၎င်းက ရှေ့မှ ပြေးရာတွင် တစ်ခုသော ထောင့်ချိုးသို့ ရောက်သဖြင့် မျက်ခြေပြတ်သွားရာမှ ယခင်က ဖော်ပြခဲ့ဖူးသည့် အခန်းကြီးသဖွယ် ရှိနေသော နေရာသို့ ရောက်သောအခါတွင် ကျွန်ုပ်က အမှတ်မဲ့ ပြေးဝင်သွားရာတွင် ထိုသတ္တဝါသည် ၎င်းနေရာတွင် ရပ်တန့်လျက် ကျွန်ုပ်ဘက်သို့ မျက်နှာမူကာ စောင့်ဆိုင်း၍ နေလေ၏။ ထိုအတောအတွင်း ကျွန်ုပ်၏ လက်နှိပ်ဓာတ်မီး ရောင်သည် ၎င်း၏ တစ်ကိုယ်လုံးသို့ ရှေ့မှတည့်တည့် ထိုးဝင်လျက် ရှိရာ ကျွန်ုပ်မှာ အောက်ပါ အခြင်းအရာတို့ကို တွေ့မြင်ရလေ၏။

ထိုသတ္တဝါသည် လူ၏ ကိုယ်ကာယမျိုးရှိ၍ အမြင့် ဆယ်ပေခန့် ရှိလေရာ ၎င်း၏ ထုသည်ကား အရပ်ထက်ပင် ကြီးသေးသည် ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပုက္ကကွဟု၍ပင် ထင်မှတ်ရ၏။ ၎င်း၏ တစ်ကိုယ်လုံး၌ကား ဝက်ဝံ၏ အမွေးကဲ့သို့ မည်းနက်ရှည်လျားသော အမွေးများဖြင့် ဖုံးအုပ်လျက် ရှိရာ တစ်ဖက်သော လက်၌ ကျွဲသေကောင်ကို ဦးချိုမှ ကိုင်ဆွဲလျက် တစ်ဖက်သော လက်သည်ကား လင်းကွင်းခန့် ကျယ်ဝန်း၍ အစိမ်းရောင် ရှိလျက် အဖြင့်သို့ ပြူးထွက်နေသော မျက်လုံးကြီးများကို မီးရောင် မထိစေခြင်းငှာ ကွယ်လျက် ရှိလေ၏။ ကျွန်ုပ်မှာ အရှိန်မသတ်နိုင်သည် ဖြစ်သောကြောင့် ၎င်း၏ခြေထောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်၍ တိုးပြီးနောက် တစ်ခဏ၌ အလွန်လေးလံလှသော လက်ကြီးဖြင့် ကျွန်ုပ်အား ဖိနှိပ်လိုက်ဘိသကဲ့သို့ ခံစားရပြီးနောက် ကျွန်ုပ်မှာ သတိလစ်၍ သွားလေ၏။

သတိရလာသောအခါ၌ ကျွန်ုပ်မှာ ကသာမြို့ ဆေးရုံ၌ ရောက်နေခဲ့လေပြီ။ နံရိုး နှစ်ချောင်းနှင့် လက်ဝဲဘက်လက်သည် ကျိုးလျက် ရှိ၏။ ထိုအကြောင်းကို စုံစမ်း သိရှိရသည်မှာ ကျွန်ုပ်၏ ရွာသားများသည် ကျွန်ုပ် ပြန်မလာသေးသောအခါ၌ ကျွန်ုပ်ရေးသားခဲ့သော စာကို ဖတ်ရှု၍ တစ်ရွာလုံး နှိုးလျက် လိုဏ်ခေါင်းတွင်းသို့ လိုက်လာကြရာတွင် မြေပေါ်၌ လဲနေသော ကျွန်ုပ်ကို တွေ့သဖြင့် ဆေးရုံ တင်ပို့လိုက်ခြင်း ဖြစ်လေသည်။ ကျွန်ုပ် တွေ့လိုက်ရသော သတ္တဝါကြီးကိုကား ၎င်းတို့ မတွေ့ရချေ။ ကျွန်ုပ် အသက် ချမ်းသာရာရခြင်းမှာ ထိုသတ္တဝါ၏ မျက်လုံးများသည် မှောင်မိုက်အတွင်း၌ မီးရောင်ကို မခံမရပ်နိုင်ဘဲ ရှိသဖြင့် ကျွန်ုပ်၏ မီးရောင်သည် မျက်လုံးများကို တည့်တည့်ထိုးလိုက်သည်တွင် ကျွန်ုပ်ကို လက်ဖြင့် ဖိနှိပ်ပြီး ထွက်ပြေးဟန်တူပေ၏။

ယခုအခါ၌ကား အာဠာဝက လိုဏ်ခေါင်းသည် အမည်သာလျှင် ရှိချေတော့၏။ အကြောင်းကိုဆိုသော် ရွာသူရွာသားများသည် ကျွန်ုပ် ပြောပြသော အဖြစ်အပျက်များကို ကြားရသောအခါ တစ်ရွာလုံးလူစု၍ ဆယ်ပေခန့်မျှ ဖြစ်သော လိုဏ်ခေါင်းဝကို ကျောက်တုံးကျောက်ခဲကြီးများနှင့် သုံးရက်တိုင်တိုင် ဆို့ပိတ်လိုက်လေပြီ ဖြစ်သောကြောင့်ပေတည်း။

❖

# လောဘမှောင်ဝတ္ထု

ကျွန်တော်၏ ဖခင်မှာ အသက်အရွယ် ကြီးပြင်းသည့်အခါမှ အိမ်ထောင်ပြုခဲ့သည်ဖြစ်ရာ ကျွန်တော်အား မွေးဖွားသောအခါတွင် ဖခင်မှာ အသက် လေးဆယ်ပြည့်ခဲ့လေပြီ။ ကျွန်တော့်မှာ အသက် ဆယ့်ရှစ်နှစ်အရွယ်တွင် အင်္ဂလိပ်ကျောင်းမှ ဆယ်တန်း အောင်မြင်ခဲ့ရာ ဖခင်ဖြစ်သူသည် တစ်ယောက်တည်းသော သားဖြစ်၍ မိတဆိုးဖြစ်သော ကျွန်တော့်အား ရန်ကုန်မြို့သို့ ပညာဆက်လက် သင်ကြားဖို့ စေလွှတ်ရန်လည်း အလိုမရှိ၊ အခြား မြို့ရွာသို့ သွားရောက်၍ အလုပ်အကိုင် ရှာဖွေရန်လည်း သဘောမတူနိုင်ဘဲ ၎င်းနှင့် အတူတကွသာလျှင် နေထိုင်စေခဲ့လေ၏။

ဖခင်၏ ရည်ရွယ်ချက်မှာ ၎င်း၏ အစ်ကို ဦးထွန်းအံ့ဆိုသူသည် မိုးကုတ်မြို့သို့ သွား၍ ကျောက်တွင်းတူးရာတွင် တစ်သိန်းတန် ကျောက်နီ တစ်လုံးကို ရရှိခဲ့ပြီးနောက် သားမယားလည်း မရှိဘဲ လူပျိုကြီးအဖြစ်နှင့်

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် သူရိယ မဂ္ဂဇင်း၊ အတွဲ အမှတ် ၁၁၊ ဇန်နဝါရီလ၊ ၁၉၃၄ ခုနှစ်တွင် ရေးသားခဲ့သည်။ ပင်ကိုယ်ရေး ဝတ္ထု မဟုတ်ပါ။ ဆာ အာသာ ကွန်နင်ဒွိုင်း၏ *The Brazilian Cat* ကို မှီးရေးထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့သည် ဖြစ်သောကြောင့် ၎င်းဘကြီး သေဆုံးခဲ့လျှင် ကျန်ရစ်သမျှသော ပစ္စည်းများကို ကျွန်တော်တစ်ဦးတည်းပင်လျှင် အမွေခံရမည်ဖြစ်ရကား ကျွန်တော့်မှာ သူတစ်ပါးကဲ့သို့ ဝမ်းစာအတွက် အလုပ်လုပ်ကိုင်ရန် မလိုတော့ပြီဟူ၍ ကျွန်တော်၏ ဖခင်က အောက်မေ့ခဲ့၏။ သို့ဖြစ်သောကြောင့် မြေစာရင်း အင်စပိတ်တော်၏ ပင်စင်လခကလေးဖြင့် သားအဖနှစ်ယောက်တို့သည် ငြိမ်းချမ်းစွာ စားသောက်၍ နေခဲ့ကြ၏။ သို့ရာတွင် လူတို့၏ စိတ်ကူးအတိုင်း အစဉ်အမြဲ ဖြစ်နိုင်ကြသည် မဟုတ်ချေ။

ကျွန်တော်၏ အသက် နှစ်ဆယ့်ငါးနှစ်အရွယ် ရှိသောအခါတွင် ကျွန်တော်၏ ဖခင်သည် လေနာရောဂါနှင့် ရုတ်တရက် ကွယ်လွန် အနိစ္စရောက်ခဲ့လေရာ ကြွင်းကျန်ရစ်သော ပစ္စည်း အနည်းငယ်မှာ ဖခင်၏ ဈာပနကိစ္စအတွက် လုံလောက်ရုံမျှကလေးသာလျှင် ရှိသည် ဖြစ်သောကြောင့် ကျွန်တော်မှာ ဥစ္စာပစ္စည်းလည်း မရှိ၊ အလုပ်အကိုင်လည်း မရှိ။ လောကကြီး၌ တစ်ယောက်တည်းတည်း ကျန်နေရစ်ခဲ့လေ၏။

ဖခင်သေဆုံးပြီးနောက် ကျွန်တော်သည် မိုးကုတ်မြို့၌ ရှိသော ဘကြီးထံ အကျိုးအကြောင်းကို စာရေး၍ ထည့်သည်တွင် ဘကြီးဖြစ်သူ ဦးထွန်းအုံက အလုပ်အကိုင်များ ရှာကြံလုပ်ကိုင်ဖို့အကြောင်း၊ လူမည်သည်မှာ အလုပ်မလုပ်ဘဲနှင့် ထမင်းစားဖို့ မျှော်လင့်ရန် မရှိကြောင်း၊ သို့ရာတွင် အမြော်အမြင်နည်းသော ညီမိုက်၏ အတွက်ကြောင့်၊ အလုပ်အကိုင် မရှိဘဲ ဖြစ်နေရသည့်အတွက်ကြောင့် အလုပ်ရှာကြံဖို့ တစ်နှစ်တိတိ အချိန်ပေးပြီးလျှင် ထိုအတောအတွင်း၌ တစ်လလျှင် ငွေငါးဆယ်ထောက်ပံ့မည် ဖြစ်ကြောင်းနှင့် ပြန်စာ ရေးသားပေးပို့လိုက်လေ၏။ ထိုအခါ ကျွန်တော်မှာ ကျွန်တော်၏ ဖခင်အား လူမိုက်ဟု ခေါ်ခြင်းကို ခံကာ မနာနိုင်ဘဲ ၎င်းပေးပို့လိုက်သော ငွေငါးဆယ်ကို တစ်လနှင့် တစ်လ အလျှင်မီအောင်၊ သုံးစွဲဖို့ ကြိုးစားလျက် အလုပ်အကိုင် ရှာဖွေကာ ရှိနေခဲ့လေ၏။ သို့ရာတွင် ယခုခေတ်အခါ၌ အလုပ်အကိုင် ရှာဖွေရခြင်းသည်ကား လွယ်ကူလှသော အလုပ် မဟုတ်ချေ။ လစ်လပ်သော နေရာတစ်ခု ရှိသည်ဟု သတင်းကြားသည်နှင့် တစ်ပြိုင်နက်



လူနှစ်ရာထက် မနည်း လျှောက်ထားကြလေရာ ကျွန်တော့်မှာ တစ်သက်ပတ်လုံး အလွန်အမင်း နှိမ့်ချခြင်းကို အလိုမရှိသူ တစ်ယောက်ဖြစ်ရကား လျှောက်ထားသမျှသော အလုပ်တို့တွင် မည်သည့်အလုပ်တွင်မျှ မန်နေဂျာက သော်လည်းကောင်း၊ ရုံးအုပ်စာရေးကြီးကသော်လည်းကောင်း နှစ်သက်ခြင်းကို မခံခဲ့ရချေ။ သို့ဖြစ်သောကြောင့် တစ်နှစ်ပင်စေ့သော်လည်း တဝဲလည်လည်နှင့် အလုပ်အကိုင် ရှာမြဲတိုင်းသာလျှင် ရှိနေခဲ့လေ၏။

တစ်နှစ်စေ့သောအခါ၌၊ ကျွန်တော်မှာ ဘကြီးထံမှ ငွေကိုလည်း မျှော်လင့်ရန် မရှိ၊ အလုပ်လည်း မရသေးရှိနေရာတွင် ကျွန်တော်နှင့် အိမ်နီးချင်းဖြစ်သော မြေပိုင်ရှင် တစ်ယောက်သည် ကျွန်တော့်၌ အမွေရရန် ရှိသည့် အကြောင်းကို သိရှိသည် ဖြစ်၍ ငွေတစ်ရာလျှင် တစ်လအတွက် အတိုးတစ်ဆယ်နှုန်းနှင့် ချေးငှားလေ၏။ ထိုအတိုးသည် လွန်မင်းစွာ ကြီးမြင့်သော အတိုးဖြစ်ကြောင်းကို ကျွန်တော် သိသော်လည်း မစားဘဲ၊ မသုံးဘဲ မနေနိုင်သည်ဖြစ်သောကြောင့် အော်ဒီမန်နှင့် လက်မှတ်ထိုး၍ ချေးယူခဲ့ရာ နောက်ဆုံး၌ ငွေတစ်ထောင် ကြွေးတင်၍၊ ၎င်းအတွက် တစ်လလျှင် ငွေတိုးတစ်ရာ ကျသင့်လေ၏။ ငွေတိုးတစ်ရာသည် တုန်လှုပ်ဖွယ် ကောင်းသော အခြင်းအရာ တစ်ခု ဖြစ်သည် မှန်သော်လည်း ထိုထက် တုန်လှုပ်ဖွယ်ကောင်းသော အခြင်းအရာ တစ်ခုမှာ မြေရှင်မြေပိုင်ရှင်သည် ကျွန်တော်၏ ဘကြီး သေနိုင်မည် မထင်သောကြောင့်၊ နောက်ထပ်၍ ငွေချေးရန် အလိုမရှိတော့ပြီဟု ထုတ်ဖော်ပြောဆိုခြင်းပင် ဖြစ်ပေ၏။

ယခုမူကား ကျွန်တော်မှာ အကြပ်ရိုက်လျက် ရှိချေပြီ။ ဘကြီးထံမှ ငွေတောင်းခံ၍လည်း မရ။ ငွေချေး၍လည်း မရ။ မည်သို့ပြုရချေမည်နည်းဟု ဦးခေါင်းမှ ဆံပင်ကို လက်ဖြင့်ဖွကာ စဉ်းစားစိတ်ကူးလျက် ရှိနေဆဲတွင်၊ ပို့စမင်းသည် စာနှစ်စောင်ကို လာ၍ ပေးလေ၏။ ပထမစာမှာ မော်တော်ဆိုင်ကယ်တစ်စီးကို လဆိုင်းနှင့် ဝယ်ထားသဖြင့် လွန်ခဲ့သော နှစ်ရစ်အတွက် ကြွေးတောင်းလိုက်သော စာဖြစ်လေရာ ဒုတိယစာမှာ ကျွန်တော့်ဖခင်၏ ညီတစ်ဝမ်းကွဲမှ မွေးထားခဲ့သည့် တောအုပ်မောင်သောင်းဖေထံမှ စာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မောင်သောင်းဖေမှာ ကျွန်တော့်ဖခင်ညီမှ မွေးဖွားခဲ့သော်လည်း ကျွန်တော်၏ ဖခင်သည် အရွယ်ကြီးမှ အိမ်ထောင်ပြုခြင်းဖြစ်သောကြောင့် မောင်သောင်းဖေသည် ကျွန်တော်ထက် ငါးနှစ်ခန့်မျှ အသက်ကြီးလေသည်။

ကျွန်တော်၏ အစ်ကို မောင်သောင်းဖေထံမှ စာမှာကား ညီအစ်ကိုချင်း မတွေ့ရသည်မှာ ကြာပြီဖြစ်သောကြောင့် ၎င်းအခွင့်ခံယူနေခိုက်တွင် တစ်လတန်သည်၊ နှစ်လတန်သည် လာရောက်လည်ပတ်စေလိုကြောင်းနှင့် ပါရှိလေသည်။ ထိုအခါ ကျွန်တော့်မှာ ဝမ်းစာအတွက်ပင်လျှင် ပူပန်၍ နေရသူ တစ်ယောက်ဖြစ်သည့်ပြင် ကြေးငွေ အတော်အတန် စုဆောင်းမိသည်ဟု သတင်းကြားရဖူးသော ၎င်းအစ်ကိုထံမှ ငွေချေးရလျှင် ကျွန်တော်၏ အကြောင်းကို သိပြီးသောသူ တစ်ယောက် ဖြစ်သဖြင့် ချေးယူရန် လွယ်ကူလိမ့်မည်ဟု မျှော်လင့်သည်ဖြစ်ရကား ဝမ်းမြောက်ဝမ်းသာနှင့် စာပြန်၍ ရေးလိုက်လေ၏။

ထိုစာကို ထည့်ပြီးနောက်၊ ၇ ရက်တစ်ပတ်အတွင်းပင် ကျွန်တော်သည် မောင်သောင်းဖေ နေထိုင်ရာ ဖြစ်သော လှေဘိုရွာသို့ ထွက်ခွာသွားလေ၏။ လှေဘိုရွာမှာ ကသာဒိစတြိတ် ရွှေလီချောင်းမှ ဆန်တက်ရသည်ဖြစ်ရာ ကျွန်တော်သည် မန္တလေးမြို့မှ ဗန်းမော်စာပို့မီးသင်္ဘောနှင့် သွား၍ အင်းရွာဆိပ်ကမ်း၌ ဆင်းသက်ပြီးလျှင် ၎င်းမှတစ်ဖန် ကူးတို့သင်္ဘောနှင့် ရွှေလီချောင်းကို ဆန်တက်လေ၏။

လှေဘိုရွာသို့ သင်္ဘောဆိုက်ကပ်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ အစ်ကိုမောင်သောင်းဖေသည် ဆိပ်ကမ်းမှ ကြိုဆိုလျက် ရှိလေရာ ကျွန်တော်သည် ၎င်းအား ငယ်ရွယ်စဉ်က တစ်ကြိမ်မျှသာ မြင်ဖူးသော်လည်း 'သွေးပြော'သည်ဖြစ်သောကြောင့် မြင်လျှင်မြင်ချင်းပင် မှတ်မိလေ၏။ ကျွန်တော်၏ အစ်ကို မောင်သောင်းဖေသည် ကျွန်တော်အား ဝမ်းမြောက်ဝမ်းသာ ဆွဲယမ်းနှုတ်ဆက်ပြီးနောက် ကျွန်တော်၏ ပစ္စည်းကလေးများကို လှည်းပေါ်သို့ တင်စေ၍ ညီအစ်ကိုနှစ်ယောက်တို့သည် လှည်းနောက်မှ လမ်းလျှောက်ကာ စကားပြောရင်း လိုက်လာကြလေ၏။



မောင်သောင်းဖေ၏ နေအိမ်မှာ ရွာ၏ အစွန်၌ တည်ရှိသည် ဖြစ်ရာ ဝင်းကြီးမှာလည်း အလွန်တရာကျယ်ဝန်းလှပေ၏။ ကျွန်တော်တို့သည် ဝင်းအတွင်းသို့ ဝင်သွားကြသောအခါ ဝင်းတံခါးအနီး၌ တောကြောင် တစ်ကောင်ကို လည်းကောင်း၊ သစ်ပင်ပေါ်၌ မျောက်နှစ်ကောင်ကို လည်းကောင်း၊ တစ်ခုသောချုံစု၌ ဝက်ဝံတစ်ကောင်ကိုလည်းကောင်း တွေ့မြင်ရသည် ဖြစ်၍ ကျွန်တော်က အံ့ဩစွာနှင့် မေးမြန်းရာတွင် မောင်သောင်းဖေက သူသည် တိရစ္ဆာန်ရိုင်းများကို ယဉ်အောင်မွေးမြူခြင်း၌ အထူးသဖြင့် ဝါသနာပါသူ တစ်ယောက်ဖြစ်သဖြင့် နယ်လှည့်ရင်း အဆင်သင့် တွေ့သမျှသော တိရစ္ဆာန်များကို တောင်းသည် ဖြစ်စေ၊ ဝယ်သည် ဖြစ်စေ တစ်နည်းနည်းနှင့် ရအောင် ယူ၍ မွေးမြူတတ်ကြောင်းနှင့် ပြောပြလေ၏။ ထိုတိရစ္ဆာန်များအပြင် ဒေါင်း များ၊ ရစ်များ၊ ဒရယ်များ၊ စပါးကြီးမြွေများ စသည်တို့ကိုလည်း တွေ့မြင် ရပြန်သည်ဖြစ်၍ မောင်သောင်းဖေ၏အိမ်ဝင်းမှာ တိရစ္ဆာန်ရုံတစ်ရုံနှင့် တူလှ ချေသည်ဟု ကျွန်တော်၏စိတ်၌ မှတ်ထင်မိလေ၏။

* အိမ်သို့ ဆိုက်ရောက်ကြသောအခါ မောင်သောင်းဖေက 'လုံးတင်ရေ၊ ဟေ့ လုံးတင်၊ ဟောဒီမှာ မင့်မတ်တော်မောင် ရောက်လာပြီဟေ့။ မန္တလေးမြို့က မောင်သန်းဖေလေ။ ငါ ပြောဖူးတယ် မဟုတ်လား။ ဒီဟာ ငါ့ညီပဲကွဲ့' ဟု ရွှင်လန်းအားရသော မျက်နှာထားနှင့် ၎င်း၏မယားဖြစ်သူ ရှမ်းမ မလုံးတင်အား ပြောပြလေ၏။

ကျွန်တော်မှာ အစ်ကို၏ မိန်းမသည် ရှမ်းမတစ်ယောက် ဖြစ်ကြောင်းနှင့် ကြားရဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသည် ဖြစ်၍ ရုပ်ရည်သနားကမားနှင့် ဖြူဖြူတုတ်တုတ်ရှိသော မလုံးတင်နှင့် နှုတ်ခွန်းဆက်သလျက်ရှိရာ မလုံးတင်မှာမူ ကျွန်တော်အား လောကဝတ်ပျူငှာနှင့် ခပ်ဝဲဝဲ စကားပြောသော်လည်း ၎င်း၏ မျက်နှာထားမှာ ကျွန်တော်အား ဤအိမ်၌ မနေစေလိုကြောင်း ထင်ရှားပေ၏။

သို့ရာတွင် ကျွန်တော်၏ စိတ်၌ကား မရီးဖြစ်သူ တစ်ယောက်က မည်မျှပင် မသဒ္ဓါစေကာမူ ဝမ်းစာအတွက် တစ်ခဏဖြစ်စေ၊ စိတ်အေးရ

www.burmeseclassic.com

www.burmeseclassic.com



သည့်ပြင် ပြန်သောအခါ၌လည်း ငွေချေးရန် မျှော်လင့်ခြင်းရှိသည် ဖြစ်သောကြောင့် ရုတ်တရက် မပြန်သေးဟူ၍ ဆုံးဖြတ်ချက် ချထားလေ၏။

အစ်ကိုမောင်သောင်းဖေသည် ကျွန်တော် နေထိုင်ရန်အတွက် အခန်းတစ်ခန်း ကောင်းမွန်သပ်ရပ်စွာ ပြင်ဆင်ထားသည့်ပြင် ညအခါ ထမင်းစားကြသောအခါလည်း ဟင်းလျာအမျိုးမျိုးကို အထူးကောင်းမွန်စွာ ချက်ပြုတ်ထား၍ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် တိုက်တွန်းကျွေးမွေးရလေကား မရီးဖြစ်သူက မျက်စောင်းတထိုးထိုးနှင့် ကြည့်နေခြင်းကို ဂရုမစိုက်ဘဲ မြိန်ရှက်စွာ စားသောက်လေ၏။ ကျွန်တော်သည် အစ်ကို မောင်သောင်းဖေ၏ အမူအရာကို အကဲခတ်မိသည့်အခါတိုင်း အလွန်တရာ စိတ်ဓာတနာကောင်းသောသူ တစ်ယောက်ဟူ၍ လည်းကောင်း၊ ဆွေမျိုးဉာတိကို ချစ်ခင်တတ်သော သူတစ်ယောက်ဟူ၍ လည်းကောင်း ညှိုးခံသော အရာဌာနခွဲ၌လည်း အထူးသဖြင့် ဝတ္တရားကျေပွန်သော သူတစ်ယောက်ဟူ၍ လည်းကောင်း၊ စိတ်ထဲ၌ ဆုံးဖြတ်၍ ၎င်းနှင့် တွေ့ရခြင်းကိုပင် အလွန် ဝမ်းမြောက်လျက် ရှိနေလေ၏။

သို့ရာတွင် အစ်ကို မောင်သောင်းဖေမှာ ပြုံးရွှင်သော မျက်နှာနှင့် ချိုသာသော စကားကို ပြောတတ်သောသူ တစ်ယောက်ဖြစ်သော်လည်း အမျက်ကြီးသော လူတစ်ယောက်ဖြစ်ကြောင်းကို နောက်တစ်နေ့၌ပင် တွေ့ရှိရလေ၏။ နောက်နေ့နံနက် ထမင်းစားပြီးသောအခါ၌ မောင်သောင်းဖေသည် အိမ်ပေါ်မှ ဆင်းသွားသောအခါ မရီး မလုံးတင်သည် ကျွန်တော် ထိုင်နေရာသို့ လာ၍

'အစ်နန်ကူးတို့ သဘော် ညနေ လာလိမ့်မယ်'

'ဟုတ်ကဲ့၊ သို့သော် ကျွန်တော် ဒီကနေ့ ပြန်မယ်လို့ မကြံသေးဘူး'

'ကိုယ်နေချင်တိုင်းနေလို့ တော်မယ် မှတ်သလား'

'မနေစေချင်လျှင် အစ်ကိုက ပြောပါလိမ့်မယ်'

ထိုအခါ၌ မောင်သောင်းဖေသည် လှေကားမှ တက်လာ၍ ကျွန်တော်တို့ ပြောကြသော စကားအရိပ်အမြွက်ကို ကြားလိုက်သည့် လက္ခဏာနှင့် 'ဘာလဲဟေ့၊ ဘာလဲဟေ့' ဟု ပြောလျက် မောင်သောင်းဖေ၏ မျက်နှာထားမှာ ပြုံးရွှင်ခြင်း မရှိဘဲ အလွန်တရာ ခက်ထန်ကြမ်းကြုတ်ဟန် လက္ခဏာ ရှိပေ၏။



၎င်းနောက် မောင်သောင်းဖေသည် ကျွန်တော်အား အိမ်ပြင်သို့ ခေတ္တထွက်နေရန် ပြောသဖြင့် ကျွန်တော်သည် အိမ်ပြင်သို့ ထွက်သွားလေရာ တစ်ခဏမျှကြာလျှင် မောင်သောင်းဖေ၏ ကြိမ်းမောင်းငေါက်ငမ်းသံများကို ကြားရလေ၏။ ကျွန်တော်မှာ အားနာသည်ဖြစ်သောကြောင့် မကြားရလောက်သော နေရာသို့သွား၍ ရပ်နေရာ နောက်မှ ခြေသံကြားသဖြင့် လှည့်၍ ကြည့်လိုက်သည်တွင် မျက်ရည်စက်လက်နှင့် ရှိနေသော မလုံးတင်ကို တွေ့မြင်ရလေ၏။

'ကိုသောင်းဖေက ရှင့်ကို တောင်းပန်ခိုင်းလို့။ တောင်းပန်ပါတယ်။ စိတ်မရှိပါနဲ့'

'တန်ပါခင်ဗျာ၊ ကျွန်တော် စိတ်မဆိုးတတ်ပါဘူး၊ ပြီးပြီးဟာ ပြီးပါစေတော့'

'လူမိုက်' ဟု ခြေကို ဆောင့်ကာ ပြောပြီးနောက် မလုံးတင်သည် အိမ်ထဲသို့ ဝင်သွားလေ၏။

ကျွန်တော်မှာ အလွန်အံ့သြစွာနှင့် ငေးမျှော်လျက် ကြည့်နေစဉ် မောင်သောင်းဖေ ရောက်လာ၍

'ဘယ့်နှယ့်လဲ မောင်သန်းဖေ။ လုံးတင်က တောင်းပန်ပြီးပြီလား'

'ဟုတ်ကဲ့။ တောင်းပန်သွားပါတယ်'

'မိန်းမဆိုတာ အဲတိုမျိုးဟာလားကွယ်။ သူများမိန်းမထက် ငါ့မိန်းမက သာပြီး ဆိုးသေးတယ်ဟေ့။ ဆွေမျိုးချင်းမို့ ဖွင့်ပြောရဦးမယ်။ ငါ့မိန်းမက ဘယ်လောက်များ အဲတိုသလဲဆိုရင် ဒီပြင်က မိန်းမတစ်ဦး တစ်ယောက်နဲ့ မဆိုထားနှင့် ယောကျ်ားတစ်ယောက်ယောက်နဲ့ ငါနဲ့ အကျွမ်းတဝင် စကားပြောနေတာတောင် မကြိုက်နိုင်ဘူးကွယ့်။ သူနဲ့ဆို သူနဲ့ချည်း မျက်နှာချင်းဆိုင်နေမှ ကြိုက်တယ်။ ရှမ်းမများ ယူရတာ ကြင်ကြင်နာနာတော့ ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဝါရဲ့။ နို့ပေမယ့် ဒီလို အူတိုတာမျိုးတော့ ခက်လှသကွယ်။ ဒါထက် ငါ့ညီ မင့်မရီးကို စိတ်မရှိနဲ့နော်'

'မရှိပေါင် ခင်ဗျာ။ အစ်ကိုက ကြည်ဖြူလျှင် ပြီးတာပါပဲ'

'ဈော့ဟေ့၊ ဟောဒီဆေးလိပ်သောက်စမ်း။ လာကွယ် ငါ့တိရစ္ဆာန်ရုံ ပြရဦးမယ်။ ကြည့်လှည့်စမ်းဟေ့'

ငင်းနောက် အစ်ကိုမောင်သောင်းဖေသည် မြေငါးကေခန့် ရှိသော ဝင်းကြီးအတွင်း၌ မွေးမြူထားသော တောတိရစ္ဆာန်များကို လိုက်၍ ပြပြီးနောက် 'ကိုင်း မောင်သန်းဖေ။ ပြစရာ တိရစ္ဆာန်တွေတော့ဖြင့် ကုန်ပြီ။ တစ်ကောင်တည်းကျန်တော့တယ်။ ဒီအကောင်ကတော့ဖြင့် အချုပ်ပဲ။ ဒီအကောင်မျိုး ဘယ်မှာမှ မရှိဘူး။ ရန်ကုန်က တိရစ္ဆာန်ရုံမန်နေဂျာက ဒီအကောင်အကြောင်း သတင်းကြားလေတော့ ငွေသုံးထောင်နဲ့ ရောင်းဖို့ စာလှမ်းပြီး ရေးလိုက်တယ်'

'ဘာကောင်လဲ ခင်ဗျာ'

'သစ်နက်လေ။ တစ်ကိုယ်လုံး မှောင်လေအောင်မဲတဲ့ သစ်နက်ကွယ့်။ မြင်ဖူးရဲ့လား'

'မြင်တော့ မမြင်ဖူးပေါင် ခင်ဗျာ။ ကြားတော့ဖြင့် ကြားဖူးပါရဲ့။ ဘယ်မှာလဲ၊ ကြည့်ပါရစေ'

ထိုအခါ မောင်သောင်းဖေသည် ဝင်း၏ တစ်ခုသော ထောင့်သို့ ကျွန်တော်အား ခေါ်သွား၍ လေးခန်းပတ်လည် ရှိသော တဲကြီးတစ်တဲ အတွင်းသို့ ဝင်သွားကြလေရာ၊ တဲ၏ တစ်ခြမ်းမှာ ဝတ္ထုပစ္စည်း တစ်စုံတစ်ရာမျှ မရှိဘဲ အခြားတစ်ခြမ်းမှာ သံတိုင်များ ကန့်လျက် ငင်းသံတိုင်တို့၏ အတွင်း၌ကား စိမ်းလဲ့လဲ့မျက်လုံးရှိသော သစ်နက်ကြီး တစ်ကောင်သည် ဝပ်ရာမှ ဦးခေါင်းထောင်၍ ကျွန်တော်တို့အား ကြည့်လေ၏။ ငင်းသစ်နက်ကြီးမှာ အကွက်ပါသော အခြားသစ်နက်များထက် ကြီးမားလှ၍ နှုတ်ခမ်းတို့မှာလည်း ရဲရဲနီလျက်ရှိရာ လက်တစ်ဖက်ကို ငုံ၍ လျက်လိုက်သောအခါ၌ ငင်း၏ လျှာသည်လည်း ရဲရဲနီလျက် ရှိသည်ကို တွေ့မြင်ရလေ၏။



'ဒီအကောင် တော်တော်ဆိုးသလား'

'ဆိုးတာ မဆိုးတာ မပြောနဲ့တော့၊ သူ့အမေဟာ ရွာသား တစ်ကျိပ်နှစ်ယောက်ကို ကိုက်သတ်ပြီးမှ လုံချက်မိသွားလို့ သေရရှာတယ်။ ဒီတုန်းက ဒီအကောင်ဟာ နို့စို့ပဲ ရှိသေးတယ်။ ရွာသားတွေက သတ်မယ် လုပ်တုန်း တောင်းပန်ပြီး ငါက ယူထားလိုက်ရတယ်'

'အခုတော့ ယဉ်နေပြီလား'

'ဒီပြင်လူတော့ ယဉ်မယ် မဟုတ်ဘူး၊ ငါတစ်ယောက်တော့ဖြင့် ယဉ်ရှာပါရဲ့။ ကြည့်နော် ငါ ပြမယ်' ဟုပြောပြီးနောက် မောင်သောင်းဖေသည် သံတိုင်များအကြားမှ တံခါးကလေးကို ဖွင့်၍ သံတိုင်အတွင်းသို့ ရုတ်တရက် ဝင်သွားပြီးလျှင် တံခါးကို အတွင်းမှ ပိတ်လိုက်လေရာ ကျွန်တော့်မှာ အံ့ဩစွာနှင့် ငေး၍ ကြည့်လေမိလေ၏။

ထိုအခါ သစ်နက်သည် မောင်သောင်းဖေကို မော်ကြည့်လျက်ရှိရာ 'နက်ကြုတ်၊ ဟေ့ နက်ကြုတ် ငါလက်ခွဲ့။ ထလေ၊ ထ၊ ထ။ တယ်ပျင်းတဲ့အကောင်ကြီး ထလေ။ နင့်သခင်ကို နှုတ်မဆက်ဘူးလား' ဟု ပြောလိုက်သည်တွင် သစ်နက်သည် ဝပ်ရာမှ ထ၍ မောင်သောင်းဖေ၏ဒူးကို နဖူးနှင့် ပွတ်လေ၏။ ငင်းနောက် မောင်သောင်းဖေသည် သစ်နက်၏ ဦးခေါင်းကို လက်ဖြင့် ပွတ်သပ်လျက် 'နက်ကြုတ်၊ နင်ဆာပြီလား။ စားရမယ်၊ တော်တော်ကြာတော့ စားရလိမ့်မယ်။ ကိုင်းကိုင်း နေရစ်တော့၊ ငါ သွားတော့မယ်' ဟု ပြောပြီးလျှင် တံခါးရှိရာသို့ နောက်ဆုတ်လာခဲ့၍ ရုတ်တရက်ထွက်ပြီးနောက် တံခါးကို လျင်မြန်စွာ ပိတ်ထားလိုက်လေ၏။

သစ်နက်သည် သံတိုင်အနီးတွင် ရပ်လျက် ကျွန်တော့်အား အကြောင်သားငေး၍ ကြည့်နေရာ ကျွန်တော်သည် ငင်း၏ ချောမွေ့သော ဦးခေါင်းကို မြင်သဖြင့် ပွတ်သပ်ချင်သောစိတ် ဖြစ်ပေါ်လာသောကြောင့် သံတိုင်ကြားမှ လက်လျှို၍ ပွတ်သပ်မည်ပြုဆဲတွင် မောင်သောင်းဖေသည် ကျွန်တော်၏ လက်ကို ရုတ်တရက် ဆွဲထုတ်လိုက်လေ၏။

'မလုပ်ပါနဲ့ ငါ့ညီ၊ အတင့်မရဲနဲ့။ ငါမှတစ်ပါး ဘယ်သူမှ အကိုင်

www.burmeseclassic.com

www.burmeseclassic.com



မခံဘူး။ ကံကောင်းလို့ကွယ်။ ငါမဆွဲလိုက်လျှင် မင့်လက်ကလေး ပါးစပ်ထဲ ရောက်ရှာတော့မယ်' ဟု ပြောဆဲတွင် အစေခံတစ်ယောက်သည် အမဲပေါင် တစ်ချောင်းကို ထမ်းလျက် တဲထဲသို့ ဝင်လာလေ၏။ မောင်သန်းဖေလည်း အမဲပေါင်ကို လှမ်းယူ၍ သံတိုင်ကြားမှ ထိုးသွင်းလိုက်ရာ သစ်နက်သည် အမဲပေါင်ကြီးကို လောဘတကြီးနှင့် ကိုက်ချီ၍ သံချိုင့်၏ တစ်ခုသော ထောင့်သို့ သွားရောက်ကာ စားမာန်သွင်းလျက် စားနေလေ၏။ ၎င်းနောက် ကျွန်တော်တို့သည် တဲပြင်သို့ ထွက်လာ၍ လက်ဖက်ရည်သောက်ချိန်တန် သဖြင့် အိမ်ဘက်ဆီသို့ လျှောက်လာကြလေ၏။

ကျွန်တော်သည် မောင်သောင်းဖေ၏ အိမ်၌ တည်းခိုနေထိုင်၍ ၇ ရက်ခန့် ကြာသောအခါတွင် ထူးဆန်းသော အခြင်းအရာတစ်ခုကို သတိပြုမိ လေ၏။ ၎င်းအခြင်းအရာမှာကား လူတစ်ယောက်သည် မြင်းတစ်စီးနှင့် နေ့တိုင်းရောက်လာ၍ မောင်သောင်းဖေ၏ လက်သို့ ကြေးနန်းတစ်စောင် ပေးခြင်းပင် ဖြစ်လေသည်။ ရောက်လာသည့်အခါတိုင်း မောင်သောင်းဖေ သည် ပျာယီးပျာယာနှင့် ဖွင့်ဖတ်လေရာ ၎င်း၏မျက်နှာမှာ တစ်စုံတစ်ရာမျှ ထူးခြားဟန် လက္ခဏာ မရှိချေ။ ထိုအကြောင်းကို ကျွန်တော်က စကား စပ်မိသဖြင့် မေးမြန်းမိရာတွင် မောင်သောင်းဖေက အလုပ်အကြောင်းနှင့် စပ်လျဉ်း၍ သစ်တောဝန်ထံမှ ရိုက်ကြားလိုက်သော ကြေးနန်းများဖြစ် ကြောင်းနှင့် ပြောပြလေ၏။

ဆယ်ရက်ခန့် နေထိုင်မိလေလျှင် ကျွန်တော်သည် အစ်ကိုဖြစ်သူ မောင်သောင်းဖေနှင့် တစ်သက်ပတ်လုံး အတူတကွနေထိုင်ခဲ့သော ညီအစ်ကို အရင်းကဲ့သို့ ရှိနေပြီဖြစ်ရာ တစ်ညဉ့်သ၌ ကျွန်တော်တို့ နှစ်ယောက်သည် ညစာထမင်း စားသောက်ကြပြီးနောက် ပက်လက်ကုလားထိုင်တစ်ခုစီနှင့် ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို တစ်ယောက်တစ်လှည့်စီ ပြောလျက် ရှိကြစဉ် ကျွန်တော်သည် မူလ လာရောက်စဉ်အခါက အကြံအစည်အတိုင်း ငွေချေးတော့အံ့ဟု စကားပျိုးလေ၏။

ပထမ၌ ကျွန်တော်သည် ဖခင်သေဆုံးပြီးသည်အတွင်း အလုပ်အကိုင်



မရှိဘဲ အသက်ရှင်အောင်ကြံဖန်၍ နေရပုံများကို စတင်ပြောပြ၍ နောင်ကို လည်း မည်ကဲ့သို့ ကြံဖန်နေထိုင်ရဦးမည် မသိသဖြင့် ၎င်းထံ အကြံတောင်း လေရာ မောင်သောင်းဖေလည်း ဆေးပြင်းလိပ်ကို ခပ်ပြင်းပြင်း ဖွာလျက် နားထောင်ကာ ရှိနေလေ၏။

'နို့ နေပါဦးကွယ်။ ဦးထွန်းအံ့သေလျှင် အမွေဆက်ခံမယ့်လူ မင်း တစ်ယောက်ပဲ ရှိတယ် မဟုတ်လား'

'အမွေရမှာကနောက် ငတ်ရမှာက အရင်ဖြစ်နေပြီ အစ်ကိုကြီးခင်ဗျာ'

'ဒါတော့လည်း ခပ်ခက်ခက်ပဲဟေ့။ နို့နေပါဦး။ သူ မကျန်းမာတဲ့ အကြောင်းများကော မင်းကြားပြီးပြီလား'

'တယ်ကြီးနေထိုင်မကောင်းဘူးလို့တော့ သတင်းကြားပါရဲ့။ စိုးရိမ် လောက်အောင်တော့ ဟုတ်မယ် မထင်ပေါင် ခင်ဗျာ'

'ဟုတ်ပါရဲ့ကွယ်။ ငါ့ညီမှာ သူဌေးဖြစ်ဖို့ နည်းလမ်းလည်း အရှိ သားနဲ့။ ယခုလောလောဆယ် မွဲနေတာက ခက်လှတယ်'

'အဲဒါကြောင့် ကျွန်တော့်အကြောင်းကို သိတဲ့ အစ်ကိုကြီးဖြစ်လေတော့ ငွေကလေးများ ချောင်ချိလျှင်'

'စိတ်ချ ငါ့ညီ၊ စိတ်ကျ။ အစ်ကိုကြီး တတ်နိုင်သရွေ့တော့ ကြည့်ရှု မယ်။ စိတ်သာချ'

ထိုအခါ ကျွန်တော့်မှာ အစ်ကို့အိမ်၌ နေထိုင်ရခြင်းသည်ကား မည်မျှ ပင် ပျော်ရွှင်ဖွယ်ရာ ကောင်းသည်ဆိုစေကာမူ မျက်စောင်း တထိုးထိုးနှင့် ကြည့်နေသော မရီးမလုံးတင်၏ မျက်နှာကို မမြင်လိုတော့ပြီ ဖြစ်၍ ငွေရ သည်နှင့် တစ်ပြိုင်နက် ထွက်ခွာခဲ့တော့မည်ဟု စိတ်ထဲ၌ ကြံရွယ်ကာ ဝမ်းသာလျက် ရှိလေ၏။

ထိုခဏ၌ ကျွန်တော်တို့သည် အိမ်ပြင်သို့ ဆိုက်ရောက်လာသော မြင်းခွာသံများကို ကြားကြရလေရာ မောင်သောင်းဖေသည် ထိုင်ရာမှ ရုတ်တ ရက် ထသွား၍ တစ်ဖန် ပြန်ဝင်လာသောအခါ၌ကား ၎င်း၏ မျက်နှာမှာ ပြောင်းလဲခြင်း ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာအကြောင်းလဲ အစ်ကို'

'အကြောင်းမထူးလှပါဘူး။ သစ်တောဝန်ထောက်ဆီက အလုပ်ပြန်ဝင်ဖို့ အကြောင်းပါပဲ။ ဒါထက် ငါ့ညီ ငွေဘယ်လောက်လိုသလဲ'

'ယခုလက်ငင်းတော့ သုံးရာလောက် တော်ပါပြီ'

'အေး ရစေမယ်။ သို့သော် ငွေသားတော့ မရှိဘူးကွယ့်။ ချက်ရေးပေးလိုက်မယ်။ မန္တလေးကျတော့ လဲယူပေတော့'

'ကောင်းလှပါပြီ ခင်ဗျာ'

ငင်းနောက် ကျွန်တော်တို့နှစ်ယောက်သည် ဆယ့်နှစ်နာရီ ထိုးသည်တိုင်အောင် ဆက်လက်၍ စကားပြောလျက်ရှိကြရာ လေကလေးသည်လည်း တသုတ်သုတ် တိုက်ခတ်၍ လာလေ၏။ မောင်သောင်းဖေသည် လက်မှလက်ပတ်နာရီကို ကြည့်ပြီးနောက်

'အလို ဆယ့်နှစ်နာရီတောင် ထိုးသွားပြီ။ ကိုင်း အိပ်ကြဖို့ တော်ပြီမှတ်တယ်။ သို့သော် မအိပ်ခင် နက်ကြုတ် သွားကြည့်ဖို့ အလုပ်ရှိသေးတယ်။ မောင်သန်းဖေ လိုက်ကြည့်ဦးမလား'

'လိုက်တာပ ခင်ဗျာ'

ကျွန်တော်တို့သည် လက်ဆွဲမီးအိမ်တစ်လုံးကို ဆွဲလျက် သစ်နက်ထားသောတဲသို့ ရောက်သွားကြလေရာ တစ်ရွာလုံးမှာလည်း တိတ်ဆိတ်လျက် အိမ်သားများသည်လည်း အိပ်ရာသို့ ဝင်ကြပြီဖြစ်၍ ဆိတ်ငြိမ်စွာ ရှိနေလေ၏။

လေသည် အနည်းငယ်ပြင်းထန်၍ လာရကား သစ်နက်သည် လေသံကြားသဖြင့် စိတ်တိုသော အမူအရာနှင့် မြည်ဟိန်းကာ ရှိနေလေ၏။ မောင်သောင်းဖေသည် တဲတံခါးကို ဖွင့်ပြီးနောက် တဲထဲသို့ ဝင်သွားရာ ကျွန်တော်လည်း ၎င်း၏နောက်မှ လိုက်ပါ၍ သွားလေ၏။

'နက်ကြုတ်က လေသံကြားလျှင် စိတ်ဆိုးတတ်တယ်။ ဒီအကောင်နည်းနည်း ငြိမ်သွားအောင် အစာကလေး ကျွေးဦးမှ တော်မယ်။ ရော့ မောင်သန်းဖေ၊ မီးအိမ် ကိုင်ထားစမ်းကွယ်။ အမဲသား နည်းနည်း ငါ ယူချေဦးမယ်' ဟုပြော၍ မောင်သောင်းဖေသည် တဲပြင်သို့ ထွက်သွားလေရာ



တံခါး ရုတ်တရက် ပိတ်သွားလေ၏။ ထိုအခါ ကျွန်တော်သည် သစ်နက်နှင့် နှစ်ကိုယ်တည်း နေရခြင်းကို မနှစ်သက်သဖြင့် တံခါးကို ပြေး၍ တွန်းဖွင့်လေရာ တံခါးမှာ ခိုင်မြဲစွာ ရှိနေလေ၏။

'အစ်ကိုကြီး တံခါးဖွင့်ပါဦးဗျ၊ ဘယ်နှယ် လုပ်တာလဲ။ ကျွန်တော်ကြောက်တယ်ဗျ'

'နေသာနေပါကွယ် မဆူပါနဲ့။ မီးအိမ် ရှိသားကပဲ'

'မီးအိမ်ရှိပေမယ့် တံခါးပိတ်မထားနဲ့ဗျာ။ ကျွန်တော်ကြောက်တယ်။ ဖွင့်လိုက်ဗျာ။ ကျွန်တော်တစ်ယောက်တည်း မနေဝံ့ဘူးဗျ'

'တစ်ယောက်တည်း မနေဝံ့လျှင် အဖော်ရပါစေမယ်ကွယ်။ စိတ်ချပါ' ဟု ရယ်မောကာ အပြင်မှ ပြောလေ၏။

'ဘယ့်နှယ့်လုပ်တာလဲဗျ။ ဖွင့်ဆိုဖွင့်ဗျာ။ ဒီလိုကျီစားတာ ကျွန်တော်မကြိုက်ဘူးဗျ'

'မင်းက ကျီစားတာ မှတ်နေသလား။ တော်တော်ကြာတော့ မင်းသိလိမ့်မယ်'

ထိုခဏ၌ တဲပြင်မှ ကျိုးကျိုးကျိုကျိုမြည်သံတို့ ကြားရပြီးနောက် ကန့်လန့်ကာလျက်ရှိသော သံတိုင်များသည် ဘီးများတပ်ထားသည်ဖြစ်၍ တဖြည်းဖြည်းရွေ့လျက်ရှိရာ တစ်ဖက်သော ထရံမှ သံတိုင်များသည် ပွင့်၍ပွင့်၍ လာလေ၏။ အကြောင်းမူကား မောင်သောင်းဖေသည် အကြောင်းရှိက ဖွင့်နိုင်အောင် တပ်ထားသော သံတိုင်များကို တဲပြင်မှ ဝန်ချီစက်နှင့် ဆွဲလျက် ဖွင့်နေသောကြောင့် ဖြစ်ပေ၏။ သူ၏အကြံမှာကား သစ်နက်ကို ကျွန်တော့်ထံ လွှတ်ပေးရန် ဖြစ်ပေသည်။

သံတိုင်များသည် ထရံနှင့် တစ်ပေခန့်ကွာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် သူ၏အကြံအစည်ကို ရိပ်မိ၍ သံတိုင်များကို ထိုထက်မရွေ့စေရန် ခွန်အားရှိသမျှ ထုတ်၍ ဆွဲထားပါသော်လည်း ဝန်ချီစက်နှင့် ဆွဲနေခြင်းဖြစ်သောကြောင့် ကျွန်တော်ရော သံတိုင်များပါ ထရံတစ်ဖက်သို့ ရွေ့ပါ၍ သွားလေ၏။ ထိုအတောအတွင်း ကျွန်တော်သည် ဘေးအန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ မပြုဖူးသော ဆွေမျိုးညာတိ တစ်ယောက်အား ဤကဲ့သို့ ရက်စက်စွာ သေကြောင်း မကြံစည်ထိုက်ကြောင်းနှင့် တောင်းပန်ပြောဆိုလေရာ မောင်သောင်းဖေသည် မည်သို့မျှ ပြန်မပြောဘဲ ရယ်မောကာဖြင့်သာလျှင် သံတိုင်များကို ဆွဲမြဲတိုင်းသာ ဆွဲလျက်ရှိလေ၏။

နောက်ဆုံး၌ သံတိုင်များသည် တဲပြင်သို့ ရောက်သွား၍ သံတိုင်စွန်းများသာလျှင် ထရံတစ်ဖက်၌ ကပ်လျက်ရှိရာ ကျွန်တော်မှာမူ သံတိုင်စွန်းကို တွယ်လျက် ရှိနေပေ၏။ ယင်းသို့ဖြစ်ရကား သစ်နက်နှင့် ကျွန်တော်၏ အကြား၌ ကာကွယ်သောအရာဟူ၍ မရှိတော့ချေ။ ထိုအတောအတွင်း၌ သစ်နက်သည် မြေပေါ်တွင်ဝပ်လျက် အံ့ဩသော အမူအရာနှင့် ကျွန်တော်အား ကြောင်တောင်ငေး၍ ကြည့်နေလေ၏။ ကျွန်တော်ရှိသော နေရာနှင့် သစ်နက်ရှိသော နေရာမှာမူ ဆယ်ပေခန့်သာလျှင် ဝေးချေတော့၏။ သစ်နက်သည် မိမိ၏ရှေ့၌ လူတစ်ယောက်သည် သံတိုင်ကို တွယ်လျက် ကိုးရိုးကားရားနှင့် ပါသွားသော အခြင်းအရာကို နားမလည်နိုင်သဖြင့် အံ့ဩလျက် ရှိဟန်တူချေသည်။

ထိုအတောအတွင်း၌ မီးအိမ်သည် မြေပေါ်၌ ထွန်းလင်းလျက်ရှိရာ သစ်နက်၏ မျက်လုံးများသည် မီးခဲနှစ်ပွင့်ကဲ့သို့ ကျွန်တော့်အား စိုက်ငေးကာ ကြည့်နေလေ၏။ ကျွန်တော်ကလည်း အခြားသို့ မကြည့်နိုင်ဘဲ ထိုမျက်လုံးနှစ်လုံးကိုသာလျှင် ငေးစိုက်၍ ကြည့်နေလေ၏။

သစ်နက်သည် အမြီးလှုပ်လျက် ရှိရာမှ အမြီးကို ရုတ်တရက် တန့်ရပ်စေ၍ မျက်လုံးများသည်လည်း ကျယ်ဝန်း၍ လာပြန်လေရာ ကျွန်တော်ကလည်း ရှေးကထက်ပင် ပြူး၍ ကြည့်ပြန်လေ၏။ ယင်းကဲ့သို့ မျက်နှာချင်းဆိုင် စေ့စေ့ကြည့်လျက် ရှိကြစဉ် သစ်နက်၏ မျက်လုံးများသည် အနည်းငယ်မျှကလေး မှေးသွားသည်ကို မြင်လေလျှင် ကျွန်တော်မူ တိုး၍ ပြူးကာ ကြည့်ပြန်လေ၏။ ထိုသို့ ကြည့်နေရင်း သစ်နက်၏ မျက်လုံးများသည် တဖြည်းဖြည်း မှေး၍ မှေး၍ သွားလေရာ နောက်ဆုံး၌ ရှည်လျားသော အတန်းကလေး နှစ်ခုသဖွယ် ရှိနေပြီးနောက် မှိတ်၍ သွားလေ၏။



သစ်နက်မူကား အိပ်ပျော်၍ သွားချေပြီ။ တောတိရစ္ဆာန်တို့ မည်သည်မှာ စေ့စေ့ကြည့်လျက်ရှိသော လူတစ်ယောက်အား ကိုက်ခဲရန် မဝံ့ဟူသော စကားသည် မှန်ဟန် လက္ခဏာ ရှိချေ၏။ သို့ရာတွင် တစ်ညပတ်လုံး ဤတိရစ္ဆာန်နှင့် အတူ နေရမည် ဖြစ်၍ တစ်ညပတ်လုံး ဤနည်းအတိုင်းနှင့် ဘေးအန္တရာယ် ကာကွယ်ရန် တတ်နိုင်ပါမည်လေဟု တွေးတော၍ ပူမိပြန်၏။ တစ်ရွာလုံး နိုးအောင် အော်ဟစ်သော်လည်း အကျိုးရှိမည် မထင်ချေ။ အကယ်၍ အော်ဟစ်လိုက်ပါလျှင် သစ်နက်သည် အိပ်ရာမှ နိုးလာရန်ရှိသည်ပြင် မိမိအား ကြောက်ရွံ့ကြောင်းကို ရိပ်မိ၍ ရွာသားများ မလာမီ ကျွန်တော်အား သေအောင် ကိုက်သတ်ချေမည် ဖြစ်၏။

ထိုခဏ၌ ကျွန်တော်သည် တဲ၏အခြေအနေကို ကြည့်မိလေရာ မြေမှ လူတစ်ရပ်သာသာတွင် ကျပ်ခိုးစင်တစ်ခုရှိကြောင်း တွေ့မြင်ရလေ၏။ အကယ်၍ ကြပ်ခိုးစင်ပေါ်သို့ အသံမကြားအောင် တက်၍ ပုန်းနေရသော် ကောင်းချေမည်လားဟု စဉ်းစားမိ၏။ မည်သို့ပင်ဖြစ်စေ မြေပြင်၌ သစ်နက်နှင့် အတူနေရခြင်းထက် ကောင်းသေး၏ဟု ဆုံးဖြတ်၍ ကျွန်တော်သည် ကျပ်ခိုးစင်ကို လက်ဖြင့်ခုန်ဆွဲကာ လွှားခနဲ တက်လိုက်သည်တွင် ကျိုးကျိုးကျဲကျဲ မြည်သွားသဖြင့် သစ်နက်သည် အိပ်ရာမှ နိုးလာလေ၏။ ထိုအခါ၌ကား ကျွန်တော်မှာ စင်ပေါ်သို့ တစ်ကိုယ်လုံး ရောက်ခဲ့လေပြီ။

သစ်နက်သည် အိပ်ရာမှ တွန့်လိမ်ကာ ထပြီးနောက် စင်ပေါ်သို့ မော်ကြည့်၍ ကျွန်တော်အား မြင်လေလျှင် ထရံကို လက်နှစ်ဖက်နှင့်မှီလျက် မြေပေါ်၌ ပတတ်ရပ်ကာ ထလေ၏။ သို့ရာတွင် တက်လိုသေးသော သဘောရှိ ဟန်မတူ။ စုံစမ်းခြင်းမျှသာ ဖြစ်ဟန်တူ၏။ အကြောင်းကိုဆိုသော် မြှောက် ထားသောလက်ကို တစ်ဖန်ချ၍ သစ်နက်သည် မြေပေါ်၌ ထိုမှဤမှ စကြံ လျှောက်ကာ နေပြန်၏။ ထိုအတောအတွင်း ကျွန်တော်အားလည်း မေ့ဟန် မရှိဘဲ ရံဖန်ရံခါ စင်ပေါ်သို့ မော်၍ကြည့်လေ၏။ ကျွန်တော်မှာမူ စင်ပေါ်၌ ကျွန်တော် ရှိနေကြောင်းကို သစ်နက်က သိပြီးဖြစ်သောကြောင့် တစ်ကိုယ်လုံး လုံအောင် ပုန်းရန် မကြံတော့ဘဲ စင်ပေါ်မှ ဦးခေါင်းပြူလျက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရလေ၏။

သစ်နက်သည် စကြဲလျှောက်နေရင်း စိတ်မာန် ထွက်လာသည့် လက္ခဏာနှင့် ဟိန်းသံပေးလေရာ စင်ပေါ်သို့လည်း ရှေးကထက် ဆက်ကာ ဆက်ကာ မော်၍ ကြည့်လေ၏။ ထိုသို့ရှိစဉ် သစ်နက်၏အမြီးသည် မြေပေါ်၌ ချထားသော မီးအိမ်နှင့် တိုက်မိ၍ မီးအိမ်သည် မြေပေါ်၌ မှောက်သွားပြီးလျှင် အနည်းငယ်မျှသော ရေနံဆီများကို မီးများ တောက်လောင်လေ၏။ ရေနံကို ကုန်အောင် လောင်ပြီးနောက် မီးတောက်လည်း ငြိမ်းသွားလေရာ ကျွန်တော်နှင့် သစ်နက်တို့မှာ တဲအတွင်း မှောင်မိုက်ကြီး၌ နှစ်ကိုယ်တည်း ကျန်ရစ်ကြလေ၏။

မီးငြိမ်းပြီးနောက် ကျွန်တော်သည် သစ်နက်၏ လမ်းလျှောက်သံများကို ဆက်လက်၍ ကြားရသည့်ပြင် ရံဖန်ရံခါ ဟိန်းသံကိုလည်း ကြားရလေ၏။ ညသည် အလွန်ရှည်လေစွတကား။ ဘယ်နံ့ရောအခါ၌ မိုးလင်းချေတော့မည်နည်း။ မိုးမလင်းဘဲ တမှောင်တည်း မှောင်လျက်ရှိချေတော့မည်လော။

သစ်နက်သည် ရှေးကထက် ကျယ်စွာသောအသံဖြင့် ဆက်၍ ဆက်၍ ဟိန်းလာလေရကား ကျွန်တော်၏ သက်တမ်းစေ့ချေပြီဟု အောက်မေ့မိ၏။ မည်သို့ ပြုရချေမည်နည်း။ သစ်နက်သည် မည်သည့်ခဏ၌ဖြစ်စေ စင်ပေါ်သို့ ခုန်တက်လိုက ခုန်တက်နိုင်မည် ဖြစ်၏။

ယင်းသို့ရှိစဉ် ကျွန်တော်သည် အကြံတစ်ခုရ၍ စင်ပေါ်၌ တဖြည်းဖြည်း အသံ မကြားအောင် ရွေ့သွားပြီးလျှင် သံတိုင်စွန်းကို ဆွဲ၍ စမ်းရာ သံတိုင်များသည် အလွယ်တကူနှင့် ရွေ့လာလေ၏။ ထိုသို့ဖြစ်ရကား ကျွန်တော်သည် သံတိုင်တစ်ဖက်သို့ သစ်နက် ရောက်နေခိုက်တွင် သံတိုင်များကို ဆွဲ၍ ပိတ်နိုင်သည်ဖြစ်က အသက်ဘေးမှ ချမ်းသာရာရဖို့ နည်းလမ်းကို မြင်မိလေ၏။ သို့ဖြစ်၍ ကျွန်တော်သည် သံတိုင်များကို တရွေ့ရွေ့ တဖြည်းဖြည်း ဆွဲ၍ ဆွဲ၍ ယူသဖြင့် သံတိုင်များသည် အတော်အတန် ပါလာစပြုသည်တွင် ကျားသစ်သည် စင်ပေါ်သို့ ရုတ်ခနဲ ခုန်၍ တက်လိုက်လေ၏။



သို့ပါသော်လည်း တစ်ခုန်တည်းနှင့် မရောက်နိုင်။ နောက်ခြေတို့သည် စင်ကို ကုတ်ခြစ်လျက်ရှိစဉ် ကျွန်တော်သည် စင်ပေါ်မှ ခုန်ဆင်း၍ သံတိုင်များကို အပြေးအလွှား ဆွဲ၍ပိတ်လေ၏။ သစ်နက်သည်လည်း ကျွန်တော်၏ အကြံအစည်ကို ရိပ်မိ၍ စင်ပေါ်မှ ခုန်ဆင်းပြီးလျှင် ပိတ်လုပိတ်ဆဲရှိသော သံတိုင်ကြားမှ ကျွန်တော်၏ ခြေထောက်တစ်ဖက်ကို ကုတ်ဖမ်းလေရာ ခြေတစ်ဖက်ကိုပင် မိသွားသော်လည်း ကျွန်တော်နှင့် သစ်နက်တို့မှာ သံတိုင် တစ်ဖက်စီ ရှိနေသောကြောင့် အသက်ကို ရန်မရှာနိုင်ချေ။ ကျွန်တော်သည် သစ်နက်၏ လက်သည်းများအတွင်းမှ ခြေထောက်ကို အတင်းဆွဲ၍ နှုတ်လိုက်ရာ ခြေသလုံးကြွက်သားတစ်ခုလုံးမှာ ရွှေဘော်နှင့် တိုက်လှာလိုက်ဘိသကဲ့သို့ ကျန်ရစ်နေလေ၏။

ကျွန်ုပ်မှာ အလွန်တရာ နာကျင်လှသည်ကား မှန်၏။ သို့ရာတွင် အသက်ဘေးမှ ချမ်းသာရာရပေပြီဟု ဝမ်းမြောက်မိသည်လည်း မှန်၏။ ထိုအချိန်၌ကား အရုဏ်တက်ပြီ ဖြစ်သောကြောင့် အနည်းငယ်မျှသော အလင်းရောင်သီသည် တဲတွင်းသို့ တိုးဝင်လျက် ရှိနေလေ၏။ သစ်နက်သည်လည်း ကျွန်တော်၏ ခြေသလုံးသားကို စားပြီးနောက် မဝသေးသည့် လက္ခဏာနှင့် သံတိုင်ကြားမှ လက်လျှိုကာ ကျွန်တော်အား မီလိုမီငြား သဘောမျိုးနှင့် စမ်းသပ်ကာ ရှိနေလေ၏။

ကျွန်တော်မှာမူ တစ်ခုသောထောင့်၌ မှီလျက် ခြေသလုံးကြွက်သား ပြတ်သွားသော ဒဏ်ရာကြောင့် နာကျင်လှသဖြင့် သတိမရတစ်ချက် ရတစ်ချက်နှင့် ရှိနေစဉ် တစ်ခါ တံခါးသည် ရုတ်တရက် ပွင့်လာ၍ မောင်သောင်းဖေလည်း တဲတွင်းသို့ ဝင်လာပြီးလျှင် တံခါးကို ပိတ်ထားလိုက်၏။ ထိုအခါ၌ကား ကောင်းကောင်းကြီး မိုးလင်းခဲ့လေပြီ။

မောင်သောင်းဖေသည် တစ်ထောင့်၌ စုပုံကာ လဲလျက်ရှိသော ကျွန်တော်အား ကောင်းစွာမကြည့်ဘဲ သစ်နက်ကိုသာလျှင် ကြည့်လျက် ဟေ့ နက်ကြုတ် သတိထားနော်။ ဘာလုပ်တာလဲ။ အရိုက်ခံရမယ်။ ဟဲ့ အကောင် ငါလေ။ ဘယ်သူမှတ်လို့လဲ။ ဟဲ့ ဟဲ့ ဟဲ့ ဆုတ်နော် ဆုတ်နော်။ အလိုလေး

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား၊ ဟော့ လာကြပါဦးကွယ်တို့။ ဘိုးကွန်းရေ၊ ဘိုးကွန်း ဘိုးကွန်း အလိုလေး သေပါပြီဗျာ’

သစ်နက်မှာ ကျွန်တော်၏ ခြေသလုံးသားကို စားရသောကြောင့် တောစိတ် ပေါ်လျက်ရှိလေရကား သခင်ကိုပင် မသိတော့ဘဲ ပုတ်လှဲကာ ကိုက်ခဲလေရာ နောက်ဆုံး၌ မောင်သောင်းဖေ၏အသံကို မကြားရဘဲ သစ်နက်၏ ဟိန်းသံများသာလျှင် ဆူညံလျက် ရှိလေ၏။ ကျွန်တော်မှာလည်း အမျိုးမျိုးသော အကြောင်းတို့ကြောင့် နစ်မြော၍ သွားလေ၏။

*

ကျွန်တော် သတိရလာသောအခါ ကသာမြို့ဆေးရုံကြီး၌ ရောက်နေခဲ့လေပြီ။ တစ်နေ့သ၌ ဆရာဝန်ကြီးသည် ကျွန်တော်ထံလာ၍ အကျိုးအကြောင်း ပြောပြသဖြင့် သိရှိရသည်မှာ ကျွန်တော်၏အစ်ကို တောအုပ် မောင်သောင်းဖေမှာ သစ်နက်ကိုက်သော ဒဏ်ရာနှင့် သေဆုံးပြီး ဖြစ်ကြောင်း၊ မိုးကုတ်မြို့၌ ရှိနေသော ကျွန်တော်၏ဘကြီး သူဌေးဦးထွန်းအံ့မှာလည်း ကျွန်တော် သစ်ကိုက်ခံရသော နေ့မှာပင် သေဆုံး၍ ကျွန်တော်မှာ သူဌေးလေး တစ်ယောက် ဖြစ်လာပြီ ဖြစ်ကြောင်းများနှင့် ပြောသွားလေ၏။ သို့ဖြစ်ရကား မောင်သောင်းဖေသည် ကျွန်တော် သေဆုံးခဲ့လျှင် ဦးထွန်းအံ့၏ အမွေများကို သူသာလျှင် ရရန်ရှိသည် ဖြစ်သောကြောင့် ဦးထွန်းအံ့ သေကြောင်းကို ကြားနန်းရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်အား သစ်နက်စာကျွေး၍ သေကြောင်း ကြံစည်ခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

တစ်နေ့သ၌ ကျွန်တော်သည် ဆေးရုံ၌ ရှိနေစဉ် မိန်းမတစ်ယောက်သည် ကျွန်တော်၏ အခန်းတွင်းသို့ ဝင်လာရာ ၎င်းမှာ မရီးဖြစ်သူ ရှမ်းမ မလုံးတင်ပင် ဖြစ်လေသည်။ မလုံးတင်သည် ကျွန်တော်၏ ခုတင်အနီးသို့ ချဉ်းကပ်၍

‘နိုးနေသလား’



‘နိုးပါတယ်’

‘ဒါကြောင့်မို့လို့ ရောက်ရောက်ချင်း ကျုပ်က ပြန်ဖို့ ပြောတယ် မဟုတ်လား၊ သူ့အကြံကို ကျုပ်သိတယ်၊ ဖွင့်လိုလည်း မပြောဝံ့ဘူး၊ ဖွင့်ပြောလျှင် ကျုပ်ကို သူက သတ်ပစ်လိမ့်မယ်။ ကျုပ်က သနားလေတော့ ပြန်သွားဖို့ ပြောတာ ရှင်က နားမထောင်ဘဲကိုး၊ ကိုင်း ကျုပ်လည်း ကျုပ် ပြည်ကို ကျုပ် ပြန်တော့မယ်’ ဟုပြောသွားလေရာ ကျွန်တော်မှာ အံ့သြစွာနှင့် ကြောင်တောင်ငေးလျက် ကျန်ရစ်ခဲ့လေသတည်း။

❖

www.burmeseclassic.com

www.burmeseclassic.com

## ပတ္တမြားပလ္လင်

'တစ္ဆေခြောက်တယ်ဆိုတာ အလကားပါဗျာ။ ဟိုအိမ်မှာ ခြောက်သလေး၊ ဒီလမ်းမှာ ခြောက်သလေးနှင့်။ တော်တော်ကြာလို့ သေသေချာချာ စစ်ပေါက်ပြီဆိုမှဖြင့် အခြောက်ခံရတဲ့လူ ရှာမတွေ့ဘူး'

*ကျွန်တော်နှင့် အခြားမိတ်ဆွေ လေးယောက်တို့သည် ရှေ့နေ ကိုဘစံ၏ နေအိမ်၌ ညစာ ထမင်းစားသောက်ကြပြီးနောက် ရှေ့နေ ကိုသောင်းတင်ဆိုသူသည် အထက်ပါ စကားတို့ကို ဆေးပြင်းလိပ်သောက်ရင်း ပြောဆိုပြီလျှင် မိမိ၏ စကားကို ငြင်းဆိုလိုသူများ ရှိချေမည်လောဟု ပရိသတ်များ၏ မျက်နှာကို လှမ်း၍ ကြည့်လေ၏။ အခြားသူများသည် ၎င်းနှင့် ငြင်းခုံရန် အလိုမရှိသောကြောင့်သော်လည်းကောင်း၊ အိမ်ရှင်၏ မိန်းမနှင့် သမီးများ ရှေ့တွင် ကြောက်မက်ဖွယ် ဖြစ်သော တစ္ဆေအကြောင်းကို မပြောလိုကြသောကြောင့်သော်လည်းကောင်း ဆိတ်ဆိတ်မျှနေကြလေလျှင် ကိုသောင်းတင်က ဆက်လက်၍ 'ကျွန်တော့် အဒေါ် တစ်ယောက်ဟာ မနှစ်က ကြည့်မြင်တိုင်မှာ အိမ်တစ်လုံး ငှားပြီး လေးငါးဆယ်ရက်လောက် နေမိကား

---

*ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် သူရိယ မဂ္ဂဇင်း၊ အတွဲ ၁၇၊ အမှတ် ၁၊ မတ်လ၊ ၁၉၃၅ နှစ်တွင် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိသေး၊ ခိုင်းတဲ့ ကောင်မလေးက ရှေးဦးစွာထွက်၊ တော်တော်ကြာ ထမင်းချက်တဲ့ မိန်းမကြီးထွက်၊ နောက်ဆုံးကျတော့ သူ့အိမ်မှာ နေဝံ့တဲ့သူ မရှိတော့ဘူး။ သူတို့ ပြောပုံတော့ ညတိုင်ကျလျှင် ခြေသံတွေ တရှပ်ရှပ်နှင့် ကြားရသလိုလို၊ အိပ်ရာမှာ စောင်ကို ဆွဲပြီး လုသွားသလိုလို ကြောက်စရာပေါ့။ ဒါနှင့် အဒေါ်က ကျွန်တော့်ဆီ ဒီအကြောင်းကို တိုင်လေတော့ တစ်အိမ်လုံးမှာ ကျွန်တော် တစ်ယောက်တည်း သွားပြီး အိပ်ပါတယ်ဗျာ။ ဘာမှ မဖြစ်ပါဘူး။ အိမ်ဟောင်းဆိုတာ ကျိုးကျိုးကျဲကျဲ မြည်တာပေါ့ဗျ။ ခိုင်းတဲ့ ကောင်မလေး စောင်ကို ဆွဲတယ်ဆိုတာက ဘယ်သူကမှ သူ့စောင်ကို ဆွဲမှာ မဟုတ်ဘူး။ သူ့ဘာသာသူ အအိပ်ကြမ်းပြီး စောင်မကပ်တာနှင့် တစ္ဆေက ဆွဲယူလို့ စောင်ကွာရသလိုလို လုပ်ပြီး သူ မနေချင်တိုင်း ပြောတာပါဗျာ။ အလကားဟာတွေပါ'

**အိမ်ရှင်**။ ။ 'ခင်ဗျား သွားအိပ်တာ ဘယ်နှညလဲ'

**တင်**။ ။ 'သုံးလေးည အိပ်ခဲ့တယ်။ ဘာကောင်မှ မတွေ့ခဲ့ဘူး၊ ဒီဟာမျိုးတွေဟာ စိတ်က ထင်လို့ဖြစ်တာပါဗျာ။ ဘယ်သူမဆို လရောင်ကလေး ဝိုးဝါးသာနေတဲ့ ညမှာ တစ်ယောက်တည်း ထိုင်ပြီး ဦးခေါင်းမပါတဲ့ လူကြီးကို ဖြစ်စေ၊ ထမီကန့်လန့်ဝတ်ထားတဲ့ မိန်းမကြီးကို ဖြစ်စေ စိတ်ထဲက မြင်ရတယ်လို့ ထင်မှတ်လာတတ်တာမျိုးကိုးဗျ။ စင်စစ်တော့ တစ္ဆေ မဟုတ်ပါဘူး။ စိတ်ကူးပါပဲဗျာ'

ထိုအခါ ဓာတုဗေဒပညာကို လေ့လာဖူးသည့် ကိုသိန်းတန် ဆိုသူသည် ၎င်းအချိန်သို့တိုင်အောင် သူတစ်ပါးတို့ စကားပြောဆိုနေကြသည့် အထဲ၌ ရောနှောပါဝင် မပြုခဲ့ဘဲ ဆိတ်ဆိတ်ထိုင်လျက် ဆေးတံသောက်ကာ ရှိနေရာမှ

**တန်**။ ။ 'စိတ်ကူးဆိုတာလည်း ဟုတ်ပါတယ်။ တစ္ဆေ ခြောက်တယ်လို့ ပြောကြတဲ့ ဆယ်ခုအနက် ငါးခုလောက်ဟာတော့ စိတ်ကူးကြောင့် ဖြစ်တတ်တာပါပဲ။ သို့သော် စိတ်ကူးပင် ဖြစ်စေ၊ တကယ်ပင် ဖြစ်စေ အခြောက်ခံရတဲ့ လူမှာတော့ အတူတူပဲ ကြောက်တာပဲဗျ၊ ခင်ဗျားလို စိတ်ကူး မရှိတဲ့ လူချည်းပဲ ဆိုရင်တော့ အဟုတ်သားပေါ့'



**တင်**။ ။ (ကိုသိန်းတန်ဘက်သို့ ရုတ်တရက် လှည့်၍) 'ခင်ဗျားက ကျုပ်ကို စိတ်ကူး မရှိဘူးလို့ ဆိုချင်တော့။ မဟုတ်တာကို အဟုတ် မှတ်အောင် စိတ်ကူးပြီး တစ္ဆေမခြောက်ဘဲနဲ့ တစ္ဆေခြောက်တယ် ထင်တတ်တဲ့ စိတ်ကူးမျိုးတော့ မလိုချင်ဘူးဗျာ။ ဘာပဲပြောပြော'

ထိုအခါ ကိုသိန်းတန်သည် ရုတ်တရက် ဖြေဆိုခြင်း မပြုသေးဘဲ ပြုံးစိစိမျက်နှာထားနှင့် ဆေးတံကို ဖွာလျက် ရှိနေလျှင် ကျွန်တော်မှာ ကိုသောင်းတင်၏ စိတ်သဘောကို သိသည် ဖြစ်သောကြောင့် အချင်းများကြမည်ကိုပင် စိုးရိမ်မိ၏။ ကိုသောင်းတင်မှာ မိန်းမအကြောင်းနှင့် ပတ်သက်၍ အတော်အတန် နာမည်ကြီးသော လူတစ်ယောက် ဖြစ်ငြားသော်လည်း တုတ်တုတ်ခိုင်ခိုင် ရှိသော ကိုယ်လုံးကိုယ်ပေါက် ရှိ၍ နိုင်ထက်စီးနင်း ပြောတတ်သော ဝါသနာလည်း ရှိချေ၏။ ၎င်းအား ချစ်ကြိုက်ကြသော မိန်းမများကမူ ထိုသို့သော ကိုယ်လုံးကိုယ်ပေါက်မျိုးကို ခုံသည်ဟူ၍ ထင်မှတ်ကြပေလိမ့်မည်။ ကိုသောင်းတင်မှာ ထမင်းမစားမီက စားကောင်းသောက်ကောင်း ရှိအောင် အနှောာ်အတန် သောက်ထားလေရကား ၎င်းနှင့် ဆန့်ကျင်ဖက်ပြောသော သူတစ်ယောက်နှင့် တွေ့သောအခါတွင် ၎င်း၏ အသံသည် ကျယ်လောင်သည်ထက် ကျယ်လောင်၍ လာလေ၏။

**တန်**။ ။ (သိမ်မွေ့စွာဖြင့်) 'စိတ်ကူးကြောင့် ဖြစ်ရခြင်းဆိုစေကာမူ စိတ်ဟာ အရေးကြီးတယ်ဗျ။ ရုပ်နှင့် နာမ်ဟာ ဘယ်သူက ရှေ့သွားလဲ။ နာမ်ရှေ့သွား ရုပ်နောက်လိုက် မဟုတ်ဘူးလား'

**တင်**။ ။ (ကျယ်လောင်သောအသံဖြင့်) 'အလိုလေးဗျား၊ ဘယ့်နှယ် သင်္ချိုဟ် ဆရာနှင့် လာပြီး တွေ့နေရပြန်ပါလိမ့်မတုံး'

**တန်**။ ။ 'ခင်ဗျားက ဘာပဲခေါ်ခေါ် ကျွန်တော်က စိတ်၏ အရေးကြီး ကြောင်းကို ပြောလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော့် သူငယ်ချင်း ဆရာဝန်တစ်ယောက်က ပြောဖူးတယ်။ သူဟာ သူ့သူငယ်ချင်းတစ်ယောက်အိမ် သွားပြီး လည်တော့ သူငယ်ချင်း၏ မိန်းမကို ကျီစားပြီး ခင်ဗျား ဘာဖြစ်တာတုံး။ ခင်ဗျားမျက်နှာတွေ ကြည့်လို့ မကောင်းဘူးလို့ ပြောလိုက်သတဲ့။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမက ရုတ်တရက် မျက်နှာပျက်သွားပြီး ကျွန်မ ဘာမှ မဖြစ်ပါရှင်လို့ ပြန်ပြောလိုက်သတဲ့။ ဒီနောက် ဘာမှ မကြာဘူး။ တစ်ရက်နှစ်ရက် အတွင်း မှာ ဒီမိန်းမ ဖျားတယ်လို့ ကြားပြီး သေရှာရောတဲ့။ ဒီကတည်းကစပြီး ကျွန်တော့် သူငယ်ချင်း ဆရာဝန်ဟာ သူတစ်ပါးကို ဒီနည်းနှင့် ဘယ်တော့မှ မကျီစားတော့ပါဘူးလို့ သန္နိဋ္ဌာန်ချလိုက်သတဲ့။ ဒီအမှုဟာ ထန်းသီးကြွေခိုက် ဆိုတာလို ဖြစ်ချင်လည်း ဖြစ်နိုင်တယ် ပေါ့ဗျာ။ သို့သော် သူ့စိတ်ထဲမှာတော့ ဆရာဝန်က ဝါ လှန့်လိုက်လို့ ဥပါဒါန်စွဲပြီး သေရှာတယ်လို့ ထင်မှတ်တယ်။ ကျွန်တော်လည်း ဒီလိုပဲ ထင်မှတ်တယ်။ ဒါကြောင့် စိတ်ဟာ အရေးကြီးတယ် လို့ ကျွန်တော် ဆိုချင်တာကိုးဗျ'

**တင်**။ ။(ရှုံ့မဲ့ကာဖြင့်) 'မဆိုင်ပါဘူးဗျာ။ အခိုက်အတန့် သင့်လို့ပါ။ လူ တိုင်း ဒီလိုသာ ဖြစ်ရင် ခက်ကုန်ရောပေါ့'

**တန်**။ ။ 'လူတိုင်း ဖြစ်မယ်လို့ ကျွန်တော် မဆိုလိုဘူး။ ဟိုတစ်ခါမှာ မဖြစ်ဘူးလို့ စိတ်၏ အရေးကြီးကြောင်းကို ကျွန်တော်က ဥပမာ တင်ပြခြင်း ဖြစ်တယ်'

**တင်**။ ။ ကျွန်တော် မယုံဘူးဗျာ'

**တန်**။ ။ 'မယုံပေဘူးဆိုတာ ခင်ဗျား၏ ကိုယ်ပေါက်ကိုယ်ရောက် ကြည့်ခြင်း အားဖြင့် သိနိုင်ပါတယ်။ ခင်ဗျားလို လူမျိုးက ရုပ်အားကိုး လူမျိုးကိုးဗျ'

ထိုအခါ ကျွန်တော်သည် အိမ်ရှင်၏ မျက်နှာကို လှမ်း၍ ကြည့်မိ၏။ ကိုသိန်းတန်ဆိုသူမှာ အခါခပ်သိမ်း စကားနည်း၍ သိမ်မွေ့သော လူတစ် ယောက် ဖြစ်ပါလျက် ထိုညဉ့်၌မူ ကိုသောင်းတင်အား တမင် ရန်စလျက် ရှိနေဟန် ရှိ၏။

**တန်**။ ။(ဆက်လက်၍) 'ဒါဖြင့် ခင်ဗျားက ဒီပစ္စည်းဟာ ခိုက်တတ်တယ်။ ဒီအိမ်ဟာ အိမ်ရှင်ကို ဘေးအန္တရာယ်ပြုတတ်တယ် ဆိုတာမျိုးတွေကို မယုံ ကြည်ဘူးပေါ့'

**တင်**။ ။ 'တစ်ဆိတ်ကလေးမှ မယုံဘူး။ ကျုပ် ထင်မြင်ချက် လွဲကြောင်းကို ထင်ရှားလောက်အောင် လက်တွေ့သာဓက ပြနိုင်တဲ့ လူကို ဘယ်အခါမဆို



ငွေတစ်ရာပေးဖို့ အဆင်သင့် ရှိတယ်'

**တန်**။ ။ 'တကယ်လား'

**တင်**။ ။ 'နှစ်ကယ်ဗျာ၊ ဟောဒီက ပရိသတ်ကို သက်သေ ထူထားချင် ထားလိုက်ဦးဗျ'

**တန်**။ ။ 'ကောင်းပြီ။ မာယဆိုတဲ့ ပတ္တမြားဟာ သူကို ပိုင်တဲ့ လူသုံးဦးကို သေခြင်းဆိုးနဲ့ သေစေခဲ့တယ်ဆိုတာ ခင်ဗျား မယုံကြည်ဘူးပေါ့'

**တင်**။ ။ 'ယုံတမ်းစကားတွေပါ'

**တန်**။ ။ 'ရှိစေဗျား၊ ကိုင်း ကျုပ်မှာ မာယ ပတ္တမြားတော့ဖြင့် မရှိဘူး။ သို့သော် အင်မတန် ထူးဆန်းတဲ့ ပစ္စည်းတစ်ခု 'ရှိတယ်' ဟု ပြော၍ ကို သိန်းတန်သည် အင်္ကျီအိတ်မှ သားရေအိတ်ငယ်တစ်ခုကို ထုတ်ပြီးနောက် ၎င်းမှ ကျောက်နီတစ်လုံးကို ထုတ်ပြလေ၏။ ၎င်းမှာ သုံးရတီခန့်မျှ ရှိလေရာ အလွန်တရာ အရည်ကောင်းလှသည် ဖြစ်သောကြောင့် မီးရောင်တွင် မီးခဲ ကလေး တစ်ခဲကဲ့သို့ ရဲရဲနီလျက် ရှိလေ၏။

**တန်**။ ။(လက်ဝါးပြင်၌ တင်ပြလျက်) 'မလှဘူးလားဗျာ'

**တင်**။ ။ 'ကောင်းပါပေဗျာ။ တွင်းထွက် အစစ်လားဗျို့။ အစစ်ဆိုလျှင်တော့ အနည်းဆုံး ငါးထောင်တန်မယ်ဗျို့၊ ကျုပ် နည်းနည်း နားလည်တယ်'

**တန်**။ ။ 'တွင်းထွက်ပတ္တမြား မဟုတ်ဘူးဗျာ။ ပြင်သစ်ကျောက်ပါ။ ဒီ ကျောက်၏ အရင်းမူလကတော့ တိဘက်ပြည်မှာ ရှိတဲ့ ဆင်းတုတော် တစ်ဆူ ၏ မျက်လုံးတဲ့ဗျ။ အိန္ဒိယပြည်က ကုလားကလေးတစ်စု ရောက်သွားပြီး နောက်တောက်တောက်နှင့် ဆင်းတုတော် မျက်လုံးကို ထုတ်ယူလာခဲ့ကြသတဲ့။ ကျုပ်လက်ကို ဒီကျောက်ရောက်ပုံ အဖြစ်အပျက်ကိုတော့ အကျယ်တဝင့် မပြောပါရစေနှင့်တော့။ ဒီကျောက်နှင့် စပ်လျဉ်းတဲ့ ထူးဆန်းသော အခြင်း အရာတစ်ခုကိုသာ ကျွန်တော် ပြောပြပါတော့မယ်။ တိဘက်ပြည်က ရဟန်း တော်များ၏ ကျိန်စာဆိုခြင်းအတွက်ကြောင့် ဒီကျောက်ဟာ သူ၏ လက်ဝါး ပြင်မှာ ကိုင်ထားသည် ဖြစ်စေ အသားနှင့် ထိအောင် ဝတ်ထားသည် ဖြစ် စေ အချိန်တာရှည်စွာ ပြုခဲ့လျှင် ထိုသူဟာ သေရမယ် ဆိုတဲ့ဗျ။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြားရဖူးတယ်။ ကျုပ်တော့ဖြင့် သင်္ဘောသား တစ်ယောက်ဆီက ငါး ကျပ်ပေးပြီး ဝယ်ယူလိုက်တာပဲ။ စမ်းတော့ မစမ်းရသေးဘူး' ဟု ပြော၍ ကိုသောင်းတင် မျက်နှာကို ကြည့်လေ၏။ ထိုအခါ ကို သောင်းတင်သည် နံဘေးနှစ်ဘက်ကို လက်ဖြင့် နှိပ်ကာ ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ၎င်းနောက်

**တင်။** ။ 'ဘယ်လောက်ကြာကြာ ကိုင်ထားရမတဲ့လဲဗျာ'

**တန်။** ။ 'ဒါတော့ ကျုပ် သေသေချာချာ မသိဘူး'

**တင်။** ။ 'ဒီဟာ ခင်ဗျား ယုံကြည်သလား'

**တန်။** ။ 'ယုံတယ်လည်း 'မဟုတ်ဘူး၊ မယုံဘူးလည်း မဟုတ်ဘူး။ သို့သော် ကျုပ် ကိုယ်တိုင်တော့ ဘယ်နည်းနှင့်မှ မစမ်းလိုဘူး။ ကေန်ပဲ'

**တင်။** ။ 'ကောင်းပြီ ကျုပ်တော့ လုံးလုံး မယုံဘူး။ ဒီခေတ်အခါကြီးမှာ ဒီဟာမျိုးတွေ မရှိနိုင်တော့ဘူးလို့ ကျုပ် ယူတယ်။ ကျုပ် ယူဆပုံ မှန်ကန် ကြောင်းကိုလည်း ထင်ရှားအောင် ကျုပ် ပြမယ်။ ကိုင်း ဒီလိုလုပ်။ ကျုပ် လက်နှင့် ဆုပ်ပြီး တစ်ညလုံး ကျုပ် အိပ်ပြမယ်။ ကျေနပ်ပြီလား'

ထိုအခါ အိမ်ရှင် ကိုဘစံ၏ မိန်းမ မသိန်းညွန့်သည် မိန်းမသားဖြစ် သည်အတိုင်း ကြောက်ရွံ့စွာနှင့် မစမ်းသပ်ရန် တောင်းပန်လေ၏။

**တန်။** ။ (ဦးခေါင်းရမ်းလျက်) 'မလုပ်ပါနှင့်ဗျာ့ ကိုသောင်းတင်။ မတော် တဆ တစ်စုံတစ်ခု ဖြစ်သွားလျှင် ကျုပ်ပါ ဒုက္ခရောက်နေပါမယ်ဗျာ။ မ ကောင်းပါဘူး။ မလုပ်ပါနှင့်'

အိမ်ရှင်ကိုဘစံနှင့် အခြားဧည့်သည်များကလည်း ဝိုင်းဝန်း၍ တောင်း ပန်ကြလေ၏။ ကိုသောင်းတင်မှာမူ သူတစ်ပါးတို့က တောင်းပန်ကြလေလေ မိမိ၏ ထင်မြင်ချက် မှန်ကန်ကြောင်းကို ပြလိုသော စိတ်ထက်သန်လာ လေလေ ဖြစ်ပြီးလျှင် ခေါင်းမာလျက် ရှိနေလေ၏။ ကျွန်တော်နှင့် တကွ အခြား ဧည့်သည်များသည် ကိုသောင်းတင်အား မစမ်းသပ်ရန် တောင်းပန်ကြ စေကာမူ စိတ်ထဲ၌ကား ထိုသို့ စမ်းသပ်ခြင်းကို ကြည့်လိုသောစိတ် စင် စစ် ရှိကြ၏။ သို့ဖြစ်သောကြောင့် ကျွန်တော်တို့သည် ဝတ်ကျေဝတ်ကုံ



တောင်းပန်၍ မရသောအခါတွင် သူ့ထိုက်နှင့် သူ့ကံရှိပစေ၊ ငါတို့ ကြည့်ရ လျှင် ပြီးစေသော သဘောမျိုးနှင့် ခပ်ဆိတ်ဆိတ် ရှိနေကြလေ၏။ ကိုသိန်းတင် တစ်ဦးတည်းသာလျှင် ပစ္စည်းရှင် ဖြစ်နေသောကြောင့် ထပ်ခါတလဲလဲ တောင်းပန်လျက် ရှိနေလေ၏။ နောက်ဆုံး၌ အိမ်ရှင် ကိုဘစံက

**စံ။** ။ 'ကျွန်တော်တို့ ဝတ္တရားတော့ ကုန်ပြီလေ ကိုသိန်းတန်ရဲ့။ ဒီအထဲ ကမှ သူက စမ်းချင်သေးတယ် ဆိုလျှင် အကယ်၍ တစ်စုံတစ်ခု ဖြစ်ခဲ့လို့ ရှိလျှင် ခင်ဗျားအတွက် ဘာမှ မဖြစ်နိုင်ပါဘူး။ ကျုပ်တို့ အားလုံး သက်သေရှိ နေပြီကော။ ဒီလောက်တောင် သူက စမ်းချင်မှ စမ်းပါစေတော့ဗျာ'

**မသိန်းညွန့်။** ။ 'ရှင်ကလည်း မဟုတ်တာဘဲ ရှင်။ မတော်တဆ.....'

**စံ။** ။'ငါတို့ ပြောလို့မှ သူက မရဘဲ။ ဘယ့်နှယ် တတ်နိုင်မလဲ'

**ညွန့်။** ။ 'သူတို့ စမ်းချင်လျှင် တခြားမှာ စမ်းပေစေရှင်။ ဒီအိမ်မှာတော့ မတော်ဘူး'

**စံ။** ။ (သိလိုသောစိတ်ကို မချုပ်တည်းနိုင်သဖြင့် တာဝန်ကို မကြောက်ဘဲ) 'ဒီအိမ်မှာပဲ စမ်းပေစေ။ တကယ်ဆိုတော့ သက်သေတွေ အများကြီးကပဲ'

**တင်။** ။ 'ဘာမှလည်း မဖြစ်နိုင်ပါဘူးဗျာ။ စိတ်သာချပါ။ ကျွန်တော်လို အကောင်မျိုး သေနိုင်ပါမလားဗျာ' ဟု ပြောလျက် ပြည့်ဖြိုးသော ရင်ဘတ်ကြီး ကို ကော့ကာ လက်မောင်းများကို ဆန့်တန်း၍ ပြလေ၏။

နောက်ဆုံး၌ ထိုကိစ္စကို ထိုအိမ်၌ပင် ပြီးပြတ်စေခြင်းငှာ ထိုည ထိုအိမ်၌ပင် စမ်းသပ်ကြရန် သဘောတူညီကြသည်။ အိမ်ရှင်မက ထိတ်လန့် သည် မှန်သော်လည်း သိလိုသော သဘောသည် လူတိုင်း၌ ရှိနေသည်ဖြစ် သောကြောင့် ညည်းညည်းတွားတွားနှင့် သဘောတူရလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ဧည့်ခံခန်း၌ ထိုင်၍ 'ပိုကာ' ကစား လျက် ရှိကြရာ ကိုသိန်းတန်သည် ငွေ တစ်ဆယ်မျှ ရှုံးပြီ ဖြစ်သောကြောင့် တော်လောက်ပြီဟု အကြံပေးချက်အရ အားလုံး သဘောတူ ရပ်စဲပြီးလျှင် အိပ်ရန် ပြင်ဆင်ကြလေ၏။

အိမ်ရှင်မနှင့် သမီးများသည် ကျွန်တော်တို့ ဧည့်သည် ငါးဦးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်း၌ပင် သင်ဖြူးခေါင်းအုံးများမှစ၍ အိပ်ရာခင်းကျင်း ပြင်ဆင်ပေးလေ၏။ အိပ်ရာသို့ ဝင်ကြမည် ပြုသောအခါတွင် ကိုသောင်းတင်က ယခင်က ကျောက်ကို မိမိ၏ လက်ဝါး၌ ထည့်၍ လက်သီးဆုပ်ထားပြီးမှ လက်ကိုင်ပဝါနှင့် စည်းပေးရန် ပြောသည်တွင် ကျွန်တော်နှင့် အခြားဧည့်သည် တစ်ယောက်သည် ထိုအတိုင်းပင် ပြုလုပ်၍ ပေးကြလေ၏။

ထို့နောက် အသီးအသီး အိပ်ရာသို့ ဝင်ကြလေရာ ကိုသောင်းတင်သည် ကျွန်တော်နှင့် ကိုသိန်းတန်တို့ နှစ်ယောက်၏ အလယ်မှ အိပ်လေ၏။ အိမ်ရှင်သည် ဧည့်ခန်း၌ ထွန်းထားသော မီးအိမ်ကို လုံးလုံး မငြိမ်းဘဲ အနည်းငယ်မျှ မှိန်ထားပြီးနောက် ၎င်း၏ အိမ်ခန်းသို့ ဝင်သွားလေ၏။ ကိုသိန်းတန်သည် မိမိကိုယ်တိုင် အိပ်ရာ၌ မလှဲသေးမီ ကိုသောင်းတင်အား ၎င်း၏ အကြံကို လျှော့၍ လက်ကိုင်ပဝါကို ဖြေခွင့်ပြုရန် နောက်ဆုံးအကြိမ် တောင်းပန်လေရာ ကိုသောင်းတင်က မည်သို့မျှ ပြန်၍ မပြောဘဲ ရယ်မောကာသာလျှင် နေသည်နှင့် လက်လျှော့ပြီးလျှင် အိပ်ရာ၌ လှဲလေ၏။

ကိုသောင်းတင်မှာ အိပ်ကောင်းစားကောင်း ဖြစ်သည်နှင့် ကျန်းမာဝဖြိုးသော လူတစ်ယောက် ဖြစ်ပေရာ ထိုည၌လည်း ၎င်း၏ စိတ်ထဲ၌ အနည်းငယ်မျှ အနှောင့်အယှက် အထိတ်တလန့် ရှိဟန်လက္ခဏာ မရှိသောကြောင့် အိပ်ရာသို့ ဝင်ပြီးသည်နောက် ငါးမိနစ်ခန့်အတွင်း၌ပင် အိပ်ပျော်ခြင်းသို့ ရောက်၍ ဟောက်သံများ ကြားကြရလေ၏။ ကျွန်တော်နှင့်တကွ အခြားဧည့်သည် သုံးယောက်တို့မှာမူ ကာယကံရှင်ကိုယ်တိုင်ကဲ့သို့ မဟုတ်ဘဲ စိတ်ထဲ၌ ထိတ်လန့်ခြင်း မကင်းအောင် ရှိနေသည် ဖြစ်၍ ရုတ်တရက် အိပ်မပျော်နိုင်ဘဲ ကိုသောင်းတင်၏ ဟောက်သံများကို အံ့ဩစွာနှင့် ကြားလျက် ရှိနေကြ၏။ ကျွန်တော်တို့၏ အံ့ဩခြင်းမှာ ကိုသောင်းတင်၏ ရုတ်တရက် အိပ်ပျော်နိုင်သော အဖြစ်ပင် ဖြစ်လေသည်။ မည်သို့ပင် ဖြစ်စေ ကျွန်တော်တို့သည် ကိုသောင်းတင်၏ ရဲရင့် ခိုင်ခံ့သော စိတ်ကို ချီးမွမ်းမိကြ၏။

ကျွန်တော်တို့ အိပ်ရာသို့ ဝင်ကြသောအခါ၌ ဆယ်နှစ်နာရီ ထိုးပြီး



ပြီဖြစ်ရာ ကျွန်တော်သည် နာရီကြီးမှ တစ်ချက်ထိုးသံ၊ နှစ်ချက်ထိုးသံ၊ နှစ်ချက်ခွဲသံတိုင်အောင် ကြားရပြီးနောက် အိပ်ပျော်သွားလေ၏။

ကျွန်တော်မှာ မည်မျှလောက် ကြာအောင် အိပ်လိုက်ရသည် မသိ။ အိမ်ရှင် ကိုဘစံက လှုပ်၍ နှိုးသောကြောင့် ကယောင်ကတမ်းနှင့် ထိုင်ပြီးလျှင် မျက်လုံးများကို ပွတ်၍ ကြည့်နေစဉ်

'သေရှာပြီဗျ။ သေရှာပြီ'

'ဘယ်သူ သေတာလဲဗျာ။ ခင်ဗျားကလည်း အလန့်တကြား'

ကျွန်တော်သည် ကျွန်တော်၏ အနီးတွင် ယှဉ်လျက် အိပ်နေသော ကိုသောင်းတင်ကို ကြည့်လိုက်သောအခါ ကိုသောင်းတင်မှာ ပက်လက်လှန်ကာ အိပ်ပျော်နေသလို ငြိမ်လျက် ရှိ၏။ ၎င်းနောက် ကျွန်တော်သည် ၎င်း၏ ရင်ဘတ်ကို လက်ဖြင့် စမ်းသပ်၍ ကြည့်ရာတွင် ၎င်း၏ နှလုံးသည် မလှုပ်မရှား ငြိမ်သက်စွာ ရှိနေသည် ဖြစ်သောကြောင့် ကိုဘစံ ပြောသည်အတိုင်း ဟုတ်ချေပြီဟု ထိတ်လန့်စွာနှင့် ခုန်၍ ထလိုက်လေ၏။

ထိုအခါ၌ကား အားလုံးသော ဧည့်သည်များနှင့်တကွ အိမ်သားများသည် နိုးကြားလျက် ရှိကြပြီ ဖြစ်ရာ အိမ်ရှင် ကိုဘစံက ဧည့်သည်များအား ပြောပြသည်မှာ

'ကျွန်တော်မှာ တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ကိုသောင်းတင် ဟောက်သံကြီးကို နားထဲမှာ ကြားပြီး ဟိုဘက်စောင်း ဒီဘက်စောင်းလုပ်နေ။ အပြင်ထွက်လာတော့ ခင်ဗျားတို့ အားလုံး အိပ်ပျော်နေတာကို တွေ့ရတယ်။ ကိုသောင်းတင်ကိုတော့ ပက်လက်ကြီးပဲ တွေ့ရတယ်။ ဒီတော့ ကျွန်တော်က ပက်လက်အိပ်ပါလျက်နှင့် ဘာကြောင့် မဟောက်ပါလိမ့်မလဲလို့ ဝမ်းဗိုက်ကို ကြည့်လိုက်တော့ အသက်မရှူဘူး ငြိမ်လို့ဗျ။ ဒီတော့မှ ကျွန်တော်က ရင်ဘတ်ကို စမ်းကြည့်တယ်။ ဒီတော့လည်း ငြိမ်လို့ပဲ။ ဒါကြောင့် ခင်ဗျားတို့ အားလုံးကို ကျုပ် နှိုးရတယ်။ တစ်ခါတော့ ခက်ကုန်ပြီဗျို့။ ကျုပ်ဖို့တော့ ဒုက္ခပဲ'

ထိုအခါ ကျွန်တော်တို့ အားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျက် စကားမပြောနိုင်ဘဲ ရှိကြလေရာ မသိန်းညွန့်က လင်ယောကျ်ားအား ပြစ်တင်ပြောဆိုသောအခါမှ ကျွန်တော်တို့မှာ လျှာများ လှုပ်ရှားနိုင်သောအဖြစ်သို့ ရောက်လာကြလေ၏။ ကိုသိန်းတန်မှာမူ ဦးခေါင်းကို ရမ်းကာ ကိုသောင်းတင်၏ အလောင်းကို ကြည့်လျက် ရှိလေ၏။

**စံ။** ။ 'ကိုင်း ကျုပ်တို့ ဘယ့်နှယ်လုပ်ကြမယ်'

**ကျွန်တော်။** ။ 'ဆရာဝန် ခေါ်ပြမှာပေါ့'

**စံ။** ။ 'ခေါ်ပြတော့ ဟုတ်ပြီ။ သူ့လက်က ကျောက်ကို ဘယ်လိုများ လုပ်ကြမလဲ။ ဖြုတ်ယူထားမလား။ ဒီအတိုင်းပဲထားကြမလား'

**ကျွန်တော်။** ။ 'ဖြုတ်ယူထားလျှင် ကောင်းမယ် ထင်တယ်။ သူက အသောက်သမား ဆိုတော့ ဆရာဝန် စစ်ဆေးကြည့်လျှင် နှလုံးရောဂါလို့ ဆိုမှာပဲ။ ဒီအတိုင်းထားလျှင် ကျောက်ကျောက်ဆူသွားကုန်လိမ့်မယ်။ မဟုတ်ဘူးလားဗျ ကိုသိန်းတန်'

**တန်။** ။ 'ဟုတ်တော့ ဟုတ်ပါရဲ့။ ခင်ဗျားတို့က ကျုပ်အပေါ်မှာ တစ်သက်လုံး သင်္ကာမကင်း ဖြစ်ဖို့ ရှိနေလိမ့်မယ်။ ဒီတော့ကာ ဒီကျောက်ဟာ ဘာမှ မဟုတ်၊ စင်စစ် ချက်ကျောက်တစ်လုံးမျှသာ ဖြစ်ကြောင်းကို ကျုပ်တို့အချင်းချင်း အတိအလင်း သိစေခြင်းငှာ တစ်ယောက်ယောက်က ဒီကျောက်ကို ဓာတုဗေဒဆရာကြီး တစ်ယောက်ယောက်ထံ သွားပြီး ပြစေလိုပါတယ်'

**စံ။** ။ 'မဆိုင်တာဗျာ၊ ခင်ဗျားကို ကျုပ်တို့က ဘာမသင်္ကာစရာ အကြောင်းရှိသလဲဗျာ'

**တန်။** ။ 'မဟုတ်ပါဘူးဗျာ။ အခုရှုပ်မှ နောင်ရှင်းဆိုတဲ့ စကားရှိပါတယ်။ ဒီလိုမှ ခင်ဗျားတို့ မလုပ်လျှင် ကျောက်ကို ဖြုတ်ယူကြဖို့ ကျုပ် သဘောမတူနိုင်ဘူးဗျ'

**စံ။** ။ 'ကိုင်းဒါဖြင့် ရှိပါစေဗျာ။ ခင်ဗျား ပြောတဲ့အတိုင်း သွားပြဖို့ ကျုပ်တို့ တာဝန်ခံပါမယ်' ဟု ပြောပြီးနောက် အလောင်း၏လက်မှ လက်ကိုင်ပဝါကို ဖြေလေ၏။ ကိုဘစံသည် လက်ချောင်းများကို ဖြေပြီးနောက် ကျောက်ကို အလောင်း၏ လက်သီးဆုပ်မှ နုတ်ယူလေရာ ကျောက်မှာ လက်ဝါးမှ



လက်ဆီများအတွက်ကြောင့် အငွေ့သန်းလျက် ရှိသော်လည်း မွတ်လိုက်သောအခါ၌မူ ရှေးနည်းအတိုင်း အရောင် တဖျတ်ဖျတ် ထွက်လာလေ၏။ ၎င်းနောက် ကိုဘစံသည် ကျောက်ကို ကိုသိန်းတန်သို့ ပေးအပ်၍ ဆရာဝန်ထံ လူစေလွှတ်လေ၏။

တစ်နာရီခန့် ကြာသောအခါတွင် ဆရာဝန်ရောက်လာ၍ စစ်ဆေးမေးမြန်းလေ၏။ အိမ်ရှင်သည် ဆရာဝန်၏ မေးခွန်းများကို ဖြေဆိုရာတွင် ကိုသောင်းတင်မှာ အိပ်ရာကို ဝင်သောအခါတွင် ကောင်းစွာ ကျန်းမာလျက်ရှိကြောင်းနှင့် ပြောပြ၏။

'သောက်တတ်သလား'

'သောက်တတ်ပါတယ်'

'သူလို ငါလို သောက်တာမျိုးလား။ အားကြီးသောက်တာလား'

'တော်တော်များများ သောက်တတ်ပါတယ်'

'ဒီလူမျိုးဟာ တယ်ခက်တယ်။ တချို့သစ်သီးများလိုပဲ။ တချို့ သစ်သီးများဟာ အပြင်က ကြည့်လိုက်တော့ ဝင်းလို့ ထိန်လို့၊ အထဲမှာ ခွဲကြည့်လိုက်တော့ ပုပ်နေတာ တွေ့တတ်ရတယ်။ ဒီလူမှာလည်း ဒီလိုပဲ ရှိဟန်တူတယ်။ သို့သော် သေချာအောင် ရင်ခွဲရုံ တင်ကြည့်ရလိမ့်မယ်'

၎င်းနောက် ဆရာဝန်သွား၍ ကိုသောင်းတင်၏ ဆွေမျိုးများ ရောက်လာကြလေရာ ဆရာဝန်၏ အမိန့်အတိုင်း အလောင်းကို ရင်ခွဲရုံသို့ ပို့လိုက်ကြရလေ၏။ ကိုသောင်းတင်မှာ လူပျိုကြီးဖြစ်၍ လာရောက်သော ဆွေမျိုးများမှာ အစ်ကိုများနှင့် အစ်မများသာ ဖြစ်လေသည်။

အလောင်းကို ဆေးရုံကြီးမှ မော်တော်ကားနှင့် တင်ပို့ကြပြီးနောက် ကျွန်တော်တို့ ဧည့်သည်များသည် စိတ်နှလုံး မသာမယာနှင့် ထိုအိမ်မှ ခွဲခွာကြလေရာ သွားခါနီး၌ ကိုသိန်းတန်သည် ယခင်က ကျောက်ကို ဓာတုဗေဒဆရာတစ်ယောက်အား ပြသရန် ကျွန်တော့်အား သားရေအိတ်ငယ်နှင့် တကွ ပေးအပ်လိုက်လေ၏။ ခွာတ်ခွဲသော အခကိုလည်း ကိုသိန်းတန် ပေးရန် တာဝန်ခံလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နေ့အိမ်၌ ခေတ္တဝင်၍ ရေချိုးပြီးနောက် အင်္ဂလိပ်လူမျိုး ဓာတုဗေဒဆရာကြီး တစ်ယောက်ထံ သွားရောက်၍ မည်သည့်ကျောက်မျိုးဖြစ်ကြောင်းကို ဓာတ်ခွဲနည်းဖြင့် စမ်းသပ်ကြရန် အပ်နှံပြီးနောက် ကျသင့်သော အဖိုးအခကိုလည်း ပေးပါမည်ဟု တာဝန်ခံ၍ ပြန်လာခဲ့လေ၏။

ဓာတ်ခွဲဆရာကြီး ချိန်းဆိုသောနေ့၌ ကျွန်တော်သည် ၎င်းထံ သွားရောက် စုံစမ်းမေးမြန်းရာ ဆရာဝန်ကြီးက ထိုကျောက်မှာ သာမည ကျောက်တစ်ခုမျှ ဖြစ်၍ အဖိုးအနည်းငယ်မျှ မထိုက်တန်ကြောင်း ထိုကျောက်မှာ ထူးဆန်းသော ပုံသဏ္ဍာန်ဖြင့် သွေးထားခြင်းမှ တစ်ပါး ထူးခြားသော အချက် တစ်စုံတစ်ရာမျှ မရှိကြောင်းကို ပြောပြသဖြင့် ကျွန်တော်သည် ၎င်းတောင်းဆိုသည့် ငွေတစ်ဆယ့်ငါးကျပ်ကို ပေးပြီးနောက် ကျောက်ကို ယူခဲ့၍ အိမ်သို့ ပြန်လာခဲ့လေ၏။

ရင်ခွဲရုံမှ ဆရာဝန်၏ မှတ်ချက်မှာ သေလွန်သူ ကိုသောင်းတင်သည် နှလုံးရောဂါ ရှိသော လူတစ်ယောက်ဖြစ်ကြောင်း၊ ၎င်း ရောဂါမျိုးမှာ သာမညအားဖြင့် ကြည့်သောအခါတွင် မထင်ရှားသဖြင့် စွဲကပ်သူတို့မှာ လူကောင်း ပကတိကဲ့သို့ ရှိနေတတ်သော်လည်း အခိုက်အတန့် မသင့်ခဲ့လျှင် ရုတ်တရက် သေဆုံးတတ်ကြောင်း၊ ကိုသောင်းတင်၏ သေဆုံးပုံမှာ သာမညအားဖြင့် ကြည့်ခဲ့သော် ထူးဆန်းမည် ရှိသော်လည်း ထိုရောဂါမျိုး၏ ရာဇဝင်၌ ဤသို့သော သေဆုံးခြင်းမျိုးသည် အထူးအဆန်း မဟုတ်ကြောင်းများနှင့် ပါရှိလေသည်။

၎င်းနောက် နှစ်ပေါင်းများစွာ ကြာခဲ့သော အတောအတွင်း၌ ကျွန်တော်သည် ကိုသောင်းတင် သေဆုံးပုံအကြောင်းကို စဉ်းစားမိသည် အခါတိုင်း ကိုသောင်းတင်သည် တိဗက်ပြည်မှ ရဟန်းတော်များ၏ ကျိန်စာ သင့်ခြင်းကြောင့် ဖြစ်လေသလော၊ သို့တည်းမဟုတ် ဆရာဝန်များက မှတ်ချက် အတိုင်း နှလုံးရောဂါကြောင့်ပင် ဖြစ်လေသလော၊ သို့တည်းမဟုတ် ကျိန်စာသည် အခံရှိပြီး ဖြစ်သော နှလုံးရောဂါကို အားပေးမိသကဲ့သို့ ရှိလေသလောဟု မတွေးတောနိုင်အောင် ရှိခဲ့လေ၏။ စင်စစ်မှာ ကျွန်တော်၏ သဘော၌



နောက်ဆုံး တွေးထင်ချက်သည် အသင့်လျော်ဆုံး ဖြစ်သည်ဟူ၍ ဆုံးဖြတ်ချက်ချခဲ့သည်က များခဲ့ချေ၏။

ကျွန်တော်၏ စိတ်၌ ကိုသောင်းတင်၏ သေဆုံးရပုံအကြောင်းသည် နှစ်ကာလ ရှည်လျားသဖြင့် ဓမ္မတာသဘောအလျောက် မေ့တော့မည်ကဲ့သို့ ရှိနေစဉ် ၎င်းနှင့် စပ်လျဉ်း၍ မမေ့နိုင်လောက်သော အခြင်းအရာတစ်ခု ပေါ်လာခဲ့ပြန်လေ၏။

တစ်နေ့သ၌ ကျွန်တော်သည် ကုန်သည်လမ်း၌ ရှိသော 'ဘားမားဟောက်စ်' ခေါ် မြန်မာပြည်ဖြစ် ကုန်ပစ္စည်း အသစ်များနှင့် အဟောင်းများ ရောင်းချသည့် ဆိုင်တစ်ဆိုင်သို့ ရောက်သွား၍ ထုံးစံအတိုင်း ပစ္စည်းဟောင်းများကို ကြည့်ရှုလျက် ရှိစဉ် ဆိုင်ရှင်သည် ပစ္စည်းဟောင်း ကြိုက်တတ်သော ကျွန်တော်၏ သဘောကို သိသည်နှင့် 'နေဦးဗျာ၊ ခင်ဗျားကြိုက်တတ်တဲ့ ပစ္စည်းတစ်ခု ကျွန်တော် ပြဦးမယ်' ဟု ပြောပြီးလျှင် ချောင်ထဲသို့ ဝင်သွားလေ၏။

ထိုသူ ထွက်လာသောအခါတွင် ဆင်းတုတော်တင်ရန်အတွက် ပလ္လင်တစ်ခုကို လက်တွင်ကိုင်လျက် ပါလာလေ၏။ ၎င်းပလ္လင်မှာ အမြင့် ခြောက်လက်မခန့်မျှ ရှိ၍ မှန်စီရွှေချဖြစ်လေရာ အိမ်ခေါင်းရင်းရှိ ကျောင်း ဆောင်တွင် ဆင်းတုတော် တင်၍ ကိုးကွယ်ရန်အတွက် သင့်လျော်သော ပလ္လင်ကလေး ဖြစ်ပေ၏။ ကျွန်တော်သည် အသစ်ဆောက်ပြီးခါစ ဖြစ်သောအိမ်၌ ကျောင်းဆောင်ထည့်ထားသည် ဖြစ်၍ ထိုကျောင်းဆောင်တွင် ဤပလ္လင်နှင့် ဆင်းတုတော် တင်၍ ကိုးကွယ်ရသော် ကောင်းမည်ဟု အကြံရသည်နှင့် ပလ္လင်ကို ဈေးမဆစ်မီ သေချာစွာ ကြည့်ရှုလေ၏။

၎င်းပလ္လင်ကလေးမှာ ဖော်ပြခဲ့ပြီးသည်အတိုင်း မှန်စီရွှေချ ဖြစ်၍ မှန်များမှာ မြတု စိန်တု ပတ္တမြားတု နီလာတု ဖြစ်သောကြောင့် အစိမ်း အဖြူ အနီ အပြာစသည်ဖြင့် အရောင်လေးမျိုး ရှိသည်ကို တွေ့ရပေ၏။ ယင်းသို့ ရှိရာ တစ်ခုသော နေရာ၌မူ ကွက်လပ်တစ်ခု ရှိနေသည် ဖြစ်၍ ထိုနေရာ၌ ကျောက်ပြုတ်၍ ကျနေကြောင်း ထင်ရှားပေ၏။ ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ဆိုင်ရှင်အား ပြောပြ၍ ကျွတ်ကျသော ကျောက်သည် မည်သည့် အရောင်မျိုး ဖြစ်ရမည်ကို သိစေခြင်းငှာ ကျန်ရစ်သော ကျောက်များကို ကြည့်ရှုတွက်ချက်ကြလေရာ ကွက်လပ်ဖြစ်နေသော နေရာမှ ကျွတ်ကျသော ကျောက်မှာ အနီရောင် ဖြစ်ရမည်အကြောင်းကို သိရှိကြရလေ၏။ ထိုအခါ ဆိုင်ရှင်က 'ဒီကျောက်မျိုး အဖိုးမတန်ပါဘူးဗျာ၊ တစ်မတ်သုံးပဲ ပေးဝယ်လျှင် ရပါတယ်' ဟု ပြောလိုက်၏။ ထိုသို့ ပြောသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကိုသောင်းတင် သေဆုံးစဉ်အခါက ကျောက်အကြောင်းကို သတိရ၍ ထိုကျောက်ကိုလည်း စားပွဲအံဆွဲ၌ ပစ်ထည့်လိုက်ဖူးကြောင်းကိုလည်း စိတ်ထဲ၌ ပေါ်လာလေ၏။

သို့ဖြစ်၍ ကျွန်တော်သည် ၎င်းပလ္လင်ကလေးကို အဖိုးချိုသာစွာနှင့် ဝယ်၍ အိမ်သို့ ဆောင်ယူခဲ့ပြီးလျှင် စားပွဲအံဆွဲကို ဖွင့်ကြည့်ရာ ယခင်က ကျောက်မှာ မြူမှုန်များ ဖုံးအုပ်လျက် ရှိသည်ကို တွေ့ရလေ၏။ ထို့နောက် ကျွန်တော်သည် ပလ္လင်ကလေးကို စားပွဲပေါ်တွင် တင်၍ ကွက်လပ် ဖြစ်နေသော နေရာ၌ ထိုကျောက်ကို ထည့်သွင်းကြည့်ရှုရာ အံကျလျက် ရှိသည်ကို တွေ့ရလေ၏။ ထိုကျောက်သည် ၎င်းကွက်လပ်၌ အံကျအောင် ဝင်သွားသည်သာမက ကွက်လပ်ကို သေချာစွာ မှန်ဘီလူးနှင့် ကြည့်ရှုသောအခါ တွင်လည်း ၎င်း၌ ရှိသော အဖုအချိုင့်ကလေးများသည် ကျောက်တွင် ရှိသော အဖုအချိုင့် ကလေးများနှင့် မြူမှုန်ခန့်မျှ မကွဲဘဲ လုံးလုံးကြီး ကိုက်လျက် ရှိသည်ကို တွေ့မြင်လေရကား များစွာ အံ့သြခြင်း ဖြစ်မိ၏။ ထိုကျောက်သည် ၎င်းကွက်လပ်၌ အံကျလျက် ရှိခြင်းမှာ ကံအားလျော်စွာ ဖြစ်စေကာမူ ဖော်ပြခဲ့ပြီးသော အဖုအချိုင့် ကလေးများပါ အလုံးစုံ ကိုက်လျက် ရှိရခြင်းမှာ ကံအားလျော်စွာ မဟုတ်နိုင်ချေ။ ထိုကျောက်သည် ထိုပလ္လင်မှ ကျွတ်၍ ကျဖူးသော ကျောက်ဖြစ်ရမည်ဟူ၍ ကျွန်တော် ဆုံးဖြတ်မိ၏။ ယင်းသို့ ဖြစ်ခဲ့ပါလျှင် ကိုသိန်းတန်သည် ကျွန်တော်တို့အား လိမ်လည် လှည့်ဖြား၍ ပြောခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် ၎င်းကိုယ်တိုင် လှည့်ဖြားခြင်း ခံခဲ့ရလေသလောဟု စဉ်းစားမိ၏။ သို့ပင်ဖြစ်စေ ကျွန်တော်သည် ဤကိစ္စကို



သဲကွဲအောင် စုံစမ်းအံ့ဟု အကြံဖြစ်ပေါ်၍ အလုပ်တိုက်မှ ကိုသိန်းတန်ထံ တယ်လီဖုန်း ဆက်ပြီးလျှင် အိမ်သို့ လာရန် ချိန်းဆိုလိုက်၏။

ထိုနေ့ ညနေ၌ ကျွန်တော်သည် ကိုသိန်းတန် လာမည်ကို အိမ်မှ စောင့်ဆိုင်းလျက် ရှိစဉ် ပလ္လင်ကလေးကို အလွယ်တကူ ထိုသူ မြင်စိမ့်သောငှာ စားပွဲပေါ်တွင် တင်ထားလေ၏။

ကိုသိန်းတန်သည် အိမ်ပေါ်သို့ တက်လာ၍ ပလ္လင်ကလေးကို မြင်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် တန့်ခနဲ ရပ်သွားလေ၏။ ထို့နောက် ၎င်းအနီး၌ပင် ချထားသော ချက်ကျောက်ကို မြင်ပြန်၍ ကိုသိန်းတန်သည် မသိမသာကလေးမျှသော ပြုံးခြင်းဖြင့် ပြုံးလျက် ကျွန်တော်၏ ဘက်သို့ လှည့်၍ 'ဘားမားဟောက်စ်က ကိုခင်မောင်နှင့် ခင်ဗျား သိသကိုး' ဟု ပြောကာ ကုလားထိုင်တွင် ထိုင်လျက် စီးကရက်တစ်လိပ်ကို မီးညှိလေ၏။ ထိုအခါ ကျွန်တော်က ဣန္ဒြေကြီးသော မျက်နှာနှင့် 'ဤအကြောင်းကို ခင်ဗျား တစ်ဆိတ်လောက် ရှင်းလင်းပြရင် ကောင်းမယ် ထင်တယ်'

**တန်**။ ။ 'ဘာအကြောင်းလဲ မိတ်ဆွေ။ သောင်းတင်သေတဲ့ အကြောင်းလား။ ဒီဟာက-အစကတည်းက အရှုပ်ကြီးကပဲ။ ဒီ အကောင်ကို ကျုပ် သတ်လိုက်တာပဲ'

**ကျွန်တော်**။ ။ (ငေါက်လျက်) 'ခင်ဗျား သတ်တယ် ဟုတ်လား။ တော်ပါပေ.....'

**တန်**။ ။ 'တိုးတိုး ဆရာ တိုးတိုး။ ဒီလောက် မကျယ်ပါနှင့်။ ဒီအကောင် ကျုပ် သတ်ချင်နေတာ ကြာလှပြီ။ ဒီ အကောင်မျိုးဟာ လူ့ပြည်မှာ ကြာကြာ ထားလို့ ကောင်းတဲ့ အကောင်မျိုး မဟုတ်ဘူးဗျ။ အင်မတန် ယုတ်မာတဲ့ လူစားမျိုးဗျ။ ဒီအကောင်က ကျွန်တော့် နမကိုလည်း ဖျက်ဆီးတယ်။ ကျွန်တော့် မယားကိုလည်း ကြာခိုဖို့ ကြံစည်သေးတယ်။ ကောင်းနိုင်သေးရဲ့လားဗျာ။ သို့သော် သူယုတ်မာပုံတွေ ကျုပ်မပြောလိုက်တော့ပါဘူးဗျာ။ ခင်ဗျား သိလိုတဲ့ အချက်ကိုသာ မေးပါတော့'

**ကျွန်တော်**။ ။ 'ဒီလူ မကောင်းဘူးဆိုတာတော့ ကျုပ်တို့လည်း ရိပ်မိတန်

www.burmeseclassic.com

www.burmeseclassic.com



သလောက် ရိပ်မိပါတယ်။ သို့သော်လည်း ခင်ဗျား အမူက လူသတ်မှုကြီး ဆရာရဲ့'

**တန်။** ။ 'လူသတ်မှုဖြင့် ဘာဖြစ်သလဲ'

**ကျွန်တော်။** ။ 'ဥပဒေအတိုင်း ဆိုလျှင်.....'

**တန်။** ။ 'ဥပဒေ၊ ဘာဥပဒေလဲ။ သူ့ကို ကျုပ်က တရားစွဲလျှင် ဥပဒေက ဘာလုပ်နိုင်သလဲ။ ဥပဒေက မတတ်နိုင်လေတော့ ကျုပ်ကိုယ်တိုင် ဥပဒေလုပ်ပြီး စီရင်လိုက်တယ်ဗျာ။ ခင်ဗျား ဘာပြောချင်သလဲ'

**ကျွန်တော်။** ။ 'ကျုပ်ကတော့ ဘာမှ မပြောချင်ပါဘူး၊ တရားနည်းလမ်းအတိုင်း ထိမ်ချန်မှု မဖြစ်အောင်ဟာ ဂါတ်ကို တိုင်ချက်ပေးဖို့ ရှိတာပါပဲ'

**တန်။** ။ (ဦးခေါင်းကို ရမ်းလျက်) 'ကျုပ်သာ ခင်ဗျား ဖြစ်လျှင် မတိုင်ဘူးဗျာ။ ဒီကျောက်ကို သူကိုင်ပြီး အိပ်ပါမယ်ဆိုတော့ ကျုပ်က မတားဆီးဘူးလား။ ခင်ဗျားတို့ကပါ အားလုံး ဝိုင်းပြီး သဘောတူကြလို့ သူသေသွားရတယ် မဟုတ်ဘူးလား။ ဆရာဝန်ကို ခေါ်ပြီး ပြမယ်လုပ်တော့ကော။ ကျောက်ကို ဖြုတ်ယူထားနှင့်ဖို့ ကျုပ်က အကြံပေးသလား။ ကျောက်ကို ဓာတုဗေဒဆရာကြီး တစ်ယောက်ထံ ပြကြည့်လို့ ကျုပ်ကပဲ အကြံပေးတယ် မဟုတ်ဘူးလား။ ကျောက်ကို ယူပြီး ဆရာကြီးထံ ခင်ဗျားပဲ သွားပြတယ် မဟုတ်ဘူးလား၊ ရင်ခွဲရုံက ဆရာဝန်ကြီးက ဘယ်လို မှတ်ချက် ရေးခဲ့သလဲ။ ခင်ဗျား မသိဘူးလား။ ဒီတော့ကာ ခင်ဗျား တိုင်ချက်ပေးလျှင် ဂါတ်က ဘယ့်နှယ် ထင်မလဲ။ ခင်ဗျားဟာ လူရူးတစ်ယောက်ပဲလို့ ထင်လျှင် ထင်မယ်။ ဒီလို မထင်လျှင် ခင်ဗျားတို့လည်း အားပေးကူညီတယ်လို့ ထင်မယ်။ ဘယ်လိုပဲ ထင်ထင် ခင်ဗျားတို့တော့ ဧကန်အပြစ် မကင်းဘူး။ ဒီတော့ကာ အလျင်စလို မလုပ်လေနှင့်။ စဉ်းစဉ်းစားစား လုပ်ပါ ဆရာကြီး'

**ကျွန်တော်။** ။ 'ခင်ဗျား ဘယ်ပုံ သတ်သလဲ'

**တန်။** ။ 'အဆိပ်ပေါ့ဗျာ။ ရှေးနည်းအတိုင်း ဖော်တဲ့ အဆိပ်ပေါ့။ သို့သော် ဒီနည်း 'ကွယ်နေတာ ကြာလှပြီ။ ကျုပ်တို့ ဘိုးက ဆေးဆရာကြီးဗျ။ သူ့ပုရပိုက်ထဲမှာ တွေ့တဲ့ နည်းပဲ။ ဒီအဆိပ်က လျှာနှင့် ထိမှ မဟုတ်ဘူး၊



လက်နှင့် ကြာကြာ ထိလျှင် သေတော့တာပဲ။ ဒါလောက်ကောင်းတဲ့ အဆိပ်ပဲ'

**ကျွန်တော်။** ။ 'ဓာတုဗေဒဆရာကြီး.....'

**တန်။** ။'သူ ဘာတွေ့မလဲ၊ ခင်ဗျားကို ကျောက်အပ်လိုက်တော့ ကျုပ်က သုတ်ပြီးနှင့်ပြီ။ ကိုင်း ကျုပ် ပြန်ဦးမယ်'

ကျွန်တော်က တားဆီးခြင်း မပြုသဖြင့် ကိုသိန်းတန်သည် အိမ်ပေါ်မှ ဆင်းသွားလေရာ ကျွန်တော်မှာ ကုလားထိုင်၌ ငေးမှိုင်ကာ စဉ်းစားနေပြီးနောက် စိတ်ပေါက်၍ လာသည်နှင့် ထိုကျောက်ကို စားပွဲပေါ်မှ ကောက်ယူပြီးလျှင် ကျောက်လမ်းပေါ်သို့ ပစ်ခွဲလိုက်လေ၏။ ကိုသိန်းတန်သည် မိမိ၏ ရှေ့၌ အစိတ်စိတ် အမွှာမွှာ ကျကွဲသော ကျောက်ကို မြင်သည်နှင့် အိမ်ပေါ်သို့ မော့ကြည့်၍ ပြုံးရယ်ကာ ခေါင်းငြိမ့်ပြီးလျှင် ထွက်သွားလေ၏။

ကျွန်တော်မှာမူ ယနေ့ထက်တိုင် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု မဆေခွဲနိုင်အောင် ရှိနေခဲ့လေသတည်း။

❖

www.burmeseclassic.com

www.burmeseclassic.com

## ဘုန်းကြီးတစ္ဆေ

ဝတ်လုံတော်ရ ကိုလှထွန်းသည် ကျောင်းဆရာမ မစိန်ညွန့်နှင့် ထိမ်းမြား လက်ထပ်မည်ဟူ၍ သတင်းစာများ၌ ပါရှိသော ကြော်ငြာကို တွေ့မြင်ရသူ မိတ်ဆွေအပေါင်းတို့သည် နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ရှိနေကြ၏။ အကြောင်းမူကား နှစ်ဦးလုံးသော သူတို့သည် စိတ်နှလုံး ကောင်းမွန်လှ၍ လူချစ်လူခင် ပေါများသောကြောင့် ဖြစ်ပေသည်။ ထို့ပြင် သတို့သားနှင့် သတို့သမီးတို့မှာ ဖြူဖြူစင်စင် သေးသေးနွဲ့နွဲ့နှင့် လှုရည်သန့်လှသောကြောင့် ရှေ့သွားနောက်လိုက် ညီလှပေ၏။

ရှင်းတို့ နှစ်ဦးသည် မန္တလေးဖွားရာ ဇာတိ ဖြစ်သောကြောင့် တစ်ဦး၏ မိတ်ဆွေများသည် အခြားတစ်ဦး၏ မိတ်ဆွေလည်း ဖြစ်လေရကား မင်္ဂလာဆောင်အတွက် ဖိတ်စာများ ကမ်းလှမ်းသောအခါတွင် ထပ်တူထပ်မျှ ပင် ရှိနေကြ၏။ ထိုသူနှစ်ဦးတို့မှာ ရုပ်ရည်အားဖြင့် လည်းကောင်း၊ လူတို့ အဆင့်အတန်းအားဖြင့် လည်းကောင်း၊ ဇာတိအားဖြင့် လည်းကောင်း၊ တူညီ သည့်ပြင် အလေ့အကျင့်နှင့် အထုံဝါသနာအားဖြင့်လည်း တူညီကြသည် ဖြစ်သောကြောင့် ဘက်မင်တန် ကစားခြင်း၊ လှုငယ်များ ကြီးပွားမှုအတွက်

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် သူရိယ မဂ္ဂဇင်း၊ အတွဲ ၁၈၊ အမှတ် ၂၊ ဧပြီလ၊ ၁၉၃၅ နှစ်တွင် ရေးသားခဲ့သည်။

www.burmeseclassic.com



ဆောင်ရွက်ခြင်း စကားအချေအတင် ပြောသော အစည်းအဝေးများ၌ ပါဝင်ကြခြင်းအားဖြင့် တစ်ဦးနှင့် တစ်ဦး မကြာခဏ တွေ့ဆုံခွင့်ရခဲ့ကြလေသည်။

ငင်းတို့ကို တွေ့မြင်သော မိတ်ဆွေများသည် ထိုသူနှစ်ဦးတို့သည်ကား တစ်နေ့နေ့၌ အကြောင်းရေစက် ဆုံစည်းကြမည့် အကြောင်းကို တွေးတောပြီး ဖြစ်ကြသော်လည်း လက်ထပ်ထိမ်းမြားမည့် ကြော်ငြာမှာမူ လွန်ခဲ့သော မေလတွင်မှ ရုတ်တရက် တွေ့မြင်ကြရလေသည်။ ငင်းတို့ တွေ့ကြသော အခါ၌ မိတ်ဆွေများက 'ငါတို့ ထင်ပြီးသားကပဲ' ဟူ၍ စိတ်ထဲ၌ ပြောမိသူ သာလျှင် များချေ၏။

ဝတ်လုံတော်ရ ကိုလှထွန်းနှင့် ဆရာမ မစိန်ညွန့်တို့မှာ ရွှေဘိုမြို့၌ နေထိုင်လျက် ရှိကြသည် ဖြစ်ရာ ငင်းတို့ လက်ထပ်မည့် အကြောင်းကို ကျွန်တော်အား ရှေးဦးစွာ ပြောပြသောသူမှာ ကျောင်းအုပ် ကိုစံလင်းပင် ဖြစ်ချေသည်။ ကျောင်းအုပ် ကိုစံလင်းသည် ဆရာမ မစိန်ညွန့်အား လွန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ်အခါမှ စ၍ ကျိတ်ပိုးလျက် ရှိသည့်အကြောင်းကို လူတိုင်းပင် သိရှိပြီး ဖြစ်သောကြောင့် ထိုသတင်းကို ကျွန်တော်အား ကိုစံလင်းက ပြောပြသောအခါတွင် ကျွန်တော်သည် ကိုစံလင်း၏ မျက်နှာထားကို အမှတ်မဲ့ အကဲခတ်မိသေး၏။

**လင်း**။ ။ (ဆေးတံမှ ပြာများကိုခေါက်ထုတ်၍ ဆေးထည့်ရင်း) 'အပျိုနှင့် လူပျိုဆိုတော့ ရမလားလို့ ပိုးမိတာပေါ့။ သူ့ နဖူးစာ မပါလို့ မရတာတော့ ဘယ်မှာ တတ်နိုင်ပမလဲ။ သို့သော် ကိုယ်နှင့် ရေစက်မဆုံစည်းလို့ ရှိလို့မှ သူတို့ လင်မယားဟာ တကယ့်ကို ရှေ့သွား နောက်လိုက်ညီတဲ့ လင်မယား ပေပဲလို့ ဝန်ခံရပါပေမယ်ဗျာ'

ကျွန်တော်မှာ ငင်းတို့ သုံးဦးလုံးနှင့် မိတ်ကျွမ်းဝင်ခဲ့သည် ဖြစ်သောကြောင့် ကိုစံလင်းက မိမိ မရသော်လည်း စိတ်နာခြင်း မရှိဘဲ ယခုကဲ့သို့ သဘောထားကြီးစွာဖြင့် ပြောဆိုလိုက်သော စကားများကို နှစ်သက်ချီးမွမ်းမိ၏။ စင်စစ်အားဖြင့် ကိုစံလင်းသည် သဘောထား သေးနုပ်သည်ဟု စွပ်စွဲခြင်းငှာ မထိုက်သော လူတစ်ယောက်ဖြစ်ငြားသော်လည်း ယခုကဲ့သို့ စကားနှာ ထိုးသော လေသံ အလျှင်းမပါဘဲ ပြောနိုင်လိမ့်မည်ဟူ၍ကား မမျှော်



www.burmeseclassic.com

လင့်မိချေ။ အကြောင်းကိုဆိုသော် ကျွန်တော်သည် ကိုစံလင်းနှင့် တင်းနစ်ရိုက်ခြင်း၊ ဘိလိယက်ထိုးခြင်း စသော ကစားမျိုး၌ တစ်ဖက်စီ ကစားဖူးကြသောအခါများတွင် ကိုစံလင်းသည် မိမိရှုံးသော အခါများ၌ မျက်နှာထား မလှဘဲ ရှိနေတတ်၏။ သို့ဖြစ်သောကြောင့် သာမည ကစားမျိုးခြင်းထက် အဆများစွာ အရေးကြီးလှသော ရည်းစားလုခြင်းကိစ္စ၌ ကိုစံလင်းက ယခုကဲ့သို့ တောက်တောက်ခါးခါး အနေမျိုးဖြင့် မဟုတ်ဘဲ သဘောထားကြီးဟန်ရှိသော စကားများကို ပြောဆိုလိုက်သောအခါတွင် ကျွန်တော်မှာ အံ့ဩချီးမွမ်းမိ၏။

**ကျွန်တော်**။ ။ 'လက်ထပ်ပွဲက ဘယ်တော့တဲ့လဲဗျာ'

**လင်း**။ ။ 'ရှေ့လဆန်းလောက်လို့ ကြားတာပဲ။ ဝါဝင်ဖို့က နီးနေလေတော့ မြန်မြန်ပဲ ဆောင်းနှင်းကြဖို့ ထင်ပါရဲ့'

ကျွန်တော်မှာမူ ထိုလူများနှင့် မိတ်ဆွေအဖြစ် ပေါင်းသင်းလျက် ရှိသော်လည်း အသက်အားဖြင့်ဆိုမူ ကျွန်တော်၏ တူသားများ အရွယ်မျှ ရှိကြသည်ဖြစ်သောကြောင့် ငင်းတို့အားလုံးသည် ကျွန်တော်အား အစ်ကိုကြီး အရာ၌ လည်းကောင်း၊ ဦးလေးသားချင်း အရာ၌ လည်းကောင်း ထား၍ တရိုတသေ ပြောဆိုဆက်ဆံလေ့ရှိကြ၏။

တစ်နေ့သ၌ သတို့သားနှင့် သတို့သမီးတို့သည် ကျွန်တော်၏ နေအိမ်သို့ ကားတစ်စီးနှင့် ဆိုက်ရောက်လာကြ၍ လက်ဖက်ရည် သောက်လျက် ရှိကြစဉ် ကျွန်တော်သည် တစ်ဦးအပေါ်၌ တစ်ဦး အထူး ကြင်နာ ချစ်ခင်ဟန် ရှိကြသော လူငယ်နှစ်ယောက်တို့ကို ကြည့်ရှု အကဲခတ်ရင်း ဤတစ်သက်၌ လူပျိုကြီး အဖြစ်နှင့်ပင် ဘဝဆုံးစေပါတော့မည်ဟု ရည်မှန်းဆုံးဖြတ်ခဲ့သော သန္နိဋ္ဌာန်သည် တစ်ကြိမ် နှစ်ကြိမ်မျှ ပျက်လုမတတ် ရှိခဲ့၏။ ငင်းတို့၏ အမူအရာနှင့် မျက်နှာထားများမှာ ထိုမျှလောက်ပင် သားရည်ယိုဖွယ်ရာ ရှိနေပေ၏။ ထိုသို့သော အခြင်းအရာကို တွေ့မြင်ရဖူးသောကြောင့်ပင် ကျွန်တော့်မှာ ဖော်ပြလတ္တံ့သော ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်များ ဖြစ်ပွားပေါ်ပေါက်လာသောအခါ၌ သာ၍ပင် ဝမ်းနည်းကြေကွဲမိပေ၏။

မောင်လှထွန်းနှင့် မစိန်ညွန့်တို့မှာ ဇွန်လ ၈ ရက်နေ့၌ ထိမ်းမြား

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရန် ချိန်းထားသည်ဖြစ်ရာ ဇွန်လ ၂ ရက်နေ့၌ ၎င်းတို့ နှစ်ဦးနှင့် အခြားသော ယောကျ်ား မိန်းမ မိတ်ဆွေများသည် မော်တော်ကားများနှင့် ဟန့်လင်းကြီးရွာသို့ ပျော်ပွဲစား ထွက်ကြ၏။ ၎င်းတို့အနက်တွင် ကျွန်တော်လည်း အပါအဝင် ဖြစ်ခဲ့၏။

ဟန့်လင်းကြီးရွာမှာ မုဆိုးချုံဘူတာ၏ အရှေ့ သုံးမိုင်ခန့် ကွာဝေးသော အရပ်၌ တည်ရှိသည်ဖြစ်ရာ ၎င်းရွာ၌ ရေပူတွင်း ရေအေးတွင်းမကြီးမှ စ၍ အဆန်းတကြယ် ကြည့်ရှုဖွယ်ရာ ကောင်းသော အရာများ တည်ရှိသည့်ပြင် ရာဇဝင်တွင် ပါရှိသည့် ပျူမင်း ပြူးမင်းတို့ အကြောင်းနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ ဆန်းပြားသော အဖြစ်အပျက်များအားဖြင့်လည်း ဆက်သွယ်ခြင်း ရှိခဲ့၏။ ကျွန်တော်တို့သည် နေ့စာအတွက် စားသောက်ဖွယ်များနှင့် တကွ ကားသုံးစင်းနှင့် ထွက်သွားကြ၍ တစ်ခုသော ကျောင်းပျက်ကြီး တစ်ဆောင်၌ စခန်းချကြ၏။ ၎င်းကျောင်းပျက်ကြီးမှာ ဘုန်းကြီးတစ္ဆေ ခြောက်တတ်ကြောင်းနှင့် သတင်းဖြစ်ပွားလျက် ရှိရာ ယုံကြည်ကြသော သူတို့၏ အဆိုမှာ ၎င်းဘုန်းကြီးတစ္ဆေကို တွေ့မြင်ရသော သူသည် ယောကျ်ား တစ်ယောက် ဖြစ်ခဲ့ပါလျှင် မကြာမီအတွင်း တစ်နည်းနည်းဖြင့် သေဆုံးရမည်ဟူ၍ ပြောကြ၏။ ကျွန်တော်တို့မှာမူ ခေတ်ကာလ လူငယ်များ ဖြစ်ကြသောကြောင့် ထိုအခြင်းအရာမျိုး၌ အယုံအကြည် မရှိကြသည် ဖြစ်၍ တစ်ဦးသော သူသည် သင်္ကန်းဟောင်းတစ်ထည်ကို ကိုယ်တွင် ရစ်ပတ်လျက် ဘုန်းကြီးတစ္ဆေယောင်ပင် ဆောင်လျက် လူအများကို ရယ်မောစိမ့်သောငှာ ပြောင်လှောင် ခြောက်လှန့်ခဲ့လေသည်။ လူ အားလုံးတို့မှာ အရွယ်ကောင်းများ ဖြစ်ကြ၍ အပျော်သက်သက်လည်း လာရောက်ကြခြင်းလည်း ဖြစ်သောကြောင့် စားလိုက်မည် သောက်လိုက်မည် ပျော်လိုက်မည် ပါးလိုက်မည်ဟု စိတ်ထားမျိုးနှင့် ရွှင်မြူးစွာ ရှိကြသော သူများ ဖြစ်ကြလေသည်။

ကျောင်းအုပ်ကိုစံလင်းသည် ကျွန်တော်တို့နှင့်အတူ ပါလာခဲ့သည် ဖြစ်ရာ ထိုသူသည် တစ္ဆေအကြောင်းနှင့် စပ်လျဉ်း၍ အထူးသဖြင့် ယုံကြည်ခြင်း နည်းပါးလေရကား တစ္ဆေနှင့် ပတ်သက်သမျှ ပုံတိုပုံစများကို ရယ်ရွှင်ဖွယ် ဖြစ်အောင် ပြောင်လှောင် ပြက်ရယ်ပြု၍ ပြောလျက် ရှိ၏။



**လင်း**။ ။ 'အလကားဟာတွေပါကွာ။ သူ့ခြောက်တယ်၊ ငါ့ခြောက်တယ်နှင့် သေသေချာချာ စစ်ပေါက်လိုက်ပြီ ဆိုမှဖြင့် အခြောက်ခံရတဲ့ လူကို ရှာလို့ မတွေ့ဘူး၊ ဝမ်းထဲက အစာမကျေလေတော့ ယုန်ထင်ကြောင်ထင် ထင်ပြီး တစ္ဆေဖြစ်အောင် ပြောတဲ့ လူချည်း တွေ့ရတာပါပဲဗျာ။ ကျုပ်မတော့ ပြောရမှာဖြင့် ဒီလို ကျောင်းပျက်ကြီးမှာ တည်းခိုရတာက သာပြီး လွတ်လွတ် လပ်လပ် ရှိသေးတယ်။ ကိုင်း ဒါထက် ကျုပ်မှာ ကင်မရာ ပါတယ်။ ဓာတ်ပုံရိုက်ကြရအောင်ဗျို့.'

ကိုစံလင်းမှာ ဓာတ်ပုံရိုက်ကူးခြင်း၌ ဝါသနာပါသူ တစ်ယောက် ဖြစ်သည့်အတိုင်း သွားလေရာရာ၌ ကင်မရာကို ဆောင်တတ်သူတစ်ယောက် ဖြစ်လေရာ ကျောင်းပျက်ကြီးကို အမျိုးမျိုးသော နေရာတို့မှ လှည့်ပတ်၍ ဓာတ်ပုံများ ရိုက်ကူးလေ၏။ ၎င်းနောက်

**လင်း**။ ။ 'ကိုင်း ကျုပ်မှာ မှန်တစ်ချပ် ကျန်သေးတယ်။ ကိုလှထွန်းနှင့် မစိန်ညွန့်တို့ ရိုက်ချင် ရိုက်လိုက်ကြ။ ကျုပ် ရိုက်ပေးမယ် လာကြ'

ထိုခဏ၌ ကျွန်တော်မှာလည်း ကိုစံလင်း အနီး၌ ရပ်လျက် ရှိနေ၍ အခြားသူများမှာမူ ကျွန်တော်တို့၏ နောက်၌ စုရုံးကာ စကားပြောလျက် ရှိကြ၏။

ထိုအခါ ကိုလှထွန်းနှင့် မစိန်ညွန့်တို့သည် လူအများနှင့် စကားပြောနေကြရာမှ ထလာ၍ နှစ်ဦးယှဉ်တွဲလျက် ဓာတ်ပုံရိုက်ရန် ပြင်ဆင်ကြလေ၏။ ကိုစံလင်းသည် ထိုသူနှစ်ယောက်ကို ချိန်ပြီးနောက် သားရေဘူကလေးကို နှိပ်လိုက်သောအခါတွင် 'အလိုလေးဗျ' ဟု ခပ်တိုးတိုး အော်လိုက်၏။ ကျွန်တော်သည် ထိုထူးဆန်းသော အော်သံကို ကြားသည်နှင့် ကိုစံလင်းသို့ ကြည့်လိုက်ရာတွင် ကိုစံလင်းသည် ရှေ့တည့်တည့်သို့ ကြောင်တောင်ငေးကာ ကြည့်လျက် ၎င်း၏ မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖြူဖျော့ ဖြစ်သွားသည်ကို မြင်လိုက်ရ၏။ ကိုလှထွန်းနှင့် မစိန်ညွန့်တို့ကမူ ကိုစံလင်း ၏ ထူးခြားသော အမူအရာကို သတိပြုမိဟန် လက္ခဏာ မရှိဘဲ ဓာတ်ပုံရိုက်ခြင်းကိစ္စ ပြီးစီးသဖြင့် လှည့်၍ ထွက်သွားကြ ၏။ ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com



**ကိုစံလင်း**၏ အနီးသို့ ချဉ်းကပ်၍

'ဘာဖြစ်တာလဲဗျ ကိုစံလင်း'

'ဘာမှ မဟုတ်ပါဘူး ခင်ဗျာ'

ထိုအခါ၌ကား ကိုစံလင်းမှာ မျက်နှာပျက်လောက်အောင် မရှိတော့ပြီသော်လည်း ဓာတ်ပုံကိရိယာများကို သိမ်းဆည်းလျက် ရှိသော ၎င်း၏ လက်ချောင်းကလေးများမှာ အတန်ငယ် တုန်လှုပ်လျက်ပင် ရှိနေသေး၏။ ထို့နောက်မှ ကိုစံလင်းက ကျွန်တော်အား

**လင်း**။ ။ 'ကိုလှထွန်း အနီးမှာ တစ်ယောက်ယောက် ရပ်နေတာကို ခင်ဗျား မမြင်လိုက်ဘူးလား'

**ကျွန်တော်**။ ။ 'မမြင်လိုက်ရပေါင်ဗျာ။ ခင်ဗျား မြင်လို့လား'

**လင်း**။ ။ 'ကျွန်တော့်တော့ မြင်လိုက်သလိုလိုပဲဗျ။ သို့သော်လည်း မှန်ရိပ်က လှည့်စားတာ ထင်ပါရဲ့ဗျာ' ဟု ပြောဆိုကာ ရယ်မောလေ၏။

ကျွန်တော်မှာမူ ကိုစံလင်း၏ ရယ်မောပုံကို သကာမကောင်းသည်နှင့် ၎င်း၏ မျက်နှာကို သေချာစွာ အကဲခတ်လျက်

**ကျွန်တော်**။ ။ (ပြောင်လှောင်လျက်) 'ဘာလဲ ခင်ဗျားက ဘုန်းကြီး တစ္ဆေကို မြင်လိုက်လို့လား'

လင်း။ ။ 'ဒွတ်တေရီး။ မဟုတ်တရုတ်နှင့်ဗျာ။ သို့သော် အတည်ပြောရမှာဖြင့် ဒီဟာမျိုးနှင့် ပတ်သက်လို့ လှောင်လား ပြောင်လား မလုပ်တာ ကောင်းတယ်ဗျို့'

ကိုစံလင်းမှာ ရောက်ခါစက ထိုအကြောင်းမျိုးနှင့် ပတ်သက်၍ သူတစ်ပါးတို့ထက် အထူးသဖြင့် လှောင်ပြောင် ပြောဆိုခဲ့သူ ဖြစ်ပါလျက် ယခုအချိန်တွင်မှ ကျွန်တော်အား သတိပေးခြင်းမှာ တော်လှပေသည်ဟု စိတ်ထဲ၌ အောက်မေ့မိ၏။ သို့ရာတွင် ကျွန်တော်သည် ထိုအကြောင်းကို မည်သူ့အားမျှ မပြောမိချေ။ ညနေခင်းအချိန်၌ ကျွန်တော်တို့သည် ရွှေဘိုမြို့သို့ ပြန်ကြ၍ လမ်းခရီး၌ တစ်စုံတစ်ရာမျှ အနှောင့်အယှက် မတွေ့ဘဲ ကောင်းမွန်ချောမောစွာ ပြန်လည်ဆိုက်ရောက်ကြလေ၏။



နှစ်ရက်ခန့် ကြာသောအခါတွင် ကိုစံလင်းသည် ကျွန်တော်၏ **နေအိမ်**သို့ ဣန္ဒြေကြီးသော မျက်နှာထားနှင့် လာရောက်သောအခါတွင် **ကျွန်တော်**သည် ပျော်ပွဲစား ထွက်ကြစဉ်က အဖြစ်အပျက်ကို လုံးလုံး သတိမရတော့ဘဲ မည်သည့်ကိစ္စနှင့် လာရောက်ခြင်း ဖြစ်လေသနည်းဟူ၍ပင် တွေးတောမိလေ၏။

**လင်း**။ ။ (ဣန္ဒြေကြီးသော မျက်နှာနှင့်) 'ခင်ဗျားနှင့် တိုင်ပင်စရာ တစ်ခု ရှိတယ်ဗျာ။ တတ်နိုင်လျှင် အကြံတစ်ခု ပေးစမ်းပါဦး'

**ကျွန်တော်**။ ။ 'ဘာကိစ္စများလဲဗျာ'

**လင်း**။ ။ 'တစ်နေ့က ကျွန်တော်တို့ ပျော်ပွဲစား ထွက်ခဲ့ကြတာ ခင်ဗျား သတိရသေးသလား'

**ကျွန်တော်**။ ။ 'ဘယ့်နှယ် ရရင်ကောဗျာ'

**လင်း**။ ။ 'ကိုလှထွန်းနှင့် မစိန်ညွန့်တို့ နှစ်ယောက်ကို ကျွန်တော်က ဓာတ်ပုံရိုက်ယူတော့ ခင်ဗျားက ဘုန်းကြီးတစ္ဆေ မြင်လိုက်သလားလို့တောင် ပြောပြီး မေးသေးတယ် ဟုတ်လား'

**ကျွန်တော်**။ ။ 'ခင်ဗျား မျက်နှာပျက်နေတာ တွေ့လေတော့ မေးမိတယ်။ ဟုတ်တယ်'

**လင်း**။ ။ 'မျက်နှာပျက်တာက အခြားကြောင့် မဟုတ်ဘူး။ ခင်ဗျား မေးတဲ့ အတိုင်းကိုပဲ ဘုန်းကြီးတစ္ဆေကို ကျွန်တော် မြင်လိုက်ရတယ်'

**ကျွန်တော်**။ ။ (ရယ်မောလျက်) 'ခင်ဗျားလို မယုံတဲ့ လူတစ်ယောက်ကလားဗျာ'

**လင်း** ။ ။ 'ရယ်စရာ မဟုတ်ဘူးဗျ၊ ကျွန်တော် တကယ် မြင်လိုက်လို့ ပြောတာပါ။ အစတုန်းကတော့ မှန်ပါတယ်။ ကျွန်တော့်လောက် မယုံတဲ့ လူ ခပ်ရှားရှားပါပဲ။ ဒါကြောင့်မို့လို့ ဟိုက ပြန်လာတော့ လမ်းတစ်လမ်းလုံး ရော အိမ်ရောက်တော့ရော ငါမြင်တဲ့ဟာ မဟုတ်နိုင်ပါဘူးလို့ အထပ်ထပ်လဲ ကိုယ့်ကိုကိုယ် ပြောလာခဲ့မိပါတယ်။ သို့သော် အခုတော့ ကျွန်တော်မြင်လိုက်ရတဲ့ဟာ စိတ်က ထင်လို့ မဟုတ်ဘူး၊ တကယ်စင်စစ် ဖြစ်တဲ့အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သက်သေခံကြီး တွေ့ရပြီဗျ'

**ကျွန်တော်။** ။ 'ကြဲကြဲစည်စည်ဗျာ၊ ဘယ်လို သက်သေခံများ ခင်ဗျား တွေ့ထားလို့လဲ'

**လင်း။** ။ 'ကျွန်တော် ဓာတ်ပုံရိုက်တာ ခင်ဗျား သတိရတယ် မဟုတ်လား'

**ကျွန်တော်။** ။ 'သတိရပါတယ်'

**လင်း။** ။ 'လူ့မျက်စိဟာ အထင် မှားချင်မှားနိုင်တယ်။ ဓာတ်ပုံက မှန်ဟာ အထင်မှားတယ်လို့ မရှိနိုင်ဘူးဗျ'

ထိုအခါ ကိုစံလင်းသည် အင်္ကျီအိတ်ထဲမှ ဓာတ်ပုံတစ်ခုကို ထုတ်၍ ကျွန်တော်အား ပြသဖြင့် ကျွန်တော်သည် ၎င်းဓာတ်ပုံကို ကြည့်မိရာတွင် ကျောဆီမှ စိမ့်ခနဲ ဖြစ်သွား၍ ၎င်းဓာတ်ပုံတွင် ကိုလှထွန်းနှင့် မစိန်ညွန့်တို့သည် ကျောင်းပျက်ကြီး၏ ရှေ့၌ မတ်တတ်ရပ်လျက် ရှိကြရာ ကိုလှထွန်း၏ အနီး၌ကား သင်္ကန်းကို ခေါင်းမြီးခြုံထားသော ဘုန်းကြီးတစ်ပါးသည် ကိုလှထွန်း ရှိရာသို့ လက်လှမ်းကာ မတ်တတ်ရပ်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ထိုဘုန်းကြီး၏ မျက်နှာမှာ သင်္ကန်းဖြင့် ဖုံးအုပ်လျက် ရှိနေသောကြောင့် မမြင်နိုင်ပြားသော်လည်း ကိုယ်ဟန်အမူအရာမှာ ခြိမ်းခြောက်ခြင်းတည်း ဟူသော အခြင်းအရာသည် ကောင်းစွာ ထင်ရှားလျက် ရှိသည်ဖြစ်သောကြောင့် ကျွန်တော်မှာ အံ့ခြောက်လာသည်နှင့် ရေတစ်ခွက်ကို ငှဲ့၍ သောက်လိုက်မိသေး၏။

**ကျွန်တော်။** ။ 'ခင်ဗျား မှန်က တစ်ခုခု ချွတ်ယွင်းနေလို့လေလားဗျာ'

**လင်း။** ။ 'ကျွန်တော်လည်း ဒီလို တွေးမိပါသေးရဲ့။ သို့သော်လည်း ချွတ်ယွင်းပုံက ထူးခြားလှချေတကားဗျာ၊ ဒီပြင် အကြောင်းကလည်း ဒီဟာကြီးကို ဟိုတုန်းက ကျွန်တော်ကိုယ်တိုင် မျက်စိနှင့် မြင်လိုက်ရတယ်ဗျ။ ဒီတော့ ဘယ်နည်းနှင့်မှ ချွတ်ယွင်းတာ မဟုတ်နိုင်ဘူး'

**ကျွန်တော်။** ။ 'ခင်ဗျား မြင်ရလျှင် ကျုပ်တော့ကျ မြင်ပါတော့လားဗျာ'

**လင်း။** ။ 'ဒါတော့ ကျွန်တော် မပြောတတ်ဘူး'

၎င်းနောက် ကျွန်တော်တို့ နှစ်ဦးသည် အတန်ငယ်ကြာအောင် စကား



မပြောဘဲ စဉ်းစားစိတ်ကူးကာ ရှိနေကြလေ၏။ နောက်ဆုံး၌

**ကျွန်တော်။** ။ 'ဒီဟာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါဘူးဗျာ။ ခုခေတ်အခါကြီးမှာ ဒီဟာမျိုးတွေ ကွယ်ကုန်ပါပြီ'

**လင်း။** ။ 'ကျွန်တော်လည်း ဒီလိုပဲ တွေးမိပါသေးတယ်။ သို့သော် ခက်နေတာက ဓာတ်ပုံကြီး တစ်ခုလုံး သက်သေခံကြီး ရှိနေတယ်ဗျ။ ကျွန်တော့်မျက်စိ တစ်ခုတည်း မြင်လိုက်တယ် ဆိုလျှင်တော့ ငြင်းပယ်နိုင်စရာ အကြောင်းတွေ အမျိုးမျိုး ရှိတာပေါ့ဗျာ။ အခုတော့ ဒီဓာတ်ပုံကို ခင်ဗျား ဘယ်လို လုပ်ပြီး ငြင်းမလဲဗျာ'

**ကျွန်တော်။** ။ 'ဒီဓာတ်ပုံ ကူးယူတဲ့ မှန်ကော ရှိသေးသလား'

**လင်း။** ။ 'မရှိတော့ဘူး၊ ဓာတ်ပုံနှစ်ပုံ ကူးယူပြီးတဲ့နောက် စိတ်ထဲမှာ ခပ်ထိတ်ထိတ် ဖြစ်လာတာနှင့် ခွဲပစ်လိုက်မိပြီ။ သို့သော် ဒီဟာက အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီဟာကို ကျွန်တော်တို့ ဘယ့်နှယ် လုပ်ကြမလဲ'

**ကျွန်တော်။** ။ 'ဘာလုပ်ဖို့ ရှိလို့လဲဗျာ'

**လင်း။** ။ 'ကျွန်တော် ဆိုလိုတာက ကိုလှထွန်းကို ကျွန်တော်တို့ သတိပေးကြဖို့ လိုသလား၊ မလိုဘူးလား။ ဒီဟာ တိုင်ပင်ချင်လို့ လာတာပါပဲ။ သူတို့တစ်တွေ ပြောကြတဲ့ အကြောင်းကို ခင်ဗျား ကြားဖူးတယ် မဟုတ်လား။ သူတို့ အဆိုကတော့ ဘုန်းကြီးတစ္ဆေနှင့် ထိတို့မိတဲ့ လူဟာ မကြာမီအတွင်း သေတတ်တယ်လို့ ပြောကြတယ်။ ဟိုနေ့က ကိုလှထွန်းနှင့် ထိတို့မိတယ်ဗျ'

**ကျွန်တော်။** ။ 'မဟုတ်တာဗျာ၊ ဒီခေတ်ကြီးမှာ ဒါမျိုးတွေ မရှိတော့ပါဘူး ကိုစံလင်းရဲ့'

**လင်း။** ။ 'ပြောပါ ပြောပါ။ ခင်ဗျား ပြောသမျှတွေဟာ ကျွန်တော် ကိုယ်တိုင် ပြောပြီးသားတွေချည်းပါပဲ'

**ကျွန်တော်။** ။ 'အကယ်၍ ဟိုနေ့က ဘုန်းကြီးတစ္ဆေ ပေါ်လာတယ်ဆိုတာ မှန်စေကာမူ ဘုန်းကြီးတစ္ဆေနှင့် ကိုလှထွန်းနှင့် ထိတို့မိတယ်ဆိုတာလည်း မှန်စေကာမူ ထိတို့မိသူတိုင်း သေတတ်တယ်ဆိုတဲ့ စကားဟာ

www.burmeseclassic.com

www.burmeseclassic.com



မှန်ရတော့ မှာလားဗျ’

**လင်း။** ။ ‘ဒီလိုလည်း ကျွန်တော် စဉ်းစားမိပါတယ်’

**ကျွန်တော်။** ။ ‘ဒီတော့ကာ ကိုလှထွန်းဟာ သေရမယ့် လူဖြစ်လျှင်လည်း ကျုပ်တို့က ဘာပဲလုပ်လုပ် သေမှာ သေမှာပဲ။ အဲဒီတော့ ဘာမှ အကြောင်း မထူးတော့တဲ့ အတူတူ သူ့ခမျာမှာ စိတ်မကောင်း မဖြစ်ရအောင် ကျုပ်တို့က သူ့ကို ဒီအကြောင်း အလျဉ်းမပြောဘဲ နေလျှင် အကောင်းဆုံးပဲလို့ ကျုပ် ထင်တယ်’

**လင်း။** ။ ‘ဒီ အချက်ကို ခင်ဗျားနှင့် တိုင်ပင်ချင်လို့ လာခဲ့ခြင်းပါပဲ။ ခင်ဗျားက သတိပေးဖို့ မလိုဘူး ထင်လျှင် ခင်ဗျားစကားကို ကျွန်တော် နာယူပြီး ကိုလှထွန်းကို ဒီအကြောင်းနှင့် ပတ်သက်ပြီး လေသံမှ မသလပ်စေရပါဘူးဗျာ။ ကိုင်း ဒါဖြင့် ဒီဓာတ်ပုံကိုပါ ခင်ဗျားပဲ သိမ်းထားလိုက်ပါတော့’

**ကျွန်တော်။** ။ ‘ဒီဓာတ်ပုံကို တစ်ခါတည်း ဆုတ်ပစ်လိုက်ရလျှင် မကောင်းပေဘူးလားဗျာ’

**လင်း။** ။ ‘ခင်ဗျား သဘောအတိုင်းပါပဲ။ ခင်ဗျား ကြိုက်သလို ကြည့်ပြီး စီမံလိုက်ပါတော့။ ကိုင်း ကျွန်တော် ပြန်ဦးမယ်’

ကိုစံလင်း ပြန်သွားပြီးသည်နောက် ကျွန်တော်သည် ဓာတ်ပုံကို တစ်ဖန်ကောက်ယူ ကြည့်ရှုရင်း စဉ်းစား စိတ်ကူးပြန်လေရာ ကျေနပ်လောက်အောင် ဆုံးဖြတ်ချက် မချနိုင်ဘဲရှိနေသည်နှင့် မူလ ကြံရွယ်ရင်းအတိုင်း ဓာတ်ပုံကို မီးမရှို့သေးဘဲ စာရေးစားပွဲ အံဆွဲတွင် ထည့်ထားပြီးနောက် သော့ခတ်၍ ထားလိုက်လေ၏။

*

မောင်လှထွန်းနှင့် မစိန်ညွှန့်တို့မှာ ဇွန်လ ရှစ်ရက်နေ့မှစ၍ လက်ထပ်ထိမ်းမြားရန် ရက်ချိန်း သတ်၍ ထားခဲ့ရာ မောင်လှထွန်းမှာ ဇွန်လ ခုနစ်ရက်နေ့ညဉ့် ကွယ်လွန်အနိစ္စ ရောက်ရှာလေ၏။ ကျွန်တော်မှာ ထိုသတင်းကို ကြားရသော



အခါ၌ စိတ်ထဲ၌ ခံစားရသော ထိခိုက်တုန်လှုပ်ခြင်းကို ယနေ့တိုင် မမေ့နိုင်အောင် ရှိနေခဲ့ပေ၏။

ရွှေဘိုမြို့၏ တောင်ဘက်၌ လမ်းဖောက်ရန်အတွက် မြေများတူးဖော် သယ်ယူထားသည့် တာကျင်းများသည် အချို့နေရာများ၌ ဆယ်နှစ်ပေ ခန့်မျှ အနက်ရှိသည် ဖြစ်ရာ မောင်လှထွန်းသည် တာကျင်းထဲသို့ လိမ့်ကျ၍ လည်ကုပ်ကျိုးသွားသဖြင့် ပွဲချင်းပြီး သေဆုံးခဲ့ရှာလေ၏။ မောင်လှထွန်းမှာ ရွှေဘိုသား ဇာတိပင် မဟုတ်ငြားသော်လည်း ရွှေဘိုမြို့၌ နေထိုင်လာခဲ့သည်မှာ သုံးနှစ်ကျော် လေးနှစ်ခန့်မျှ ရှိပြီဖြစ်၍ ထိုနေရာ၌ နက်စောက်သော တာကျင်းများ ရှိနေကြောင်းကို သိသင့် သိထိုက်ပါလျက်နှင့် ၎င်းအတွင်းသို့ ကျသေဆုံးရခြင်းမှာ အံ့ဩဖွယ်ရာတစ်ခု ဖြစ်ပေ၏။ ထိုပြင် မောင်လှထွန်း၏ ဝါသနာမှာ အစစ အရာရာမျိုး၌ နမော်နမဲ့ မရှိ စေ့စပ်သေချာစွာ လုပ်ကိုင်တတ်သူတစ်ယောက် ဖြစ်သည့်ပြင် မူးယစ်သောက်စားခြင်းလည်း နည်းပါးလှသူ တစ်ယောက် ဖြစ်လေရကား ထိုအခြင်းအရာသည် သာ၍ပင် အံ့ဩဖွယ်ရာ ရှိနေခဲ့ပြန်၏။

မောင်လှထွန်း၏ အလောင်းကို ရှေးဦးစွာ တွေ့ရသောသူမှာ ကျောင်းအုပ် ကိုစံလင်းပင် ဖြစ်သည်ဟု ပြောသံ ကြားရသောအခါ၌မှ ကျွန်တော်သည် ဘုန်းကြီးတစ္ဆေ အကြောင်းကို ရုတ်တရက် သတိရမိလေ၏။ သို့ဖြစ်၍ ကျွန်တော်သည် သတင်းကြားသည်နှင့် တစ်ပြိုင်နက် အဝတ်များလဲလှယ်၍ ကိုစံလင်း၏ အိမ်သို့ သွားရောက်လေရာ ကိုစံလင်းမှာလည်း ကျွန်တော် ကဲ့သို့ပင် စိတ်ထဲ၌ ထိခိုက်ဟန်ရှိသည့်ပြင် မောင်လှထွန်း သေဆုံးရခြင်းကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့သူ ဖြစ်သောကြောင့် ကျွန်တော်ထက်ပင် တုန်လှုပ်ဟန် လက္ခဏာ ရှိပေ၏။

ကိုစံလင်းက မိမိသည် ညနေခင်းအချိန့်တွင်မှ ရီးတစ်လျှောက် လမ်းလျှောက်လျက် ရှိစဉ် မောင်လှထွန်းကို အဝေးမှ ကြားလောက်အောင် ဟစ်အော်၍ ခေါ်ပြီးလျှင် ၎င်းတို့ နှစ်ဦးသည် တစ်ဦးထံ တစ်ဦး ရင်ဆိုင်လာလျက် ရှိကြကြောင်း၊ ထိုအတောအတွင်း မောင်လှထွန်းသည် ရုတ်တရက် လန့်၍ အော်ပြီးလျှင် လက်နှစ်ဖက်ကို မြှောက်လိုက်ကြောင်း၊ နောက်တစ်ခဏ၌

www.burmeseclassic.com

www.burmeseclassic.com



မောင်လှထွန်းမှာ ပက်လက်လန်၍ လဲသွားပြီးလျှင် တစ်ခါတည်း ကွယ်ပျောက်၍ သွားသည်ကို မြင်လိုက်ရကြောင်း၊ မိမိသည် ထိုနေရာသို့ လျှင်မြန်စွာ ပြေးသွား၍ အနီးသို့ ရောက်သောအခါ တာကျင်းထဲသို့ ကျနေသော မောင်လှထွန်းကို တွေ့မြင်ရကြောင်း၊ အောက်သို့ ပြေးဆင်း၍ ထူပွေ့သော အခါတွင် အသက်လုံးလုံး မရှိတော့သည်ကို တွေ့ရကြောင်း၊ တာကျင်းမှာ အလွန် မနက်လှသော်လည်း ဦးခေါင်းသည် ကျောက်လုံးနှင့် ရိုက်မိ၍ လည်ကုပ်ကျိုးပြီးလျှင် ပွဲချင်းပြီး သေဆုံးခြင်း ဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

**လင်း။** ။ 'ဟိုဓာတ်ပုံကို ခင်ဗျား ဆုတ်ပစ်လိုက်ပြီလား'

**ကျွန်တော်။** ။'မဆုတ်သေးပါဘူး။ အခုတောင်ပါလာသေးတယ်။ သည့်ပြင် တစ်ပုံဟာကော ခင်ဗျားဆီမှာ ရှိသေးသလား'

**လင်း။** ။ 'ရှိတယ် ကိုင်း။ ကျွန်တော်တို့ ဘယ့်နှယ် လုပ်ကြမယ်'

**ကျွန်တော်။** ။ 'ဘယ့်နှယ် လုပ်ဖို့ ရှိသေးသလဲ။ သူလည်း သေရှာပြီ။ ကျုပ်တို့ ဘာတတ်နိုင်သေးသလဲ'

**လင်း။** ။ 'ဒါတော့ မှန်ပါတယ်။ သို့သော် ကျွန်တော်က သူ သေဆုံးခြင်းကို ကိုယ်တိုင် မြင်ရသူ ဖြစ်လေတော့ ထုံးစံအတိုင်း စစ်ကြောမေးမြန်းခြင်း ပြုကြလိမ့်မယ်။ ဒီအခါမှာ ကျွန်တော်က ဒီဓာတ်ပုံအကြောင်း ထည့်ပြောဖို့ လိုသေးသလား'

**ကျွန်တော်။** ။ 'ဘာကြောင့် ဒီအကြောင်း ထည့်ပြောနေဦးမှာလဲဗျ။ ခင်ဗျား ပြောလို့ ရှိလျှင်တော့ သတင်းစာတိုက်က သတင်းထောက်တွေ ခင်ဗျား အိမ်မှာ ခြေချင်းရိုက်ပြီး ခင်ဗျား ကောင်းကောင်း အိပ်ရတော့မှာ မဟုတ်တော့ဘူး မှတ်ပေတော့'

**လင်း။** ။ 'ဒါတော့လည်း မှန်ပါတယ်။ သို့သော် ထိမ်ဝှက်ရာများ ရောက်နေမလားလို့ ကျွန်တော်က စိုးရိမ်နေတယ်'

ထိုခဏ၌ လူတစ်ယောက်သည် အိမ်ဝင်းအတွင်းသို့ ဝင်လာလျက် ရှိရာ ထိုသူသည် သေဆုံးသူ မောင်လှထွန်းနှင့် အလွန်တရာ တူလှသောကြောင့် ကျွန်တော်တို့ နှစ်ယောက်မှာ နေ့ကြောင်တောင်၌ တစ္ဆေခြောက်ခြင်း



မဟုတ်တန်ရာဟု စိုက်ငေးကာ ကြည့်နေကြ၏။

ထိုသူသည် အိမ်ပေါ်သို့ တက်လာ၍ မိမိမှာ ယမန်ညက မန္တလေးမှ ဆိုက်ရောက်လာခဲ့သော မောင်လှထွန်း၏ညီ မောင်ဘကွန်းဖြစ်ကြောင်း၊ ကိုစံလင်းကို တွေ့လိုသဖြင့် လိုက်လာခြင်း ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

**လင်း။** ။ 'ကိုစံလင်းဆိုတာ ကျွန်တော်ပါပဲ။ ဘာကိစ္စလဲဗျာ'

**ကွန်း။** ။ 'ကျွန်တော့်အစ်ကို သေတုန်းက ခင်ဗျား အနီးမှာ ရှိတယ်ဆို'

**လင်း။** ။ 'အနီးမှာ ရှိရုံ ဘာကမလဲ။ ကျွန်တော်ကိုယ်တိုင် မျက်စိနှင့် မြင်လိုက်ရလို့ သာပြီး ဝမ်းနည်းနေတာပေါ့ဗျာ'

၎င်းနောက် ကိုစံလင်းသည် ကျွန်တော်အား ပြောပြသော အဖြစ်အပျက်များကို မောင်ဘကွန်းအား တစ်ဖန် ထပ်မံ ပြောပြလေ၏။

**ကွန်း။** ။ 'ဒါပဲလား ခင်ဗျား'

**လင်း။** ။ 'ဒါပါပဲ၊ ဘာကြောင့်လဲ'

**ကွန်း။** ။ 'ခင်ဗျားတို့ နှစ်ယောက်ပြောကြတဲ့ စကားထဲမှာ ထိမ်ဝှက်ရာ ရောက်သလိုလို နားစွန်နားဖျား ကြားလိုက်မိလို့ပါ ခင်ဗျာ'

ကိုစံလင်းသည် ကျွန်တော့်မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။

**ကျွန်တော်။** ။ 'ကိုဘကွန်းဆိုတော့ ညီအစ်ကို ဖြစ်လေတော့ သူတစ်ယောက်တော့ဖြင့် ပြောပြမှ ထင်ပါရဲ့ ကိုစံလင်း'

ထိုအခါ ကိုစံလင်းသည် ဓာတ်ပုံအကြောင်းကို အစမှ အဆုံးတိုင် ပြောပြလေရာ မောင်ဘကွန်းသည် အံ့ဩသော အမူအရာနှင့် နားထောင်လျက် ရှိလေ၏။

၎င်းနောက် ကိုစံလင်းသည် မိမိ၏ အင်္ကျီအိတ်ထဲမှ ဓာတ်ပုံကို ထုတ်၍ မောင်ဘကွန်းအား ပြလေ၏။

**လင်း။** ။ 'ကျွန်တော်နှင့်တကွ ဒီက မိတ်ဆွေကရော ဒီအဖြစ်အပျက်ကို ကိုလှထွန်းအား ပြောပြဖို့ အကြိုးမရှိပေဘူးလို့ ဆုံးဖြတ်သည့်အတွက် မပြောဘဲ ထားခဲ့ကြပါတယ်'

**ကွန်း။** ။ 'ဒီဓာတ်ပုံက မှန်ကော ခင်ဗျာ'

**လင်း။** ။ 'မှန်တော့ ကျွန်တော် ခွဲပစ်လိုက်မိပြီ'

www.burmeseclassic.com



**ကွန်း ။ ။** 'မှန်ခွဲလိုက်တာ နှမြောဖို့ ကောင်းတယ်ခင်ဗျား၊ နို့ ဒီက မိတ်ဆွေမှာကော ဓာတ်ပုံ ရှိသေးသလား'

**ကျွန်တော်။ ။** 'ရှိပါသေးတယ်။ ယူလာခဲ့ပါတယ်' ဟု ပြော၍ ဓာတ်ပုံကို အိတ်ထဲမှ ထုတ်၍ ပြလေ၏။

**လင်း။ ။** 'အတူတူပါပဲ။ သူ့ ဓာတ်ပုံဟာလည်း မှန်တစ်ချပ်တည်း အတူတူ ကူးယူထားပါပဲ။ အို ဖြစ်မှ ဖြစ်ရလေ။ တယ်ခွကျတာကိုး'

ကိုစံလင်းက ထိုကဲ့သို့ ပြောလိုက်ခြင်းမှာ ကိုစံလင်းသည် စားပွဲပေါ်၌ တင်ထားသော မင့်အိုးကို လက်နှင့် တိုက်မိသဖြင့် မောင်ဘကွန်းလက်၌ ယှဉ်၍ ကြည့်နေသော ဓာတ်ပုံနှစ်ခုအနက် တစ်ခုကို မင်စွန်းပေ၍ သွားသော ကြောင့် ဖြစ်ပေသည်။

**လင်း။ ။** 'ဒီတော့ကာ ကျွန်တော့်ကို စစ်ဆေးတဲ့အခါမှာ ကျွန်တော်က ဒီဓာတ်ပုံအကြောင်းကို ထည့်သွင်းပြီး ပြောသင့် မပြောသင့် တိုင်ပင်နေကြတုန်း ခင်ဗျား ရောက်လာတာပါပဲ။ ခင်ဗျား သဘော ဘယ့်နှယ်လဲ ကိုဘကွန်း'

**ကွန်း။ ။** 'ဘုန်းကြီးတစ္ဆေကို ခင်ဗျားကိုယ်တိုင် မြင်ရတယ်ပေါ့'

**လင်း။ ။** 'မြင်လိုက်ရတယ်'

မောင်ဘကွန်းသည် ထိုင်ရာမှ ထ၍ ပြတင်းပေါက်သို့ သွားပြီးလျှင် ဝင်းကို မျှော်ကြည့်လျက် ရှိ၏။

**ကွန်း။ ။** 'ဒီက မိတ်ဆွေကတော့ မမြင်ဘူး ဟုတ်စ'

**ကျွန်တော်။ ။** 'မမြင်မိပါဘူးဗျာ။ သို့သော် သူ မြင်တယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်'

**ကွန်း။ ။** 'ကျွန်တော့်သဘောအရတော့ဖြင့် ဒီဓာတ်ပုံအကြောင်းကို ခင်ဗျား ထည့်ပြီး ပြောဖို့ မလိုဘူး ထင်ပါတယ်'

**လင်း။ ။** 'ဒါဖြင့် ကောင်းပါပြီ ခင်ဗျာ။ ခင်ဗျားတို့ သဘောအတိုင်း ကျွန်တော် လိုက်နာပါ့မယ်'

ကိုစံလင်းသည် ၎င်း၏ ဓာတ်ပုံကို ကောက်ယူ၍ အိတ်ထဲသို့ ထည့်လေ၏။



**လင်း။ ။** 'ခင်ဗျား ဓာတ်ပုံတော့ မင်တွေ ပေသွားပြီ'

**ကျွန်တော်။ ။** 'လိုလည်း မလိုချင်ပါဘူးဗျာ၊ ဆုတ်ပစ်လိုက်ပါတော့'

ကိုစံလင်းသည် ဓာတ်ပုံကို ဆုတ်၍ အမှိုက်တောင်းထဲသို့ ထည့်လိုက်လေ၏။

**ကွန်း။ ။** 'အိမ်ရှေ့မှာ ရပ်နေတာ ဒီက မိတ်ဆွေရဲ့ မြင်းရထား မှတ်တယ်။ တစ်ဆိတ်လောက် ကျွန်တော် လိုက်ခဲ့ပါရစေဗျာ။ ခင်ဗျားတို့မြို့က မြင်းရထားလည်း အရှားသားပဲ'

**ကျွန်တော်။ ။** 'လိုက်ခဲ့ပါဗျာ။ လိုက်နိုင်ပါတယ်'

ကိုစံလင်းသည် ကျွန်ုပ်တို့အား ဝင်းပေါက်သို့ ရောက်အောင် လိုက်၍ ပို့လိုက်၏။ မြင်းရထားပေါ်၌

**ကျွန်တော်။ ။** 'ဆရာမ မစိန်ညွှန့်နှင့် တွေ့ပြီးပြီလား။ တယ် သနားဖို့ ကောင်းတယ်ဗျာ'

ထိုအခါ မောင်ဘကွန်းသည် မယဉ်ကျေးသော စကား အသုံးအနှုန်း တစ်ခုကို အသုံးပြုလိုက်သဖြင့် မန္တလေးသားတန်ပဲလျက် ရိုင်းလေခြင်းဟု အောက်မေ့လိုက်မိ၏။

**ကွန်း။ ။** 'ကိုကိုနှင့် ဒီက ကိုစံလင်းနှင့်ဟာက ရည်းစားလုဘက်ဆို'

**ကျွန်တော်။ ။** (မျက်နှာထားနှင့်) 'ဒီအခါမျိုးမှာ ဒီဟာမျိုးတွေ ပြောဖို့ မသင့်ဘူး ထင်ပါတယ်ဗျာ'

**ကွန်း။ ။** 'ကိုစံလင်းဆိုတဲ့ လူက ဘိုင်စကုတ်မှာ ဓာတ်လိုက်လုပ်ဖို့ လေ့ကျင့်ဖူးတယ်လို့ ကျွန်တော် ကြားဖူးတယ် ဟုတ်ကဲ့လား'

**ကျွန်တော်။ ။** 'ဟုတ်တန်တူပါရဲ့။ ဘာကြောင့်လဲ'

**ကွန်း။ ။** 'ဒီလူ တယ်ပြီး မျက်နှာထားကောင်းတဲ့ လူပဲခင်ဗျား။ မှင်တယ် သေတယ်'

**ကျွန်တော်။ ။** 'ဘာကြောင့်လဲဗျ'

**ကွန်း။ ။** (ကျွန်တော်၏ အမေးကို မဖြေဘဲ) 'အစစအရာရာမှာ သေသေသပ်သပ် လုပ်တတ်ပါလျက်နှင့် မင်အိုးကို ဖိတ်ပစ်တာ ထူးဆန်းဘူးလား

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ'

**ကျွန်တော်။** ။ 'ဘယ်ဟာများ သေသပ်တာ ခင်ဗျား တွေ့လို့လဲ'

**ကွန်း။** ။ 'စေ့စပ်တဲ့ လူမျိုး မဟုတ်လျှင် ကိုယ့်အင်္ကျီသီးကို ကိုယ်တိုင် ဘယ်တော့မှ မတပ်ဘူး ခင်ဗျ'

ထိုအခါ၌ကား ကျွန်တော်၏ စိတ်၌ ထိုသူငယ်သည် အစ်ကို သေဆုံးသည့်အတွက်ကြောင့် စိတ်ကတောက်ကတက် ဖြစ်ရှာသည် ဟူ၍ မှတ်ထင်စပြုလာခဲ့၏။

မောင်ဘကွန်းသည် ကျွန်တော်၏ စိတ်အကြံကို ရိပ်မိဟန်ရှိ၍ ပြုံးရယ်လျက်

'ယောက်ျားတစ်ယောက်ရဲ့ စာရေးစားပွဲပေါ်မှာ အပ်ချည်လုံးနှင့် အပ်ကို တွေ့မြင်ရတာ အံ့ဩစရာ မဟုတ်ဘူးလား၊ ကျွန်တော်လည်း အံ့ဩလေတော့ ဘယ်အတွက်ပါလဲလို့ ကြည့်ရာမှာ သူ့ဘလေဇာကွတ်က အောက်ဆုံး အင်္ကျီသီးဟာ တော်စွာလျော့စွာ တပ်ထားတာ မြင်တော့မှ သူ့လက်ရာကိုးလို့ ကျွန်တော် တွေးမိတယ်'

ထိုအခါ ကျွန်တော်၏ စိတ်ထဲ၌ ဤသူသည် မိမိ၏ အစ်ကို သေဆုံးပြီးစအခါ၌ ဤကဲ့သို့သော အသေးအဖွဲ့ကလေးများကို ဂရုစိုက်နိုင်လောက်အောင် ရှိနေသည့်အတွက် မနှစ်သက်ဘဲ ရှိနေခဲ့လေ၏။

**ကျွန်တော်။** ။ 'ကျုပ်ကတော့ ညီရင်းတစ်ယောက်လို ချစ်ခင်နေတဲ့ လူတစ်ယောက် သေဆုံးတဲ့အခါမှာ ဒီလို သေးသေးနုပ်နုပ်ကလေးတွေ ဂရုမစိုက်မိပေဘူးဗျာ'

ထိုအခါ မောင်ဘကွန်းသည် ကျွန်တော်၏ ဘက်သို့ ရုတ်တရက် လှည့်၍ ချစ်ခင်တွယ်တာဖွယ် ကောင်းသော ပြုံးရယ်ခြင်းမျိုးဖြင့် ကျွန်တော်၏ မျက်နှာကို ကြည့်ကာ ပြုံးလိုက်ရာတွင် ကျွန်တော်သည် သေဆုံးသူ မောင်လှထွန်းကို သတိရမိလေ၏။

**ကွန်း။** ။ 'သည်းခံပါ ခင်ဗျာ။ ကျွန်တော် ဒီလို သဘော မဟုတ်ပါဘူး'

ငှင်းနောက် ကျွန်တော်တို့သည် စကားဆက်လက် ပြောဆိုခြင်း



မပြုတော့ဘဲ ဆိတ်ငြိမ်စွာ လိုက်ပါသွားကြလေ၏။

မောင်လှထွန်း သေဆုံးသည့်အကြောင်းကို စစ်ဆေးရာ၌ အထက်တွင် ကျွန်တော် ဖော်ပြခဲ့ပြီးသော အကြောင်းအရာများ အပြင် တစ်စုံတစ်ရာမျှ အသစ်ထပ်မံ ပေါ်ပေါက်ခြင်း မရှိသောကြောင့် တရားသူကြီးသည် မတော်တဆ သေဆုံးခြင်း ဖြစ်ကြောင်းနှင့် မှတ်တမ်းတင်လိုက်လေ၏။ ကိုစံလင်းသည် ချစ်ခင်သော သူငယ်ချင်း တစ်ယောက်ဖြစ်သည့်အတိုင်း တုန်လှုပ်သော အမှုအရာနှင့် အစစ်ခံ၍ ဓာတ်ပုံ၏ အကြောင်းကို အလျဉ်း ထည့်သွင်းပြောပြခြင်း မပြုခဲ့ချေ။

အမှု ပြီးဆုံးသည့် နောက်တစ်နေ့၌ ကျွန်တော်သည် ကလပ် အသင်းရုံးသို့ သွားရောက်သောအခါ စက္ကရီတေရီဖြစ်သော ကိုဘသန်း ဆိုသူသည် ဓာတ်ပုံအကြောင်းနှင့် ပတ်သက်၍ ကျွန်တော်အား တီးခေါက်မေးမြန်းခြင်း ပြုရာတွင် စိတ်ထဲ၌ အံ့ဩမိ၏။ ထိုအကြောင်းကို ကျွန်တော်မှ တစ်ပါး ကိုစံလင်းနှင့် မောင်ဘကွန်း နှစ်ဦးတည်းသာလျှင် သိကြသည် ဖြစ်သောကြောင့် ဘယ်နည်းနှင့် လူသိ သူသိ ဖြစ်သွားရသည်ကို စဉ်းစား၍ မရနိုင်ဘဲ ရှိနေ၏။

သို့ဖြစ်၍ ကျွန်တော်သည် မောင်ဘကွန်းနှင့် တွေ့သောအခါတွင် ထိုအကြောင်းကို မေးမြန်းစုံစမ်းရာ

**ကွန်း။** ။ 'ခင်ဗျား အံ့ဩသလား။ ကျွန်တော်တော့ မအံ့ဩပေါင်ဗျာ'

**ကျွန်တော်။** ။ 'ဘယ်သူကစပြီး ပြောလို့လဲဗျာ။ ခင်ဗျားကလည်း မပြောဘူး။ ကျုပ်ကလည်း မပြောဘူး'

**ကွန်း။** ။ 'ဒီပြင်ကော ဘယ်သူရှိသေးသလဲ'

ထိုခဏ၌ ကိုစံလင်းဝင်လာ၍ ကျွန်တော်က လက်ရပ်ခေါ်ငင်ပြီးလျှင် မေးမြန်း စုံစမ်းရာ

**လင်း။** ။ 'အလိုလေးဗျာ၊ အခု နံ့ကုန်ပြီ ဟုတ်စ။ မြန်လှချေ ကလားဗျာ။ မနေ့ညက ကျွန်တော်က ဓာတ်ပုံကို အင်္ကျီအိတ်ထဲမှာ မေ့ပြီး ထားမိတယ်ဗျ။ ကျွန်တော့် အစေခံ ဘိုးထော်က တွေ့သွားပြီး အရပ်ထဲ လျှောက်ပြောကုန်ပြီ

www.burmeseclassic.com

www.burmeseclassic.com



မှတ်တယ်။ မဖြစ်ဘူး၊ ဒီအကောင်တော့ ထုတ်ပစ်မှ တော်မယ်’ ဟု ပြောပြီးနောက် ကိုစံလင်းသည် ဒေါသကြီးသော အမူအရာနှင့် ထွက်သွားလေ၏။ ကျွန်တော်သည် မောင်ဘကွန်းဆက်သို့ လှည့်၍ ကြည့်လိုက်သောအခါ မောင်ဘကွန်းသည် ပြုံးစိစိမျက်နှာထားနှင့် ရှိနေလေ၏။

ထိုခဏ၌ မောင်ဘကွန်း၏ တည်းအိမ်မှ အစေခံ တစ်ယောက်သည် ကြေးနန်း တစ်စောင်ကို ယူလာ၍ မောင်ဘကွန်း၏ လက်သို့ ပေးအပ်ရာ မောင်ဘကွန်းသည် ကြေးနန်းကို ဖောက်ဖတ်ပြီးနောက် ကျေနပ်သော မျက်နှာထားနှင့် ပြုံးလေ၏။ ၎င်းနောက် ကျွန်တော်၏ ဘက်သို့ လှည့်၍

**ကွန်း**။ ။ ‘ကျွန်တော် တစ်ခု တောင်းခံပါရစေ ခင်ဗျာ။ ကျွန်တော်နှင့် ကျွန်တော့် မိတ်ဆွေ မိန်းမတစ်ယောက်ကို မိတ်ဆွေအိမ်မှာ ဒီကနေ့ညညစာ ထမင်းတစ်နပ်လောက် ကျွေးပါ ခင်ဗျာ’

ကျွန်တော်သည် နားမလည်နိုင်သဖြင့် ကြောင်တောင်ငေး လျက်သာလျှင် ကြည့်နေလေ၏။

**ကွန်း**။ ။ ‘ထူးထူးဆန်းဆန်း လူတစ်ယောက်ပဲလို့ အောက်မေ့လျှင်လည်း ခံရပါတော့မယ်။ ဒီထက်မက ထူးဆန်းတာများကို ဒီကနေ့ည တွေ့ရလိမ့်မယ်လို့ ကျွန်တော် အာမခံဝံ့ပါသေးတယ်။ ဒါထက် ကိုစံလင်းက ခင်ဗျားဆွေမျိုးများကို သိသလား’

**ကျွန်တော်**။ ။ ‘ဘယ်က သိမှာလဲဗျ။ ကျုပ်က မန္တလေးသား သူက တောင်ငူသား။ အဝေးကြီးပဲ’

**ကွန်း**။ ။ ‘ဒါဖြင့် နေရာကျပြီ။ ခင်ဗျားမှာ တူမတစ်ယောက် လာတယ်လို့ ပြောလျှင် သူ ယုံရမှပေါ့’

**ကျွန်တော်**။ ။ ‘ဘာတွေများ လျှောက်မေးနေတဲ့ လူပါလိမ့်’

**ကွန်း**။ ။ ‘နောက်တော့ ကျွန်တော် ရှင်းလင်းပြပါမယ်။ ယခုတော့ ကျွန်တော် ပြောတဲ့အတိုင်း တစ်ဆိတ်လောက် လုပ်စေချင်ပါတယ်။ ကျွန်တော်က မိန်းမတစ်ယောက် ခေါ်ခဲ့ပါမယ်။ ခင်ဗျားက တူမ တော်တယ်လို့ ကိုစံလင်းကို ပြောပါ။ သူ့ကိုလည်း ဒီကနေ့ ညစာစား ဖိတ်ပါ။ ဟော ဟော ဟိုမှာ



ကိုစံလင်း လာပြီ၊ ဖိတ်ပါ ဖိတ်ပါ’

ထိုသူ၏ အမူအရာမှာ မငြင်းပယ်နိုင်လောက်အောင် အတင်းအကျပ်ရှိနေသည် ဖြစ်သောကြောင့် ကျွန်တော်သည် သူစေခိုင်းသည် အတိုင်းလိုက်နာရလေ၏။

**လင်း**။ ။ ‘ဘယ်အချိန်လဲဗျ၊ ၇ နာရီ ဟုတ်စ၊ ကောင်းပါပြီ လာခဲ့ပါမယ်’

**ကျွန်တော်**။ ။ ‘ကျုပ်တူမ တစ်ယောက်လည်း မန္တလေးက ရောက်လာတယ်’

**လင်း**။ ။ ‘ဒီပြင်ကော ဘယ်သူများ ဖိတ်သေးသလဲ’

**ကျွန်တော်**။ ။ ‘ဒီပြင်တော့ ဒီက မိတ်ဆွေ ကိုဘကွန်း တစ်ယောက်ပါပဲ’

ထိုအခါ ကိုစံလင်း၏ မျက်နှာထားမှာ မောင်ဘကွန်းကို ဖိတ်ခြင်းအတွက် နှစ်သက်ဟန် မရှိချေ။ သို့ရာတွင် ငြင်းပယ်ရန် အချိန်မရှိတော့သည် ဖြစ်၍ နောက်သို့ မဆုတ်နိုင်ဘဲ လာရန် ကတိထားရလေ၏။

ကိုစံလင်း ထွက်သွားပြီးနောက် မောင်ဘကွန်းသည် ကျွန်တော်၏ မေးခွန်းများကို စုံလင်စွာ ဖြေကြားခြင်း မပြုဘဲ

**ကွန်း**။ ။ ‘သည်းခံပါခင်ဗျာ။ စကားရှည်ပြောနေလို့ အချိန်မရှိပါဘူး။ ကျွန်တော် ခေါ်ခဲ့မည့် မိန်းမအမည်က မသိန်းတင်ပါတဲ့။ သူက ခင်ဗျားကို ဦးလေးလို့ ခေါ်ပါလိမ့်မယ်။ ခင်ဗျားက သူ့ကို တူမလို့ ခေါ်ပါတော့’

**ကျွန်တော်**။ ။‘ဒါက ဟုတ်ပါပြီ။ ကိစ္စကို ပြောစမ်းပါဦး’

**ကွန်း**။ ။ ‘အချိန်တန်တော့ နားပိန်ကန်ပါလိမ့်မယ်။ စကားအပြော အဆိုမမှားရအောင်ဟာ ကျွန်တော်တို့ အရိပ်အကဲကို ကြည့်ပြီး ပြောဆိုပါတော့။ ခင်ဗျားက တစ်ချက်တလေ မှားယွင်းသွားလို့ ရှိလျှင် မသိန်းတင်မှာ အသက်သေရပါလိမ့်မယ်’

ထိုအခါ ကျွန်တော်မှာ လူတစ်ယောက်၌ အသက်သေလောက်အောင် အရေးကြီးသော ကိစ္စတစ်ခုကို စီစဉ်ရာ၌ အလျှင်စလိုရှိလှချေတကားဟု အံ့သြခြင်း ဖြစ်၍ မည်သည့်အတွက်ကြောင့် အသက်သေလောက်အောင် ရှိနေသည်ကိုလည်း နားမလည်နိုင်အောင် ရှိခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



**ထွန်း** ။ ‘ဘယ်လိုပင် ဖြစ်စေ၊ ဒီအကြောင်းကို ကိုစံလင်း မသိပါစေနှင့် ခင်ဗျာနော်။ နို့မို့လျှင်၊ အားလုံး အကြံအစည် ပျက်ကုန်ကြပါလိမ့်မယ်’ ဟု အရေးတကြီး မှာထားပြီးနောက် ထွက်သွားလေ၏။

ထိုနေ့ ညနေ ၆ နာရီခွဲသည်နှင့် တစ်ပြိုင်နက် မောင်ဘကွန်းသည် အသက် နှစ်ဆယ်ကျော် အရွယ်ခန့် ရှိ၍ ရုပ်ဆင်း သဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမတစ်ယောက်နှင့် ဆိုက်ရောက်လာကြ၍ မောင်ဘကွန်းသည် နေ့လယ်က ပြောထားသော စကားအတိုင်း ကျွန်တော်အား ထပ်လောင်း၍ သတိပေးလေ၏။

၇ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ကိုစံလင်း ရောက်လာ၍ ထမင်းစားရန် ပြင်ဆင်ကြလေရာ ကျွန်တော်မှာ ထိုမိန်းမသည် မည်သည့်နည်းနှင့် အသက်သေရန် ရှိလေသနည်း ဟူ၍ စဉ်းစား စိတ်ကူးနေသည် ဖြစ်သောကြောင့် ကယောင်ချောက်ချား ရှိနေလျက် ထမင်းပွဲ၌ ငါးပိရေကိုပင် ဇွန်းခပ်၍ သောက်မိလေ၏။ မောင်ဘကွန်းသည် ထိုအခြင်းအရာကို မြင်သောအခါ ကျွန်တော်အား မျက်မှောင်ကုတ်ကာ သတိပေးလေ၏။

ထမင်းစားသောက်ကြပြီးနောက် မောင်ဘကွန်းသည် မိမိ၏ အစ်ကို အကြောင်းကို ပြောဆိုရာမှ မည်သည့်ဘဝသို့ ရောက်ရှာသည်ကို သိရလျှင် ကောင်းသည် ဖြစ်ကြောင်းနှင့် ပြောဆိုရာတွင် မသိန်းတင်က မိမိမှာ ‘နတ်ဝင်သည်’ ဖြစ်သောကြောင့် နတ်ပူးကပ်၍ ကြည့်ပါမှ သိနိုင်ဖို့ ရှိကြောင်းနှင့် ပြန်ပြောလေ၏။ ထိုအခါ မောင်ဘကွန်းက နတ်ပူးစေရန် တောင်းပန်၍ မသိန်းတင်က ဦးလေး၏ အခွင့်ကို တောင်းလေရာ ကျွန်တော်မှာ ၎င်းတို့၏ အရိပ်အကဲကို ကြည့်၍ လိုက်နာရန် သွန်သင်ပြီး ဖြစ်သည်အတိုင်း ကန့်ကွက်ဖို့ မရှိကြောင်းနှင့် ပြော၍ ခွင့်ပြုလိုက်လေ၏။

၎င်းနောက် မောင်ဘကွန်းနှင့် မသိန်းတင်တို့သည် နတ်ပင့်ရန် ပြင်ဆင်ကြလေရာ ကိုစံလင်းမှာမူ ကန့်ကွက်ခြင်းငှာ မတတ်နိုင်သော်လည်း သဘောမတူသည့်အနေဖြင့် ကုလားထိုင်တွင် နေမထိ ထိုင်မထိ ရှိနေလေ၏။ ထိုနောက် မသိန်းတင်က နတ်ပူးသောအခါ မေးမြန်း လိုသမျှကို မေးမြန်းရန်



အတွက်မှာ မှောင်မိုက်လျက် ရှိခြင်းသည် အကောင်းဆုံး ဖြစ်ကြောင်းနှင့် ပြောပြသဖြင့် ကျွန်တော်သည် မီးအိမ်ကို ငြိမ်းထားလိုက်၏။

ထိုနောက် ကျွန်တော်တို့ ယောကျ်ား သုံးယောက်သည် အခန်း၏ တစ်ခုသောထောင့်တွင် ထိုင်နေကြ၍ မသိန်းတင်သည် အခန်း၏ အလယ်တွင် ကုလားထိုင်၌ ထိုင်လျက် ရှိရာ အားလုံးသည် တိတ်ဆိတ်စွာ ရှိနေကြ၏။ ကျွန်တော်မှာမူ မောင်ဘကွန်း ပြောထားသော စကားကို သတိရ၍ ဘယ်အချက်၌ အသက်ကို စွန့်ရခြင်းပါလေနည်းဟု စဉ်းစားစိတ်ကူးရင်း ရင်ထဲ၌ တဒိန်းဒိန်း တဒိုင်းဒိုင်း ရှိနေလေ၏။

နှစ်မိနစ်ခန့်မျှ ဆိတ်ငြိမ်စွာ ရှိနေကြပြီးနောက် မသိန်းတင်၏ သန်းဝေသော အသံကို ကြားရလေရာ မောင်ဘကွန်းက ‘ဟော ဟော ဝင်လာပြီ။ ဝင်လာပြီ’ ဟု လေသံဖြင့် တိုးတိုး ပြောလိုက်၏။

ထပ်မံ၍ ဆိတ်ငြိမ်စွာ ရှိနေကြပြီးနောက် ယောကျ်ား တစ်ယောက်၏ အသံဖြင့် ‘ဘကွန်း ဘကွန်း’ ဟု နှစ်ကြိမ်မျှ ဆက်လက်၍ ခေါ်သံကြားရလေရာ ကျွန်တော်မှာ သေလွန်သူ မောင်လှထွန်း၏ အသံနှင့် တူလှသည်ဟု အောက်မေ့မိ၏။ ကိုစံလင်းမှာမူ ကျွန်တော်၏ အနီး၌ အသက်ပြင်းစွာ ရှူရှိုက်လျက် ရှိသည်ကို ကြားရ၏။

‘ဘကွန်း၊ ဘကွန်း၊ ဘကွန်း’

‘ကိုကိုလား ကိုကို’

‘ဘကွန်းရေ အကျိုသီးဟာ သက်သေခံလိမ့်မယ်’

‘ဘာအကျိုသီးလဲ ကိုကို’

‘အကျိုသီးကွဲ့၊ သူ့ အကျိုသီးကို သူဆင်းပြီး ကောက်ယူတယ်’

‘ကိုကိုရေ ကိုကိုလား၊ ကိုကို ယခု ဘယ်မှာ နေသလဲ ကိုကို’

‘ငါ လိမ့်ကျတာ မဟုတ်ဘူးကွဲ့၊ ဟောဟို အကောင်က ငါ့ကို တွန်းချတာကွဲ့’

‘ဘယ်အကောင်လဲ ကိုကို၊ ကိုကို့ကို သတ်တဲ့လူ ဘယ်မှာလဲ’

‘ဒီ အကောင်လေ’

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ပြင်းထန်စွာ ဟစ်အော်လိုက်သော အသံက ရုတ်တရက် ကြားရပြီးနောက် တွန်းဖယ်ရုန်းကန်သော အသံများကို ကြားရသဖြင့် မောင်ဘကွန်းက 'မီးထွန်းပါ၊ မီးထွန်းပါ' ဟု အော်ဟစ်ကာ ပြောလေ၏။ ကျွန်တော်သည် မီးခြစ်၍ ဖယောင်းတိုင်ကို ထွန်းလိုက်သောအခါ မသိန်းတင်သည် ကြမ်းပေါ်၌ ပက်လက်လန်ခါ လဲနေလျက် ကိုစံလင်းသည် ၎င်း၏ လည်ပင်းကို ဖြစ်ညှစ်ရင်း 'ငါ သတ်တယ် ဘာဖြစ်သလဲ။ ငါ သတ်တယ်' ဟု အံကြိတ်ကာ ပြောနေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်နှင့် မောင်ဘကွန်းတို့သည် လျင်မြန်စွာ ပြေးဝင်၍ ကိုစံလင်း၏ လက်များကို ဖြေယူပြီးနောက် မသိန်းတင်နှင့် ခွဲခွာအောင် ဖျန်ဖြေကြရလေ၏။ ထိုခဏ၌ ပုလိပ်အရာရှိ နှစ်ယောက်တို့သည် အခန်းတွင်းသို့ ဝင်လာ၍ ကိုစံလင်းကို လက်ထိပ်ခတ်ကြလေ၏။

**လင်း။** ။ (မောင်ဘကွန်းအား မျက်စောင်းထိုးလျက်) 'မင်းက ဒီတစ်ခါ ဉာဏ်သာ သွားပေတာပေါ့ကွာ'

**ကွန်း။** ။ 'ဒီလိုပေါ့ ဆရာ။ သူတစ်ပြန် ငါတစ်လှည့်ပေါ့။ ကျုပ်တို့ ဒီကနေ့ ညလုပ်ခြင်းဟာလည်း ဆင်လုံးပဲ။ ခင်ဗျား ဓာတ်ပုံဟာလည်း ဆင်လုံးပဲ'

ပုလိပ်များသည် ကိုစံလင်းအား ဌာနသို့ ခေါ်ဆောင်သွားကြသော အခါတွင် မောင်ဘကွန်းသည် ၎င်း၏ ဆင်ခြင်စဉ်းစားပုံတို့ကို ရှင်းလင်း ပြောပြသည်မှာ

**ကွန်း။** ။ 'ကိုစံလင်းဟာ တော်တော် ဉာဏ်သွားတဲ့ လူတစ်ယောက်ပါ ပေပဲဗျာ။ ကျွန်တော် ရောက်ခါစအခါကတော့ ကျွန်တော် ကိုယ်တိုင်ကပဲ ကိုကိုဟာ မတော်တဆ လိမ့်ကျပြီး သေဆုံးရှာတယ်လို့ ထင်မှတ်မိပေတယ်။ သို့သော် ကိုကိုဟာ နေရာတကာမှာ စေ့စပ်တဲ့ လူတစ်ယောက် ဖြစ်လေတော့ လိမ့်ကျဖို့ ခဲယဉ်းတယ်လို့တော့ အောက်မေ့ပါရဲ့။ အကယ်၍ မတော်တဆ လိမ့်ကျခြင်း မဟုတ်၊ လူသတ်လို့ သေတယ်ဆိုလျှင် သူ့ကို သတ်မယ့် လူဟာ ဒီအခါမှာ ကိုစံလင်းတစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့် ကိုစံလင်းကို တစ်ဆိတ် ဂရုစိုက်ပြီး ကြည့်မိပေတယ်။ သူ့ အိမ်ရောက်တော့ အပ်ချည်လုံးနှင့်



အပ်ကို စားပွဲပေါ် တွေ့တဲ့ပြင် သူ့ဘလေဇာကွတ်မှာလည်း ကြယ်သီး တစ်လုံးကို တော်စွာလျော်စွာ မသေမသတ် တပ်ထားတာ တွေ့တော့ ဒီ အခါမျိုးမှာ သူ့အင်္ကျီသီးကို သူကိုယ်တိုင် တပ်ရအောင်ဟာ ကေနိမုချ အင်္ကျီသီးနှင့် ပတ်သက်ပြီး လူမသိစေချင်တဲ့ အချက်တစ်ခုခု ရှိလိမ့် မယ်လို့ ကျွန်တော် စိတ်ထဲမှာ မှတ်ပြီး ထားလိုက်တယ်။ ပြီးတော့ကာ ဓာတ်ပုံနှစ်ခုကို သေသေချာချာ ယှဉ်ကြည့်လိုက်တော့ တစ်ပုံမှာ ဘုန်းကြီး ရုပ်ဟာက ကျောင်းစွန်းနှင့် လက်တစ်သစ်လောက် ကွာခြားတယ်၊ တစ်ပုံ မှာတော့ လက်တစ်သစ်ကျော်ကျော်ကြီး ကွာခြားတယ်။ ဒီကတည်းကိုက ဓာတ်ပုံနှစ်ခုဟာ မှန်တစ်ချပ်တည်း ရိုက်ကူးခြင်း မဟုတ်ကြောင်း ထင်ရှား တဲ့အပြင် ဘုန်းကြီးရုပ်ကို ကိုကိုတို့ ပုံနောက်က ထည့်ပြီး ရိုက်ကူးထားကြောင်း ထင်ရှားပြန်တယ်'

**ကျွန်တော်။** ။ 'နေပါဦးဗျာ၊ ဒီ ဓာတ်ပုံကို ဘယ်အတွက်ကြောင့် သူ ထွင်ရတာလဲ'

**ကွန်း။** ။ 'ဒီလူက ဉာဏ်သွားတဲ့ လူဗျ။ ဒီဟာမျိုးကို လူတွေနား ကြား သွားလျှင် သေဆုံးခြင်း အကြောင်းကို စစ်ပေါက်ရှာဖွေဖို့ သတိမရဘဲ ကြမ္မာငင်လို့ သေတဲ့ လူပဲ ဆိုပြီး ဘုန်းကြီးရုပ် အကြောင်းကိုသာ ပြောဖို့ သတိရကြတော့မယ်။ သို့သော်လည်း ခင်ဗျားက နှုတ်ပိတ်ထားလို့ အစစ်ခံတဲ့ အခါမှာ ဒီအကြောင်းကို သူ ထည့်ပြီး မပြောရဘူး မဟုတ်လား။ ဒါတောင် သူက မနေဘဲ တစ်နည်းနည်းနှင့် လူသိအောင် လုပ်ခဲ့တာကိုး။ ခင်ဗျား ကိုယ်တိုင် တွေ့ခဲ့ရသေးတယ် မဟုတ်လား'

**ကျွန်တော်။** ။ 'ဒါဖြင့် သူ့ကို ဘာကြောင့် တစ်ခါတည်း မဖမ်းစေသလဲ'

**ကွန်း။** ။ 'ဖမ်းသော်လည်း သက်သေခံ မလုံလောက်လျှင် လွတ်ပစ်မှာကိုး ခင်ဗျ။ ဒါကြောင့် ဒီကနေ့ည ဆင်လုံးကလေးတစ်ခု ထည့်ပြီး လုပ်လိုက် ရတယ်'

ထိုညသည်ကား ထူးဆန်းသော အဖြစ်အပျက်များ ပြည့်နှက်လျက် ရှိသော ညဖြစ်လေရာ အထူးဆန်းဆုံးသော အဖြစ်အပျက်ကိုမူကား ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



ရန် ကျွန်ချေသေး၏။

**မသိန်းတင်**။ ။ 'ဆင်တုန်းက ဆင်တယ်လို့ ဆင်တာပဲ။ ကျွန်မ တကယ် သတိလစ်ပြီး သွားတာ ရှင်တို့ သိလိုက်ကြရဲ့လား'

**ထွန်း**။ ။ 'ဘာပြောတယ် မသိန်းတင်။ ခုနင်က မသိန်းတင် ပြောတဲ့ စကားတွေဟာ ဆင်လုံးတွေ မဟုတ်လား'

**တင်**။ ။ 'ဘယ်က ဟုတ်လိမ့်မှာလဲ။ ကျွန်မ သတိလစ်သွားပြီး ဘယ်သူက ဝင်ပြောသွားတယ် မဆိုနိုင်ဘူး'

**ကွန်း**။ ။ 'ဒါဖြင့် ကိုကို အစစ်ပဲ။ အလိုလေးဗျ၊ ကြက်သီးထလိုက်တာ'

❖

# ထန်းသီးကြွေခိုက် ကျိုးနင်းခိုက်

ကျွန်ုပ်သည် လွန်ခဲ့သော အနှစ် ၃၀ ခန့် အချိန်က သူရိယ သတင်းစာတိုက်၌ မဂ္ဂဇင်း အယ်ဒီတာအဖြစ်နှင့် လုပ်ကိုင်လျက် ရှိစဉ် ခွင့်ရက်ရှည်ခံယူ၍ အထက်မြန်မာပြည် ရွှေဘိုချောင်းတစ်ဝိုက်၌ သစ်တောဘက်တွင် အမှုထမ်းလျက် ရှိသော သစ်တောဝန်ထောက် ဦးဝင်းမော်ထံသို့ သွားရောက်လည်ပတ်ခဲ့ဖူးလေသည်။

ဦးဝင်းမောင်မှာ ကျောင်းနေဘက် သူငယ်ချင်း ဖြစ်၍ နှစ်ပေါင်းများစွာ ကွဲကွာနေကြရာတွင် ၎င်းတို့ထံ အလည်အပတ် လာရန် ကြိမ်ဖန်များစွာ မှာထားဖူးသည့်အလျောက် အထက်မြစ်ညာအရပ်သို့ တစ်ခါတစ်ခေါက် ရောက်ဖူးလိုသော ဆန္ဒရှိသည်နှင့် အခွင့် သုံးလအနက် နှစ်လခန့်အချိန်ကို ထိုသူငယ်ချင်းနှင့်အတူ အချိန်ဖြုန်းရန် အကြံအစည်နှင့် ကျွန်ုပ် သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ဦးဝင်းမော်သည် ဒေသန္တရ ဗဟုသုတအတွက် လာရောက်ခြင်း ဖြစ်သော ကျွန်တော်၏ ဆန္ဒကို သိရှိသည့်အလျောက် သူနှင့် အတူတကွ

---

ဤဝတ္ထုကို ဆရာကြီးရွှေဥဒေါင်းသည် ရှုမဝမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၂၊ ဇူလိုင်လ၊ ၁၉၄၇ နှစ်တွင် ရေးသားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နေထိုင်သော အချိန်တွင် ၎င်း၏ ဌာနဖြစ်သော မြတောင်ရွာ၌ အချိန်အနည်းငယ်မျှသာ ပြန်လာ၍ အဆိုပါ နှစ်လမျှသော အချိန်ကို ရွှေလီမြစ်ရိုးတစ်လျှောက် တောတက်ရန် စီမံခဲ့လေသည်။

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဦးဝင်းမော်တို့သည် အစေခံများကို ပစ္စည်းနှင့်အတူ နောက်မှ လှည်းနှင့် လိုက်ခဲ့ရန် မှာထားခဲ့ပြီးလျှင် မြင်းတစ်စီးစီနှင့် ထွက်လာကြ၍ ရွာကလေး တစ်ရွာအနီးသို့ ချဉ်းကပ်လာကြလေ၏။ ရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်ရှိ လက်ပံပင်ကြီး တစ်ပင်အောက်တွင် အခိုင်အမာ ဆောက်လုပ်ထားသော နတ်စင်တစ်ခု ရှိ၍ ရွာသူရွာသားများသည် သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ကာ အိုးစည် ဒိုးပတ် အစရှိသော အတီးအမှုတ်များနှင့် ထိုနတ်စင်ရှေ့တွင် တပျော်တပါးကြီး တီးမှုတ်ကခုန်လျက် ရှိသည်ကို တွေ့ရလေ၏။ နှစ်ဆယ်ခန့်မျှသော မိန်းမကြီးတို့သည်လည်း ကန်တော့ပွဲများကို နတ်စင်ရှေ့တွင် တည်ခင်း၍ တင်မြှောက်ပသလျက် ရှိကြရာ ရွာအပျိုများနှင့် ကာလသားများသည်လည်း ဒိုးပတ်နှင့် အိုးစည် အပြိုင်အဆိုင် တီးကြသည့် ပွဲတွင် အပျိုများသည် ဒိုးပတ်သမားများနှင့် လည်းကောင်း၊ လူပျိုများသည် အိုးစည်သမားများနှင့် လည်းကောင်း တွဲဖက်သီဆိုကာ ပျော်ရွှင်စွာ ကခုန်လျက် ရှိကြလေ၏။

ကျွန်ုပ်တို့သည် မြင်းပေါ်မှ ခေတ္တဆင်းကြ၍ နတ်စင်သို့ ချဉ်းကပ်ပြီးလျှင် နတ်ရုပ်များကို ကြည့်ကြသည့်အခါ ယောကျ်ားရုပ်နှစ်ခုသည် မြင်းစီးလျက် လည်းကောင်း၊ အဘိုးကြီးရုပ် တစ်ခုသည် တင်ပျဉ်ခွေလျက် လည်းကောင်း၊ မိန်းမရုပ်တစ်ခုသည် ကလေးကို ပိုက်လျက် လည်းကောင်း ရှိနေကြသည်ကို တွေ့မြင်ရလေ၏။ ကျွန်ုပ်မှာ သုံးဆယ့်ခုနစ်မင်း နတ်များအကြောင်းကို အနည်းငယ် ကြားဖူးသော်လည်း ထိုနတ်ရုပ်များသည် မည်သည့် အခြင်းအရာကို ဖော်ပြ၍ မည်သည့်နတ်များ ဖြစ်သည်ကို မတွေးတတ်သည်နှင့် လူကြီးတစ်ယောက်အား မေးကြည့်ရာ

'ဒီနယ်မှာ အင်မတန် ကျော်ကြားတဲ့ 'ဗိုလ်ဗလ' နတ်ဆိုတာ ဒီဟာပဲ' ဟု အဘိုးကြီးက ပြန်ပြောလေ၏။



အမှန်ကို ပြောရလျှင် ကျွန်ုပ်နှင့် မိတ်ဆွေ ဦးဝင်းမော်တို့မှာ နတ်ဆိုသည်ကို များစွာလည်း အယုံအကြည်မရှိ၊ ပသရန်လည်း အလိုမရှိ၊ စော်ကားမော်ကား ပြုလုပ်ရန်လည်း အလိုမရှိ၊ လောက၌ နာမည်ကျော် လူဆိုးများကို ခပ်ကင်းကင်း နေသည့် နည်းတူ နတ်များနှင့် ပတ်သက်၍လည်း အရောတဝင် မပြုဘဲ ခပ်ရှောင်ရှောင် နေကြသူများ ဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်မှာ ထူးဆန်းသော အဖြစ်အပျက်ဆိုလျှင် ကြားနာချင်သော ဝါသနာ ရှိသည့်အလျောက် ဗိုလ်ဗလနတ်၏ အကြောင်းကို မေးမြန်း စုံစမ်းလိုသော ဆန္ဒ ဖြစ်ပေါ်လာခဲ့လေ၏။

သို့ဖြစ်၍ ထိုလူကြီးအား ဗိုလ်ဗလ နတ်အကြောင်းကို သိပါရစေဟု ပြောရာတွင် လူကြီးက 'ဒီအကြောင်းကို သိချင်ရင် ဒီရွာမှာ တစ်ညလောက် အိပ်ပါလား' ဟု ပြောလေ၏။

ထိုစကားသည် နတ်များနှင့် ပတ်သက်၍ အတော်ဆန်းကြယ်သော စကားတစ်ခု ဖြစ်ရကား ကျွန်ုပ်၌ သိလိုသော ဆန္ဒသည် တိုး၍ ပြင်းထန်လာသည်နှင့် ဦးဝင်းမော်အား တိုင်ပင်ကြည့်ရာ သူက 'ခင်ဗျား အိပ်ချင် အိပ်လေဗျာ။ အလုပ်ကတော့ စီမံရင် ဖြစ်နိုင်ပါတယ်' ဟု ပြန်ပြောလေ၏။ အတိုချုံးရလျှင် ကျွန်ုပ်တို့သည် ထိုညအဖို့ ဘိုတဲ မရှိသည်နှင့် ထိုရွာ သူကြီးအိမ်တွင် အိပ်ကြရန် ဆုံးဖြတ်၍ တပည့်များ ပါလာမည့် လှည်းကိုသာ မျှော်လင့်နေကြလေတော့၏။

သူကြီးအိမ်သို့ ရောက်ကြ၍ မကြာမီအတွင်း တပည့်များနှင့် ပစ္စည်းများ ဆိုက်ရောက်လာကြရာတွင် ကျွန်ုပ်တို့ လူစုသည် ဘိုအိမ် ပုံသဏ္ဌာန် ဆောက်လုပ်ထားသော သူကြီးအိမ်တွင် ဆင်ဝင်ဆောင်၌ နေရာထိုင်ခင်း ပြင်ဆင်ကြလေ၏။ ထိုအချိန်မှာ ညနေ ငါးနာရီခန့် ရှိပြီ ဖြစ်၍ တပည့်များလည်း အသင့်ချက်ပြုတ် ဆောင်ယူလာခဲ့သော ဟင်းများကို ပူအောင်နွေး၍ ထမင်းအိုး တစ်လုံးမျှသာ ချက်ပြီးလျှင် ကျွန်ုပ်တို့ နှစ်ယောက်ကို ကျွေးမွေးလေ၏။ ညစာစားပြီးကြ၍ ရွက်ဖျင်ကုလားထိုင် တစ်ခုစီနှင့် ထိုင်နေကြစဉ် ကျွန်ုပ်သည် သူကြီးအား ဗိုလ်ဗလနတ် အကြောင်းကို မေးမြန်းရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ကောင်းကောင်း ပြောပြနိုင်သော လူကြီးတစ်ယောက် ရှိသည် ဆို၍ တပည့်တစ်ယောက်ကို စေလွှတ်လိုက်ရာ မကြာမီ လူကြီးတစ်ယောက် ပါလာလေသည်။ ထိုလူကြီးမှာ အခြား မဟုတ်၊ နတ်စင်အနီး၌ ကျွန်ုပ် တွေ့ခဲ့ရသော လူကြီးပင် ဖြစ်လေသည်။

ကျွန်ုပ်သည် လူကြီးအား ဗိုလ်ဗလ နတ်အကြောင်းကို ကြားလိုသဖြင့် အခေါ်ခိုင်းလိုက်ရခြင်း ဖြစ်ကြောင်း ပြောပြသောအခါ လူကြီးသည် သင်ဖြူးပေါ်၌ ထိုင်ကာ လက်ဖက်ရည်ကြမ်း ကွမ်းအစ် လက်ဖက်အစရှိသော စားသောက်ဖွယ်တို့ဖြင့် ခြံရံလျက် ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ခဏခဏ ဖွာရင်း အောက်ပါ အခြင်းအရာတို့ကို ပြောပြလေ၏။

(ရွှေလီနယ်မှ ယောက်ျား မိန်းမတို့မှာ အခြား နယ်သားများနှင့် မတူသော စကားအသုံးအနှုန်းများ ရှိသည် ဖြစ်၍ ကျွန်ုပ်သည် လူကြီး ပြောသည့်အတိုင်း မရေးဘဲ ကျွန်ုပ်၏ စကားဖြင့် ပြင်ဆင်ရေးသား ဖော်ပြလိုက်ပါသည်။)

*

မြန်မာဘုရင်တစ်ပါးလက်ထက်၌ ထိုနယ်ကို မိုးမိတ်မြို့မှ စော်ဘွား တစ်ပါး အုပ်ချုပ်ခဲ့ဖူးရာ တစ်နေ့သ၌ မြန်မာဘုရင်အပိုင်မှ 'မောင်ဗလ' အမည်ရှိ မြန်မာတစ်ယောက်သည် စော်ဘွားကြီးထံ ရောက်လာ၍ စစ်ဘက်တွင် ဝင်ရောက် အမှုထမ်းလေ၏။ ထိုသူမှာ အသက် သုံးဆယ်အရွယ်ခန့် ရှိ၍ လူရည်သန့်ခြင်း၊ သတ္တိကောင်းခြင်း၊ ကြံရည်ဖန်ရည် ရှိခြင်း၊ ဖျတ်လတ်ခြင်း အစရှိသော ဂုဏ်အခြင်းအရာများနှင့် ပြည့်စုံသည် ဖြစ်၍ စော်ဘွား လက်အောက်၌ နှစ်နှစ်ခန့်မျှ အမှုထမ်းရလျှင်ပင် စော်ဘွားသည် ထိုသူ၏ အရည်အချင်းကို အလွန်တရာ နှစ်သက်အားရသည် ဖြစ်၍ သာမန်စစ်သား တစ်ယောက် အဖြစ်မှသည် သုံးလတစ်ကြိမ် လေးလတစ်ကြိမ် ရာထူး တိုးတက်သဖြင့် နှစ်နှစ်စေ့ကုန်သောအခါတွင် စစ်ဗိုလ်ကြီးအဖြစ်သို့ ရောက်သွားခဲ့လေ၏။ ထိုအခါ၌ကား မောင်ဗလ အဖြစ်မှသည် ဗိုလ်ဗလ အဖြစ်သို့ ရောက်သွားခဲ့လေသည်။



စော်ဘွားသည် ဗိုလ်ဗလကို အလွန်မြတ်နိုး နှစ်သက်သည် ဖြစ်၍ စစ်ဗိုလ်ကြီး ဆိုသော်လည်း စစ်သားများနှင့်အတူ နေရသော အချိန်အနည်းငယ်မျှသာ ရှိ၍ စော်ဘွားအပါး၌ နေလျက် ဖျော်ဖြေရသော အလုပ်ဖြင့်သာလျှင် အချိန်ကုန်ခဲ့ရလေသည်။

ထိုခေတ်အခါက ရှမ်းနယ်များ၌ ငြိမ်သက် အေးချမ်းသည် မရှိဘဲ စော်ဘွားများသည် တစ်ဦးနှင့် တစ်ဦး အခါခပ်သိမ်း ရန်လုပ်လျက် ရှိကြလေရာ ဗိုလ်ဗလသည် လက်နက်ချင်း တူ၍ လူဦးရေ နည်းစေကာမူလည်း ယှဉ်ပြိုင်တိုက်ခိုက်ရသော တိုက်ပွဲကလေးများတွင် အောင်မြင် နိုင်နင်းခဲ့သည်သာ ဖြစ်လေ၏။ ဗိုလ်ဗလ၏ သတင်းသည် အခြားစော်ဘွားနယ်များသို့ပင် ပျံ့နှံ့ခဲ့သည် ဖြစ်၍ များစွာသော စော်ဘွားတို့သည် ထိုသူကို လာဘ်ပေး၍ မိမိနယ်သို့ ရွှေ့ပြောင်းအောင် ကြံစည်ခဲ့ကြ၏။

ဆိုရာတွင် ဗိုလ်ဗလသည် ဆရာရင်း ဖြစ်သော စော်ဘွားကြီး အပေါ်၌ သစ္စာရှိသည် ဖြစ်၍ အခြားစော်ဘွားများက သုံးလေးဆမျှ ပိုမို ပေးကမ်းခေါ်ယူကြသော်လည်း အချည်းနှီးပင် ဖြစ်ခဲ့လေသည်။ စော်ဘွားကမူ ဗိုလ်ဗလ၏ သစ္စာရှိကြောင်းကို သိရှိသော်လည်း လက်လွှတ်မည်ကို အမြဲပူပန်စိုးရိမ်လျက် ရှိသောကြောင့် မိမိလက်အောက်၌ ထာဝရ တည်မြဲစေခြင်းငှာ ဗိုလ်ဗလအား မိမိ၏ နှမတော်နှင့် ထိမ်းမြားရန် စိတ်ကူးခဲ့လေ၏။ သို့ရာတွင် ထိုအကြောင်းကို ဗိုလ်ဗလအား ထုတ်ဖော်၍ မပြောသေးချေ။

ယင်းသို့ ရှိကြစဉ် တစ်နေ့သောအခါဝယ် အသက် နှစ်ဆယ်အရွယ်ရှိ လူငယ်တစ်ယောက်သည် ဗိုလ်ဗလအိမ်သို့ ရောက်၍ ၎င်း၏ လက်အောက်၌ အမှုထမ်း လိုပါသည်ဟု ပြောရာ ဗိုလ်ဗလသည် ထိုသူငယ်၏ နဖူးပြောင်ပြောင်ရေကို မြင်ကာမျှနှင့် လူသာမန်တစ်ယောက် မဟုတ်ကြောင်းကို အကဲခတ်မိသည်နှင့် ဝမ်းမြောက်ဝမ်းသာ အမှုထမ်းအဖြစ် ပြုလိုက်လေ၏။ ထိုသူငယ်သည် ရဲစွမ်းသတ္တိ၌ လည်းကောင်း၊ သစ္စာရှိခြင်း၌ လည်းကောင်း၊ ဗိုလ်ဗလ

www.burmeseclassic.com

www.burmeseclassic.com



ထက် မည့်လေရကား ဗိုလ်ဗလကဲ့သို့ပင် လျင်မြန်စွာ ရာထူး တိုးတက်လေ၏။ သို့ပါသော်လည်း ထိုသူသည် ဗိုလ်ဗလနှင့် ခွဲခွာနေထိုင်ရမည့် ရာထူးမျိုးကို လက်ခံရန် အလိုမရှိဘဲ ဗိုလ်ဗလ အိမ်၌သာလျှင် ပျော်ပိုက်စွာ နေထိုင်သည် ဖြစ်၍ ထိုဆရာ တပည့် နှစ်ယောက်တို့မှာ ညီရင်းအစ်ကိုတမျှ ချစ်ခင် ရင်းနှီးခြင်း ရှိကြလေ၏။

တစ်ခါက နယ်ချင်းစပ်လျက် ရှိသော စော်ဘွားတစ်ပါး၏ စစ်တပ်နှင့် ဗိုလ်ဗလ၏ စစ်တပ်တို့ ယှဉ်ပြိုင်တိုက်ခိုက်ကြရာတွင် တပည့်ဖြစ်သူ မောင်ဝဏ္ဏသည် အကြပ်အတည်း တစ်ခုတွင် မိမိ၏ အသက်ကို စွန့်၍ ဆရာဖြစ်သူ ဗိုလ်ဗလ၏ အသက်ကို ကယ်ဆယ်လိုက်ရဖူး၏။ ဗိုလ်ဗလကလည်း အခြားသော စစ်ပွဲတစ်ခုတွင် မိမိ၏ အသက်ကို ပဓာန မထားဘဲ မောင်ဝဏ္ဏ၏ အသက်ကို ကယ်ဆယ်၍ အကျဉ်းအကြပ်မှ လွတ်မြောက်စေခဲ့၏။

ယင်းကဲ့သို့ တစ်ယောက်ကို တစ်ယောက် တပြန်တလှည့်စီ အသက်ကို ကယ်ဆယ်ခဲ့ဖူးသော ဆရာတပည့် နှစ်ယောက် ဖြစ်လေရကား အဘယ်မျှလောက် ကြင်နာတာတွယ်ခြင်း ရှိကြသည်ကို အထူးဖော်ပြရန် မလိုပေ။

ဗိုလ်ဗလတို့ ဆရာတပည့် နေထိုင်ကြသော မြို့နှင့် ငါးမိုင်ခန့် ကွာသော တောင်ယာ တစ်ခုတွင် မျက်စိမမြင်သော လူကြီးတစ်ယောက်နှင့် သားသမီး နှစ်ယောက်တို့သည် အတူတကွ ထွန်ယက်စိုက်ပျိုးစားသောက်ကြရာ သားငယ်သည် အသက် နှစ်ဆယ်အရွယ်ခန့် ရှိသောအခါတွင် တောင်ယာလုပ်ကိုင် စားသောက်ခြင်းအားဖြင့် လူ့ပြည်၌ ကြီးပွားထွန်းကားခြင်း မရှိနိုင်ဟု ဖခင်က ဩဝါဒ ပေးသည့်အတိုင်း ဖခင်ထံမှ ခွင့်ပန်၍ နှမကလေးနှင့် အဖေကြီးကို တပည့်နှစ်ယောက်နှင့် ထားခဲ့ပြီးလျှင် စော်ဘွားကြီး ရှိရာ မြို့သို့ ထွက်လာခဲ့လေ၏။

နှမကလေးမှာ ထိုအခါက ဆယ့်ရှစ်နှစ်သမီး အရွယ်ရှိပြီ ဖြစ်ရာ သူနှင့်အတူ စကားဝဲတဲတဲ ပြောသော မိန်းမကြီး တစ်ယောက်လည်း အတူ နေထိုင်လျက် ရှိ၏။ သားအဖ သုံးယောက်တို့နှင့် ယောကျ်ားတပည့် တစ်ယောက် မိန်းမတပည့် တစ်ယောက်၊ ပေါင်း ငါးယောက်တို့သည် ယာခင်းများ



လုပ်ကိုင်သည် ဆိုသော်လည်း စင်စစ်အားဖြင့် မြေကြီးထဲ၌ မြှုပ်နှံထားသည့် အထုပ်ကလေးထဲမှ ကျောက်သံ ပတ္တမြားတို့အနက်မှ ရံဖန် ရံခါ တစ်လုံး တလေမျှ ထုခွဲရောင်းချ၍ နေထိုင် စားသောက်ခဲ့ကြလေ၏။ ဆိုလိုရင်းမှာ ယာခင်းအလုပ်သည် ဟန်ဆောင်မျှသာ ဖြစ်၍ စင်စစ်အားဖြင့် မိမိတို့၌ ရှိပြီးဖြစ်သော ပစ္စည်းများကို အလီလီ ထုခွဲစားသောက်နေကြခြင်း ဖြစ်လေသည်။

သားဆိုသူမှာ အခြားမဟုတ် အထက်တွင် ဖော်ပြခဲ့ပြီးသော မောင်ဝဏ္ဏပင် ဖြစ်လေသည်။

မောင်ဝဏ္ဏသည် ဗိုလ်ဗလနှင့် အတူ နေထိုင်လျက်ရှိစဉ် သုံး ရက် တစ်ကြိမ်၊ လေးရက် တစ်ကြိမ် မြင်းတစ်စီးနှင့် ထွက်လာခဲ့၍ ဖခင်နှင့် နှမကလေးထံ သွားရောက် လည်ပတ်လေ့ ရှိ၏။ မောင်ဝဏ္ဏသည် မိမိ၌ နှမနှင့် မျက်မမြင် ဖခင်အိုကြီး ရှိကြောင်းကို ဗိုလ်ဗလအား မသိစေဘဲ တစ်ကောင်ကြွက်သဖွယ် လျှို့ဝှက်စွာ နေထိုင်လာခဲ့လေ၏။

မြင်းနှင့် ထွက်လာသော ညနေများတွင် အပျင်းပြေ လှည့်လည် ကြည့်ရှုသည့် သဘောမျိုးနှင့် ဗိုလ်ဗလထံမှ အခွင့်ပန်လာခဲ့ခြင်း ဖြစ်၏။ နှမဖြစ်သူမှာ အပျိုကလေး အရွယ် ရှိနေပြီ ဖြစ်၍ မောင်ဝဏ္ဏသည် သူ၏ နောင်ရေးအတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်မိရှာ၏။ တောကြီးထဲ၌ သားအဖ နှစ်ယောက်နှင့် အစေခံနှစ်ယောက်တို့ကို ပစ်ထားရခြင်းအတွက် စိတ်မအေး ရှာချေ။ သို့ဖြစ်၍ ဗိုလ်ဗလနှင့် ရင်းနှီးလာသောအခါတွင် သုံးလေးရက် တစ်ကြိမ် မဟုတ်တော့ဘဲ တစ်ရက်ခြားကိုပင် မှန်မှန်ကြီး သွားရောက် လည်ပတ်လေ့ ရှိ၏။

တစ်နေ့သ၌ ယာခင်းနှင့် လေးဖာလုံခန့် ကွာလှမ်းသော ရေအိုင် တစ်ခုတွင် နှမကလေးသည် ပိန်းကောမကလေး တစ်စင်းကို ဖြည်းညင်းစွာ လှော်ခတ်ရင်း ယိုးဒယားတေးသွားနှင့် တူသော တေးချင်းတစ်ပုဒ်ကို အလွန် သာယာသော အသံဖြင့် သီဆိုလျက် ရှိစဉ် အနီးအပါး၌ ရှိသော ငှက်များနှင့် တောငှက်များသည် မိန်းကလေး၏ တေးသံကို အရသာ

www.burmeseclassic.com

www.burmeseclassic.com



ခံစားဟန် လက္ခဏာနှင့် မိမိတို့ ဘာသာဘာဝ အော်မြည်ကြခြင်းများကို ရပ်ဆိုင်းလျက် ရှိကြလေ၏။ တိတ်ဆိတ်သော ညနေခင်း အချိန်၌ သူငယ်မ၏ သာယာသော တေးသံသည် နှစ်ဖာလုံခန့်မျှအတွင်း ပေါက်ရောက်သွားရာတွင် မြင်းတစ်စီးနှင့် တောမှ ပြန်လာသော လူတစ်ယောက်သည် ဆန်းကြယ်သော တေးသွားနှင့် သာယာသော အသံကို နားအာရုံ ခံစားရင်း မည်သူ၏ အသံ ဖြစ်သည်ကို သိလိုသော ဆန္ဒ ပြင်းထန်လာသည်နှင့် အသံကြားရာသို့ လိုက်လာခဲ့လေ၏။ မိန်းကလေးသည် အိုင်ကမ်းပါးရှိ သစ်ပင်ကြီးများ၏ ရှည်လျားသော အရိပ်များ အောက်တွင် တက်ကလေးကို ခေါ်တရို့ ကိုင်ကာ ရပ်ချည်တစ်ခါ လှော်ချည်တစ်လှည့်ဖြင့် ဖြည့်ညင်းစွာ ရွှေ့ရှားရင်း နှုတ်မှလည်း တက်သံနှင့် စည်းချက်ကျအောင် ထူးဆန်းသော တေးသွားကို သီဆိုလျက်ရှိရာ မြင်းပေါ်မှ လူသည် ထိုအခြင်းအရာကို မြင်သဖြင့် အသံသာယာသလောက် ရုပ်အဆင်း လှပပေသည်ဟု စိတ်ထဲ၌ ချီးကျူးရင်း ရပ်တန့်ကာ ငေးကြည့် နေလေ၏။ ထိုခဏ၌ မြင်းသည် အနီးမှ ရုတ်ခနဲ ထ၍ ပြေးသော ချေတစ်ကောင်ကို မြင်သဖြင့် ခုန်ပေါက်လိုက်ရာ သူငယ်မသည် မြင်းခွာသံ ကြားရာသို့ လှည့်ကြည့်လိုက်သဖြင့် မြင်းပေါ်ကလူနှင့် မျက်နှာချင်းဆိုင်မိကြလေ၏။ သူငယ်မလည်း မိမိ၏ တေးသံကို လူကြားမှန်း သိသဖြင့် ရှဲ့ရှက်ဟန်ဖြင့် တန့်ရပ်နေလေရာ ထိုလူက နားစည်းစိမ် ပျက်အောင် ဝင်၍ ရှုပ်ရသော မြင်းဟု တစ်ချက် နှိုက်လိုက်ပြီးလျှင် သူငယ်မအား မိမိကို သနားသဖြင့် ဆက်လက်၍ သီဆိုပါရန် တောင်းပန်တိုက်တွန်းလေ၏။

ထိုနေ့မှ စ၍ ထိုလူနှင့် မိန်းကလေးတို့သည် အသိအကျွမ်း ဖြစ်သွားကြလေရာ မိန်းကလေးမှာ ဖခင်နှင့် မောင်တို့မှတစ်ပါး ယောကျ်ားဟူ၍ အတွေ့အကြုံ နည်းလှသည့်ပြင် ထိုလူ၏ ခံ့ညားတင့်တယ် ကြည့်ရှုဖွယ် ကောင်းသော မျက်နှာကို တစ်ခါထက် တစ်ခါ မြင်ရခြင်းအားဖြင့် တွေ့ရာသော စိတ်များ ဖြစ်ပေါ်လာလေတော့၏။ အကျဉ်းရုံးလိုက်သော် သူငယ်မသည် ထိုလူနှင့် သမီးရည်းစား ဘဝသို့တိုင် ရောက်ခဲ့ကြလေရာ ထိုလူမှာ



လည်း အခြားမဟုတ်၊ ဗိုလ်ဗလ ဖြစ်လေ၏။

ထိုအတောအတွင်း၌ စော်ဘွားသည် နှမတော်နှင့် ထိမ်းမြားရန် အကြံအစည်ကို ဗိုလ်ဗလအား ဖွင့်ဟတိုင်ပင်လေရာ ဗိုလ်ဗလမှာ အခက်ကြီး ကြုံလျက် ရှိလေတော့၏။ တစ်ဖက်၌ ရုပ်ရည်လှပ၍ သမီးရည်းစားမကသော အခြေသို့ ရောက်နေသည့် ယာခင်းသူကလေးသည် လည်းကောင်း၊ အခြားတစ်ဖက်၌ လွန်စွာ ရုပ်မချောသော်လည်း ကြည့်ကောင်းသည်ဟု ခေါ်နိုင်သော စော်ဘွား၏ နှမသည် လည်းကောင်း ရှိကြရာတွင် ဗိုလ်ဗလသည် လောကကြီးပွားမှုကို အလွန်လိုလားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေရကား စော်ဘွား၏ ယောက်ဖ ဖြစ်ရသော ဂုဏ်သိမ်နှင့်တကွ မိမိကိုယ်တိုင် စော်ဘွားဖြစ်ရသည်အထိ တက်ရန် ရှိသော လမ်းကြီးသည် ဖြူးလျက် ရှိသည်ကို မြင်ရလေတော့၏။ ကြီးပွားရေးကို အပထား၍ စော်ဘွားကြီး ကိုယ်တိုင်က နှမတော်အရင်းနှင့် ထိမ်းမြားလိုသည် ဆိုခြင်းကို ငြင်းပယ်ရန်မှာ လွန်စွာ အားနာဖို့ကောင်းလှ၏။ အကယ်၍ ငြင်းပယ်ညားအံ့၊ တိုးတက်ရန် မရှိတော့သည် အပြင် လက်ရှိ ရာထူး၌ တည်မြဲရန်ပင် အမှန် ခဲယဉ်းလှပေတော့၏။ မိမိ၌ ချစ်ကြိုက်သောသူ ရှိပါသည်ဟု အကြောင်းပြ ပြောဆို၍ ငြင်းပယ်သော်လည်း အချည်းနှီး ဖြစ်မည့်အကြောင်း သိရ၏။ သို့ဖြစ်၍ ဗိုလ်ဗလသည် စော်ဘွား၏ စကားကို နားထောင်တော့အံ့ဟု ဆုံးဖြတ်ကြားသော်လည်း အမှန်ချစ်ခင်ကြင်နာခဲ့၍ အကြင် လင်မယားဘဝသို့ ရောက်ခဲ့ပြီးသော ယာခင်းသူကလေးအပေါ်၌ သနားကရုဏာစိတ်သည် ပယ်ဖျောက်၍ မရနိုင်အောင် ရင်ထဲ၌ စွဲလျက် ရှိသောကြောင့် စော်ဘွားကြီး၏ ယောက်ဖလောင်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည့်အစား ညှိုးငယ်သော မျက်နှာဖြင့် တမှိုင်မှိုင် တွေတွေ ရှိနေလေ၏။

မိန်းကလေးမှာ ဗိုလ်ဗလနှင့် သမီးရည်းစား အခြေအနေ မကတော့ဘဲ ဖြစ်၍ ပဋိသန္ဓေ အရင့်အမာရှိသဖြင့် ဖုံးကွယ်ရန် မဖြစ်နိုင်တော့သည့် အခြေသို့ ရောက်သောအခါ အစေခံ မိန်းမကြီးအား ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို ပြန်ပြောင်းပြောပြလေ၏။ မိန်းမကြီးသည်လည်း မျက်မမြင် ဖခင်ကြီး မသိ

www.burmeseclassic.com

www.burmeseclassic.com



**စေရအောင်** ဖုံးကွယ်ရန် မခက်ခဲသော်လည်း နှစ်ရက် တစ်ကြိမ် လာရောက်လည်ပတ်လေ့ရှိသော ဓမောင်ကြီး ဖြစ်သူ မရိပ်မိစေရအောင် ကွယ်ဝှက်ထားရန် မဖြစ်နိုင်တော့သဖြင့် တစ်နေ့သ၌ မောင်ဝဏ္ဏ ရောက်လာသောအခါတွင် နှမဖြစ်သူကို တိမ်းရှောင်နေစေပြီးမှ ငယ်ရွယ်သူဖြစ်သည်အလျောက် မှောက်မှားမိခြင်းများကို မောင်ကြီးဖြစ်သူအား အကြောင်းစုံ ရှင်းလင်းပြောပြလေ၏။ ပထမ၌ မောင်ဝဏ္ဏသည် နှမငယ်ကို အဆုံးစီရင်ရန် အကြံနှင့် ဓားကို ဓားအိမ်မှ ထုတ်လိုက်မိသော်လည်း မိခင် အုပ်ထိန်းခြင်း ကင်းသဖြင့် လူမှုလူရေးတွင် အလိမ္မာ မရှိရှာသော နှမငယ်ကလေးအပေါ်တွင် ဒေါသထက် ကရုဏာ ကဲလွန်လာသည် ဖြစ်၍ ဓားကို ပြန်သိမ်းပြီးလျှင် နှမငယ်ကို ခေါ်ခဲ့ရန် အမိန့်ပေးလေ၏။

အစေခံ မိန်းမကြီးသည် ပုန်းအောင်းလျက် ရှိသော မိန်းကလေးကို ခေါ်လာခဲ့၍ မောင်ဝဏ္ဏရှေ့သို့ ရောက်ကြသောအခါတွင် မောင်ကြီးဖြစ်သူက မည်သူမည်ဝါနှင့် ချစ်ကြိုက်ခဲ့ခြင်း ဖြစ်လေသနည်းဟု မေးလေ၏။ နှမက ပြောသော နာမည်မှာ ရှမ်းနာမည်တစ်ခု ဖြစ်သော်လည်း မောင်ဝဏ္ဏသည် ထိုလူ၏ ရုပ်ဆင်းသဏ္ဌာန်ကို မေးမြန်းစုံစမ်းသည့်အခါ အခြားမဟုတ် မိမိ၏ ဆရာဗိုလ်ဗလပင် ဖြစ်ကြောင်း ရိပ်မိလေ၏။ မောင်ဝဏ္ဏက လက်ဝဲဘက်မေးဖျားတွင် မင်းမွေးတစ်ခု ရှိသလောဟု သေချာအောင် မေးမြန်းသောအခါ နှမက ရှိပါသည်ဟု ပြောသဖြင့် မိမိ တွေးထင်သည့်အတိုင်း ဟုတ်မှန်သည့် အကြောင်းကို အသေအချာ သိရှိရလေ၏။

နောက်ဆုံး၌ မောင်ဝဏ္ဏက ယောကျ်ားနှင့် မိန်းမ ချစ်ကြိုက်ကြသည်ဆိုခြင်းမှာ ဓမ္မတာမျှသာ ဖြစ်ကြောင်း ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ယောက်၏ အလုံးစုံ ယုံကြည်သဖြင့် ပုံမိခြင်းကို အသားယူ၍ အလုံးစုံ အရယူခဲ့သော ယောကျ်ား တစ်ယောက်သည် စင်စစ်အားဖြင့် အပြစ်မကင်းဟူ၍ ဆိုရမည့် ဖြစ်သော်လည်း နောက်ဆုံး တစ်နေ့တွင် ရိုးဖြောင့်သောသဘောဖြင့် လက်ထပ်ထိမ်းမြားမည် ဆိုပါက လွန်ကျူးခဲ့သမျှကို အပြစ်လွှတ်ရမည်သာ ဖြစ်ကြောင်း စဉ်းစားမိသည်နှင့် ဆရာဖြစ်သူဗိုလ်ဗလ၏ အပြု



အမူကို အစမှ အဆုံးတိုင် စောင့်ဆိုင်းကြည့်ရှုရဦးမည်ဟု ဆုံးဖြတ်လိုက်လေ၏။

သို့ရာတွင် နှမသည်၏ ရည်းစားသည် မိမိ ဆရာပင် ဖြစ်သည်ဆိုသော အကြောင်းအရာကိုမူ မိန်းကလေးအား ပြော၍ မပြချေ။

နောက်တစ်နေ့၌ မောင်ဝဏ္ဏသည် ဖခင် ဖြစ်သူအား အကြောင်းခြင်းရာကို ပြောပြလေရာ မျက်မမြင် ဖခင်ကြီးမှာ အသားများ ဆတ်ဆတ်တုန်မျှ အမျက်ဒေါသ ထွက်ပြားသော်လည်း မောင်ဝဏ္ဏ၏ ဖျောင်းဖျပြောဆိုခြင်းအားဖြင့် မောင်ဝဏ္ဏကဲ့သို့ပင် အဆုံးတိုင်စောင့်၍ ကြည့်ရဦးမည်ဟု သားအဖ နှစ်ယောက်တို့ သဘောတူညီကြလေ၏။

ဆရာဖြစ်သူဗိုလ်ဗလမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကြီးပွားရေး မျက်နှာကြောင့် ချစ်လှသော သူငယ်မနှင့် ခွဲခွာရမည့် အရေးကို တွေးမိတိုင်း ပူလောင်သည်နှင့် အစစရာရာ ဖွင့်ဟတိုင်ပင်လေ့ ရှိသော တပည့် မောင်ဝဏ္ဏအား ဖြစ်ခဲ့သမျှ အကြောင်းစုံကို ဖာတ်လှန်၍ ပြောပြလေ၏။ မောင်ဝဏ္ဏမှာ ရင်ထဲ၌ ဗလုံဆန်လျက် ရှိသော်လည်း မျက်နှာမပျက်စိမ့်သောငှာ ဟန်လုပ်၍ နေခဲ့ရလေရာ နောက်ဆုံးတွင် ဆရာဖြစ်သူက သူငယ်မ၏ နေရာနှင့် တကွ ပြောပြ၍ အသပြာ တစ်ထောင်ထုပ်ကို ပေးအပ်ပြီးလျှင် မိန်းကလေးထံ သွားရောက်၍ ချော့မော့စကား ပြောကြားပါမည့် အကြောင်းနှင့် စေလွှတ်လိုက်လေ၏။

မောင်ဝဏ္ဏသည် အသပြာ တစ်ထောင်ထုပ်ကို ယူ၍ မြင်းတစ်စီးနှင့် ထွက်လာပြီးလျှင် ရေအိုင်အနီးသို့ ရောက်သော အခါ 'သွားရောဟဲ့ နင့်ငွေ' ဟု ဆိုကာ အသပြာထုပ်ကို ရေအိုင်ထဲသို့ ပစ်ချလိုက်လေ၏။ ထို့နောက် ဆက်လက် ခရီးနှင်ခဲ့၍ ဖခင်တို့၏ ယာတဲသို့ ဆိုက်ရောက်သောအခါ မောင်ဝဏ္ဏသည် ဖခင်နှင့် နှမသည်တို့အား ဗိုလ်ဗလ၏ သစ္စာမဲ့သော အခြင်းအရာကို ပြောပြလေရာ အဖိုးကြီးက မိမိသည် မျက်စိကောင်းသူ တစ်ယောက် ဖြစ်ခဲ့လျှင် ယခုချက်ချင်းပင် ထိုလူကို သွား၍ ခုတ်သတ်မည် ဖြစ်ကြောင်းနှင့် ပြောသေး၏။ နှမဖြစ်သူမှာမူ ထိုအခါ၌ ဖွားမြင်ရန်

www.burmeseclassic.com

www.burmeseclassic.com



**အချိန်**နီးလာပြီ ဖြစ်၍ အချို့သော တောသူများကဲ့သို့ ဝမ်းနည်းသော အခြင်း**အရာ**ကို ငိုကာ ယိုကာဖြင့် ထင်ရှားစွာ မပြဘဲ အံကြိတ်ကာ ခံပြီးလျှင် **မျက်နှာ**ကို အခြားဘက်သို့ လွှဲ၍ ထိုင်နေလေတော့၏။ နောက်ဆုံး၌ မောင်ဝဏ္ဏသည် နှမဖြစ်သူအား တဲပြင်သို့ ထွက်စေပြီးလျှင် သားအဖ နှစ်ယောက်တို့သည် အချိန်အတန်ကြာမျှ တိုင်ပင်ကြလေ၏။

စော်ဘွားကြီး၏နှမနှင့် ဗိုလ်ဗလတို့၏ လက်ထပ်မင်္ဂလာ အခမ်းအနားမှာ အတော်ပင် ကြီးကျယ်သည် ဖြစ်၍ အနီးအပါးရှိ စော်ဘွားစော်ခံတို့နှင့်တကွ မြန်မာမင်းဘက် ဆိုင်ရာ အရာရှိအရာခံများကိုလည်း ဖိတ်ကြားထားလေ၏။ သတို့သားမှာ စော်ဘွားကြီး၏ နှမတော်နှင့် ထိမ်းမြားရမည် ဖြစ်ပါလျက် ရွှင်လန်း ဝမ်းမြောက်သော မျက်နှာထား မရှိချေသည် တကားဟု နယ်သူ နယ်သားများက ပြောကြဆိုကြ အကဲခတ်ကြလေ၏။ သို့ရာတွင် ယာခင်းသူကလေးနှင့် ချစ်ကြိုက်ခဲ့သည့် အခြင်းအရာကို မည်သူမျှ မသိသည် ဖြစ်၍ အမျိုးမျိုးတွေးတောကြသော်လည်း ဟုတ်တိုင်း မှန်ရာကို မည်သူမျှ မတွေးတောနိုင်ပေ။

ထိုခေတ် ထုံးစံအတိုင်း အိုးစည် ဗုံမောင်း စသော အတီးအမှုတ်တို့အပြင် ရုပ်သေးပွဲများလည်း ကပြလျက် ရှိရာ ထိုနေ့မှာ နယုန်လကွယ်နေ့ဖြစ်လေ၏။

အလွန်တရာ စည်ကားလှသော လက်ထပ်ပွဲ အခမ်းအနားပြီးစီးသည့်နောက် ထိုညတွင် ဗိုလ်ဗလနှင့် စော်ဘွား၏ နှမတော်တို့သည် ဟော်နန်းအနီးရှိ ရုပ်သေးပွဲ၌ အတူတကွ ရှုစားရန် ခင်းကျင်း ပြင်ဆင်ထားလေရာ ဆယ်နာရီ အချိန်ခန့်တွင် မောင်ဝဏ္ဏသည် ဆရာ့အနီးသို့ ချဉ်းကပ်၍ ပုရပိုက်စုတ်ဖြင့် ရေးသားထားသော စာတစ်စောင်ကို ပေးအပ်လေ၏။ ဗိုလ်ဗလသည် စာကို ဖတ်ကြည့်သော အခါ ယာခင်းသူကလေးထံမှ စာဖြစ်၍ မိမိ မသေခင် နောက်ဆုံးအကြိမ် ဗိုလ်ဗလ၏ မျက်နှာကို တွေ့မြင်လိုပါကြောင်း လွန်ခဲ့ပြီးသော ချစ်ခင်ကြင်နာမှုတို့ကို ထောက်ထားခြင်းအားဖြင့် နောက်ဆုံးအကြိမ် မိမိတောင်းခံခြင်းကို ငြင်းပယ်ခြင်း မပြုပါရန် အကြောင်းများနှင့် ဖော်ပြပါရှိလေ၏။



ထိုအခါ ဗိုလ်ဗလသည် စော်ဘွား၏ နှမတော်အား **ကိစ္စတစ်ခု**ရှိသည် ဆို၍ အကြောင်းပြလျှင် ပွဲပြင်သို့ ထွက်လာခဲ့ကြလေရာ **နေအိမ်သို့**ရောက်သည်နှင့် တစ်ပြိုင်နက် မောင်ဝဏ္ဏ၏ အမိန့်ဖြင့် အသင့်ပြင်ဆင်ထားသော မြင်းနှစ်စီးတို့ကို တစ်စီးစီ စီးနင်းကာ ထွက်လာခဲ့ကြလေ၏။ **ဆရာ**တပည့်တို့ ထုံးစံအတိုင်း ဆရာသည် ရှေ့မှ သွား၍ တပည့် ဖြစ်သူသည် နောက်မှ လိုက်ပါလာခဲ့လေ၏။ ရေကန်အနီးသို့ ရောက်သောအခါ **တစ်တီး**တူးငှက်များသည် လမသာဘဲလျက် အိုင်ကမ်းပါးမှ ထပျံကာ '**တစ်တီးတူး** တစ်တီးတူး' ဟူ၍ အော်မြည်ကြလေရာ ဗိုလ်ဗလ၏ နားထဲ၌ 'ဖြစ်ချိဘူး ဖြစ်ချိဘူး' ဟု အော်မြည်ကြသကဲ့သို့ ကြားလိုက်မိသဖြင့် **အတော်ပင်** ထိတ်လန့်တုန် လှုပ်သွားလေ၏။ သို့ရာတွင် သတ္တိကောင်းသော **ယောကျ်ား**ဖြစ်သောကြောင့် ဓားပေါ်တွင် လက်တင်ပြီးလျှင် ဆက်လက်၍ **ထွက်လာ**ခဲ့ကြလေ၏။

\# တဲအနီးသို့ ဆိုက်ရောက်လာကြသောအခါ တဲအတွင်း၌ **မီးများ**ထိန်ထိန်လင်းလျက် ရှိသည်ကို မြင်ရသဖြင့် ဗိုလ်ဗလမှာ ဒုတိယအ**ကြိမ်**ထိတ်လန့် သွားပြန်၏။ ထိုနောက် ဗိုလ်ဗလကား ရှေ့မှ မောင်ဝဏ္ဏကနောက်မှ တဲတွင်းသို့ ဝင်လာကြရာတွင် ဗိုလ်ဗလမှာ ပြင်းစွာ ထိတ်လန့်သွားသည် ဖြစ်၍ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသေးရာ မောင်ဝဏ္ဏလည်းကျားဟိန်းသော အသံဖြင့် နောက်မှ ကြိမ်းလိုက်လေ၏။

ဗိုလ်ဗလ ထိတ်လန့်ခြင်း အကြောင်းမှာကား တဲ၏ တစ်ခု**သော**ထောင့်၌ ကွပ်ပျစ် တစ်ခုပေါ်တွင် မိမိချစ်ကြိုက်ခဲ့သော သူငယ်မနှင့် ရက်သားမျှသာ ရှိသော ကလေးတစ်ယောက်၏ အလောင်းနှစ်ခုတို့ ယှဉ်လျက် ပြင်ထားသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

လ။ ။ 'ဘယ့်နှယ်လဲ မင်း ငါ့ကို လိမ်ခေါ်သလဲကွဲ့'

ဗ။ ။ 'နေပါဦးလေ နောက်ပြီးတော့ အကြောင်းစုံ သိရမှာ**ပေါ့**'

ထိုအခါ အလောင်းအနီးတွင် ထိုင်လျက် ရှိသော အဘိုးကြီးက

www.burmeseclassic.com

www.burmeseclassic.com



'လာပလား ဟေ့ ငါ့သား'

**ထား** ။ 'လာပြီ ဖေဖေ'

**လေး** ။ 'သားတဲ့ ဖေဖေတဲ့။ ဘယ့်နှာတွေလဲ မင်းတို့ဟာတွေ'

**ထား** ။ (တံခါးပိတ်စဉ်) 'ပြောပါ့မယ်လေ နေပါဦး။ ကိုင်း ဖေဖေ ကျွန်တော်တို့ ရောက်ပါပြီ'

ထိုအခါ ဗိုလ်ဗလမှာ အဘိုးကြီးနှင့် မောင်ဝဏ္ဏတို့ကို အလွန် အံ့သြသော မျက်နှာဖြင့် တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။

**အဘိုးကြီး။** ။ 'ဗိုလ်ဗလဆိုတာ မင်းလားဟေ့'

**လေး** ။ 'ဘာပြောချင်လို့လဲ ခင်ဗျာ'

**အဘိုးကြီး။** ။ 'မင်းက ငါ့သမီးကို ဖောက်လွှဲဖောက်ပြန် ကြံစည်ပြီး ဂုဏ်ချင်း မတူသလေး၊ ဘာလေးနဲ့ သစ္စာဖောက်တယ်ပေါ့လေ။ မင်းက မင်းကိုယ်မင်း ဂုဏ်ကြီးလှပြီလို့ ထင်တယ်။ မင်းတို့ရဲ့ဆရာ စော်ဘွားဆိုတဲ့ လူဟာ ငါ့ခြေဖဝါးအောက်က ရှိသေးတယ်။ ငါတို့ကို မင်းက ဘာမှတ်သလဲ။ ယိုးဒယား(ထိုင်းနိုင်ငံ)ပြည်ကြီးကို စိုးစံခဲ့ဖူးတဲ့ ဝဇီရာဝုဓဆိုတဲ့ ဘုရင်ဟာ ငါပဲ၊ ညီတော် သစ္စာဖောက်တဲ့အတွက် ယောဒီက မောင်နှမ ငယ်စဉ်ကလေးက တိုင်းပြည်ကို စွန့်ခွာပြီး လာခဲ့ရခြင်း ဖြစ်တယ်။ ငါ၏ မိဖုရားကြီး နတ်ရွာစံပြီးတဲ့နောက် မိတဆိုးလေး ဖြစ်တဲ့ ငါ့သမီးတော်ကို မင်းက လှည့်ဖြားပြီး မဟုတ်မတရားလည်း ကြံစည်သေးရဲ့၊ ဂုဏ်အဆင့်အတန်းချင်း မတူဘူးလေး ဘာလေးနဲ့ စော်စော်ကားကား ပြောသေးရဲ့။ ကိုင်း ငါ့သား လုပ်ပေတော့ဟေ့'

ထိုအခါ ဗိုလ်ဗလသည် အရေးမလှသည် အကြောင်းကို ရိပ်မိသည်နှင့် မိမိ၏ ဓားကို ဓားအိမ်မှ ဆွဲထုတ်လေရာ ဓားသည် အိမ်မှ မထွက်လာချေ။ အကြောင်းမူကား မောင်ဝဏ္ဏသည် စောစောကတည်းက ထိုဓားကို သတ်ပင်း၍ ကြပ်ထားပြီး ဖြစ်လေသောကြောင့်တည်း။

ထိုခဏ၌ မောင်ဝဏ္ဏသည် တံခါးအနီးမှ ရှေ့သို့ တက်လာ၍ 'စိတ်ချပါ ခင်ဗျားကို အနိုင်မကျင့်ပါဘူး။ လက်နဲ့ လက်ချင်း နိုင်အောင် လုပ်ပြ



ပါ့မယ်' ဟု ပြော၍ ဗိုလ်ဗလို ဝင်၍ ပူးပြီးလျှင် လည်မျိုကို လက်ဖြင့် ဖျစ်ညှစ်လေ၏။ ဗိုလ်ဗလလည်း ပြင်ဆင်ပြီးဖြစ်သဖြင့် ထိုနည်းအတူ မောင်ဝဏ္ဏ၏ လည်ပင်းကို ကိုင်ဖမ်းလေရာ လူနှစ်ယောက်တို့သည် တစ်ယောက်၏ လည်ပင်းကို တစ်ယောက် စပါးကြီးမြွေ ရစ်ပတ်သကဲ့သို့ အလွန် ခိုင်မြဲလှစွာသော ဖျစ်ညှစ်ကိုင်ဖမ်းလျက် ရှိရာမှ အားချင်း တူလျက် ရှိသဖြင့် နှစ်ယောက်စလုံးပင် မြေပေါ်သို့ လိမ့်ဆင်းကျသွားကြလေ၏။ ၎င်းနောက် မြေပေါ်၌ သူတပြန် ငါတပြန် အထက်သို့ ရောက်ချည် တစ်ခါ အောက်သို့ ရောက်ချည် တစ်လှည့်ဖြင့် လုံးထွေးကာ ရှိနေကြလေရာ ဖမ်းကိုင်ထားသော လက်များမူကား တစ်ယောက်၏ လည်ပင်းတွင် တစ်ယောက် ခိုင်မြဲစွာ ရှိနေကြလေ၏။

ယင်းကဲ့သို့ လေးငါးခြောက်ကြိမ် တပြန်တလှန် မှောက်ချည်လှန်ချည် ဖြစ်နေကြပြီးနောက် မောင်ဝဏ္ဏသည် မြေပေါ်တွင် ပက်လက်လှန်လျက် ဗိုလ်ဗလက အထက်စီး ရသဖြင့် ရင်ဘတ်ပေါ်တွင် ဒူးထောက်၍ ဖျစ်ညှစ်နေစဉ် 'လုပ်ပါဦး ဖေဖေ လုပ်ပါဦး' ဟု အော်လိုက်သဖြင့် ဓားမြှောင်ကို ကိုင်ကျွာ အဆင်သင့်စောင့်လျက် ရှိသော အဘိုးကြီးသည် အသံကြားရာသို့ စမ်းလာ၍ အထက်မှ ရောက်နေသော ဗိုလ်ဗလ၏ လည်ကုတ်ကို ဖမ်းကိုင်ကာ လှန်ချိုးပြီးလျှင် လက်တစ်ဖက်ဖြင့် ထိုသူ၏ မျက်လုံးကို စမ်း၍ အခြားလက်တစ်ဖက်ဖြင့် မျက်လုံးထဲသို့ တည့်တည့် ဓားမြှောင်နှင့် ထိုးနှိပ်လိုက်လေ၏။

နောက်တစ်ခဏ၌ မောင်ဝဏ္ဏကို ဖျစ်ညှစ်ထားသော ဗိုလ်ဗလ၏ လက်များသည် ပျော့ကျသွား၍ ဗိုလ်ဗလတစ်ကိုယ်လုံးမှာလည်း ကြက်သီးမွေးညှင်းများ ထသကဲ့သို့ ဖြန်းခနဲ ဖြစ်သွားပြီးလျှင် တစ်ခါတည်း ပျော့ခွေကျသွားလေတော့၏။ ထိုနောက် မောင်ဝဏ္ဏသည် မြေပေါ်မှ လူးလဲကာ ထလာ၍ တစ်ခုသော ထောင့်သို့ သွားပြီးလျှင် ပုလင်းငယ် နှစ်လုံးကို ယူလာခဲ့၍ တစ်လုံးကို ဖခင်လက်သို့ ပေးအပ်လိုက်လေ၏။

ထိုနောက် သားအဖ နှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် ဖက်ကာ နောက်ဆုံး အကြိမ် နှုတ်ဆက်ကြပြီးလျှင် ပုလင်း၌ ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော အဆိပ်ရည်ကို တစ်ပြိုင်နက်တည်း သောက်လိုက်ကြလေရာ နောက်တစ်ခဏတွင် တဲကြီးအတွင်း၌ အလောင်း ငါးခု ဖြစ်လာလေတော့၏။

သူကြီးသည် အထက်ပါ အခြင်းအရာတို့ကို ပြောပြပြီးသည့်နောက် ဆက်လက်၍—

'ဗိုလ်ဗလတို့ လူစု သေကြတာက နယုန်လကွယ်နေ့ညဗျ။ သည်ကနေ့ညလည်း နယုန်လကွယ်နေ့ ဖြစ်တယ်။ ဒါကြောင့် တစ်နှစ် တစ်ကြိမ် ပသမြဲ ဖြစ်တဲ့ ထုံးစံအတိုင်း ကျွန်တော်တို့ရွာက သူတို့ နတ်စင်ကို သွားပြီး ပသရခြင်း ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'ဆန်းပါပေဗျာ။ တော်တော်ဆန်းတဲ့ အဖြစ်အပျက်ပါပဲ

**သူကြီး** ။ ။ 'ဒါတင်မကသေးဘူး ဆရာရဲ့ ဆန်းတာ တစ်ခု ရှိသေးတယ်'

**ကျွန်ုပ်** ။ ။ ဆိုစမ်းပါဦးဗျာ ကြားပါရစေဦး'

**သူကြီး** ။ ။ 'ဆရာတို့ လူစု အိပ်ပျက်ခံနိုင်ပါ့မလား'

**ကျွန်ုပ်** ။ ။ 'ခံသင့် ခံရတာပါ့ဗျာ။ ဘာကြောင့်လဲ'

**သူကြီး** ။ ။ 'နယုန်လကွယ်နေ့ည သန်းခေါင် အချိန်တိုင်း ရောက်တိုင်း ရွာကို ပတ်ပတ်လှည့်ပြီး မြင်းခွာသံတွေ ညံနေတာပဲ ဆရာရဲ့။ ကြည့်ဝံ့တဲ့လူများလည်း ထွက်ကြည့်ကြတယ်။ အများအားဖြင့်တော့ မကြည့်ဝံ့ကြတာနဲ့ ဒီ ကနေ့ညမှာ စောစောစီးစီး မီးခွက်တွေ ငြိမ်းပြီး အိပ်ရာဝင်ကြတဲ့ အိမ်ကများတာပဲ။ ဝန်ထောက်မင်းတို့ ဆရာတို့ကတော့ ကြောက်တတ်ဟန် မတူပါဘူး။ ကြည့်ချင်ကြမှာပေါ့'

**ကျွန်ုပ်** ။ ။ 'ဘယ့်နှယ်လဲ ကိုဝင်းမော်'

**မော်** ။ ။ 'ခင်ဗျား သဘောပေါ့'

**ကျွန်ုပ်** ။ ။ 'ရွာပြင်တော့ ထွက်မကြည့်လိုပါဘူးဗျာ။ ဒီအိမ်ပေါ်ကပဲ စောင့်ပြီး ကြည့်ကြပါစို့'

**မော်** ။ ။ 'စိန်လိုက်ဗျာ'

သူကြီး ပြန်သွားသည့်နောက် ကျွန်တော်နှင့် သစ်တောဝန်ထောက်



ဦးဝင်းမော်တို့သည် ဆင်ဝင်တွင် ကင့်ကော့ တစ်လုံးစီနှင့် လဲလျောင်းရင်း ဗိုလ်ဗလနှင့် မောင်ဝဏ္ဏတို့ အကြောင်းများကို ပြန်ပြောင်းဆွေးနွေးကာ သစ္စာမရှိသော ယောကျ်ားများသည် ရှေးအခါက အပြစ်အားလျော်စွာ ခံကြရသော်လည်း ယခုခေတ်တွင်မူကား မောင်လုပ်သူများသည် အသက် အသေခံလောက်အောင် ရက်လောက်သော အခြင်းအရာတစ်ခုဟူ၍ မမှတ်ထင်ကြသည် ဖြစ်သောကြောင့် အချို့ ယောကျ်ားများသည် တစ်သက်တာတွင် မိန်းမပျို တစ်ဒါဇင်မက အပျိုရည် ဖျက်ခွင့်ရကြကြောင်းများနှင့် ထင်မြင်ချက်ပေးကြသေး၏။

ထိုအချိန်၌ကား ဆယ်နာရီ ကျော်ကျော်မျှသာ ရှိသေးသည် ဖြစ်၍ သန်းခေါင်တိုင်ရန် နှစ်နာရီခန့်လိုသေးသည်နှင့် စာတစ်အုပ်စီကိုင်ကာ မီးအိမ်ကို ခုတင် နှစ်လုံးကြားတွင် ထားလျက် ဖတ်ရှုနေကြလေ၏။

ကံအားလျော်စွာ ကျွန်ုပ် ဖတ်ရှုလျက် ရှိသော စာအုပ်မှာ နှစ်ပေါင်း ငါးဆယ်အတွင်း ကြုံတွေ့ခဲ့ရသော တစ္ဆေဝတ္ထုများ ဆိုသော စာအုပ် ဖြစ်နေသည့်ပြင် ကျွန်ုပ် ဖတ်ရသော အခန်းမှာ အ့လွန်ကြောက်မက်ဖွယ် ကောင်းသည် ဖြစ်၍ ချွတ်ခနဲ မြည်သော အသံကိုပင် ဖျပ်ခနဲ လန့်ချင် မတတ်စိတ်၏ ဖျတ်လတ်ခြင်း ဖြစ်နေလေ၏။

ထိုခဏ၌ ကျွန်ုပ်တို့၏ စားပွဲတင် မှန်အိမ်တွင် ရေနံဆီ ကုန်သွားသဖြင့် မှိတ်တုတ် မှိတ်တုတ် ရှိနေဆဲတွင် မြင်းဟီသံ တစ်ချက် ကြားလိုက်ရပြီးနောက် တဖြောင်းဖြောင်း မြည်သော မြင်းခွာသံများသည် ရွာကို ပတ်ချာလှည့်ရုံမျှမက ရွာလယ်သို့ ဖောက်၍ သွားသော လမ်းမကြီးပေါ်၌ပင် တဖောင်းဖောင်း တဖုတ်ဖုတ် မြည်သွားလေတော့၏။ ထိုအခါ ကျွန်ုပ်နှင့် ဦးဝင်းမော်တို့သည် ဆင်ဝင်မှ လှမ်း၍ လမ်းဘက်သို့ ကြည့်ကြရာတွင် ရွာတွင်း လမ်းပေါ်သို့ မြင်းခွာသံများ ရောက်လာသော်လည်း အလွန်မှောင်မိုက်သော လကွယ်နေ့ည ဖြစ်သောကြောင့် မြင်းများကိုလည်း မမြင်ရ၊ သူတို့ အပေါ်၌ လူများပါသည် မပါသည် ကိုလည်း မမြင်ရချေ။ ယင်းကဲ့သို့ သုံးလေးကြိမ်မျှ ရွာကို ဖောက်၍ ပတ်ချာလှည့်ကြသည့် မြင်းခွာသံများသည်

www.burmeseclassic.com



တစ်ပြည်းပြည်း ဝေးသွား၍ သဲ့သဲ့ကလေး ကျန်ရာမှ တစ်ခါတည်း ပျောက်သွားလေတော့၏။

**ကျွန်ုပ်** ။ ။ 'ဘယ့်နှယ်လဲဗျို့ ကိုဝင်းမော်'

**မော်** ။ ။ 'ဆန်းတော့ ဆန်းသားပဲဗျို့။ နို့ပေမယ့် ကျုပ်က မြင်ရမှ ယုံချင်တဲ့သူဗျ'

**ကျွန်ုပ်** ။ ။ 'မမြင်ရပေမယ့် မငြင်းနိုင်ဘူး။ ထားပါတော့လေ'

နံနက်လင်းသောအခါ ကျွန်ုပ်တို့သည် အိပ်ရာမှ ထ၍ ခရီးဆက်လက်သွားကြမည် ပြုရာတွင် ယမန်နေ့ညက ကျွန်ုပ်တို့ စီးလာခဲ့သော မြင်းများမှာ မြင်းဇောင်းထဲတွင် မရှိတော့ချေ။ ကျွန်ုပ်တို့သည် ထိုမြင်းနှစ်ကောင်ကို နှစ်ရက် သုံးရက် အတွင်း ပြန်၍ တွေ့သည် မှန်သော်လည်း ထိုညက မြင်းခွာသံများမှာ ကျွန်ုပ်၏ မြင်းများ၏ ခွာသံ ဖြစ်သည် သို့တည်းမဟုတ် နာနာဘာဝတို့၏ ခွာသံ ဖြစ်သည်ကို ယနေ့တိုင် မဆုံးဖြတ်နိုင်အောင် ရှိလေတော့သတည်း။

❖

BURMESE CLASSIC .com



# ရွှေဥဒေါင်း



၁၈၈၉ အောက်တိုဘာ ၂၄ ကြာသပတေးနေ့တွင် အဖဦးဇရား အမိဒေါ်ရွှေတို့မှ မန္တလေးမြို့ ချောင်း(ဓာတန်း) ရပ်ကွက်တွင် ဖွားမြင်သည်။ အမည်ရင်း ဦးဖေသိန်း၊

၁၉၀၂ မန္တလေးမြို့ အိမ်တော်ရာဘုရားတောင်ဘက်ရှိ ဒက္ခိဏဝံတိုက် (မြိတ်) ဘုန်းတော်ကြီးကျောင်းမှ ငါးတန်းအောင်၊ အေဘီအမ် (ကယ်လီကျောင်း)သို့ပြောင်း၊

၁၉၀၈ ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်၊ မန္တလေးမြို့ ဗုဒ္ဓဘာသာ ကျောင်း၌ ကျောင်းဆရာ၊ ရွှေဘိုမြို့အရေးပိုင်ရုံး အကူစာရေး၊ သစ်တောရုံး၌ တောလိုက်စာရေး၊

၁၉၁၀ မန္တလေးမြို့ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမမင်းကြီးရုံးစာရေးကျောင်းဆရာကြီး သမီး မလှနှင့် အိမ်ထောင်ပြု၊

၁၉၁၄ အိမ်ထောင်ကွဲ၊ ဒုတိယအိမ်ထောင်ပြု၊

၁၉၁၅ ပထမဆုံးဝတ္ထု ရန်ကြီးအောင်"

www.burmeseclassic.com

www.burmeseclassic.com



ကို ရေးသား၊ သူရိယ သတင်းစာတိုက်မှ ၁၉၁၇တွင် ပုံနှိပ်ထုတ်ဝေ၊

၁၉၁၆ ရတနာ့ပုံဝတ္ထု ရေးသား၊ ဆရာကြီး၏ပထမဆုံးလုံးချင်း စာအုပ်အဖြစ် သူရိယသတင်းစာတိုက်မှ ထုတ်ဝေ၊

၁၉၁၇ သူရိယ သတင်းစာတိုက် အယ်ဒီတာ၊
ဧပြီလ သူရိယမဂ္ဂဇင်းတွင် စုံထောက်မောင်စံရှား ပထမဆုံး ဝတ္ထု ဖြစ်သော 'ကြိုးကြာကန် လူသတ်မှုတွင် မောင်စံရှား စုံထောက်ပုံ' စတင်ရေးသား၊
ရှုပနန္ဒီ စာအုပ်၊

၁၉၂၀ ဒုတိယအိမ်ထောင်ကွဲ၊ မစိုး(ဒေါ်ကြီးစိုး)နှင့် တတိယ အိမ်ထောင်ပြု၊

၁၉၂၂ မြတောင် ကမ်းနီရွာတွင် အင်္ဂလိပ်အလွတ်ပညာသင် ကျောင်းဆရာ၊

၁၉၂၆ မြတောင် ကမ်းနီရွာတွင် ရာသက်ပန်ရည်ရွယ်၍ ရဟန်းဘောင်ဝင်၊
နာမကျန်းဖြစ်၍ လူထွက်၊
နယူးဘားမား သတင်းစာတွင် စက္ကုတရီ၊

၁၉၃၀ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်းတွင် ဘာသာပြန်ဆရာ၊

၁၉၃၆ သူရိယ သတင်းစာတိုက်တွင် အယ်ဒီတာ၊

၁၉၃၇ စောဒေဝီ စာအုပ် သူရိယသတင်းစာတိုက်မှ ထုတ်ဝေ၊

၁၉၄၁ စုံထောက်မောင်စံရှား စာအုပ်၄တွဲ ရန်ကုန် ဒေါ်အုန်းသင်နှင့်သားများ စာအုပ်တိုက်မှ ပုံနှိပ်ထုတ်ဝေ၊

၁၉၄၆ မန္တလေး လူထုသတင်းစာ အယ်ဒီတာချုပ်၊

၁၉၄၈ စာရေးဆရာအသင်း အတွင်းရေးမှူး

၁၉၅၀ ကိုယ်ရံတော် ဘာသာပြန်ဝတ္ထုစာအုပ်ကို ထုတ်ဝေ၊

၁၉၅၂ မျှော်တလင့်လင့် ဝတ္ထု(Great Expectaion by Charles Dicken)ဖြင့် စာပေဗိမာန် ဘာသာပြန်ဆု ရရှိ၊
ပီကင်းမြို့ ကမ္ဘာ့ငြိမ်းချမ်းရေး အစည်းအဝေးကြီးသို့ မြန်မာအဖွဲ့၏ ဒုတိယခေါင်းဆောင်အဖြစ် သွားရောက်၊

၁၉၅၃ ကိုယ်တွေ့တရုတ်ပြည်သစ် စာအုပ်နှင့် ဦးဖေသိန်း၏ ရွှေဥဒေါင်း စာအုပ်ကို လူထု သတင်း စာတိုက်နှင့် ကြီးပွားရေးပုံနှိပ်တိုက်မှ ထုတ်ဝေ၊

၁၉၅၅ သွေးစုတ်မြေ ဝတ္ထု(The Jungle by Upton Sinclair) စာအုပ်ဖြင့် စာပေဗိမာန် ဘာသာပြန်ဆု ထပ်မံရရှိ၊

၁၉၆၀ ဒိဋ္ဌေဒိဋ္ဌမတ္တံ လက်တွေ့ကျင့်စဉ် စာအုပ်၊

၁၉၆၁ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်ဖြင့် စာပေဗိမာန် သုတပဒေသာဆု ရရှိ၊ ဂမုန်းနက် စာအုပ်၊

၁၉၆၂ ဂျမဒါကိုကိုကြီး စာအုပ်၊ စွန်နဲ့ဝံ့သူ စာအုပ်၊

၁၉၆၃ ကိုယ်တွေ့အဟာရနှင့် ကျန်းမာရေး စာအုပ်၊

၁၉၆၄ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ အယ်ဒီတာချုပ်၊
ဝကန္တ စာအုပ်၊

၁၉၆၅ ကာလယန္တရား၊ ချစ်ပန်းပွင့်၊ စေတလုံး ပိုင်ရှင်နှင့် အခြားဝတ္ထုတိုများ၊ စိတ်ထားဝတီ၊ ဇော်ဟိတ်၊ သူတော်စိန် စာအုပ်များ၊

၁၉၇၀ စာရေးနည်းလမ်းညွှန် စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြီး

၁၉၇၃ ဩဂုတ် ၁၀ သောကြာ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဈေး

**ထွက်ပြီး**

၁။ လူငယ့်အရေးဆောင်းပါးများ စာပေါင်းစု
၂။ သိန်းဖေမြင့်၏ ကျော်ငြိမ်း
၃။ လူငယ့်အရေးဆောင်းပါးများ စာပေါင်းစု(၂)
မြို့ပြလူမှုပြဿနာများနှင့် လူငယ်
၄။ မောင်စွမ်းရည်၏ ဖိုးဝနဲ့ ဖိုးလှ ကလေးကဗျာများ
၅။ ဒဂုန်တာရာ၏ မယ်ဇယ်ရနဲ့ သင်းပျံ့မွှေးရီ
၆။ နန္ဒမော်၏ မောင်လောဘ
ကလေးများအတွက် ရုပ်စုံပုံပြင်
၇။ သိန်းဖေမြင့်၏ သူတို့ခေတ် သူတို့အတွက် သူတို့အရိပ်
ပွင့်ပွင့်လင်းလင်း သတင်းစာဖြတ်ပိုင်းများ
၈။ စာအုပ်စာပေ အသိဉာဏ်ပညာနှင့် ဆောင်းပါးများ
၉။ ဇော်ဂျီ၏ ပြည်ထောင်စုသမိုင်းပုံပြင်များ
၁၀။ ကာတွန်းဦးဘဂျမ်း၏ ကိုပြုံးနှင့် မပြုံး
၁၁။ မြသန်းတင့် ဝတ္ထုတိုပေါင်းချုပ် (၁)
၁၂။ မဝင့်(မြစ်ငယ်)၏ မြူ
၁၃။ မင်းသုဝဏ်ကဗျာများ
၁၄။ ခင်တာရာ၏ အမေဖတ်ဖို့ကဗျာတချို့

**ယခု**

၁၅။ ရွှေဥဒေါင်း၏ အရိပ်မထွက်သောပြည်နှင့်
ဂန္ဓဝင်လျှို့ဝှက်သည်းဖိုဝတ္ထုတိုများ

**ဆက်ရန်**

၁၆။ မောင်ထင်၏ မြို့အုပ်မင်းဆို ဘုံရုံကဗျာများ
၁၇။ သိန်းဖေမြင့်၏ စစ်အတွင်းခရီးသည် ၂
(မဟာမိတ်နှင့် မြန်မာ့တမန်)
၁၈။ မောင်ဝဏ္ဏ၏ မော်ဒန်မောင်စိန်သောင်း ဝတ္ထုတိုများ
၁၉။ မောင်စွမ်းရည်၏ မော်ဒန်ရဲ့မာယာ
(ခေတ်ပေါ်စာပေကဗျာပြဿနာများ)



စာအုပ်အနေနဲ့
ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးသေးတဲ့
တစ်ခေတ်တစ်ခါက ဗျမ်းဗျမ်းကွဲဆိုတဲ့
လောကကို သရော်တဲ့ ကဗျာများ

# မောင်ထင်
# ရဲ့ မြို့အုပ်မင်းဆို ဘုံရုံကဗျာများ

ကဗျာဆရာက အမြီးအမောက်မတည့်တာကို
တွေ့တဲ့အခါ သရော်တယ်
လောကကို ရယ်မောရင်းကြည့်တယ်
လူတွေကို ရယ်မောရင်းကြည့်တယ်
မိမိကိုယ်ကိုယ် ရယ်မောရင်းကြည့်တယ်

စာမူခွင့်ပြုချက် ၃၅/၂၀၀၁(၉)

စာအုပ်ဈေး
အမှတ်၁၅၊ ၂၆လမ်း၊ ရန်ကုန်မြို့

မကြာမီထွက်လာပါတော့မည်...

BURMESE CLASSIC .com
www.burmeseclassic.com